
www.burmeseclassic.com



လုံးချင်းဝတ္ထုသစ်

# ရင်မြတ်နိုး

ချစ်ပြီးရင်းချစ်သော

ခင်မမမောင်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး

- ပြည်ထောင်စုမပြိုကွဲရေး ‌ ‌ ‌ ‌ ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ‌ ‌ ‌ ‌ ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ‌ ‌ ‌ ‌ ဒို့အရေး

## ပြည်သူ့သဘောထား ‌ ‌ ‌ ‌ (မိုးမိုးစာပေ)

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အခန်း (၁)

မောင့်မျက်ဝန်းတွေက တင်းမာခက်ထန်စွာ မီးတောက်တွေ ထတောက်မတတ် ဒေါသတွေ ပေါက်ကွဲနေသည်။ မြရိပ်ညို့ကြောင့်ပဲ မောင် ချစ်မြတ်နိုးရသော မြရိပ်ညို၊ မောင့်ရဲ့သူငယ်ချင်း မြရိပ်ညိုကို ကောင်လေးတစ်ယောက်နဲ့တွဲလျက် လျှောက်လာတာတွေ့လိုက်၍ဖြစ်သည်။ ရိပ် မင်းဘာလုပ်တာလဲ။ မောင့်ကို သစ္စာမဲ့တာလား။ ရိပ်နဲ့တွဲလာတဲ့ကောင်ကရော ဘာကောင်လဲ။ ဒီကောင် ရိပ်ကိုလိုက်ပြီး ကြောင်နေတာလား။ မြရိပ်ညိုက မောင်ကလွဲပြီး ဘယ်ယောက်ျားနဲ့မှ တွဲသွားတွဲလာ လုပ်ဖူးတာမဟုတ်။ ရိုးသားဖြူစင်ပြီး အရာရာကိုကြောက်နေတတ်သည်။ မောင် ဒေါသတကြီးနှင့် ရိပ်အနားမှာ ကပ်ပါတဲ့ကောင်ရဲ့ရှေ့ကို ရောက်သွားပြီး အင်္ကျီကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ မလုပ်ပါနဲ့"

"ဟော့ကောင် မင်းဘယ်သူလဲ၊ ရိပ်အနားကို ဘာဖြစ်လို့ ကပ်ရဲရတာလဲ"

"မောင်"

မောင့်မျက်ဝန်းတွေထဲမှာ ဒေါသတွေနှင့် ဘာမှမမြင်တော့ဘဲ လက်သီးကို ဟိုကောင့်မျက်နှာကို ရွယ်လိုက်စဉ် ရိပ်က မလုပ်ပါနဲ့မောင်ရယ် အဲဒါ ရိပ်ရဲ့မောင်လေးပါဟုပြောမှ မောင့်လက်သီးက အောက်သို့ပြန်ကျသွားသည်။

"ဒုက္ခပါပဲ မောင်ရယ်၊ သူက ရိပ်မောင်လေးပါ၊ နယ်က နေလာတာလေ၊ ရိပ်နဲ့ လေးလေးအိမ်သွားမလို့ပါ"

"ဟင်"

"မောင့်ကြောင့် ခက်တာပဲ၊ အရမ်းပဲကွာ ဆွဲထိုးမိရင် ဒုက္ခပဲ"

မောင် ရယ်ပစ်လိုက်သည်။ မြရိပ်ညို မင်းကို ဘယ်ယောကျ်ားလေးနဲ့မှတွဲလျက် မောင် မကြည့်နိုင်ဘူးဆိုတာ သိရဲ့လား။ မြရိပ်ညိုကို မောင် စေ့စေ့လေး စူးစိုက်ရှာ ကြည့်မိသည်။ မြရိပ်ညိုက အသားဖြူဖြူဝင်းဝင်း အိအိလေးနဲ့ ချောမော နုထွတ်နေသော ကောင်မလေးတစ်ယောက်။ မြရိပ်ညိုက ဖြူစင်



တယ်။ ရိုးသားတယ်။ မောင် တစ်ယောက်တည်းပဲပိုင်ရမည့် မိန်းမချောလေး။ မြရိပ်ညို မောင်လေးက မကြည်မသာမျက်နှာထားနှင့် ဘုကြည့်ကြည့်သည်။

"မြရိပ်ညို မောင်လည်းလိုက်မယ်၊ လေးလေးကျော်က မောင်နဲ့ခင်တာပဲ"

"မောင်ရယ် ရိပ် တောင်းပန်ပါတယ်နော်၊ လေးလေးကျော့်အိမ်မှာ ဆွေမျိုးတွေစုမှာမို့ပါ၊ မိသားစုကိစ္စတွေလေ ဆွေးနွေးကြမှာပါ"

"ဘာမိသားစုကိစ္စလဲ၊ မြရိပ်ညို သိတယ်မဟုတ်လား၊ မောင်စိတ်အေးအောင် ပြောပြစမ်းပါ၊ ဘာလဲ မြရိပ်ညိုကို ယောကျ်ားပေးစားတော့မလို့လား"

"မဟုတ်တာပဲ မောင်ရယ်၊ မြရိပ်ညိုက ဘယ်အရွယ်ရှိသေးလို့လဲ၊ အိမ်ကလူကြီးတွေက အိမ်ထောင်ရေးမှာ ရိပ့်ဆန္ဒအရပဲ စီစဉ်ကြမှာလို့ ပြောထားပြီးသားပဲ၊ လူသားတစ်ယောက်ရဲ့ အခွင့်အရေးတွေ အပြည့်အဝရှိတယ်လေ"

"ရိပ်"

"ဟင်"

"မင်း တကယ်ပြောတာနော်၊ တကယ်ပဲ မင်းရဲ့ဆန္ဒတွေပဲ

www.burmeseclassic.com

www.burmeseclassic.com



နော်"

"အင်း"

"OK"

"ရိပ်သွားပြီနော်၊ ညနေကျမှတွေ့မယ်၊ သင်တန်းရှိတယ် မဟုတ်လား၊ ရိပ် သွားပြီနော်"

"အင်း"

မောင် ရိပ်ပြီးကျန်ရစ်ခဲ့သည်။ မြရိပ်ညိုနှင့် သူမမောင်ဝမ်းကွဲလေး တွဲလာတာမြင် မောင် အဖြစ်သည်းစွာ မနာလိုဝန်တိုဖြစ်နေရသည်။ မြရိပ်ညိုနော် မင်း မောင်ကလွဲပြီး တခြားကောင်လေးတွေနဲ့ တွဲလို့ကတော့ သေပြီသာမှတ်။ မောင်နဲ့မြရိပ်ညို နှစ်လောင်းပြိုင်ပဲ။ မောင့်ကို လျှော့မတွက်ထားနဲ့နော်။ သွေးကရဲနေတာ။ မြရိပ်ညိုမောင်လေးက မောင့်ကို ဆတ်ခနဲ ဘုကြည့်လှည့်ကြည့်၏။ မင်းကရော ဘာကောင်လဲ၊ လူမိုက်လား။ နယ်ကနေလာပြီး ရှုးကြောင်ကြောင် မိုက်သလိုလိုဘာလိုလို လာလုပ်လို့မရဘူးနော်။ မောင် ခါးထောက်ပြီး ကြည့်ပစ်လိုက်သည်။

"မောင်"

"ဟင်…ဉာဏ်သာ"

"ဘာကြည့်နေတာလဲ မြရိပ်ညိုလား၊ တွဲလာတာ



ဘယ်ကကောင်လေးလဲ"

"သူ့မောင်ဝမ်းကွဲလေးပါ"

"မောင်က မြရိပ်ညိုနဲ့ မောင်လေးတွဲလာတာတောင် ဒေါသတွေပေါက်ကွဲနေတာလား"

"စောစောကတော့ မသိလို့ပါ၊ ဒါပေမဲ့ မြရိပ်ညိုမောင်ကကြောင်ပဲ၊ ဘုကြည့်ကြည့်တယ်၊ မကျေနပ်တဲ့ပုံစံပဲ ဉာဏ်သာ"

ခင်မမမောင် ဝေါ် မောင်ရဲ့အသံတွေနှင့် အမူအရာတွေက ကြမ်းတမ်းလွန်း၍ ဉာဏ်သာတို့လို ယောကျ်ားလေးအစစ်တွေပင် လန့်ရသည်။ မြရိပ်ညိုနှင့် ခင်မမမောင်တို့က ငယ်ငယ်လေးတည်းက တတွဲတွဲ။ စားအတူ၊ သွားအတူ နေလာခဲ့ကြသူတွေပါ။ ဉာဏ်သာနဲ့က အထက်တန်းကျောင်းရောက်မှ ခင်ကြတာ။ အဝေးသင် ပထမနှစ် ဥပဒေအထိ ဆက်ပြီးခင်မင်နေခဲ့ကြသည်။ ခင်မမမောင်က မိန်းကလေးပေမယ့် ယောကျ်ားစိတ် အပြည့်အဝရှိနေတဲ့ မိန်းကလေးပါ။ တကယ့်ကို စတိုင်လ်ရှိတဲ့ ယောကျ်ားလေးဒီနိုင်းပဲ။ မသိတဲ့သူတွေဆိုရင် ခင်မမမောင်အား ယောကျ်ားလေးတစ်ယောက်ဟုပဲ သတ်မှတ်နေကြသည်။

"ဉာဏ်သာ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



''လက်ဖက်ရည်ဆိုင် ထိုင်ရအောင်ကွာ၊ ဒီနေ့ မောင် အရမ်းဖီးလ်ငုတ်နေတယ်''

''ဘာဖြစ်တာလဲ မောင်ရ၊ မြရိပ်ညိုတွဲတာ နယ်ကလာလည်တဲ့ သူ့မောင်လေးပဲဟာ''

''အဲဒါကို သိသိကြီးနဲ့ မောင် မကျေမနပ်ဖြစ်နေတာကွ၊ စိတ်ထဲမှာပူနေတယ်၊ မြရိပ်ညိုကို မောင် အရမ်းချစ်မိနေပြီ ဉာဏ်သာရ''

မောင် ကြေကြေကွဲကွဲလေး ပြောနေတာကို ဉာဏ်သာ စိတ်ပူစွာဖြင့် ကြည့်မိသည်။ ခင်မမမောင်ကို ဉာဏ်သာ တဖြည်းဖြည်းနှင့် သံယောဇဉ်တွယ်ပြီး မိန်းကလေးတစ်ယောက်အဖြစ်ပဲ တွေ့မြင်ချင်နေ၏။ သူ စိတ်ပူမိသည်။ ထို့ကြောင့်ပင် ခင်မမမောင် အနားမှာ အရိပ်လိုပင် စောင့်ရှောက်ပေးနေခဲ့၏။ ခင်မမမောင်က ယောကျ်ားလေးတစ်ယောက်ထက် တမင် မာမာကျောကျောနှင့် နေထိုင်ပြောဆို နေထိုင်တတ်သဖြင့် ဉာဏ်သာ ပို၍စိတ်ပူပင်နေသည်။

''ဉာဏ်သာ''

''ဟင်''

''မင်းရော ဘာဖြစ်လို့ ချစ်သူရည်းစား မထားသေးတာလဲ''



''ဟင့်အင်း''

''ဘာဖြစ်လို့လဲ''

''မတွေ့သေးလို့''

''မောင်ကတော့ မြရိပ်ညိုကို ချစ်နေပြီ ဉာဏ်သာ၊ ဖွင့်ပြောတော့မယ်၊ အခုတောင် မောင်နှမချင်း တွဲလာဟာတောင် မောင်ဒေါသတွေ ဒီလောက်ပေါက်နေတာ မြရိပ်ညိုသာ ချစ်သူရသွားရင်တော့ မောင့်နှလုံးသားတွေ တစ်စစီ ကြေကွဲပြီး သေပစ်မိမလားပဲ''

''မောင်''

''ဟင်''

''အဲဒီလောက်အထိ အသည်းအသန်ကြီး မခံစားနဲ့လေ၊ လောကကြီးထဲမှာ ကောင်မလေးတွေ အများကြီးပဲဟာ''

နှုတ်ခမ်းထူထူအမ်းအမ်းအိအိစက်စက်လေးနှင့် မိန်းမချောလေး ချောမောနေသော ခင်မမမောင်ရဲ့ ယောကျ်ားတစ်ယောက်ထက် ပိုမိုပြင်းထန်နေသော တမင်မာကျောအောင် လုပ်ယူထားသော စိတ်ဓာတ်ပြင်းပြင်းကို ကြောက်လာမိသည်။ ဘယ်လိုတားဆီးပေးရမလဲ။ မြရိပ်ညိုက မိန်းကလေးချောလည်း ချော၏။ ခင်မမမောင်အပေါ်တော့ သံယောဇဉ် ကြီးကြီးမားမား တွယ်တာခင်မင်နေပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် မြရိပ်ညိုချစ်နေတဲ့ ယောကျ်ားလေးနဲ့တွေ့ရင်တော့ ချစ်သူအဖြစ် ရွေးချယ်လက်ထပ်မှာပဲဖြစ်သည်။ ဉာဏ်သာ တားဆီးချင်နေ၏။ ခင်မမမောင်အတွက် ဉာဏ်သာ အလွန်အမင်း စိတ်ပူသည်။

"ဒီညနေ သင်တန်းမှာတွေ့ရင် မြရိပ်ညိုကို မောင် ဖွင့်ပြောလိုက်မယ် ဉာဏ်သာ၊ အခင်အမင် ပျက်သွားမှာတော့ စိုးရိမ်ရတယ်"

"ဘာစိုးရိမ်စရာရှိလဲ ဉာဏ်သာ၊ မြရိပ်ညိုက မောင့်ချစ်သူပဲ၊ ဘယ်လိုနည်းနဲ့မှ ပြောင်းလဲပြစ်လို့ မရဘူး၊ သိုးလေးတစ်ကောင်လို ဖြူစင်နူးညံ့တဲ့ မြရိပ်ညိုကိုယ်တိုင်က မောင့်အနားမှာ မရှိရင် မဖြစ်ဘူးလေ"

မြရိပ်ညိုတော့ မလွယ်ဘူး။ ငယ်ငယ်လေးတည်းက ခင်မမမောင်ရဲ့ လွှမ်းမိုးမှုတွေကိုခံရပြီး ခင်မမမောင်အနားမှာ မရှိလျှင် မနေတတ်မထိုင်တတ်ဖြစ်အောင်ပင် မောင်က လုပ်ထားခဲ့သည်။ မြရိပ်ညိုရဲ့မိခင်ကလည်း သမီးကို စောင့်ရှောက်ဖော်ရသည်ဆိုပြီး မြရိပ်ညိုအား မောင့်ထံ အပ်ထားခဲ့တာကနေ မြရိပ်ညိုအတွက် မောင်က မရှိမဖြစ် အဖော်တစ်ယောက် ဖြစ်နေသည်။ ဉာဏ်သာကရော မင်းအတွက် စိတ်ပူရလွန်းလို့ ကိုယ် အလုပ်တွေလုပ်ရတာတောင် စိတ်မဖြောင့်နိုင်အောင် ဖြစ်ရ၏။ မောင်က ဉာဏ်သာ့ကို





ယောကျ်ားလေး သူငယ်ချင်းတစ်ယောက်လိုပဲ ပေါင်းသည်။

"မောင်ဉာဏ်သာရယ် မောင့်ကို စောင့်ရှောက်ပေးပါနော်၊ အန်တီမြမြလည်း သမီးကို သားရူးရူးပြီး ယောကျ်ားလေးတစ်ယောက်လို ထားရာကနေ အခုတော့ လုံးလုံးလျားလျား ယောကျ်ားလေးတစ်ယောက်စိတ် ဖြစ်သွားရတာလေ"

လက်ဖက်ရည်ဆိုင်မှာ ထိုင်နေသော ခင်မမမောင်ကို ဘယ်သူက မိန်းကလေးတစ်ယောက်လို့ ထင်မှာလဲ။ ဂျင်းဘောင်းဘီနှင့် တင်းရင်းစွင့်ကားနေတဲ့ တင်ပါးကို ဖုံးကွယ်စေရန် တီရှပ်ပွပွကို ဝတ်ထားသည်။ ခင်မမမောင်ရယ် ကိုယ် တကယ်ပဲ ရင်လေးတယ်ကွာ။ မင်းအတွက် စိတ်ပူရလွန်းလို့ ဉာဏ်သာရင်တွေ မီးတောက်ရတော့မယ်ထင်တယ်။ ဉာဏ်သာက အမြဲတမ်း ခင်မမမောင်အကြိုက်ကို သက်သာလိုက်လျောနေသည်။

"ဉာဏ်သာ"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ၊ အကြံဉာဏ်ပေးစမ်းပါကွ၊ မြရိပ်ညိုကို မောင် ချစ်စကားပြောရင် လက်ခံမလား"

"အဲဒါက မြရိပ်ညိုရဲ့ဆန္ဒလေ၊ ဉာဏ်သာကတော့ အခင်အမင်ပျက်သွားမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကောင်းစွာ ဉာဏ်သာ့စိတ်ထဲမှာ ခင်မမောင်က မြရိပ်ညိုအား ချစ်သည်ဟု သွားပြောမည်ကို မလိုလားဘဲ ဖြစ်နေ၏။ ခင်မမောင်ဆိုတဲ့ မိန်းမချောလေးတစ်ယောက်အဖြစ် မင်းကို ကိုယ် တွေ့မြင်ချင်တယ်ကွာ။ ဘာဖြစ်လို့များ မောင်ဖြစ်နေရတာလဲ။ မောင်က ဘယ်လောက်ပဲ ယောကျ်ားလေး တစ်ယောက်လို ဝတ်စားထားပြီး စတိုင်လ်အပြည့်ဖမ်းထားပါစေ ခင်မမောင်ရဲ့ မျက်တောင်ကော့ကော့ညွတ်ညွတ်တွေက ပုန်းကွယ်မရ။ ဟိုတလောက မျက်တောင်တွေကို ညှပ်ပြစ်ထားပေမယ့် နှာတံစင်းစင်းလေးနဲ့ မျက်ဝန်းရွှန်းလဲ့လဲ့တွေကို ဖုံးကွယ်ထားမရနိုင်ပေ။ ဉာဏ်သာကတော့ ခင်မမောင်ကို မိန်းကလေး တစ်ယောက်အဖြစ် သိနေကြသဖြင့် နောက်ပြောင် ပြဿနာရှာချင်တဲ့ကောင်တွေနှင့် ပြဿနာတက်မှာလည်း စိတ်ပူရသည်။

"မောင် ပြောပြီးပြီ၊ မြရိပ်ညို ငြင်းလို့မရဘူး၊ ငြင်းကြည့်ပါလား မောင် ဘာကောင်လဲဆိုတာ သိစေရမယ်"

မြရိပ်ညိုရယ် မောင် အရမ်းလွမ်းနေပြီကွ။ မင်းရဲ့မောင်ဝမ်းကွဲနဲ့ တွဲသွားတာ မြင်ရတာတောင် မောင် ဘယ်လောက်အထိ မနာလိုဝန်တိုဖြစ်ပြီး ဒေါသတွေဖြစ်နေရလဲ။ မြရိပ်ညိုကို မောင်အရမ်းချစ်တယ်။ မင်းကို ဘယ်ယောကျ်ားလေးမှ အနားကပ်လို့



မရဘူး။ ယက္ကတစ်ကောင်နဲ့ ရင်ဆိုင်တွေ့ရတာထက် ဆိုးသွားမယ်။ မြရိပ်ညိုကို မောင် လွမ်းနေမိသည်။ တွေ့ချင်တဲ့စိတ်တွေနှင့် လေးလေးကျော့်အိမ် လိုက်သွားရင် ကောင်းမလားဟု တွေးမိနေ၏။ မိသားစုဆွေမျိုးတွေ စုံကြမှာတဲ့။ ဘာကြောင့်လဲ။ မြရိပ်ညိုကို ယောကျ်ားပေးစားမှာတော့ မဟုတ်လောက်ပါဘူးနော်။ မောင်နေလို့မရ။ ဆိုင်က စားပွဲထိုးကောင်လေး လာချပေးသော လက်ဖက်ရည်ခွက်ကို မော့သွားပြီး ထိုင်နေရာမှထသည်။

"မောင် ဘယ်လဲ"

"လေးလေးကျော့်တို့အိမ်ကို"

"ဘာသွားလုပ်မှာလဲ"

"မြရိပ်ညိုဆီလေ"

"ဘာသွားလုပ်မှာလဲ မောင်ရာ၊ အမိပွာယ်မရှိတာပဲ ထိုင်စမ်းပါ၊ မြရိပ်ညိုက ဆွေမျိုးတွေစုဝေးကြမှာ မင်းနဲ့ဘာဆိုင်လို့လဲကွ"

"မောင် အရမ်းစိတ်ပူနေတယ် ဉာဏ်သာ၊ ထူးဆန်းနေတယ်၊ မြရိပ်ညိုတို့ လေးလေးကျော့်အိမ်မှာ အမျိုးတွေစုဝေးကြရင် ထူးဆန်းတဲ့အကြောင်းတစ်ခု တိုင်ပင်မလို့ကွ"

"ဘာဖြစ်လို့လဲ၊ မောင်က မြရိပ်ညိုကို ယောကျ်ားပေးစား

www.burmeseclassic.com

www.burmeseclassic.com



မှာ စိုးရိမ်နေတာလား''

''ဟုတ်တယ်''

''ထားလိုက်ပါကွာ၊ လာ ထိုင်စမ်းပါ၊ မြရိပ်ညို့က ပြောတယ်မဟုတ်လား၊ အဲဒီကိစ္စ မဟုတ်ပါဘူးလို့''

''အင်း''

''ထိုင်နေစမ်းပါ''

မောင်က စိတ်ဂနာမငြိမ်စွာဖြင့် ပြန်ထိုင်သည်။ လက်ဖက်ရည်ခွက်ကို ကောက်ယူပြီး မော့လိုက်သဖြင့် အားခနဲအော်ကာ အပူလောင်သွားပြီး ထွီခနဲထွေးထုတ်ပစ်သည်။ မောင့်အတွေးအာရုံတွေထဲမှာ မြရိပ်ညိုအကြောင်းတွေပဲ အမြဲတမ်း လွှမ်းမိုးနေတယ်ဟု ကြေကြေကွဲကွဲလေး ပြောနေ၏။ ဉာဏ်သာကတော့ စိတ်မသက်မသာဖြင့် ခင်မမမောင်ခေါ် မောင့်ကိုပဲ ငေးမောကြည့်ဖြစ်နေသည်။

□ □ □

## အခန်း (၂)

''မေမေ မောင့်ကို အလိုလိုက်ပြီး ထင်သလိုသွားလာနေတာ မသင့်တော်ဘူးထင်တယ်၊ မောင် အရမ်းလွန်နေပြီ၊ အခု ဘယ်အချိန်ရှိနေပြီလဲ၊ ဒါ မိန်းကလေးတစ်ယောက် အပြင်ထွက်ရသေးအချိန်လား''

''ဟဲ့…နန္ဒ၊ ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ မောင်က ယောက်ျားလေးစိတ်ပါ၊ ဘာမိန်းကလေးလဲ၊ မောင့်ရှေ့မှာ အောင်လို့တောင် မထွက်စေနဲ့နော်''

''မေမေ့ကြောင့် ခက်တာပဲနော်၊ မောင် တစ်နေ့နေ့ ဒုက္ခရောက်လိမ့်မယ်၊ မိန်းကလေးဖြစ်ပြီး ယောက်ျားလေးတွေနဲ့ ပေါင်းသင်း သွားချင်ရာသွားတယ်၊ နေချင်သလိုနေတာကြီးက မကောင်းဘူး''

www.burmeseclassic.com

www.burmeseclassic.com



"မောင်ပေါင်းတာက ဥာဏ်သာပါ၊ ဒီကောင်လေးက ဘယ်လောက် စိတ်ဓာတ်တည်ကြည်လဲ၊ ပညာလည်းတော်တယ်၊ ကြိုးစားတယ်၊ မောင့်ကို ဥာဏ်သာ စောင့်ရှောက်နေတာပဲ"

သမီးကြီး ခင်နန္ဒမောင်က မောင့်ကို ယောကျ်ားလေးတစ်ယောက်လို မမြင်ပေ။ ဒေါ်ခင်ခင်မြက မောင့်ကို သားအဖြစ် ငယ်စဉ်လေးတည်းက ပုံစံသွင်းကာ လေ့ကျင့်ပေးထားသဖြင့် မောင့်စိတ်ကလည်း ယောကျ်ားလေးတစ်ယောက်စိတ်နှင့် ထပ်တူထပ်မျှ ဖြစ်နေသည်။

"မေမေ မှားတာပါကွယ်၊ သမီးနှစ်ယောက် မွေးပြီး သားယောကျ်ားလေးလိုချင်လို့ ဆုတောင်းနေရတာလေ၊ သမီးလေးပဲ ဆက်ပြီးမွေးလာတော့ သားတစ်ယောက်အဖြစ်ပဲ မြင်တွေ့ချင်လို့ သားအသွင်ပဲ ပြင်ဆင်ဝတ်စားစေပြီး ယောကျ်ားလေးစိတ်ပဲ သွတ်သွင်းပေးခဲ့တာ"

"နန္ဒတို့လည်း မောင်လေးတစ်ယောက် လိုချင်ခဲ့တာပဲလေ၊ ယောကျ်ားလေးလိုပဲ စိတ်က မှတ်နေတာပဲ၊ ဒါပေမဲ့ မောင်လွန်နေပြီ၊ မြရိပ်ညိုကိုလည်း မောင် မဆီမဆိုင် စည်းကမ်းတွေ တင်းကြပ်ပြီး ချစ်သူတစ်ယောက်လို သဘောထားနေတယ်"

"ဘာဖြစ်လဲ၊ မြရိပ်ညိုရဲ့ အမေတောင် လက်ခံကြည်ဖြူ





နေတာ၊ သမီးနန္ဒရယ် မေမေ့သားကို ဆူပူတာတွေ မာန်မဲတာတွေ မလုပ်ပါနဲ့၊ သား အားငယ်သွားလိမ့်မယ်"

"မေမေ့ကြောင့် ခက်တာပဲ၊ ဘာသားလဲ မောင်က မိန်းကလေးလေ၊ သဘာဝက အရမ်းဆန့်ကျင်ဘက်ဖြစ်ပြီး ယောကျ်ားလေးအစစ်ထက် လွန်ကဲနေပြီ"

"မေမေ့သားကို လုံးဝ စိတ်ထိခိုက်ကြေကွဲသွားအောင် မလုပ်နဲ့နော် နန္ဒ၊ မောင်ဥာဏ်သာ စောင့်ရှောက်နေတာပဲဟာ၊ မေမေ စိတ်ချတယ်၊ မောင်က သဘာဝကိုလွန်နေပြီ၊ စိတ်ထိခိုက်ကြေကွဲ စရာတွေ၊ ရှက်စရာကိစ္စတွေ ကြုံတွေ့လာရရင် မလိုလားအပ်တဲ့ ပြဿနာတွေ ကြုံတွေ့ရမှာနော်"

မောင့်အတွက်လည်း ဒေါ်ခင်ခင်မြ စိတ်ပူနေမိတာပဲလေ။ စိတ်ဆန္ဒကပင် သားဟုပဲ ထင်မှတ်နေသည်။ သားတစ်ယောက် လိုချင်ခဲ့သော မိမိစိတ်ဆန္ဒတွေက မောင့်အား သားတစ်ယောက်ဟုပဲ ထင်မှတ်ထား၏။ မောင်ဥာဏ်သာ ရှိနေလို့လည်း စိတ်အေးရသည်။

"ဟုတ်ပါတယ် မမနန္ဒာရာ၊ ဥာဏ်သာက မောင့်အပေါ် ... သားရှာနဲ့ ကူညီစောင့်ရှောက်နေတာပါ၊ ဥာဏ်သာက မောင့် ...ါ် သံယောဇဉ်ကြီးလွန်းပါတယ် စိတ်မပူပါနဲ့၊ မောင့်ကို အရုက်

www.burmeseclassic.com



ကြီးရှက်သွားအောင်တော့ မလုပ်ပါနဲ့၊ ဒီလိုလူမျိုးတွေက စိတ်ကြမ်းတယ်၊ အတွေးလွန်တယ်၊ မလိုလားအပ်တဲ့ ဆိုးကျိုးတွေပဲ ဖန်တီးကြလိမ့်မယ်၊ မောင့်ကို ဒီအတိုင်းပဲထားလိုက်ပါ''

သမီးလတ် သန္တာကလည်း မောင့်ဘက်ကနေဝင်ပြီး ကာကွယ်ပေးသည်။

''မောင်က မေမေ့သားပဲ၊ မိန္တာနော် မေမေ့သားလေး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့၊ မောင့်စိတ်က ယောကျ်ားလေးစိတ်ပဲ၊ မေမေဖြင့် ကိုယ်ဝန်စရထဲက ယောကျ်ားလေးဖြစ်ပါစေလို့ ဆုတောင်းလိုက်ရတာ၊ စိတ်ကိုလည်း မာကျောကျောဖြစ်အောင် နေပစ်တယ်၊ အလှအပ ပြင်ချင်ပေမယ့် မပြင်ခဲ့ဘူး၊ ဒါကြောင့်ထင်တယ် မောင်က ယောကျ်ားလေးတစ်ယောက်လိုပဲလေ ကျားကျားယားယားနဲ့''

''နန္တာက တစ်နေ့ မောင့်အတွက် အန္တရာယ်တွေ ရင်ဆိုင်ကြုံတွေ့မှာစိုးလို့ပါ မေမေ၊ အင်းလေ ဘယ်တတ်နိုင်မလဲ နန္တာတို့ကလည်း မောင့်ကို ငယ်ငယ်လေးတည်းက မောင်လေးတစ်ယောက်လိုပဲထင်ပြီး ပြောဆိုဆက်ဆံခဲ့ကြတာလေ''

''ထားလိုက်တော့ မောင်က ထာဝရ မေမေ့ရဲ့သားပဲ မေမေက သားယောကျ်ားလေး လိုချင်တဲ့ဆန္ဒကို မောင်နဲ့ပဲ ဖြေ





ရတာလေ''

မောင်ဉာဏ်သာရှိနေ၍ ဒေါ်ခင်ခင်မြကတော့ စိတ်မပူပေ။ မောင့်ကို အနီးကပ်ပဲ သံယောဇဉ်ကြီးစွာ စောင့်ရှောက်နေသည့် ဉာဏ်သာက လူတော်လေးပဲ။ ညကိုးနာရီလောက်တွင် မောင် အိမ်ကိုပြန်လာသည်။

''အန်တီရေ မောင့်ကို ပြန်လာပို့ပြီနော်''

''အေးကွယ်…ဉာဏ်သာနဲ့ဆို အန်တီက စိတ်မပူမိဘူး၊ မောင့်ကို စောင့်ရှောက်ပေးပါကွယ်နော်''

''မေမေကလည်း ဉာဏ်သာကိုများ အပ်နေသေးတယ်၊ မောင်ကတောင် ဉာဏ်သာ့ကို ပြန်စောင့်ရှောက်ရမှာ၊ ဒီကောင် ကြောက်''

''ဘာပဲဖြစ်ဖြစ် ဉာဏ်သာရှိနေတော့လည်း မောင် အဖော် ...တော့ သွားရယ်''

''ဒါတော့ ဟုတ်တယ်၊ ဉာဏ်သာက မောင့်ကို အရမ်း ...မှာခဲ့တယ်၊ ဉာဏ်သာနဲ့တော့ ပေါင်းလို့ရတယ်လေ''

ဉာဏ်သာ နှုတ်ဆက်ပြန်သွားတော့ မောင် စိတ်နည်းနည်း ...သွားကာ ခြံထဲမှာပဲ ဆင်းထိုင်နေသည်။ မအိပ်ချင်ဘူး။ မြို... မောင့်စိတ်တွေက ဟာနေတယ်။ မြရိပ်ညိုရဲ့ဦးလေး ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com



ကျော်က မိသားစုထဲမှာ အဓိကကျပြီး ရှေ့နေတစ်ယောက်ဖြစ်၍လည်း မိသားစုအတွက် တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်သည်။ လေးလေးကျော်နှင့် မောင်လည်း ခင်၏။ မောင် ငယ်ငယ်လေးတည်းက မောင့်ကို ထိန်းကျောင်းလာတာပါ။ ပြီးတော့လည်း မောင့် မမနှာကို ကြိုက်နေ၍ မောင့်ကို အရေးပေးတတ်သည်။

"မြရိပ်ညိုရယ်...မင်းကို ကိုယ်မတွေ့လို့ အရမ်းခံစားနေရတယ်၊ သင်တန်းကိုလည်း မလာဘူး၊ ညနေကြမှ တွေ့မယ်လို့ ပြောတဲ့ ကတိဖျက်တယ်"

လေးလေးကျော်အိမ် ဖွတ်တရွတ် လိုက်သွားမယ်လုပ်တော့ ဉာဏ်သာက တားသည်။ အရေးကြီးတဲ့ မိသားစုကိစ္စတွေ ရှိနေလို့ဖြစ်မှာပေါ့တဲ့။ မင်းတို့မိသားစုအရေးမှာ ဘာတွေများ ဒီလောက်အထိ ကြီးမားနေရတာလဲ။ မြရိပ်ညိုတို့အခန်းက သော့ပိတ်ထားသည်။ သင်တန်းလည်း ပျက်နေ၏။ မောင် ဘယ်လောက် စိတ်ပူနေလဲ မြရိပ်ညို။ မင်းသိရဲ့လား။ မြရိပ်ညိုကို ယောကျ်ားပေးစားလိုက်မှာ မောင် ကြောက်ရွံ့တုန်လှုပ်နေသည်။

"မြရိပ်ညိုကို ယောကျ်ားပေးစားလို့ကတော့လားကွာ မောင်ဆိုတဲ့ကောင် ,ဘာကောင်လဲဆိုတာ သိစေရမယ်"

မောင် ဒေါသတကြီးနှင့် ကြိမ်းဝါးပစ်သည်။ လက်သီး



တွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။ မြရိပ်ညိုကတော့ သူမချစ်တဲ့သူကိုပဲ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ မိဘတွေက ခွင့်ပြုထားသည်တဲ့။ မြရိပ်ညိုမိဘတွေက အားလုံး လွတ်လပ်စွာ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် နေထိုင်ခွင့်ရှိကြသည်။

"မြရိပ်ညိုချစ်တဲ့သူက ဘယ်သူဖြစ်လာနိုင်မလဲ။ မောင်သား၊ လောလောဆယ်တော့ မင်းမှာ ချစ်သူမှမရှိတာပဲ၊ မြရိပ်ညိုက မောင့်ရဲ့စောင့်ရှောက်လမ်းညွှန်မှုအောက်မှာပဲ ရှိနေတာလေ"

ကိုယ့်အတွေးနှင့်ကိုယ် မောင် အားတက်သွားရသည်။ ...ဝင်န်းကျင်မှာ လေအေးအေးတွေ တသုန်သုန် တိုက်ခတ်နေ... ... အောင့်ရင်တွေ ဘယ်လောက်ပူလောင်နေတယ်ဆိုတာ မြရိပ်ညို ...ရဲ့လားဟင်။ တကယ်ပဲကွာ ဖြစ်နိုင်မယ်ဆိုရင်လေ မြရိပ်ညိုရှိ... လေးလေးကျော်အိမ်ကို အပြေးလာပစ်ချင်နေတယ်။ စိတ်ကို ...ဆော်လေး ထိန်းချုပ်ထားရတယ်ကွာ။ ဟိုကောင် ဉာဏ်သာ ...ပဲ။ ဒီကောင် အကြီးအကျယ်တားနေလို့ လေးလေးကျော်တို့ ... ညအိပ်ရလောက်အောင် မြရိပ်ညိုတို့မိသားစု အရေးတကြီး ...ရမယ့်ကိစ္စ ဘာရှိနေလဲ။ အေးစိမ့်နေတဲ့လေက မောင့်ရင် ...အောက်တွေအဖြစ် ဖြတ်သန်းနေသည်။

"မောင်"

www.burmeseclassic.com



"ဟင်…မေမေ"

"အထဲဝင်တော့လေ၊ အပြင် ဒီလောက်အေးစိမ့်နေတာ"

မေမေက မောင့်လက်ကိုဆွဲပြီး ထူမတ်ပေးသည်။ မေမေ မသိပါဘူး။ ဒီလေအေးစိမ့်စိမ့်တွေက မောင့်ရင်ထဲက မီးတောက်တွေထဲ တိုးမဝင်နိုင်ဘူးလေ။ မေမေက မြရိပ်ညို့ မေမေနှင့် သူငယ်ချင်းတွေပဲ။ ဟုတ်ပြီ မေမေ့ကိုများ ထူးခြားတဲ့သတင်းအစအနလေး ပြောပြမလားပဲ။ မောင့်လက်ကိုဆွဲပြီး တိုက်ထဲဝင်လာသည်။

"မေမေ"

"ဟင်"

"မေးစရာရှိလို့"

"မေးလေ မောင်ဘာသိချင်လို့လဲ၊ မေမေ့သားမျက်နှာလေးက သိပ်မကောင်းဘူးကွယ်၊ ဘာဖြစ်လို့လဲဟင်"

"မောင်သိချင်တာ တစ်ခုရှိနေလို့ပါ"

"မေးလေ"

"မြရိပ်ညို့ မေမေက ထူးခြားတဲ့အစီအစဉ်တစ်ခုခုများ ပြောမိလားလို့"

"ဟင့်အင်း…ဘာအကြောင်းတွေလဲ မရှိပါဘူး၊ မောင်



ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မြရိပ်ညို့ကိုများ ယောကျ်ားပေးစားမလားလို့၊ ဟို…ဟိုလေ ဦးကျော်အိမ်မှာ ညအိပ်ပြီးကော့တောင်မိသားစုဝင်တွေ တွေ့ဆုံကြရတာလဲ"

"အမလေး မောင်ရယ် စိတ်ပူတတ်လိုက်တာကွယ်၊ မြရိပ်ညို့ မေမေကပြောတယ်၊ သမီးချစ်သူနဲ့ပဲ လက်ထပ်ပေးမယ်တဲ့၊ အဲဒါ သမီးရမယ့် အခွင့်အရေးတဲ့၊ မလွဲမသွေပေးမှာတဲ့၊ ဘယ်လိုယောကျ်ားမျိုးပဲဖြစ်ဖြစ် သမီးရွေးချယ်ရင် လက်ခံပြီးသားပဲတဲ့"

"ကကယ်လား မေမေ၊ အန်တီညို့က အဲဒီလိုပဲပြောတာလားဗျာ"

"အင်း"

"OK မောင် စိတ်အေးသွားပြီ၊ အိပ်တော့မယ်"

"ဟဲ့…မောင် သြော် ဒုက္ခပါပဲ ချက်ချင်းကြီးပဲ၊ အိပ်ချင်သွားရတယ်လို့"

အိပ်ခန်းလေးထဲ ပြေးဝင်သွားတဲ့ သမီးဖြစ်သူ ခင်မမမောင်ကို ဒေါ်ခင်ခင်မြ ပြုံး၍ကြည့်မိနေသည်။ မိမိလုပ်ရပ် မှားသည်ဖြစ်စေ သမီးငယ် ခင်မမမောင်ကိုတော့ သားတစ်ယောက်အဖြစ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်နေချင်၏။ မောင်ကသားပဲ။ မိမိ အရူးအမူး သားလိုချင်ခဲ့တာ။ နောက်ဆုံး ခင်မမမောင်ကိုမွေးပြီး သားအိမ်ရောဂါဖြစ်၍ ထုတ်ပစ်လိုက်ရသဖြင့် ကလေးမရနိုင်တော့ဘူးမဟုတ်လား။ ဘာပဲဖြစ်နေဖြစ်နေ သမီးအထွေးဆုံးလေး ခင်မမမောင်က သားပဲ။ ဒေါ်ခင်ခင်မြ အိပ်ခန်းထဲဝင်လာပြီး အိပ်တော့မည်ပြင်စဉ် မြရိပ်ညို မေမေသော်တာညိုဆီက ဖုန်းလာသည်။

"ဟဲလို…ခင်လား"

"အင်း…ဒီအချိန်ကြီးကြမှ ဘာတွေအရေးတကြီး ပြောစရာကိစ္စ ရှိနေလို့လဲ ညို"

"အင်း…ရှိတယ်၊ အရမ်းအရေးကြီးတယ်လေ၊ ညမအိပ်နိုင်လောက်အောင် အရေးတကြီး ပြောစရာရှိလို့"

"ပြော"

"ညိုမောင်လေး ကိုကျော်ကလေ ခင့်သမီးကြီး နန္ဒာကို လက်ထပ်ဖို့တောင်းရမ်းပေးပါတဲ့"

"ဟင်"

"ဟင်မနေနဲ့၊ ခင် သူတို့ချင်းကလည်း ချစ်သူတွေဖြစ်နေတယ်လေ၊ မင်္ဂလာပွဲပဲ စီစဉ်ကြရအောင်နော်"

မောင် စိတ်ပူနေတဲ့ မြရိပ်ညိုတို့မိသားစု လေးလေးကျော်



အိမ်မှာ စုဝေးရတဲ့ကိစ္စက သမီးကြီး ခင်နန္ဒမောင်ကို တောင်းရမ်းလက်ထပ်ဖို့ကိစ္စပဲ။ မောင်သာသိရင် အရမ်းဝမ်းသာသွားရှာမှာပါ။ မိမိကတော့ မောင်ကျော်ကျော်အား သမီးနှင့်လက်ထပ်ပေးဖို့ ငြင်းပယ်စရာ မရှိပါဘူးလို့ သမီးကြီးက နှစ်သက်တယ်ဆိုရင် လက်ထပ်ပေးမယ်လို့ပဲ ပြောလိုက်သည်။ မောင့်ကို ထိုသတင်းညတွင်းချင်းပဲ အသိပေးဖို့ မောင့်အိပ်ခန်းထဲသွားချောင်းတော့ မီးပိတ်အား မောင်က နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေပြီဖြစ်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မြရိပ်ညို"

"ဟင်"

"မနေ့က မောင် ဘယ်လောက်အထိ စိတ်ပူရလဲ၊ မြရိပ်ညို သင်တန်းမတက်တော့ မောင်လေ အရှုးမီးဝိုင်းခံရသလိုပဲ ဉာဏ်သာရှိနေလို့ပေါ့"

"ဉာဏ်သာရှိနေတယ် ဟုတ်လား၊ မောင် တစ်ချိန်လုံး ဉာဏ်သာက_မောင့်အနားမှာ ရှိနေတာလားဟင်"

"ဟုတ်တယ်လေ၊ ဒီကောင်တားလို့ပေါ့၊ မောင်က စိတ်တွေ့ရှုပြီး မြရိပ်ညိုရှိနေတဲ့ လေးလေးကျော့အိမ် လိုက်လာမလို့၊ လေးလေးကျော့အိမ်မှာ စုဝေးပြီး တိုင်ပင်ရလောက်အောင် ဘာတွေ အရေးကြီးနေလို့လဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“အခု သိပြီလား”

“အင်း…လေးလေးကျော်က မမနန္ဒာကို လက်ထပ်ဖို့ တိုင်ပင်တာကိုး”

“မြရိပ်လည်း မသိပါဘူး၊ မေမေက ခေါ်သွားတာ နယ်ကဘကြီးတွေပါလာကြတော့ လေးလေးကျော်ကိုပဲ တိုင်ပင်မလို့ ဆိုတာ ဟိုရောက်မှသိတာလေ”

မောင် ဘယ်လိုလုပ်ရမလဲဟင်။ မြရိပ်ညိုလေ မောင့်အနားမှာ ဉာဏ်သာ တစ်ချိန်လုံးရှိနေတယ်ဆိုတာ သိလိုက်တော့ အရမ်းမနာလိုဝန်တိုဖြစ်သွားတာပဲ။ မောင်နဲ့ ဉာဏ်သာက တွဲဖော်တွဲဖက်တွေလေ။ မောင်နဲ့ပတ်သက်ပြီး ဉာဏ်သာနဲ့ ခင်မင်ခွင့်ရပြီးကတည်းက ဉာဏ်သာအပေါ် မြရိပ်ညိုစိတ်တွေ တိမ်းညွတ်မိနေပြီ။ မောင်သိသွားမှာလည်း ကြောက်တယ်။ သိသွားရင် မောင် ကြောက်စရာကောင်းလောက်အောင် ဒေါသပုန်ထပြီး သောင်းကျန်းမှာပဲ။ အထူးသဖြင့် အချစ်ဆုံးသူငယ်ချင်းတွေ ဘာတွေ မသိတော့ဘဲ သွားသတ်မှာမဟုတ်လား။ ငယ်စဉ်လေးတည်းက တတွဲတွဲနှင့် မြရိပ်ညိုရဲ့အနားကို ယင်ဖိုလေးတစ်ကောင်တလေပင် ကပ်ခွင့်မရအောင် စောင့်ရှောက်ကြည့်ရှုပေးလာခဲ့သော ခင်မမမောင်အပေါ် မြရိပ်ညို သံယောဇဉ်တွယ်ခဲ့ရတာတော့ အမှန်ပဲဖြစ်သည်။ ဒါပေမဲ့လည်း



သူငယ်ချင်းသံယောဇဉ်ပဲ ဖြစ်နေရ၏။ မေမေတို့ကလည်း မောင်စောင့်ရှောက်ပေးတာကို ကျေးဇူးတင်ပြီး မောင်စောင့်ရှောက်ပေးတာ မြရိပ်ညိုဘဝ လုံခြုံတယ်ဆိုပြီး အပ်ခဲ့သည်။ ခက်နေတာက မောင့်ဆန္ဒ၊ မောင့်အမိန့် စေစားရာအတိုင်း လုပ်ပေးတတ်တဲ့ မြရိပ်ညိုရဲ့ အားနာပြီး ပျော့ညံ့သည့် သံယောဇဉ်တွေက နှလုံးသားနှင့်တော့ သက်ဆိုင်စွာ သီးသန့်ဖြစ်နေခဲ့သည်။

“မြရိပ်ညို”

“မောင်”

“မြရိပ်ညိုကို မောင် ပြောစရာရှိတယ်လေ”

“ပြောလေ”

မြရိပ်ညိုအသံလေးက အားမရှိသလို ပျော့တော့တိုးတိတ်နေသည်။ မောင် ဘာပြောမှာလဲ။ အခုတလော မောင်က မြရိပ်ညိုအပေါ် သူငယ်ချင်းအဆင့်ထက် ကျော်လွန်ပြီး ဆက်ဆံလာသဖြင့် မြရိပ်ညို ကြောက်လာသည်။ အိမ်ကလူကြီးတွေက ဉာဏ်သာ့ကို သဘောကျနေကြသည်။

“ဉာဏ်သာ့မေမေက သမီးလေး မြရိပ်ညိုကို ချွေးမတော်ချင်တယ်တဲ့၊ ဘယ်လိုလဲ သမီးဆန္ဒပဲနော်၊ အဲဒါ သမီးရိပ်ရဲ့ အခွင့်အရေးပဲ၊ ရိပ် ရွေးချယ်မှုပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာကို ရိုပ် ငြင်းပယ်ဖို့ဆိုတာ မဖြစ်နိုင်။ ဒါပေမဲ့ ဉာဏ်သာဆန္ဒကရော။ သူမနှင့် ဉာဏ်သာ သူငယ်ချင်းတွေ ဖြစ်နေကြပေမယ့် သိပ်မရင်းနှီးကြ။ မောင့် ကောင်မလေးလို့များ သတ်မှတ်ထားလား။ မြရိပ်ညို ရှင်းပြချင်နေသည်။ မောင့်ကို ကြောက်တယ်။ မောင်က စိတ်က တမင်မာကျောကျော နေထိုင်တတ်၍ မြရိပ်ညို ကြောင့် မောင်ဒေါသတွေ ပေါက်ကွဲပြီး လုပ်ချင်တာတွေ လုပ်ပြစ်မှာလည်း ကြောက်နေရသည်။ ဥပမာ ကိုယ့်ကိုယ်ကို အဆုံးစီရင်တာမျိုး၊ ကားအောက်ကို ပြေးဝင်လိုက်တာမျိုးပေါ့။ မောင့်အကြည့်တွေက ချိုအိဝင်းလက်နေသည်။

"မြရိပ်ညို"

"ဟင်"

"တကယ်လို့ပေါ့ …အဲ ထားလိုက်ပါတော့လေ မပြောတော့ပါဘူး၊ အဟဲ့ ထားလိုက်တော့၊ မောင်ပြောချင်တာက မြရိပ်ညိုကို မောင်ကလွဲပြီး တခြားဘယ်သူမှ ချစ်ခွင့်မရှိတာပဲ"

ဉာဏ်သာ သတိပေးစကားသံတွေကို မောင် ပြန်ကြားယောင်လာ၍ ချစ်တယ်ဆိုတဲ့စကားကို မပြောဖြစ်တော့။ တကယ်တမ်းကျတော့ မောင်ကိုယ်တိုင် သတ္တိမရှိဘူး ဖြစ်နေသည်။ မြရိပ်ညိုက မုန်းသွားမှာလည်း စိတ်ပူမိ၏။ ချောမောပြီး နုဖတ်နေတဲ့



မြရိပ်ညိုမျက်နှာလေးကိုပဲ ငေးမောကြည့်မိသည်။

"မြရိပ်ညို"

"ပြောလေ"

"မင်းလက်ထပ်ဖို့ ယောကျ်ားတစ်ယောက်ကို ရွေးချယ်ရင် မောင့်ကို ရွေးချယ်ရမှာနော်"

မောင်က မြရိပ်ညိုလက်လေးကို ဆုပ်ကိုင်လိုက်သည်။ ချောတ်ဝန်းလေး ဖျတ်ခနဲ ဖြူးဝိုင်းသွားကာ လက်လေးကိုလည်း ရုန်းရဲပေ။ မြရိပ်ညိုအပေါ် မောင် အမြဲတမ်း ရိုးရိုးသားသား သူငယ်ချင်းတစ်ယောက်လိုပဲ စောင့်ရှောက်ပေးခဲ့တာပါ။ မနေ့က မြရိပ်ညို မောင်လေးဝမ်းကွဲနဲ့ တွဲလာတာတွေ့ပြီးကတည်းက မောင် စိတ်ပူပြီး ဆောက်တည်ရာမရအောင် မြရိပ်ညိုအား လက်လွှတ်ဆုံးရှုံးရမှာ ကြောက်လာသည်။

"ဘယ်လိုလဲဟင် မြရိပ်ညို၊ မောင့်ကို ရွေးချယ်မှာလား"

"အင်း"

"တကယ်နော်"

"အင်းပါ"

"မောင် အရမ်းစိတ်ပူနေတာကွ၊ မြရိပ်ညိုကို ဘယ်လိုပြီးမှ လက်လွှတ်အဆုံးအရှုံး မခံနိုင်ဘူးနော်၊ မောင်က အပြတ်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းမှာပဲ ကြားလား မြရိပ်ညို”

“အင်”

မောင့်ကိုတော့ မြရိပ်ညို ငယ်ကြောက်လိုပဲ ဖြစ်နေသည်။ မောင်ဒေါသထွက်မှာစိုး၍ မြရိပ်ညို ငယ်စဉ်လေးတည်းက မောင့်အကြိုက်လိုက်ပြီး နေထိုင်လာခဲ့သည်။ မြရိပ်ညို ငယ်စဉ်က ကောင်လေးတစ်ယောက် အနားလာပြီး မြရိပ်ညိုလက်လေးကို ဆွဲလိုက်တာလေးနှင့်ပင် ထိုကောင်လေးအား တွန်းလှဲပြီး လည်ပင်းညှစ်နေသဖြင့် လူကြီးတွေရောက်လာလို့ ကံကောင်းသွားရ၏။ အဲဒီထဲက မောင် စိတ်ဆိုးဒေါသထွက်မည့် အခြေအနေတွေကို ရှောင်ရှားပြီး မောင့်သဘောဆန္ဒအတိုင်းပဲ နေထိုင်ခဲ့သည်။

“မှတ်ထားနော် မြရိပ်ညို၊ မင်းလည်း တခြားကောင်တွေကို ချစ်ခွင့်မရှိဘူး၊ တွဲဖို့လည်း မစဉ်းစားနဲ့၊ မောင့်ကိုပဲ ရွေးချယ်ရမယ်”

မြရိပ်ညို ခေါင်းလေးပဲညိတ်ပြီး ပြလိုက်သည်။ မောင့်မျက်ဝန်းတွေထဲမှာ အကြင်နာတွေ၊ အချစ်တွေနှင့် သံယောဇဉ်တွေ ရောယှက်သန်းနေတာ မြရိပ်ညို သိနေပေမယ့် မောင်က မိန်းကလေးပဲ။ မောင်ကတော့ သူ့ကိုယ်သူ ယောကျ်ားလေးတစ်ယောက်ဟုပဲ ထင်မှတ်နေသည်။ တစ်ခါတစ်ရံ မြရိပ်ညိုကို ဒေါသတွေ ပေါက်ကွဲ



လာလျှင် မောင့်အမူအရာတွေနှင့် အပြုအမူတွေ ကြမ်းတမ်းပြီး ယောကျ်ားလေးတစ်ယောက်ထက် ကြောက်စရာကောင်းပြီး အစွန်းရောက်စွာ တစ်ခုခုကို တစ်စစီဖြစ်သွားအောင် လုပ်ပစ်တတ်သည်။ မြရိပ်ညို တွေးပင်မတွေးရဲ။ ငယ်ငယ်ကတော့ မောင့်ကို အားကိုးတကြီးနှင့် အရမ်းပဲ သံယောဇဉ်တွယ်ခဲ့ရပေမယ့် အခုအချိန်မှာတော့ မြရိပ်ညို ရင်ခုန်ငြိတွယ်ရတာက ဉာဏ်သာဖြစ်နေသည်။

“မြရိပ်ညို”

“အမလေး”

“ဘာတွေတွေးနေတာလဲကွ၊ မင်း အတွေးတွေထဲမှာ ဘယ်သူရှိနေတာလဲ မြရိပ်ညို၊ အမှန်အတိုင်း ပြောစမ်း”

“ဟို…ဟို မရှိပါဘူး မောင်ရဲ့၊ မြရိပ်ညို အတွေးထဲမှာ မောင့်အကြောင်းတွေကလွဲပြီး ဘာရှိမှာလဲ၊ မောင့်ဆန္ဒက မြရိပ်ညို ဆန္ဒပါပဲလေ”

“အဲဒီလိုပဲဖြစ်ရမယ်၊ အဲဒါ ဖြစ်သင့်တယ်၊ မင်းသိထား ဒါက မြရိပ်ညိုက မောင့်ချစ်သူပဲ”

မောင်က မြရိပ်ညိုကို ဖက်လိုက်သဖြင့် မြရိပ်ညို သေပစ်[illegible]ဘက်အောင် စိတ်ညစ်သွားပြီး ရုန်းဖယ်ပစ်လိုက်ချင်ပေမယ့် [illegible]ယ်ရဲ့။ မောင် အခုတလော မြရိပ်ညိုအပေါ် အပွေ့အဖက်တွေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ချစ်သူတစ်ယောက်ကဲ့သို့ ဆက်ဆံလာတာကို မြရိပ်ညို မနှစ်သက်နိုင်အောင် ဖြစ်ရ၏။ မောင့်ကိုလည်း မငြင်းဆန်ရဲ။ ဉာဏ်သာ ရောက်လာမှ မြရိပ်ညို နည်းနည်းလေး စိတ်သက်သာရာ ရောက်သွားရသည်။

"မောင် မင်းကိုပြောစရာရှိလို့ လာခေါ်တာ"

"ဟာကွာ မင်းကလည်း အရမ်းနှောင့်ယှက်တယ်၊ ဒီမှာ OK နေတာ"

"လာစမ်းပါ၊ ထ မြရိပ်ညို နင်အိမ်ပြန်သွားတော့၊ နီးနီးလေးပဲဟာ"

"အင်း"

"နေပါဦး ဉာဏ်သာရ၊ မြရိပ်ညိုကို မောင် စိတ်ပူလို့ပါ၊ ခြံဝအထိ လိုက်ပို့ပေးဦးမယ်"

"ရပါတယ် မောင်၊ နီးနီးလေးပဲဟာ သွားကြပါ"

ဉာဏ်သာကလည်း မောင့်ကို အတင်းပဲဆွဲခေါ်လာခဲ့သည်။ မြရိပ်ညိုမျက်နှာလေးက မသာမယာနှင့် ငိုမဲ့မဲ့လေးဖြစ်နေတာကြည့်ပြီး မောင် ပေါက်ကရတွေ ပြောဆိုပြုမူနေတာ ရိပ်မိ၏။ မောင်က သူ့နောက်ကို မြရိပ်ညို အပြန်လမ်းအား ကွက်ကြည့်ကွက်ကြည့်နှင့် လိုက်လာခဲ့သည်။





"ဘာလဲကွာ ဉာဏ်သာရာ မင်းအရမ်းရှုပ်တာပဲ၊ မောင်နဲ့ မြရိပ်ညိုက ကြည်နေတာကွ"

"ထိုင်စမ်းပါ မောင်ရာ"

တကယ်တမ်းကျတော့ မောင့်အား ဉာဏ်သာ ဘာမှ ပြောစရာမရှိပေ။ မြရိပ်ညိုနှင့် အတူရှိနေတာ တွေ့ရ၍ ဟမင်ဆွဲခေါ်လာခဲ့ခြင်းဖြစ်သည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်မိသည်နှင့် ချောလေးတစ်ယောက်လို ချောမွတ်နေတဲ့ မျက်နှာလေးအား မော့စိုက်ကြည့်မိသွား၏။ ခင်မမမောင်ရာ မင်းသာ မိန်းက တစ်ယောက်ဖြစ်နေရင် ဉာဏ်သာ ဘယ်လောက် စိတ်ချမ်းသာ လဲ။ ခင်မမမောင်အား မိန်းကလေးတစ်ယောက်အဖြစ် ပြောင်းလဲ ချင်စရာ ဉာဏ်သာဆန္ဒတွေက ပြင်းပြနေသည်။

"ဉာဏ်သာ"

"ဟင်"

"ပြောကွာ၊ မင်းဘာဖြစ်လို့ ကိုယ့်ကိုလာပြီး နှောင့်ယှက် တာလဲ၊ အရေးတကြီးကိစ္စက ဘာလဲပြော"

"ဘာမှမရှိပါဘူး၊ ဉာဏ်သာ့မှာ လက်ဖက်ရည်ဆိုင်ထိုင် ဖော်မရှိလို့ ခေါ်လာတာ"

"ဟာကွာ"

www.burmeseclassic.com

www.burmeseclassic.com



မောင် မင်းက ယောက်ျားလေးအစစ်တစ်ယောက်ထက် တောင် ပိုပြီး ယောက်ျားဆန်လွန်းနေတာပါလားကွာ။ ဖြစ်နိုင်ရင် လေ ကိုယ်က မင်းကို မိန်းကလေးတစ်ယောက် ဖြစ်သွားအောင် ဘယ်လိုလုပ်မှ ပြောင်းလဲမှာလဲကွာ။ ဉာဏ်သာက ခင်မမအောင် အပေါ် မရိုးသားတဲ့စိတ်တွေ မရှိစေဘဲ အရိုးသားဆုံး စောင့်ရှောက် ပေးခဲ့သည်။ ဉာဏ်သာစိတ်တွေ ဘာဖြစ်နေရတာလဲ။ မောင့်အပေါ် မရိုးမသားတွေနှင့် သူငယ်ချင်းအဆင့်ထက် ကျော်လွန်စည်းဖောက် ချင်လာနေသဖြင့် သူ့ကိုယ်သူလည်း ဉာဏ်သာ မကျေမနပ်ဖြစ်ရ သည်။

"ဉာဏ်သာ"

"ဟင်"

"မြရိပ်ညိုကိုလေ မောင် တစ်ချက် ရာဇသံပေးပစ် လိုက်ပြီ၊ မောင်ကလွဲပြီး ဘယ်ကောင်နဲ့မှ ချစ်ခွင့်၊ တွဲခွင့်မရှိဘူးလို့"

"မြရိပ်ညိုက လက်ခံရဲ့လား မောင်"

"လက်ခံတာပေါ့၊ အင်းပါတဲ့"

မြရိပ်ညိုက ငယ်ငယ်လေးထဲက မောင့်ကို အသေ ကြောက်ရတာ ဉာဏ်သာ သိနေသည်။ အရာရာကို ကြောက်တတ် ပြီး မောင့် ဦးဆောင်မှုနောက်မှာပဲ နေထိုင်လာရသဖြင့် မြရိပ်ညို



မငြင်းရဲတာလည်း ဖြစ်နိုင်သည်။

"မောင်"

"ဟင်"

"တို့နှစ်ယောက် ချစ်တီးအင်းယားမှာ ချစ်တီးထမင်းသွား စားရအောင်"

"မြရိပ်ညိုကိုပါ ဝင်ခေါ်မယ်ကွာ၊ ချစ်တီးထမင်းကို မြရိပ်ညိုက အရမ်းကြိုက်တာကွ"

"မခေါ်ပါနဲ့ကွာ၊ မိန်းကလေးတစ်ယောက် အနားမှာရှိနေ ရင် ဉာဏ်သာ မနေတတ်လို့ပါ၊ နှစ်ယောက်တည်း သွားမယ် လာပါကွ၊ ပြောထားမယ်နော် ဉာဏ်သာနဲ့သွားရင် မြရိပ်ညိုကို မခေါ်နဲ့၊ တော်ကြာ အရမ်းလှတဲ့ မြရိပ်ညိုကို ဉာဏ်သာ ကြိုက်သွား မယ်"

"ဘာကွ"

"ခွပ်"

"အား"

မောင်က ဉာဏ်သာ့အင်္ကျီစကို ဆွဲကိုင်ပြီး လက်သီးနှင့် ထိုးလိုက်သဖြင့် ဉာဏ်သာ ပက်လက်လန်ကျသွားသည်။

"အား…နောက်တာပါမောင်ရဲ့၊ တကယ်ဆိုးတယ်ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



နောက်တာပါ''

မောင့်လက်သီးက ပြင်းသားပဲ။ မောင့်မျက်ဝန်းတွေက ဒေါသရောင်တွေနှင့် ဝင်းဝင်းတောက်နေသည်။ ဉာဏ်သာ အတော်လေး ချော့မော့တောင်းပန်လိုက်ရ၏။ နောက်တာပါလို့ အထပ်ထပ်ပြောမှ မောင့်မျက်နှာပေါ်မှာ ဒေါသတွေ ပြေလျော့သွားသည်။

''မင်း မြရိပ်ညိုအပေါ် စိတ်ကူးနဲ့တောင် မပြစ်မှားနဲ့နော် ဉာဏ်သာ၊ မင်းမို့လို့ တခြားကောင်သာဆိုရင် အသေသတ်ပစ်မှာ''

''အေးပါကွာ နောက်တာပါ၊ မင်းကောင်မလေးကို ကိုယ်က ပြစ်မှားပါ့မလား မောင်၊ မင်းအဖြစ်သည်းမှန်းသိလို့ နောက်တာပါ''

နောက်တစ်ခါ မြရိပ်ညိုနဲ့မင်းကို တွေ့ဆုံခွင့်မပေးတော့ဘူး ဉာဏ်သာဟု ခပ်ပြတ်ပြတ် ပြောသည်။ မြရိပ်ညိုနဲ့တွဲတဲ့ကောင်က ငါ့ရန်သူပဲကွ။ အသေကို သတ်ပစ်လိုက်မယ်ပြောလိုက်တဲ့ မောင့်မျက်ဝန်းတွေက ကြောက်စရာကောင်းလောက်အောင် မာထန်နေ၏။ ဉာဏ်သာ အချိန်အတော်ကြာတဲ့အထိ တောင်းပန်ခဲ့ရသည်။

□ □ □

## အခန်း (၄)

''သမီး''

''ရှင်...မာမီ''

''မောင်နဲ့တွေ့ပြီး ပြန်လာတာလားကွယ်''

''ဟုတ်တယ် မာမီ၊ ဉာဏ်သာရောက်လာလို့ မောင်နေရစ်ခဲ့တယ်''

''အင်း...မာမီလည်း မပြောချင်ပေမယ့် မောင်နဲ့တော့ ညည်းနည်း ကင်းကင်းရှင်းရှင်းလေးနဲ့ နေထိုင်မှုဖြစ်မယ်ထင်တယ် သမီးရယ်''

''ရှင်''

''မောင်က မိန်းကလေးတစ်ယောက်လေ၊ သမီးလေးရဲ့ အနာဂတ် ရှိသေးတယ်မဟုတ်လား၊ မာမီ စဉ်းစားတာက မောင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို မဖြစ်ဘူးထင်တယ်''

မြရိပ်လည်း စဉ်းစားမိနေပေမယ့် မောင့်ကို ကြောက်သည်။ မောင့်ကို ခပ်ခွာခွာနေလို့ လက်ခံပါ့မလားပဲ။ မြရိပ်ညို လည်း မောင့်ကို သံယောဇဉ်ကြီးမားစွာ တွယ်မိနေပါတယ်လေ။ ချစ်သူလိုတော့ မဟုတ်ပါဘူး။ မောင် ဒေါ်သတွေထွက်ပြီး သောင်းကျန်းမှာကိုလည်း မြရိပ်ညို စိုးရိမ်ပူပန်နေရ၏။ ဖြစ်ပါ့ မလား။ မာမီကလည်း တဖြည်းဖြည်းလေး ခွာဖို့ပဲ သတိပေးတာ ပါ။ မြရိပ်ညိုကို မောင်က ချစ်သူအဖြစ် သတ်မှတ်ထားတာ မာမီသိရင် ပို၍စိတ်ပူပြီး တားဆီးလာမည် ဖြစ်သည်။

''မာမီကလည်း မောင့်အပေါ် သံယောဇဉ်ရှိပါတယ်လေ၊ သမီးကို ငယ်စဉ်လေးကတည်းက စောင့်ရှောက်လာတာပါပဲ၊ သမီး လေးလေးကျော်ကလည်း မောင့်မမနဲ့ လက်ထပ်မှာဆိုတော့ တဖြည်းဖြည်းချင်း မောင် နေသားကျတဲ့အထိ ခွာပြစ်ရမှာပဲ''

သမီးကို မောင်ဉာဏ်သာနှင့် လက်ထပ်ပေးဖို့ ဒေါ်သော် တာညိုတို့ စီစဉ်ချင်သည်။ လူကြီးချင်းတွေ ပြောဆိုနေကြ၏။ သမီးကလည်း မောင်ဉာဏ်သာ့ကို နှစ်သက်နေသည်။

''မောင်ဉာဏ်သာနဲ့ သမီးကို လူကြီးတွေက သဘောတူ နေတယ်လေ''



မောင်ကတော့ ဒေါ်သတွေပေါက်ကွဲမှာ သေချာသည်။ ဉာဏ်သာနှင့် လက်ထပ်ဖို့လည်း မြရိပ်ညို လက်လွှတ်မခံနိုင်ပေ။ ဉာဏ်သာ့ကို မြရိပ်ညို ချစ်မိသည်။ မြရိပ်ညိုဘဝမှာ ပထမဆုံး ချစ်မိသွားတဲ့ ယောကျ်ားတစ်ယောက်ပဲ။ မောင် ဒေါ်သဖြစ်ပြီး တစ်ခုခု ပြစ်မှုကျူးလွန်သွားမှာလည်း စိုးထိတ်နေရ၏။ မာမီက တော့ တဖြည်းဖြည်းချင်းခွာတဲ့။ မောင့်ကိုလည်း မြရိပ်ညို သံယောဇဉ်ရှိပါတယ်။ ချစ်သူတစ်ယောက်လိုတော့။ အား··· မြရိပ်ညို စိတ်ညစ်တယ်။ ဉာဏ်သာနှင့် နီးစပ်ရန် မလွယ်ကူတာ တော့ သိနေသည်။

''ဉာဏ်သာက လူကြီးလူကောင်းသားသမီး ဆန်တယ်၊ တော်တယ်၊ အောင်မြင်တိုးတက်မှုတွေရှိနိုင်တဲ့ ယောကျ်ား တစ်ယောက်ပဲလေ၊ သမီးကရော ဉာဏ်သာ့ကို ချစ်နေတယ်မဟုတ် လား''

''အင်း''

မာမီနဲ့ မြရိပ်ညိုက သားအမိထက် သူငယ်ချင်းလို ရင်းနှီး ပြီး ဘယ်အရာမဆို ထိန်းချုပ်စရာမလိုဘဲ ပွင့်ပွင့်လင်းလင်း ပြောဆို ဆက်ဆံကြသည်။ ဉာဏ်သာ့ကို မြရိပ်ညို ချစ်မိနေပေမယ့် မောင်က ဘယ်လိုလုပ်ရမလဲ။ ခပ်ခွာခွာနေဖို့ဆိုတာ မဖြစ်နိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ မာမီက မြရိပ်ညိုကို ဆွဲယူပြီး ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်သည်။

"မောင့်အတွက် သမီးစိတ်ညစ်နေတာ မဟုတ်လား၊ အင်းလေ မောင့်ကိုလည်း ရုတ်တရက်ကြီး စိမ်းပြစ်လိုက်လို့ မဖြစ်ဘူးလေ၊ သမီးကို ငယ်ငယ်လေးထဲက သံယောဇဉ်ကြီးပြီး စောင့်ရှောက်လာခဲ့တာပဲ"

"မာမီ"

"ပြောလေ"

"မောင့်ကို ဘယ်လိုလုပ်ရမလဲဟင်၊ အရမ်းခံစားသွားရမှာပါ၊ မောင်ပေါက်ကွဲရင် ကြောက်စရာကောင်းတာ မြရိပ်ညို အသိဆုံးပဲ မာမီ"

"မတတ်နိုင်ဘူးလေ၊ လုပ်သင့်တာပဲကွယ်၊ မောင်နားလည်မှာပါ၊ မောင်က မိန်းကလေးတစ်ယောက်ပဲ ဖြည်းဖြည်းချင်း လုပ်ယူရမယ်၊ သမီးရဲ့အနာဂတ်က ရှိသေးတယ်လေ"

"မာမီ"

"ဟင်"

"ဉာဏ်သာကရောဟင် မြရိပ်ညိုကို လက်ထပ်ဖို့ သဘောတူပါ့မလားဟင်"



"ဉာဏ်သာ့အမေကတော့ သူ့သားက သူ့စကားကို တသွေမတိမ်း နာခံတယ်တဲ့၊ လက်ခံမှာတဲ့"

ဉာဏ်သာမေမေကလည်း မောင်နှင့် ဉာဏ်သာ တွဲလွှန်းနေတာ စိတ်ပူတာမျိုးလည်း ဖြစ်နိုင်သည်။ မောင့်ကို ဘယ်လိုလုပ်ရမလဲ။ စိတ်ညစ်လိုက်တာနော်။ မောင်သာ မိန်းကလေးတစ်ယောက်အဖြစ် ပြောင်းလဲသွားရင် ကောင်းမှာပဲ။ မောင့်အပေါ်လည်း မြရိပ်ညို မရက်စက်နိုင်ပေ။ လူကြီးတွေရဲ့ စိတ်ပူပန်မှုကိုသာ သိရင် မောင် ဘယ်လောက် ဒေါသတွေ ပေါက်ကွဲလိုက်မလဲ။ မောင်က ဘယ်လိုမှ သူကိုယ်သူ ယောကျ်ားလေးတစ်ယောက် မဟုတ်ဘူးဆိုတာ မတွေးတောခဲ့။ ယောကျ်ားလေးထက်ပင် မာကျောစွာ နေတတ်သူ။ မောင်က လက်ရဲဇက်ရဲနိုင်သဖြင့် သူ့မ အရမ်းကြောက်နေရသည်။

"မြရိပ်ညိုလေး ဘာမှ စိတ်ပူမနေနဲ့၊ မာမီပြောသလိုပဲ မောင့်ကို ခပ်ခွာခွာလေး ဆက်ဆံ၊ ဖြည်းဖြည်းချင်းပေါ့လေ၊ မောင်လေးကျော်ကိုစွ စီစဉ်ပြီးမှ သမီးလေးနဲ့ ဉာဏ်သာ့ကိုစွ စီစဉ်ကြမယ်၊ ခင်တာက ခင်မင်ကြတာပဲ၊ ကိုယ့်သားသမီးတွေရဲ့ အနာဂတ် ရှိသေးတယ်လေ၊ မာမီလည်း မောင့်ကို သံယောဇဉ်ရှိပါတယ်၊ ဆက်ပြီး အလိုလိုက်ထားလို့ မဖြစ်ဘူးထင်တယ်"

www.burmeseclassic.com



ဒေါ်သော်တာညိုကတော့ ဖြတ်ဖြတ်သားသားပဲ ဆုံးဖြတ်ရမည်။ သမီးလေး မြရိပ်ညိုက လူ့လောကကြီးအကြောင်း သိပ်မသိ။ နုံးညံ့သိမ်မွေ့သူ။ သမီးငယ်ငယ်ကတော့ မိမိတို့က မောင့်လက်ထဲ အန္တရာယ်ကင်းသည်ဟုထင်ပြီး အပ်ထားခဲ့ကြသည်။ အခု အရွယ်တွေရောက်လာတော့ မောင်က ယောကျ်ားလေး အစစ်တစ်ယောက်ထက် လွန်ကဲစွာ သမီးမြရိပ်ညိုအပေါ် ပြုမူဆက်ဆံလာသည်။ စိတ်ပူရပြီး တားဆီးပိတ်ပင်တာတွေကို မလွဲမရှောင်သာ ပြုလုပ်ရတော့မည် ဖြစ်သည်။

"မလွဲသာလို့ပါကွယ်၊ သမီးအနာဂတ်အတွက် မောင်က မဖြစ်နိုင်ပါဘူး၊ လုံးဝခွာရတော့မယ်လေ"

ဒေါ်သော်တာညိုလည်း စိတ်မကောင်းဖြစ်ရသည်။ မခင်ခင်မြက ပိုဆိုးနေတာပါ။ သားတစ်ယောက်အဖြစ်ပဲ လက်ခံထားၫ်။ အချင်းချင်းတွေ မေတ္တာမပျက်အောင်လည်း စီစဉ်ရမည်။ သမီးအနာဂတ်အတွက်ပဲ အတ္တကြီးစွာ အမုန်းခံသင့်ခံရမည်။ ဖြူနုထွတ်ပြီး လူ့လောကကြီးအကြောင်းပင် သိပ်မသိဘဲ အရာရာကြောက်ရွံ့နေတတ်သော သမီးမြရိပ်ညိုကို မိမိကိုယ်တိုင် ခင်ပွန်းလောင်း ရွေးချယ်ပေးရလိမ့်မည်။ အဆင်ပြေချင်တော့ မိမိရွေးချယ်ခဲ့သော ဉာဏ်သာ့ကို သမီးမြရိပ်ညိုက ချစ်ခင်နှစ်သက်နေသည်။





"အိမ်ထောင်ရေးမှာတော့ သမီးဆန္ဒပဲနော်၊ ဉာဏ်သာ့ကို ငြင်းပယ်လည်း ရတာယ်၊ အရေးကြီးတာက မောင်နဲ့ပဲ အလွန်အကျူး သံယောဇဉ်မတွယ်စေနဲ့။ မာမီ တကယ်စိတ်မကောင်းတာပါ။ ဒါက လုပ်သင့်တာပဲလေ။ မောင့်အတွက်လည်း ဒီလိုသာ ယောကျ်ားလေး တစ်ယောက်လို ပြုမူနေထိုင်နေရင် မခင်တော့ စိတ်သောကတွေ ကြီးကြီးမားမား ရောက်လိမ့်မယ်ထင်တာပဲ"

မာမီက စဉ်းစားဆင်ခြင်နိုင်ပြီး ပညာတတ် မိခင်တစ်ယောက်ပါ။ မောင့်ကို သံယောဇဉ်တွယ်ခဲ့ပေမယ့် အနာဂတ်အတွက် မာမီ စဉ်းစားဆုံးဖြတ်တာပဲ ဖြစ်သည်။ မြရိပ်ညို ငိုပစ်ချင်လာၫ်။ ဉာဏ်သာက မောင့်အပေါ် အရေးတယူနှင့် ခင်မင်တွယ်တာနေတာရော မြရိပ်ညို စိတ်ပူမိသည်။ ဘာပဲဖြစ်ဖြစ် မာမှီတားကိုတော့ သူမ အကြွင်းမဲ့ လက်ခံထားမိၫ်။ ဉာဏ်သာကိုပဲ မြရိပ်ညို ရွေးချယ်မယ်။ မောင့်ကို ကြောက်ရွံ့တဲ့ နာကျင်မှုတွေက တိုးဝင်လာသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"သား ဉာဏ်သာ ဘာဖြစ်လို့များ ဒီအချိန်အထိ အပြင်မှာနေရတာလဲ မောင်နဲ့လား"

"ဟုတ်တယ် မေမေ"

"လာပါဦး သားရယ်၊ ဓာတ်လှေကားထိုင်ပါဦး"

"ဟုတ်ကဲ့"

မောင်နှင့် တွဲလျှောက်နေတဲ့သားကို ဒေါ်ဖြူပြာ နည်းနည်းလေးတော့ စိတ်ပူပင်မိသည်။ မောင်က မိန်းကလေးပဲ သဘာဝလှပြီး ယောက်ျားလေးစစ်စစ် တစ်ယောက်ထက် လှန်ကဲစွာ နေထိုင်တဲ့ မောင်နဲ့ သားက နီးစပ်လှနေ၏။ ဘယ်အချိန်ရှိနေပြီလဲ၊ မောင် အပြင်မှာနေလို့ သားဉာဏ်သာက အပြင်မှာလိုက်နေခြင်းဖြစ်ကြောင်း ဒေါ်ဖြူပြာ သိသည်။ သားဉာဏ်သာက ထက်

www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်မြက်နှင့် တော်လွန်း၍ မောင်နှင့် အချိန်တွေ ဖြုန်းလွန်းနေ၏။ သားက လိမ္မာသည်။ မိခင်စကားကို မြေဝယ်မကျ နားထောင်တတ်ပေမယ့် မောင့်လို မိန်းကလေးမဟုတ်၊ ယောကျ်ား လေးမဟုတ် ဝှကျကျကောင်မလေးမျိုးကို ညဥ့်အချိန်မတော်အထိ လိုက်စောင့်ရှောက်နေတာ လက်မခံနိုင်ပေ။ တားမြစ်ရတော့မည် ဖြစ်သည်။

"ခင်မမမောင်ကို အပြင်မှာ ဒီအချိန်အထိ နေခွင့်ပေးတာ ခင်ခင်မှားတာပဲ၊ သမီးမိန်းကလေးပဲလေ"

"မေမေ"

"မေမေတို့ကိစ္စ မဟုတ်ပေမယ့် သားက လိုအပ်တာ ထက် ပိုပြီးစောင့်ရှောက်နေတာတော့ မာမီ လက်မခံနိုင်ဘူး"

"မောင်က ရိုးသားပါတယ်၊ ပြီးတော့ သားနဲ့က ငယ်သူငယ်ချင်း ကျောင်းနေဖက်တွေဆိုတော့ စောင့်ရှောက်ပေးသင့် တယ် မဟုတ်လား မေမေ"

"ဟုတ်ပါတယ်၊ မေမေ လက်ခံထားတာပဲ၊ ဒါပေမဲ့ မောင် အခုချိန်အထိ အပြင်မှာနေတာ သားကိုယ်တိုင်လည်း ခွင့်မပြု သင့်ဘူးလေ"

မောင်က တဖွတ်ထိုးပဲ မြရိပ်ညို့အတွက် ခံစားနေရပြီး



စိတ်တွေက အပြင်မှာပဲ နေချင်သည်။ ဉာဏ်သာလည်း မောင့် အတွက် စိတ်တိုစိတ်ညစ်နေရ၏။ မေမေကလည်း အရင်ကလောက် မောင်နှင့်ဉာဏ်သာ တတွဲတွဲလုပ်နေတာ သဘောမတျတော့ တားဆီးပိတ်ပင်တဲ့စကားတွေ ပြောနေသည်။ ဉာဏ်သာ့ကို ထိငယ်လေးတည်းက မေမေ့စကား နားထောင်တတ်တဲ့ သားလိမ္မာ အဖြစ် စည်းစနစ်ကြီးကြီးနှင့် ထိန်းသိမ်းအုပ်ချုပ်ခဲ့၏။ ဉာဏ်သာ့ကို ပျော်ရွှင်အောင် သားကြီးဉာဏ်သာ ခံစားသင့်တဲ့ အခွင့်အရေးတွေ အပြည့်အဝ ပေးထားခဲ့ပေမယ့်လည်း မောင်နဲ့တွဲနေတာကို အခု အလော မနှစ်သက်တဲ့ အမူအရာတွေနှင့် တားဆီးလာသည်။

"မေမေက သားဉာဏ်သာကို စည်းစနစ်ကြီးပြီး တော်တဲ့ ထက်မြက်တဲ့ သားတစ်ယောက်အဖြစ် စောင့်ရှောက်ပေးတာ လက်ခံ ပေမယ့် လိုအပ်သလောက်ပဲ ကောင်းမယ်ထင်တယ်"

မောင့်ကို စောင့်ရှောက်ခွင့်ကို ပိတ်ပင်တာမျိုး ဉာဏ်သာ လက်မခံချင်ပေ။ မောင် တစ်ပုံတစ်ခု အန္တရာယ်တွေနှင့် ရင်ဆိုင်ရ မှာကိုတော့ ကာကွယ်ပေးထားချင်နေ၏။ ညဥ့်နက်တဲ့အထိ မောင့်အလိုလိုက်ပြီး ဉာဏ်သာ နေမိတာတော့ မှားပါတယ်။ အဲတောင် ဉာဏ်သာ မနည်းချော့မော့ပြီး ပြန်ခေါ်လာရတာပဲဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင် အိမ်မပြန်ချင်သေးဘူး ဉာဏ်သာ၊ ရင်တွေပူနေတယ်၊ မောင့်စိတ်ထဲမှာ မြရိပ်ညို့ကို ဆုံးရှုံးရမှာကြောက်နေကယ်"

"ဘာဆိုင်လဲ မောင်ရ၊ မြရိပ်ညို့က မောင့်စကားကို တသွေမတိမ်း နားထောင်တတ်တဲ့ ကောင်မလေးပဲဟာ ပြန်မယ် မောင်၊ လူကြီးတွေ စိတ်ပူနေမယ်"

"မပြန်ဘူး၊ ဉာဏ်သာ ပြန်လေ၊ အန်တီဖြူပြာ စိတ်ပူနေမယ်ပြန်"

"မောင်မပါဘဲ ဘယ်လိုလုပ်ပြန်မလဲ၊ အဓိပ္ပာယ်မရှိတာပဲ မောင် ပြန်ကြမယ်"

"မောင့်အတွက် မပူနဲ့၊ အိမ်နဲ့လည်း ဝေးမှမဝေးတာပဲ ထိုင်ဦးမယ်"

"မရဘူးမောင်၊ အန်တီခင်လည်း စိတ်ပူနေမယ် ဉာဏ်သာစကားကို နားထောင်စမ်းပါ မောင်ရာ"

ဉာဏ်သာ အတင်းအကြပ် ဆွဲခေါ်လာ၍ မောင် ပြန်လိုက်သည်။ မေ့ရှမက အပြင်မှာနေတာမကြိုက်။ မောင့်ကိုလည်း မနှစ်သက်သလို ဝိတ်ပင်ချင်သည်။

"သားဉာဏ်သာ"

"မေမေ"



"သားကို မေမေ အသိပေးစရာတစ်ခုရှိတယ်"

"ပြောပါ မေမေ"

"မေမေ ရွေးချယ်ပေးတဲ့ မိန်းကလေးကိုပဲ သား ဉာဏ်သာ လက်ထပ်ရမယ်ဆိုတာလေ၊ မင်းကတိပေးထားခဲ့တယ် မှတ်လား"

"မေမေက ချွေးမလောင်း တွေ့နေပြီလား"

"အင်း"

"ဘယ်သူလဲ"

"မြရိပ်ညို့"

"ဗျာ"

မြရိပ်ညို့ကိုတော့ မေမေက သံယောဇဉ်ကြီးပြီး ချစ်သည်။ သူ့ရဲ့ ချွေးမလောင်းအဖြစ် ရွေးချယ်လိမ့်မယ်ဟု မထင်မိ။ မြရိပ်ညို့ ကိုတော့ ဉာဏ်သာ အထိတ်တလန့် ဖြစ်သွားရပြီး ထိုင်နေရာမှ ထလိုက်သည်။

"ဘာဖြစ်နေတာလဲ သားဉာဏ်သာ၊ မြရိပ်ညို့လေးက လှတယ်၊ ရိုးသားဖြူစင်တယ်၊ ချောလည်းချောတယ်လေ၊ ပညာလည်းတတ် အရာအားလုံး အပြစ်ဆိုလို့ မှဲ့ပေါက်လေးတစ်ပေါက်လောက်တောင် အစွန်းအထင်း မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တာပဲ။ ဒီသတင်းသာ မောင်သိသွားရင် ယမ်းပုံးပေါ် မီးကျသလို အကြီးအကျယ် ပေါက်ကွဲမှာပါ။ ဉာဏ်သာကိုတောင် သတ်ပြစ်မလားပဲ။ နောက်ပြောင်တာတောင် ထထိုးလို့ ဉာဏ်သာ မနည်းတောင်းပန်ခဲ့ရတာပါ။ မဖြစ်နိုင်တာပဲ။ မြရိပ်ညို ဆို လုံးဝမဖြစ်ဘူး။ မောင် ကြေကွဲဝမ်းနည်းရမည့်ကိစ္စကို ဉာဏ်သာ မလုပ်နိုင်ဘူး။ အပြတ်သားဆုံး ငြင်းပြစ်ဖို့ပဲ စဉ်းစားလိုက်သည်။

"မြရိပ်ညိုနဲ့တော့ မစီစဉ်ပါနဲ့ မေမေ၊ မဖြစ်နိုင်တာပဲ၊ မြရိပ်ညိုကို သားက သူငယ်ချင်းလိုပဲ သဘောထားနိုင်မှာပါ"

"သားဉာဏ်သာပဲ မာမီရွေးချယ်တဲ့ မိန်းကလေးကို လက်ထပ်ပါ့မယ်ဆို၊ မင်း ယောကျ်ားကတိပေးခဲ့တာပဲ"

"မြရိပ်ညို ဖြစ်နေလို့ပါ မာမီ၊ တခြားကောင်မလေးကို ရွေးပါ၊ သား သဘောတူပါတယ်၊ မြရိပ်ညိုကိုတော့ သား လုံးဝ လက်မထပ်နိုင်လို့ပါဗျာ"

"ဘာလဲ သားက မောင်နဲ့တွေ့နေလို့လား၊ မောင့်အချစ်တော် ဖြစ်နေလို့လား၊ အချိန်က စကားပြောသွားမှာပါ၊ မြရိပ်ညို့အမေက သားဉာဏ်သာနဲ့လက်ထပ်ဖို့ မေမေ ကမ်းလှမ်းတာကို လက်ခံတယ်၊ မြရိပ်ညိုရဲ့ အနာဂတ်အတွက်လေ၊ မောင်နဲ့ ခပ်ခွာခွာ နေဖို့ စတင်နေပြီ"



"ဗျာ"

"သား စဉ်းစားကြည့်စမ်းပါ၊ မောင်က မိန်းကလေးတစ်ယောက်၊ ယောကျ်ားလေးထက် စရိုက်ဆိုးပြီး ထင်ရာစိုင်းနေတာ ခင်မမမောင်ရဲ့အနာဂတ်ကို ပျက်စီးအောင် လုပ်ပစ်တာပဲလေ၊ ခင့်ကို မေမေပြောမယ်၊ ခင်က ဘယ်လောက်ပဲ သားရှူးရူးနေပါစေ အဓိပ္ပာယ်မရှိတာပဲကွယ်၊ ကိုယ့်သမီးဘဝ အနာဂတ်ကို ကြည့်ရမယ်လေ၊ ခင့်ကိုပြောမယ်"

မေမေက ဘယ်လိုအရာမျိုးကိုမဆို လေပြည်လေးနှင့်ပြောပြီး တစ်ဖက်သား ငြင်းဆန်လို့မရအောင် စကားပရိယာယ် ကြွယ်သည်။ ပြဿနာပဲ မောင်က လုံးဝလက်ခံမှာ မဟုတ်ဘူး။ မြရိပ်ညို အပေါ် မောင့်သံယောဇဉ်တွေ ဘယ်လောက်အထိ အမြစ်တွယ်နိုင်မြဲ နေလဲဆိုတာ ဉာဏ်သာ အသိဆုံးပင်။ အချိန်တော့ ပေးရမယ်။ အရမ်းလုပ်ကြရင် ထိခိုက်နစ်နာမည့်သူက မောင်ပဲဖြစ်မှာပါ။ မောင့်ကိုတော့ ဉာဏ်သာ နည်းနည်းလေးမှတောင် အထိအခိုက် အပွန်းအပဲ့ မခံနိုင်ပေ။ မောင့်အတွက် ဉာဏ်သာ ပူပင်ရပြန်ပြီ။ မြရိပ်ညိုက မောင် ချစ်မြတ်နိုးတဲ့ မိန်းကလေး။ ဉာဏ်သာ ဘယ်နည်းနှင့်မှ လက်မခံနိုင်ပါဘူး။ မေမေ့ကိုလည်း ကြောက်ရသည့် ဉာဏ်သာသည် တစ်လျှောက်လုံးမှာ သူ့အထင်ကြီးလေးစားရသော မေမေ့စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



သားမိုက်ဟု သတ်မှတ်လိုက်တာ အကြောက်ဆုံးပင်။ ဒါပေမဲ့လည်း မေမေက ပြောပြီးသားစကားကို မပြောခင်က စဉ်းစားချင့်ချိန်တတ်ပြီး ပြောပြီးဆိုရင်တော့ ပြန်၍မရုပ်သိမ်းတတ်တာ ဉာဏ်သာ သိနေသည်။

"မြရိပ်ညိုနဲ့ ရင်းနှီးအောင်နေပါ၊ မေမေ့သားက မေမေ့စကားနားထောင်တဲ့ သားလိမ္မာပါလို့ ပြောပြီးပြီလေ၊ မေမေက ဘယ်လိုလူတန်းစားမျိုးလည်းဆိုတာ သားသိပါတယ်ကွယ်၊ ဖြစ်သင့်လို့ပါ၊ သားဘဝတစ်လျှောက်လုံးအတွက် အကောင်းဆုံး ရွေးချယ်မှုပါ၊ မေမေ ချစ်ရတဲ့သား၊ မြတ်နိုးတန်ဖိုးထားရတဲ့ သားအတွက်ပါပဲ"

မေမေက စကားကိုပြောပြီး ဘယ်တော့မှ ပြန်မပြင်တော့မည်ကို ဉာဏ်သာ သိထားသည်။ မေမေ့မျက်ဝန်းတွေက တိကျပြတ်သားပြီး ဆုံးဖြတ်ချက် အနိုင်အမာ ချထားကြောင်း အရိပ်အငွေ့ပြနေ၏။ စကားပြောပြီးသည်နှင့် မေမေ ထပြီးထွက်သွားသည်။ ဉာဏ်သာ သေချင်တာပဲ။ သူ့အိပ်ခန်းထဲရောက်တော့ အိပ်ရာပေါ် ပစ်လှဲချပြစ်လိုက်၏။ မြရိပ်ညိုကို ဘာဖြစ်လို့ ချွေးမအဖြစ် ရွေးချယ်လိုက်ရတာလဲ။ မောင်သိသွားရင် ပြဿနာက မိုးကိုမီးနဲ့ထိ တက်ရှို့တာထက်ပင် ဆိုးဝါးပြင်းထန်သွားနိုင်သည်။ ဉာဏ်သာ ဘာဆက်



ဆုံးရတော့မလဲ။ မေမေ့ကို ငြင်း၍မရ။ မြရိပ်ညိုကို ပြောရမယ်။ မောင့်မျက်နှာကို ထောက်ထားပြီး ငြင်းပစ်လိုက်ဖို့ပါ။ ဉာဏ်သာ အိပ်လို့မရ။ မောင့်ကို မြင်ယောင်နေသည်။

"မြရိပ်ညိုကို ထိရဲထိကြည့်စမ်း၊ ဉာဏ်သာ လာပြီးတွဲတဲ့ကောင် သေပြီသာမှတ်၊ မြရိပ်ညိုနဲ့တွဲလာတဲ့ မောင်တစ်ဝမ်းကွဲဆိုတဲ့ကောင်ကိုတောင် သတ်ပစ်ချင်တာ"

တစ်ညနေလုံး မောင် ကြိမ်းဝါးနေသည်။ ဉာဏ်သာပင် အထိုးခံရ၏။ မောင်ဆိုတဲ့ ခင်မမမောင်ကို ဉာဏ်သာ သံယောဇဉ်တွေ တွယ်ငြိရစ်ပတ်နေပြီလားပဲ။ မောင် အန္တရာယ်နှင့်ကြုံတွေ့ရမှာ ဉာဏ်သာ ပူပင်သောက ရောက်နေရသည်။

"မင်း မနောက်နဲ့နော် ဉာဏ်သာ၊ မြရိပ်ညိုကို စိတ်ကူးနဲ့တောင် မထိပါနဲ့နော်၊ မင်းမို့လို့ပဲ"

မောင်ရယ် မင်းအတွက် ဉာဏ်သာ စိတ်ပူရလွန်းလို့ ရင်ကြပ်နေပြီ။ လူကြီးတွေကလည်း စိတ်နေသဘောထားတွေ ပြောင်းလဲလာကြပြီ။ မောင့်ကို မိန်းကလေးတစ်ယောက်အဖြစ် သတ်မှတ်လာကြသည်။ မြရိပ်ညိုကိုတောင် ခပ်ခွာခွာနေဖို့ မြရိပ်ညို မေမေက ပြောနေပြီတဲ့။ အရင်ကတော့ မြရိပ်ညိုကို မောင် စောင့်ရှောက်တာကိုပဲ အန္တရာယ်ကင်းသည်ဟု ယူဆထားကာ

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ဖြူဖြူ လွှတ်ထားပေးကြသည်။ ဘာတွေလဲကွာ မောင်မတရားလုပ်ခံရတာလား။ မောင့်ကို စောစောထဲက မိန်းကလေးသဘာဝ ကြီးပြင်းလာစေဖို့ အန်တီခင်ကိုယ်တိုင်က မလိုလားခဲ့တာပဲ။ ယောကျ်ားလေးအဖြစ် ပုံစံသွင်းပေးထားတဲ့ မောင့်မေမေ အန်တီခင့်ကိုပဲ အပြစ်တင်ရမလား။ ဉာဏ်သာ ရင်တွေနာကျင်စူးရှနေသည်။

"အချိန်ပေးကြပါ၊ မောင့်ကို ပြောင်းလဲဖို့ လုံလောက်တဲ့အချိန်လေး ပေးကြပါ၊ မောင့်စိတ်တွေ ထိခိုက်အောင် မလုပ်ကြပါနဲ့၊ ညှာတာထောက်ထားပေးကြပါဗျာ"

ဉာဏ်သာ တစ်ယောက်တည်း ရှူးသွပ်စွာ အော်ဟစ်ချင်လာသည်။ မြရိပ်ညိုက သားရှင်တွေ သဘောကျ နှစ်သက်ကြမှာပဲ။ အရမ်းဖြူစင်ပြီး အေးချမ်းနေတာပါ။ ဉာဏ်သာ လက်မခံနိုင်ဘူး။ မဖြစ်သင့်တာပဲ။ မောင် သေမှာပါ။ မောင် မသေရင်ဉာဏ်သာ သေမှာပဲ။ မြရိပ်ညိုနဲ့တွဲတဲ့ ကောင်ကတော့ အသေနဲ့အကျိုးပဲ။ မောင့်စိတ်ဓာတ်က သဘာဝကိုလွန်ဆန်ပြီး တမင်မာကျောအောင် လေ့ကျင့်ထားတဲ့ စိတ်ဓာတ်ပဲ။ လူကြီးတွေ နားလည်သင့်ပါတယ်။ အဓိက မြရိပ်ညိုပဲလေ။ မောင့်ကို ညှာတာထောက်ထားဖို့ ပြောရမယ်။ ဒီကိစ္စ မောင့်ကို ရုတ်တရက် အသိမပေးသင့်သေး





ဟုလည်း ထင်သည်။

"ဉာဏ်သာရယ် အန်တီသားကို စောင့်ရှောက်ပါနော်၊ ခင်းနဲ့ဆို စိတ်ချတယ်၊ မောင်က အန်တီစိတ်ရှုးထမှုကြောင့် သဘာဝနဲ့ ဆန့်ကျင်နေပြီလေ၊ ဘယ်တတ်နိုင်မလဲကွယ်"

အန်တီခင်ကြောင့်ပဲလား။ ဉာဏ်သာကတော့ မောင့်ကိုသနားလွန်း၍ ရူးသွပ်ချင်လာသည်။ မောင် ထိခိုက်သွားမှာပဲ။ တရားဘူး။ မောင့်အပေါ် အဲဒီလောက်အထိ စိမ်းစိမ်းကားကားမရက်စက်သင့်ပါဘူး။ မြရိပ်ညို မေမေကလည်း ဒီလောက်မြန်မြန်ပြောင်းသွားရလား။ သူက ချမ်းသာကြွယ်ဝတဲ့ မေမေရဲ့ တစ်ဦးတည်းသောသား။ ထက်မြက်လွန်းတဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေလို့ သမက်ဖမ်းချင်တာလား။ မြရိပ်ညိုကို မောင်နှင့် နှစ်ပေါင်းများစွာ အတူနေထိုင်လာတာကို ကြည်ကြည်ဖြူဖြူနှင့် လက်ခံလာခဲ့ကြတာပဲ။ မောင့်အတွက် လုံလောက်တဲ့အချိန် ပေးကြပါ။ ဉာဏ်သာ တောင်းပန်ပါတယ်ဗျာ။ မောင် သိသွားလို့မဖြစ်သေးဘူး။ မေမေ့ကို ဉာဏ်သာ တောင်းပန်ရမယ်။ အလောတကြီးမစီစဉ်ကြဖို့ပါ။ မေမေ့ရဲ့ သားလိမ္မာအဖြစ် ဉာဏ်သာ နေပါမယ်။ မေမေ့ဆန္ဒအတိုင်း မြရိပ်ညိုနဲ့ လက်ထပ်ပါမယ်ဗျာ။ ဒါပေမဲ့ မောင့်အပေါ်တော့ စိမ်းစိမ်းကားကားကြီး မရက်စက်ကြပါနဲ့။ အချိန်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပါ့။ မောင် စိတ်တွေအေးချမ်းပြီး ပြောင်းလဲလာတဲ့အထိ စောင့်ပေးဖို့ ညဏ်သာ တောင်းဆိုဖို့ ဆုံးဖြတ်ထားသည်။

□ □ □

## အခန်း (၆)

"မြရိပ်ညို"

"ဟင်…ညဏ်သာ"

"မြရိပ်ညိုကို ပြောစရာရှိလို့ ညဏ်သာ လာတာပါ"

ညဏ်သာ စာစောစီးစီး သူမအိမ်ရောက်လာသဖြင့် မြရိပ်ညို မျက်ဝန်းလေး ပြူးကျယ်ဝိုင်းစက်ကာ စိတ်တွေလှုပ်ရှားရလွန်းလို့ နှုတ်ခမ်းသားလေးပင် တဆတ်ဆတ် တုန်ရီလာသည်။ ညဏ်သာက ပြောစရာရှိလို့တဲ့ ဘာပြောမှာလဲ။ မြရိပ်ညိုဘဝမှာ မောင်ကလွဲပြီး အရင်းနှီးဆုံးက ညဏ်သာပဲရှိသည်။

"ပြောလေ ညဏ်သာ ပြောပါ၊ အားမနာပါနဲ့၊ မြရိပ်ညိုကို ဘာပြောမလို့လဲဟင် ပြောလေ"

"အန်တီရော"

www.burmeseclassic.com

www.burmeseclassic.com



"မာမီ ဘုရားခန်းထဲမှာပါ၊ ဒီလိုပဲ မနက်စောစောဆို မာမီက ဘုရားရှိခိုးတာ ကြာတယ်နော်"

ဉာဏ်သာ ဘာပြောမလို့လဲ။ တစ်စုံတစ်ခုပြောဖို့အတွက် ဝန်လေးနေပြီး ထစ်ငေါ့တုံ့ဆိုင်းနေတာကိုက ဉာဏ်သာ ပြောမယ့် စကားက မြရိပ်ညိုကို ချစ်တယ်ဆိုတဲ့ စကားလား။ ဉာဏ်သာ့ မျက်နှာ ဖြူဖြူက ပန်းသွေးရောင်ထနေသည်။ ရှက်နေသည် ထင်မိ၏။ မြရိပ်ညိုလည်း ရင်တွေတုန်လာကာ ရှက်လွန်း၍ ဉာဏ်သာနှင့် မျက်နှာချင်းဆိုင်ပင် မကြည့်ရဲတော့။ မနက်စောစောကြီး ဉာဏ်သာ လာပြောတာ အပြောချင်ဆုံးစကားတွေလည်း ဖြစ်နိုင်သည်။

"ပြောလေ ဉာဏ်သာ"

"မြရိပ်ညို"

"အင်း"

"တကယ်လို့လေ ဟိုကွာ၊ ဟိုလူကြီးတွေ ဉာဏ်သာနဲ့ မြရိပ်ညိုကို စေ့စပ်ထားဖို့ စကားစလာရင် မြရိပ်ညိုဘက်က ငြင်းပေးပါ"

"ဟင်"

"မောင့်ကြောင့်ပါ၊ မြရိပ်ညိုလည်း သိပါတယ်လေ။ လောလောဆယ် မောင်က လုံးဝလက်ခံမှာ မဟုတ်ဘူးထင်တယ်



ပေါက်ကွဲမှာ ဉာဏ်သာနဲ့ဆို ပိုဆိုးမှာပါ၊ မောင့်စိတ်က ကြမ်းတမ်းတယ်လေ သူ့သေကိုယ်သေပဲ"

မောင့်အတွက် ဉာဏ်သာ စိုးရိမ်ပူပင်ပြီး တစ်ညလုံးတောင် အိပ်ပျော်ခဲ့ရဲ့လား။ ဉာဏ်သာက မောင်နှင့်ပတ်သက်လာလျှင် ဂရုတစိုက်နှင့် စိုးရိမ်ပူပင်တတ်တာ မြရိပ်ညို အသိဆုံးပါပဲ။ မောင့်ဆန္ဒတွေက ဉာဏ်သာ့ဆန္ဒတွေ ဖြစ်နေတတ်တာ မြရိပ်ညိုပင် နောက်လိုဝန်တိုဖြစ်ခဲ့ရသည်။

"ဉာဏ်သာပြောတာ မြရိပ်ညိုလည်း နားလည်သဘော ပေါက်တယ်မဟုတ်လား၊ မေမေက ကိုယ့်ကိုပြောတယ်၊ မြရိပ်ညိုနဲ့ လူကြီးချင်း သဘောတူထားတယ်တဲ့၊ ကိုယ်က ကတိပေးထားလို့ ပါ၊ မေမေရွေးချယ်ပေးတဲ့ မိန်းကလေးကိုပဲ လက်ထပ်မယ်လို့လေ"

"ဉာဏ်သာ့ကိုတောင် အသိပေးပြီလား"

"အင်း...မြရိပ်ညိုကိုလည်း အသိပေးပြီးပြီ မဟုတ်လား"

"အင်း"

"အချိန်ပေးပါ မြရိပ်ညို၊ မောင့်အတွက်ပါ၊ မင်းလည်း မောင်ဒေါသဖြစ်မှာ ကြောက်တယ်မဟုတ်လား"

"ဟုတ်ပါတယ်လေ၊ မောင့်အတွက် အချိန်ပေးရမှာပဲ၊

www.burmeseclassic.com



မြရိပ်ညိုလည်း ကြောက်တယ်၊ မောင်က ပေါက်ကွဲမှာပဲ၊ မောင်က ယောကျာ်းလေးအစစ်ထက် ပိုပြီးပေါက်ကွဲတတ်တယ် မဟုတ်လား မြရိပ်ညိုသိပါတယ် ဉာဏ်သာ၊ စိတ်မပူပါနဲ့နော်"

"ကျေးဇူးပဲ မြရိပ်ညို၊ မောင့်ကို လုံလောက်တဲ့အချိန်ပေး အဲဒါ မြရိပ်ညိုမာမီကို မြရိပ်ညိုဘက်ကနေ ငြင်းပယ်မှုဖြစ်မယ်ထင် တယ်ကွာ"

မောင့်အတွက် မြရိပ်ညိုလည်း စိတ်တွေ ပူပင်သော ရောက်ရတာပါပဲလေ။ အချိန်လိုအပ်ပါတယ်။ ဉာဏ်သာ့ဆန္ဒ မြရိပ်ညို အလွယ်တကူ လက်ခံနားလည်ပေးလိုက်တာလည်း ဉာဏ်သာ့ဆီက အချစ်တွေကို နည်းနည်းချင်း ဖဲ့ခြွေယူဖို့ ပြင်ဆင် လိုက်တာပဲဟု မြရိပ်ညို ထင်မိသည်။

"ကျေးဇူးပဲ မြရိပ်ညို၊ ရုတ်တရက်ကြီး လူကြီးတွေ ထပြီးစီစဉ်လိုက်တာနဲ့ မောင်သိမှာပဲ၊ လက်ခံမယ်ထင်လား၊ ဆိုးကျိုး တွေပဲ ရင်ဆိုင်ရမှာမို့ပါ မြရိပ်ညို၊ ကိုယ်တို့နှစ်ယောက်လုံး ငယ်ရွယ် သေးတာပဲ အချိန်ယူကြရအောင်နော်"

ဉာဏ်သာ့ဘက်က မြရိပ်ညိုနှင့် လက်ထပ်ဖို့ လက် သဘောတူတယ်ဆိုတဲ့ အရိပ်အငွေ့လေးတော့ ဉာဏ်သာ့စကား ထဲက သိလိုက်သလိုပင်။ အန်တီဖြူပြာကို ကတိပေးထားမိလို့တဲ့



မြရိပ်ညိုကို ဉာဏ်သာ ချစ်လို့တော့မဖြစ်နိုင်ပါဘူး။ ဉာဏ်သာ ချစ်နေတာ မောင့်ကိုလားဟင်။ ခင်မမမောင်ကိုလားပဲ။ ဘယ်လို အချိန်အခါမျိုးပဲဖြစ်ဖြစ် မောင့်ရဲ့ ကိုယ်ရံတော်တပ်မှူးလေးအဖြစ် ဉာဏ်သာ အမှုတော်ထမ်းရွက်နေတတ်သည်။

"မောင့်အတွက် နည်းနည်းလေးပဲဖြစ်ဖြစ် မြရိပ်ညိုရော ဉာဏ်သာရော စဉ်းစားပေးကြမယ်၊ လူကြီးတွေကို မြရိပ်ညိုပဲ ငြင်းပိုင်ခွင့်ရှိနေလို့ပါ"

ဉာဏ်သာ ပြောတာလည်း အမှန်တွေပဲဟု မြရိပ်ညို တွေးမိနေသည်။ မောင့်အကြောင်းကို မြရိပ်ညို အသိဆုံးပါပဲ။ ငယ်ငယ်လေးထဲကပင် မြရိပ်ညိုကို စနောက်တဲ့ကောင်လေးတွေဆို ရင် မောင် အသေအလဲ နှိပ်ကွပ်ပစ်တတ်သည်။ မြရိပ်ညိုနဲ့ တွဲလာ တဲ့ မောင်လေးဝမ်းကွဲတောင် အထိုးခံရတော့မလို့။ ဉာဏ်သာ့ဆန္ဒကို မြရိပ်ညို လက်ခံလိုက်သည်။ မောင့်အတွက် ဉာဏ်သာ့ကို စိတ်ချမ်းသာစေချင်တာက အဓိကလားမသိ။ ဉာဏ်သာ မျက်နှာ ပေါ်မှာ အပြုံးတွေ တောက်ပနေသည်။

"ကိုယ် သွားတော့မယ် မြရိပ်ညို၊ အချိန်လေးယူပြီး စဉ်းစားကြမယ်လေ၊ ကိုယ်နဲ့ မြရိပ်ညိုက အနေဝေးပြီး စိမ်းခြ တယ်၊ သံယောဇဉ်တွယ်ဖို့လည်း လိုအပ်နေသေးတယ်၊ မြရိပ်ညို

www.burmeseclassic.com

www.burmeseclassic.com



က မိဘတွေဆီမှာ စဉ်းစားခွင့်၊ ငြင်းပယ်ခွင့် အပြည့်အဝရထား
တယ်လေ၊ လောလောဆယ်တော့ ငြင်းလိုက်ပါဦး''

ဉာဏ်သာ ပြန်ထွက်သွားသည်။ သူမစိတ်တွေထင့်ပြ
မြရိပ်ညိုကို ကြိမ်းသေလက်ထပ်ပါ့မယ်လို့ ဉာဏ်သာ ပြောသွား
မသွား မြရိပ်ညို ပြန်စဉ်းစားနေရသည်။ အချိန်ယူပြီး စဉ်းစားကြ
မယ်လို့ပဲ ပြောသွားကြတာပါ။ အရက်အကြောက်ကြီးတဲ့ မြရိပ်ညို
က ဉာဏ်သာ့ကို ချစ်နေမိပြီဟုလည်း ဖွင့်ဟမပြောရဲ။ မောင့်ကို
သူငယ်ချင်းတစ်ယောက်လို ချစ်ခင်သံယောဇဉ် တွယ်ခဲ့ရတာပဲ
ပြီး သူမနှလုံးသားနဲ့ထပ်တူ အချစ်ဆိုတာ မရှိခဲ့ကြောင်း သူမ
ဖြူစင်ခဲ့ကြောင်း ဉာဏ်သာ သိအောင် ရှင်းပြရမှာပဲ မဟုတ်လား
သူမ မလှုပ်မယှက် ရပ်နေမိသည်။

''သမီးရိပ် ဘာလုပ်နေတာလဲကွယ်၊ စောစော
ဉာဏ်သာ့အသံကြားတယ်၊ လာသွားတာ မဟုတ်လား''

''ဟုတ်ကဲ့ မာမီ''

''စောစောစီးစီး ဘာလာပြောတာလဲ၊ ဉာဏ်သာ မလာ
ပါဘူး၊ မှတ်မှတ်ရရ မာမီတို့အိမ် အလှူလုပ်တုန်းကပဲ သူ့မေမေနဲ့
လာဖူးတာ ထူးဆန်းတယ်၊ ဘာလာလုပ်တာလဲ''

ဉာဏ်သာက လူကြီးတွေကို အသိမပေးဘဲ မြရိပ်ညို





ငြင်းလိုက်ပါတဲ့။ မောင့်ကိုလည်း ကြောက်သည်။

''သမီး''

''ဟင်''

''ဉာဏ်သာ ဘာလာလုပ်တာလဲလို့ မာမီ မေးနေတယ်
လေ''

''လမ်းလျှောက်ဖို့ လာခေါ်တာပါ၊ မာမီ ညက အန်တီ
မြပြာက ဖွင့်ပြောတယ်တဲ့၊ သူ တစ်ညလုံး အိပ်လို့မရဘူးတဲ့လေ''

''ဟုတ်လား၊ ဉာဏ်သာက မြပြာစကားကို လက်ခံတယ်
တဲ့လား၊ ဉာဏ်သာက သားလိမ္မာပါ၊ မာမီပြောသားပဲ သမီးလေး
က လိုက်သွားတာမဟုတ်ဘူးကွယ် ရင်းနှီးအောင်လေ''

''သမီးက ပြန်စဉ်းစားမလို့လေ''

''ဘာကွဲ့''

''ဉာဏ်သာနဲ့ လက်ထပ်ဖို့ကိုလေ ရုတ်တရက်ကြီး မစီစဉ်
ချင်သေးဘူး၊ ဉာဏ်သာနဲ့က စိမ်းနေတယ်၊ သံယောဇဉ်တွယ်ဖို့
လိုအပ်တယ်လေ''

''အဲဒါကြောင့် ရင်းနှီးအောင် သမီးလိုက်သွားရမှာပေါ့
ကွယ်၊ မာမီ့သမီးလေးက အရမ်းနုတော့ ယောကျ်ားလေး
တစ်ယောက်ကို ကြောက်နေတာလား၊ မောင်နဲ့ တမင်ရွဲ့ခွင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားတာလည်း သမီးရိပ် ယောကျ်ားတွေကို မစိမ်းအောင် မကြောက်အောင်လေ''

မောင်က ယောကျ်ားလေးမှ မဟုတ်တာပဲ မာမီ။ ဒီလို လုပ်ခဲ့တာ သမီးစိတ်တွေကို ပိုပြီးချိုနွဲ့အားငယ်နေစေတာပဲ မဟုတ် လား။ လူကြီးတွေရဲ့ အကြံအစည်တွေက မောင့်ကိုရော၊ သမီး ရော ဘဝလမ်းကြောင်းတွေ တိမ်းချော်လွဲမှားစေခဲ့တာပဲထင်တယ် မောင်က မြရိပ်ညိုကို ချစ်သူအဖြစ် သတ်မှတ်ထားတယ်၊ အခုချိ ရောက်မှ တခြားယောကျ်ားလေးတစ်ယောက်ကို မြရိပ်ညို အလွယ် တကူ လက်ထပ်ခွင့်ပေးတော့မလား။ မောင့်ဒေါသကို မြရိပ်ညို အသိဆုံးပင်။ ဉာဏ်သာပြောတာလည်း ဟုတ်တယ်။ မောင်က အခြေအနေကို လက်ခံမှာမဟုတ်ဘူး။ မြရိပ်ညိုနဲ့ ဉာဏ်သာ တွဲကြည့်ပါလား။ အသေသတ်မှာ မြရိပ်ညို ငိုပစ်ချင်သည်။

''သမီးက မောင့်ကို ကြောက်လို့လား၊ ငယ်ငယ် မောင်နဲ့တွဲတာ ဖြစ်နိုင်ပေမယ့် အခု သမီးအရွယ်ရောက်နေပြီ''

''သမီးကို အချိန်တော့ပေးပါ မာမီရယ်၊ မောင့်မ လေးလေးကျော် လက်ထပ်ကြပါစေဦး၊ ဉာဏ်သာ့ကို သမီးပြေ လိုက်ပြီ၊ အချိန်ယူပြီး စဉ်းစားကြရအောင်လို့''

''ကောင်းပါတယ်ကွယ်၊ လေးလေးကျော်ကိစ္စပဲ စီစဉ်





ယ်၊ မောင့်ကိုတော့ သမီးရိပ် ချစ်နေလို့မဖြစ်ဘူးနော်''

''ရှင်''

''ဟို···ချစ်သူလိုလေ မောင်နဲ့က အနေနီးတယ်မဟုတ် ကွယ်၊ မောင့်ဘက်က စိတ်ခံစားမှုတွေ ပြောင်းလဲမလာခင်မှာ ်လိုက်ချင်တာ''

မောင်က သမီးကို ချစ်သူလို သဘောထားနေပါပြီ။ သူ့ကို မယ်တဲ့။ တခြားယောကျ်ားလေး တစ်ယောက်နဲ့တွဲရင် သတ်ပစ် ်တဲ့။ မာမီ စိတ်ပူနေသလိုမျိုး မြရိပ်ညိုဘက်က ခံစားမှုမရှိပေ။ ယ်ချင်းလို အချစ်ဆုံးမိန်းကလေးသူငယ်ချင်းအဖြစ်ပဲ မြရိပ်ညို သားခံစားချက်တွေ ပြောင်းလဲပြီး ရင်ခုန်လှုပ်မောမှုတွေနဲ့ င်မြတ်နိုးလာရတာက ဉာဏ်သာပဲ။ ယောကျ်ားပီသတဲ့ မျက်နှာ ချောနှင့် နှုတ်ခမ်းစိုရဲရဲတွေက မြရိပ်ညို တွေ့ဖူးသမျှ ယောကျ်ား ထဲမှာ စွဲမက်စရာအကောင်းဆုံးပဲ။ ပုံသွင်းစရာမလိုတဲ့ ဉာဏ်သာ့ ် ခွေခွေအိအိလေးက ဉာဏ်သာ မျက်နှာအား နုဖတ်သွားစေ ကြည့်လို့ကောင်းလွန်းနေသည်။ တစ်လမ်းတည်းနေကြတဲ့ ်သာကို မောင် မကြာမကြာ ခေါ်လာတတ်၍လည်း မြရိပ်ညို ရင်းနှီးလာရ၏။ ဒါပေမဲ့လည်း ဉာဏ်သာက မောင့်ကိုပဲ နှိုက် အရေးတယူ လုပ်တတ်နေတာလည်း မြရိပ်ညို ကိုးတိုး

www.burmeseclassic.com



တိတ်တိတ်လေး ကြိတ်ပြီး နှလုံးသားတွေ ရူးရူးမှာကျင်နေခဲ့ရသည်။

"အင်းလေ…သမီးဆန္ဒပါပဲ၊ မာမိက သမီးကို အခွင့်အရေးပေးထားတာပေါ့၊ စဉ်းစားဦးပေါ့ကွယ်၊ ဒါပေမဲ့ မောင့်ကြောင့်တော့ မဖြစ်စေချင်ဘူး၊ ဉာဏ်သာ့အပေါ် သမီးလည်း တိမ်းညွှတ်နေပါတယ်၊ မာမီ့သမီးလေးရဲ့ အတွင်းစိတ်ကို မာမီက အသိဆုံးလေ"

မြရိပ်ညို ငိုပစ်ချင်တယ်။ မောင့်ကို ဘယ်လိုလုပ်ရမလဲဟင်။ မောင် အပြင်းအထန် ခံစားရပြီး အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ရမှာလည်း မြရိပ်ညို စိုးရိမ်ပူပန်နေရတာပါပဲလေ။ မောင့်အပေါ်လည်း မြရိပ်ညို သံယောဇဉ်ကြီးရသည်။

"သမီးကို သတိထားဖို့ ပြောတာပါ၊ ဉာဏ်သာနဲ့ ရင်းနှီးအောင်ပိုနေရမယ်၊ မနက်က ဉာဏ်သာ တကူးတကလာခေါ်တာ သမီးလိုက်သွားသင့်တယ် မဟုတ်လား"

"တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ လိုအပ်နေပါသေးတယ် မာမီရယ်၊ သမီးနဲ့ ဉာဏ်သာက အရမ်းစိမ်းကြတာဖြည်းဖြည်းပေါ့"

မြရိပ်ညို မာမီ့ရှေ့ကနေ လှည့်ထွက်လာခဲ့သည်။ အိပ်ခန်းထဲပြန်ရောက်တော့ တုန်ချီနေတဲ့ ခန္ဓာကိုယ်လေးက အိပ်ရာပေါ်



ဖြို လဲကျသွားရ၏။ ဉာဏ်သာရယ် ရှင်ချစ်နေတာက မောင်။ လောကကြီးတစ်ခုလုံးမှာ မောင့်အတွက် သည်းသည်းလှုပ်စိတ်တွေပူပန်စိုးရိမ်ပေးနေတာ ဉာဏ်သာပဲရှိနေတာလေ။ ညို့ကို လက်ထပ်ဖို့ တွန့်ဆုတ်နေတာမဟုတ်လား။ မာမီပြောသလို ဉာဏ်သာနှင့် တရင်းတနှီး နေထိုင်ဖို့အတွက် မောင်က ကြီးမားဆုံး အတားအဆီးအုတ်နံရံကြီးတစ်ခုအဖြစ် ကာဆီးထားသည်။

"မောင် ဒီတစ်ကြိမ်လေးပဲ မြရိပ်ညိုချစ်တဲ့ ဉာဏ်သာနဲ့ တွဲခွင့်ပြုပေးပါနော်၊ မြရိပ်ညိုက မောင့်ကို အချစ်ဆုံး ကောင်းဆုံး သူငယ်ချင်းအဖြစ်ပဲ သတ်မှတ်ခဲ့တာပါ၊ မြရိပ်ညို နှလုံးသားထဲမှာ စွဲစွဲလမ်းလမ်း ချစ်မိနေတာက ဉာဏ်သာဖြစ်နေပါ"

မောင် သိသွားရင်လည်း ဉာဏ်သာနဲ့ မြရိပ်ညို ပြဿနာ မီးမီးလောင်သွားနိုင်တာ သေချာသည်။ မြရိပ်ညို တွေးတောင် ရဲ။ မောင် တစ်စုံတစ်ခုဖြစ်မှာလည်း မြရိပ်ညို မလိုလားမိ။ ဉာဏ်သာ ပြောသလိုပဲ အချိန်တွေကို စောင့်ရမည်ဖြစ်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မြရိပ်ညိုရှိလား အန်တီညို"

"မရှိဘူး မောင်"

"ဘယ်သွားလို့လဲ"

"သူ့ဦးလေးနဲ့ အပြင်ခဏလိုက်သွားတယ် မောင်၊ ညနေမှ သင်တန်းကိုလာမယ့်ထင်တယ်"

"ဟုတ်ကဲ့၊ ဒါဆိုလည်း မောင် ပြန်တော့မယ်"

"အေးကွယ်…နယ်ကအမျိုးတွေ ရောက်နေလို့ သမီးလည်း အိမ်မကပ်နိုင်ဘူးဖြစ်နေရတယ် မောင်"

မြရိပ်ညို မရှိဘူးဆိုတာကို မောင် မယုံပေ။ မြရိပ်ညိုက အိမ်ထဲကအိမ်ပြင် ထွက်တတ်သူမှ မဟုတ်တာ။ အန်တီညို အသံကလည်း အေးစက်စက်ဟု မောင် ထင်သည်။ ဘာတွေလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲ။ မောင့်စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေ၏။ မကျေနပ်။ မြရိပ်ညိုကိုယ်တိုင်ကပဲ မောင့်ကို ရှောင်နေတာလား။ မောင် အပြင်ပြန်ရောက်လာသည်။

"ဘယ်လိုလဲ မောင်၊ မြရိပ်ညိုရော မလိုက်လာဘူးလား"

"ဉာဏ်သာ"

"ဟင်"

"တစ်မျိုးပဲကွ၊ မြရိပ်ညို အပြင်ထွက်သွားတယ်တဲ့၊ မဖြစ်နိုင်တာပဲ၊ အန်တီညို မျက်လုံးတွေက အေးစက်နေတယ်၊ မောင့်ကို မလိုလားတဲ့မျက်လုံးတွေ"

မောင့်အသံက ဒေါသတွေ ရောယှက်ကာ မာထန်လာ၍ ဉာဏ်သာ ဖျောင်းဖျပြောဆိုဖို့အတွက် လက်ဖက်ရည်ဆိုင်ကို ခေါ်လာရသည်။

"မြရိပ်ညို တကယ်မရှိလို့ ဖြစ်လိမ့်မယ် မောင်၊ စိတ်ကို ထိန်းစမ်းပါမောင်ရာ၊ ထစ်ခနဲဆို ဒေါသမထွက်စမ်းပါနဲ့ကွာ"

"မြရိပ်ညိုကို တွေ့ချင်တယ်၊ မောင့်စိတ်တွေ ပူနေတယ် ဉာဏ်သာ၊ အမျိုးတွေရောက်လာတာ မြရိပ်ညိုကို ယောကျ်ားပေးစားမလို့လား"



မောင်က ထိုင်နေရာမှ ဒေါသတကြီးနှင့် မတ်တပ်ရပ်ဆိုတ်၍ ဉာဏ်သာ လက်ကာပြန်ဆွဲကာ ထိုင်စေသည်။ ဒေါသဆွေ ပေါက်ကွဲပြီး ရှုံးရှုံးရှဲရှဲဖြစ်နေတဲ့ မောင့်ကြောင့် ဉာဏ်သာ စိတ်မောနေရသည်။ မောင်ရာ မင်း ဘယ်လောက်ပဲ စိတ်တွေမာဆော့အောင် တမင်ပုံစံသွင်းနေပါစေ မင်းမျက်နှာလေးက မိန်းမချောလေးပါပဲ။ ဒါကို မင်း ဖျောက်ဖျက်လို့မရဘူးဆိုတာ သိရဲ့လားကွာ။ အန်တီညိုက မောင့်ကို စောင့်စိန်ခေါ်နေပြီလား။ အချိန်အဖို့ မြရိပ်ညိုအား ဉာဏ်သာ တောင်းဆိုခဲ့သည်။

"ဉာဏ်သာ"

"ဟင်"

"မဖြစ်တော့ဘူး၊ မောင့်စိတ်ထဲမှာ မြရိပ်ညိုနဲ့ ဝေးရတော့မယ်လို့ ခံစားနေရတယ်၊ မဖြစ်တော့ဘူး မြရိပ်ညိုကို လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူးကွာ၊ ခိုးပြေးမယ်"

"ဟင်"

"အခြေအနေယ်မရှိတာပဲ မောင်ရာ မင်းထင်နေလို့ပါ၊ မြရိပ်ညိုကလည်း မင်းကိုပြစ်ပြီး တခြားယောကျ်ားလေးတစ်ယောက်နဲ့ ဘာထပ်မယ်ထင်လား၊ မင်းကို ချစ်နေတာပါ"

မောင် လက်ဖက်ရည်ခွက်ကို မော့သောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဉာဏ်သာ ရှိနေလို့ပေါ့။ ဟုတ်တယ် မမနန္ဒာမင်္ဂလာပွဲပြီးတဲ့အထိပဲ တွေ့မယ်။ လူကြီးတွေက မြရိပ်ညိုကို ယောကျ်ားမပေးစားခင် မောင် လက်ဦးမှုယူထားဖို့ ဆုံးဖြတ်ထားသည်။

"အိမ်ပြန်မယ် မောင်၊ ညနေမှ သင်တန်းသွားရမယ်၊ မမနန္ဒာအကြောင်း မင်းသိတာပဲ၊ မင်္ဂလာပွဲမှာ မင်္ဂလာအပြည့်နဲ့ စီစဉ်နေတာ မင်းက သွားနှောင့်ယှက်ရင် မင်းကို မမနန္ဒာက ဘယ်လိုနည်းနဲ့မှ ခွင့်လွှတ်မှာမဟုတ်ဘူး"

မောင်လည်း စိတ်ထဲမှာ ထင့်ထင့်ကြီးဖြစ်နေ၍ အိမ်ပြန်ဖို့ပဲ စဉ်းစားသည်။ မြရိပ်ညိုရယ် မောင် တကယ်ပဲ အချိန်တွေကို တစ်ခဏချင်း ကြိုးကြိုးကြီးနဲ့ ချိတ်ဆွဲချပြစ်ချင်တယ်ကွာ။ မင်းနဲ့ မောင် မနက်တိုင်းတွေ့ပြီး မနက်စာ အတူတူထွက်စားနေကြပဲ။ ဒီနေ့မှ မြရိပ်ညိုမာမီက ငြင်းပယ်လိုက်တယ်။ မြရိပ်ညို တကယ်ပဲ အထဲမှာမရှိတာလား။ ဉာဏ်သာက ချော့မော့ခေါ်ဆောင်၍ မောင် ပြန်လာခဲ့ရသည်။

"မောင်ပြန်လာတာ မြန်လှချည်လား၊ မြရိပ်ညိုနဲ့ မတွေ့ခဲ့ရဘူးလား သားရယ်"

မောင့်မျက်နှာက မကြည်မသာနှင့် သုန်သုန်မှုန်မှုန်လေး ဖြစ်နေ၍ ဒေါ်ခင်ခင်မြ စိတ်ပူပြီး မေးမိသည်။ ဉာဏ်သာမေမေ



ပြောကလည်း မောင်နဲ့ သူ့သားကို မတွဲစေချင်တော့ကြောင်း ပြောဆိုမှုတွေက ပတ်ဝန်းကျင်မှာ အတင်းအဖျင်း ဖြစ်နေသည်။

"မြရိပ်ညို မရှိဘူး မေမေ၊ လေးလေးကျော်နဲ့ အပြင်သွားတယ်တဲ့လေ"

မောင် အခန်းလေးထဲ ဝင်ခါနီးတွင် မမနန္ဒာက မောင့်အနားရောက်လာကာ မင်္ဂလာပွဲအတွက် အစီအစဉ်တွေကို ပြောရင်း ဉာဏ်သာနဲ့ မြရိပ်ညိုက သတို့သားအရံနဲ့ သတို့သမီးအရံ လုပ်မယ့်အကြောင်း ပြောသည်။

"ဘာပြောတယ် မမနန္ဒာ၊ ဉာဏ်သာနဲ့ မြရိပ်ညိုက အရံတွဲလုပ်မှာ ဟုတ်လား"

"အင်းလေ"

"မောင် ရှိသားပဲ၊ မြရိပ်ညိုနဲ့ မောင်က တွဲမယ်လေ၊ မြရိပ်ညိုကို မောင်ကလွဲပြီး ဘယ်ယောကျ်ားလေးမှတွဲတာ လက်မခံဘူး"

"မောင် နင်အသာနေစမ်းပါ၊ မမ ဒီမှာ ခေါင်းတွေစားပြီး အလုပ်တွေရှုပ်နေတယ်၊ ဘာဖြစ်လို့လဲ ဉာဏ်သာနဲ့ မြရိပ်ညိုအတွဲ အရံလုပ်တာ စီစဉ်ပြီးပြီ"

မမနန္ဒာ ခပ်မာမာပြောပြီး ထွက်သွားမှ မေမေက မောင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုဆုပ်ကိုင်ကာ အားပေးစကားတွေ ပြောသည်။

"မမက စီစဉ်ပြီးနေပြီ၊ မောင် လက်ခံလိုက်ပါ၊ ဉာဏ်သာက မောင့်သူငယ်ချင်းလေ၊ တခြားယောကျ်ားလေးနဲ့တွဲမှသာ မောင် ကန့်ကွက်ရမှာပါ၊ မောင်က ညှို့ခံကြိုးဆိုရေးလေ၊ မမစီစဉ်တဲ့ အတိုင်း လုပ်ပါစေ"

မမနန္ဒာဖြစ်နေဖို့ပေါ့ကွာ။ ဉာဏ်သာဆိုတော့လည်း မောင့်စိတ်တွေ အနည်းငယ်အေးသွားရသည်။ တခြားကောင်သာဆို မောင် အကြီးအကျယ် ကန့်ကွက်ပစ်မှာ။ မမနန္ဒာက မောင့်ကို အလိုမလိုက်ဘဲ မမစကားကို နားမထောင်လျှင် ခွင့်မလွှတ်တတ်၍ မောင် မလွှဲမရှောင်သာပဲ မြရိပ်ညိုနှင့် ဉာဏ်သာ တွဲပြီး အရံတွေ လုပ်မှာ လက်ခံလိုက်သည်။

□ □ □

## အခန်း (၆)

"မြရိပ်ညို"

"မောင်"

"မနက်က ဘယ်သွားနေတာလဲ၊ မောင်လာတော့ မြရိပ်ညိုမရှိဘူး ပြောလေ"

"လေးလေးကျော်နဲ့ လိုက်သွားတာလေ၊ ဘာဖြစ်လို့လဲ မောင်"

"မြရိပ်ညိုတို့ အမျိုးတွေက လေးလေးကျော်မင်္ဂလာပွဲပြီးမှ ပြန်မှာလား၊ အရမ်းရှုပ်တာပဲကွာ၊ မောင် တစ်နေ့လုံး မြရိပ်ညိုကို မတွေ့ရလို့ အရူးလိုဖြစ်နေတာ"

မြရိပ်ညို ရီသည်။ မာမီက တွေ့ခွင့်မပေးတော့တာပါ။ အဖြည်းဖြည်း ချာပစ်ရမယ်တဲ့။ ဒီလို သဘာဝလွန်နေတဲ့သူတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်က အတ္တကြီးတယ်တဲ့။ သမီးကို ချစ်သူအဖြစ် သတ်မှတ်ထား မှာတဲ့။ ရှေ့လျှောက် မဖြစ်တော့ဘူးတဲ့။ ပြဿနာတွေ ကြီးမားသွား နိုင်လို့ သမီးနဲ့ဆက်တွဲဖို့ လက်မခံနိုင်တော့ဘူးတဲ့။ မောင့်အတွက် မြရိပ်ညိုလည်း စိတ်မကောင်းဖြစ်ရပေမယ့် ဉာဏ်သာကိုပဲ ချစ်မေ့ မိတဲ့ မြရိပ်ညိုလည်း မာမှီဆန္ဒအတိုင်းပဲ ဖြစ်နေသည်။

"မြရိပ်ညို"

"ပြောလေ"

"ဉာဏ်သာနဲ့တွဲပြီး မမနန္ဒာ မင်္ဂလာပွဲမှာ သတို့သမီးအရံ လုပ်ရမှာသိလား"

"အင်း"

"မောင့်ကို ဘာဖြစ်လို့ မပြောပြရတာလဲ မြရိပ်ညို"

မောင်က ဒေါသတကြီးနှင့် မြရိပ်ညိုလက်တွေကို ဆုပ်ကိုင်လှုပ်ယမ်းပြီး အော်ဟစ်လိုက်သဖြင့် ပတ်ဝန်းကျင်က ကျောင်းသားကျောင်းသူတွေ အကြည့်အောက်မှာ မြရိပ်ညို လဲလေ ပြစ်ချင်လောက်အောင် ရှက်ရွံ့ထူပူသွားသည်။

"မောင် အဲဒီလို ဘာဖြစ်လို့ အော်ရတာလဲ၊ ဟိုမှာ လူတွေ ကြည့်နေတဲ့ယ်၊ အဲဒီကိစ္စက မနက်ကမှ မြရိပ်ညိုသိတာမို့ပါ"

မြရိပ်ညိုလည်း စိတ်ရှုပ်ထွေးစွာ ညည်းညည်းညူညူ





လေး ပြောပစ်လိုက်သည်။ မောင် အရမ်းလွန်တယ်။ ငယ်ငယ် လေးတည်းက မောင်နှင့်နေရတာ မြရိပ်ညို မနှစ်မြို့မိပေ။ မောင်က ကြောက်စရာကောင်းလောက်အောင် ဒေါသတွေကြီးတတ်ပြီး ကောင်လေးတွေကို ထိုးကြိတ်ရိုက်နှက်တာလည်း မြရိပ်ညို စိုးရွံ့ ထိတ်လန့်နေရ၏။ အခု မြရိပ်ညို ချစ်ရတဲ့ ဉာဏ်သာကိုလည်း ဒေါသတကြီး ရိုက်နှက်ထိုးကြိတ်မှာ ကြောက်နေရသည်။

"ဆောရီးကွာ...မောင် မှားသွားတယ်၊ တောင်းပန်တယ် နော်။ တစ်ခုတော့ ပြောထားမယ်၊ ဉာဏ်သာမို့ ခွင့်လွှတ်လိုက်တာ၊ တခြားကောင်တွေနဲ့တွဲမယ်လို့တော့ မကြံနဲ့နော် လက်သီးပဲ"

လက်ချောင်းလေးတွေက သွယ်ပြောင်းလှပနေသဖြင့် မောင့်လက်သီးဆုပ်က ရယ်စရာကောင်းသည်။ မြရိပ်ညိုကို ဒီတစ်ခါ လေးပဲ ခွင့်လွှတ်ပေးပါ မောင်။ ဉာဏ်သာနဲ့ ချစ်သူဖြစ်ခွင့်ပြုပါ နော်။ မြရိပ်ညို နှလုံးသားတွေက ဉာဏ်သာကို အရူးအမူး ချစ်နေ ပြီလေ။ ဉာဏ်သာက ခုပ်လှမ်းလှမ်းမှာ ထိုင်နေသည်။ မောင့်နေရာ မှာ ဉာဏ်သာဆိုရင် ဘယ်လောက်ကောင်းမလဲ။ မမနန္ဒာရဲ့ မင်္ဂလာ ပွဲမှာ ဉာဏ်သာနဲ့တွဲပြီး သတို့သမီးအရံလုပ်ရမှာ မြရိပ်ညို ရင်ခုန်ပြီး ပျော်နေသည်။ မကြာခင်မှာပဲ ဉာဏ်သာနဲ့ မြရိပ်ညိုက မင်္ဂလာ ဆောင်နံ့တွေ ဖြစ်ရတော့မည်။ မောင်က အတားအဆီးပဲ။ ဉာဏ်သာ



www.burmeseclassic.com

www.burmeseclassic.com



က စာသင်ခန်းထဲဝင်သွားသဖြင့် မြရိပ်ညိုလည်းဝင်ရန် ခြေလှမ်း ပြင်လိုက်စဉ် မောင်က မြရိပ်ညိုလက်ကို ဆွဲလိုက်သည်။

"ဟင်"

"မောင်တို့ အတန်းမတက်ဘဲ လမ်းလျှောက်ပြီး အအေး သွားသောက်ရအောင် မြရိပ်ညို"

"အဲဒီလိုမလုပ်ပါနဲ့ မောင်၊ သင်တန်းက အရေးကြီးတာ ပါ၊ တက်ရအောင်"

"မြရိပ်ညို ဘာဖြစ်နေတာလဲ၊ မောင့်ကို စိမ်းတာလား မောင်က မတက်နဲ့ဆို မတက်နဲ့ သွားမယ်"

"အတန်းတက်ပြီးမှ မောင် သွားချင်တဲ့နေရာ သွား အောင်ပါ၊ စာမေးပွဲကလည်း နီးနေပြီဆိုတော့ သင်တန်းက တက် ဖြစ်မှာလေ"

"မတက်ဘူးကွာ၊ မင်း မောင့်စကားကို နားမထောင်ရ ကားတင်ပြေးပြစ်မှာ"

မောင့်ရဲ့ ကြိမ်းဝါးမှုကြောင့် မြရိပ်ညို ဆက်ပြီးမငြင်း တော့ဘဲ မောင့်ဆန္ဒအတိုင်း လမ်းလျှောက်ကာ အအေးဆိုင်လေး ဝင်လာရသည်။ မောင် အနိုင်ကျင့်တာပဲ။ မြရိပ်ညိုရဲ့ဘဝကို မော ဖျက်ဆီးချင်တာပါ။ မောင့်ကိုလည်း မြရိပ်ညို မဆန့်ကျင်ရဲ





ကြောက်သည်။ ဉာဏ်သာကြောင့်သာ မြရိပ်ညို အလိုက်အထိုက် ဆက်ဆံနေရပြီး မောင့်ကို အကြောက်ကြီးကြောက်ကာ ရှုံ့မုန်းသွား သည်။

"မြရိပ်ညို"

"ဟင်"

"မင်းဘာဖြစ်နေတာလဲ၊ အရင်နဲ့မတူဘူး၊ မောင့်ကို စိမ်းနေ သလိုပဲ၊ အဲဒီလိုလုပ်လို့မရဘူးလေ၊ မောင့်အကြောင်း မင်း ကောင်း ကောင်းသိတယ် မဟုတ်လား"

"သိပါတယ် မောင်၊ အအေးဆိုင်ကြီးထဲမှာ စိတ်ကိုထိန်း ထိန်းပါ မောင်ရယ်၊ ဖယ်ပါ"

မောင့်လက်တွေက မြရိပ်ညို ခန္ဓာကိုယ်လေးအား သိုင်း ဖက်ထားသဖြင့် သူမ ရှက်လန့်တကြား ဖယ်ရှားပစ်နေသည်။ မောင် အရူးပဲ။ မောင့်အပြုအမူတွေကို မြရိပ်ညို မုန်းတီးရွံရှာလာရ သည်။ မောင် ဒေါသတကြီး သောင်းကျန်းမှာလည်း ကြောက်ရွံ့ နေရ၏။ သင်တန်းပြီးလို့ ဉာဏ်သာ ရောက်လာမှ စိတ်သက်သာ သွားသည်။

"ဉာဏ်သာ မင်းဘာလာလုပ်တာလဲ၊ ဒီမှာ မြရိပ်ညိုနဲ့ မောင် ပြောစရာတွေရှိနေလို့ မင်းသွားတော့"



www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်ညို နေလို့မဖြစ်သေးဘူး မောင်၊ မာမီက စောစော ပြန်လာခဲ့တဲ့၊ ကြီးကြီးမေတို့ ရောက်လာမယ်တဲ့"

"မြရိပ်ညို"

"ဟင်"

"မသွားနဲ့"

"တကယ်နေလို့မရလို့ပါ မောင်၊ အိမ်မှာ လေးလေးကျော် မင်္ဂလာပွဲက အလုပ်တွေရှုပ်နေတယ်လေ၊ မြရိပ်ညိုက အရံလုပ်ရ မှာ အင်္ကျီတိုင်းရဦးမယ်"

မြရိပ်ညိုရဲ့ မောင်ဝမ်းကွဲကလည်း လာကြိုနေသဖြင့် မောင့် ကိုထားခဲ့ကာ ထွက်သွားသည့် မြရိပ်ညို အမူအရာတွေက ပြောင်းလဲ နေပြီဟု မောင်ထင်မိသည်။ ဒေါသတွေ ပေါက်ကွဲထွက်ချင်လာ၏။ ဉာဏ်သာက ထုံးစံအတိုင်း တားဆီးသည်။

"တားလိုက်ပါ မောင်ရာ၊ လူတွေအားလုံး မင်္ဂလာပွဲ အတွက် အလုပ်တွေရှုပ်နေတာ"

"ဉာဏ်သာ"

"ပြော"

"မမ မင်္ဂလာပွဲမှာ မြရိပ်ညိုနဲ့ ဉာဏ်သာ အရံတွေလုပ် ရမယ်ဆိုတာ မင်းသိလား"



"မသိသေးဘူး မောင်၊ မမက ဒီလိုပဲစီစဉ်ထားလား၊ ဉာဏ်သာ ငြင်းလိုက်မယ်လေ"

"မငြင်းနဲ့ မင်းနဲ့မှ မောင်က လက်ခံတာ၊ မင်္ဂလာပန်းကြဲ နိုင်းလည်း ဖြစ်တာပဲ၊ မမက အပိုကိုလုပ်တာ"

ဉာဏ်သာနဲ့ဖြစ်နေ၍ မောင် ဖြေသာနေသည်။ မြရိပ်ညို ပြောင်းလဲသွားတာပဲ။ ရမလား မောင့်ကို ဘာကောင်မှတ်နေလဲ။ မြရိပ်ညိုမှာ ချစ်သူများရှိနေပြီလား။ မောင်သိတာက မောင့်အပေါ် မြရိပ်ညို သူငယ်ချင်းဟူသော သံယောဇဉ်ပဲရှိနေတာပင်။ မောင့်ကို ကြောက်လွန်း၍သာ မောင် ထားရာနေ စေရာသွားနေခြင်း ဖြစ်သည်။ မောင်ကတော့ မရဘူး။ မြရိပ်ညိုချစ်သူက မောင်ပဲ။ မြရိပ်ညို မောင်ဝမ်းကွဲကလည်း မျက်နှာက တင်းနေသည်။ သွားချင်ပြီထင်တယ်။ ဘာကောင်လဲ။ မောင့်ကို မနှစ်သက် သလိုလို ချက်ချင်းလိုက်သွားပြီး ပြဿနာ ရှာပစ်ချင်နေသည်။

"မောင်ရာ စိတ်ကိုထိန်းစမ်းပါ၊ မောင့်မမရဲ့ မင်္ဂလာပွဲ ရှိတယ်လေကွာ၊ မြရိပ်ညို အလုပ်တွေရှုပ်နေတာ နားလည်ပေးရ မယ်လေ"

"ဉာဏ်သာ"

"ဘာလဲ မောင်"

www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်ညိုကို မောင် စိတ်မချတော့ဘူး၊ ခိုးပြေးမှဖြစ်တော့မယ်၊ မြရိပ်ညိုကို လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး၊ မောင် အရမ်းခံစားနေရတယ် ဉာဏ်သာရာ"

မောင် ကြေကြေကွဲကွဲလေး ပြောနေတော့ ဉာဏ်သာ စိတ်မကောင်းဖြစ်ရသည်။ မောင့်အမူအရာတွေက တဖြည်းဖြည်းနှင့် အန္တရာယ်တွေကို ဖိတ်ခေါ်သလို ဖြစ်နေ၏။ လူကြီးတွေကို ဘယ်လို ပြောရမလဲ။ ဘယ်လိုတားဆီးရမလဲ။ မောင် အလွန်အမင်း စိတ်ထိခိုက်ကြေကွဲရမှာကို ဉာဏ်သာ နည်းနည်းလေးမှ မလိုလားမိပေ။ တော်သေးတာက မမနန္ဒာ မင်္ဂလာပွဲရှိနေလို့ပါ။ မောင့်အပေါ် လူကြီးတွေရဲ့ သဘောထားတွေက ဆန့်ကျင်ဘက်သို့ ပြောင်းလဲသွားပြီဆိုတာ မောင် မသိသေးပေ။ မောင့်အပေါ် မတရားကြဘူး။ အစောကြီးထဲက ဘာဖြစ်လို့ ဒီလိုသဘာဝမကျတဲ့ပုံစံနဲ့ ကြီးပြင်းစေရတာလဲ။ ပြီးတော့ မြရိပ်ညိုတို့ မိဘတွေဘက်ကလည်း ငယ်ငယ်ကတော့ မောင်နဲ့တွဲတာ အန္တရာယ်မရှိဘူးဆိုပြီး မောင့်ကို စောင့်ရှောက်ခိုင်းထားပြီးမှ ဉာဏ်သာ ဘယ်လိုလုပ်ရမလဲ။ မောင် ထိခိုက်ကြေကွဲရမှာ နာကြည်းခံပြင်းမှုတွေနဲ့ ဒေါသတွေပေါက်ကွဲမှာ သူ့ အစိုးရိမ်ကြီး စိုးရိမ်နေသည်။

"မောင် လုပ်ပစ်မှာပဲ၊ မြရိပ်ညိုကို မောင် ခိုးပြေးမယ်၊



မြရိပ်ညိုကို မောင် အရမ်းချစ်တယ်၊ အဆုံးရှုံးမခံနိုင်ဘူး ဉာဏ်သာရာ မင်းကူညီပါ၊ မမပွဲကြောင့်ပေါ့ကွာ မောင် အရမ်းစိတ်ပူနေပြီ၊ မြရိပ်ညိုကို မောင် ခိုးပြေးမှဖြစ်တော့မယ်"

"အေးပါကွာ…ဉာဏ်သာ ကူညီပါ့မယ်၊ မောင် ဖြစ်ချင်တာတွေ ဖြစ်စေရမယ်ကွာ၊ ကတိပဲ တစ်ခုတော့ရှိတယ်၊ မမနန္ဒာနဲ့ မင်္ဂလာပွဲတော့ မပျက်ပါစေနဲ့"

"တောက်"

မောင် မင်း တကယ်ပဲ ရင်ကွဲမတတ် ခံစားနေရလား။ မောင့်စိတ်ခံစားမှုတွေကို ဉာဏ်သာ နားလည်နေသည်။ မောင့်ကို ပျော်ရွှင်နေစေချင်သည်။ ဉာဏ်သာလည်း ရူးသွပ်မတတ်ဘဲ။ မောင့်အတွက် စိတ်ပူပန်ရလွန်းလို့ကွာ။ မောင့်အတွက် အန္တရာယ်တွေက ကြီးမားစွာ ဖိတ်ခေါ်နေ၏။ လူကြီးတွေက ဉာဏ်သာနဲ့ မြရိပ်ညိုကို လက်ထပ်ပေးကြတော့မှာပါ။ မေမေကဆို မောင်နဲ့ ပေါင်းသင်းနေတာတွေ ရပ်တန်းကရပ်ပါတော့တဲ့။ ဉာဏ်သာ ငြင်းဆန်မခံနိုင်ဘူး။ မောင့်ဘက်ကနေ အားလုံးစဉ်းစားပေးကြပါ။ မောင် ချစ်မြတ်နိုးတဲ့သူကို မောင့်ဆီက လုယူလိုက်တာ ဉာဏ်သာ မဖြစ်ချင်ဘူး။ မောင် အရမ်းပဲ မုန်းတီးနာကြည်း ရှုံရှာသွားမှာပါ။ ဉာဏ်သာ အကြည့်တွေက စိတ်နှင့်လူမကပ်ဖြစ်နေတဲ့ မောင်ခေါ်

www.burmeseclassic.com



ခင်မမအောင်ရဲ့ မျက်နှာလေးကို မလွှတ်တမ်း ကြည့်မိသည်။ မောင်က အသိမဲ့စွာ လက်ဖက်ရည်ဆိုင်ရဲ့ အပြင်ဘက် မြရိပ်ညိုပြန်သွားတဲ့ လမ်းမဘက်သို့ မရွေ့မလျား ရောက်နေ၏။ ဉာဏ်သာ မသိမသာ သက်ပြင်းရှိုက်မ်ကာ မောင့်ရဲ့ ပန်းသွေးရောင်လွှမ်းနေသော နှင်းဆီငုံလေးလို နှုတ်ခမ်းဖူးဖူးလေးအား တိတ်ဆိတ်စွာကျင်စွာ ရူးစိုက်ကြည့်မိနေသည်။

□ □ □

## အခန်း (၉)

မမနန္ဒာရဲ့ မင်္ဂလာပွဲမှာ မြရိပ်ညိုက အရမ်းချောမောလွန်းနေသည်ဟု မောင် ထင်နေသည်။ ဉာဏ်သာကလည်း ခန့်ခန့်ညားညားနှင့် သားနားစွာ ချောနေ၏။ မောင့်ဘေးနားမှာ ထိုင်နေတဲ့ မြရိပ်ညိုတို့ ဆွေမျိုးထဲကလားမသိ မြရိပ်ညိုနဲ့ ဉာဏ်သာတို့ အရုံစုံတွဲ လိုက်ဖက်လိုက်တာဟု ပြောလိုက်သဖြင့် မောင်က ဆတ်ခနဲ ကြည့်ကြည့်ပစ်သည်။

"ဘာလဲဟ ယောက်ျားလိုလို၊ မိန်းမလိုလိုနဲ့"

"ဘာကွ"

မောင့်ကို မကျေမနပ်ဖြစ်နေတဲ့ မြရိပ်ညိုမောင်ဝမ်းကွဲလေး မကြားတကြား ပြောလိုက်တာကိုပင် မောင် ကြားသွားပြီး ဒေါ်ကောင်လေးနား ဒေါသတကြီး ရောက်သွားသဖြင့် ဘတို့သား

www.burmeseclassic.com

www.burmeseclassic.com



အရံလုပ်ရတော့မယ့် ဉာဏ်သာက ပြေးလာသည်။

"မောင် ဘာဖြစ်နေတာလဲကွာ၊ မင်းအစ်မမင်္ဂလာပွဲလေ စိတ်ကိုထိန်းမှပေါ့၊ ထစ်ခနဲဆို ဒေါသဖြစ်တော့ မကောင်းဘူးကွ"

ဉာဏ်သာကို ဘာမှရှင်းပြမနေချင်တော့၍ မောင် ပြန်ထိုင်နေလိုက်သည်။ မင်္ဂလာပွဲပြီးတာနဲ့ သိမယ်။ မောင်ဘာကောင်လဲ ဆိုတာ ကောင်းကောင်းသိစေရမယ်။ မြရိပ်ညိုနဲ့ ဉာဏ်သာတို့အတွဲကို အားလုံးက သဘောကျကာ လိုက်ဖက်တယ်ဟု ချီးမွမ်းနေကြတာကို မောင် ကြားနေရ၏။ ဉာဏ်သာ ဖြစ်နေလို့ပေါ့။ ဒီကောင်က မြရိပ်ညိုနှင့် မောင့်အကြောင်း သိနေသူ။ မြရိပ်ညိုကို နိုးပြေးဖို့တောင် အကူအညီပေးမည်ဖြစ်သည်။

"မောင် ဒီမှာ ဘာထိုင်လုပ်နေတာလဲကွာ၊ ဧည့်သည်တွေကို ကြိုဆိုလေ ထ"

မမလတ်က မောင့်အနား ရောက်လာပြီး သတိပေးသည်။ မောင် မကြိုချင်ဘူး။ မြရိပ်ညိုကိုပဲ ထိုင်ပြီး မျက်ခြေမပြတ် ကြည့်နေမိ၏။ တခြားကောင်တွေက မြရိပ်ညိုကို ငမ်းနေတာလည်း မောင် မကျေနပ်။ မင်္ဂလာပွဲမှာမို့ပေါ့။ မမနန္ဒာကို မောင်ကြောက်ရသည်။ အိမ်မှာက မမနန္ဒာပဲ မိသားစုကို အစိုးကထောက်ပံ့နေတာပါ။ မောင့်ကိုလည်း မျက်နှာသာမပေးတတ်ပေရာ မောင် သောင်မထရဲ



ဘဲ ငြိမ်ကုတ်ကုတ်လေးနေရသည်။

"မောင် ထိုင်မနေနဲ့နော်၊ ပြဿနာလည်း မရှာနဲ့၊ မမနန္ဒာ အကြောင်း မောင်သိတယ်မဟုတ်လား"

"အင်းပါ"

အစ်မလတ် မမသန္တာ ပြန်ထွက်သွားသည်။ မောင် စိတ်မ ဘက်မသာနှင့် ဧည့်သည်တွေကို ကြိုနေရ၏။ ပွဲကထုတ်တော့မည့် အတို့သား သတို့သမီးရော အရံတွေရော တန်းစီနေသည်။ မြရိပ် ညိုအားသို့ မောင်ကပ်သွားတော့ မြရိပ်ညိုမာမီက မောင် ကိုယ့်နေရာ ကိုယ်သွားနေလေဟု လှမ်းအော်ပြောလိုက်တဲ့ လေသံတင်းမာ သယောင် ဖြစ်နေသည်။ ဘာတွေလဲ အန်တီညိုကိုယ်တိုင်က မြရိပ်ညိုအနား မောင်ကပ်တာ မလိုလားတော့ဘူးလား။ မောင့်စိတ် ထဲမှာ အလိုမကျသလိုကြီးဖြစ်လာရ၏။ ဉာဏ်သာက အေးအေး ဆေးဆေးနေရန် မျက်နှာရိပ်မျက်နှာကဲ ပြသည်။

"မောင် နေရာယူတော့လေ အထဲဝင်ထိုင်"

"မောင် ဒီမှာပဲနေမယ်"

"ဝင်ပါ မောင်ရဲ့၊ ဟိုကောင်လေးတွေက ကျွတ်ဆတ် ဆတ်နဲ့ မောင် အထဲမှာဝင်ထိုင်နေ"

"ဘာကောင်တွေလဲ၊ မောင် လုံးဝမကြောက်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်တစ်ယောက်တောင် ယှဉ်ရဲတယ်"

"မမနန္ဒာ စိတ်ဆိုးလိမ့်မယ် မောင်ရာ၊ ဝင်ထိုင်နေစမ်းပါ၊ ပြဿနာမရှာနဲ့၊ မေမေ့ကိုသနားပါ မောင်၊ မေမေက အားလုံးရဲ့ ဝေဖန်မှုကို ခံနေရရှာတာပါ"

"မေမေက ဘယ်သူ့အဝေဖန်ခံနေရတာလဲ၊ ဘာဖြစ်လို့လဲ မမသန္တာ၊ မေမေက ဘာအမှားတွေလုပ်ထားလို့လဲ"

"ဒုက္ခပါပဲဟင် နင်ကတစ်မျိုး၊ ထားလိုက်တော့ဟာ နင့်ကို ရှင်းပြနေလို့လည်း အပိုပဲ အေးအေးဆေးဆေး ဝင်ထိုင်နေစမ်း၊ မောင် ကိုယ့်အစ်မတစ်ယောက်လုံး မင်္ဂလာယူနေတာဟဲ့"

မောင့်ကို ဒေါသဖြစ်ဖြစ်နှင့် သန္တာ ဆူပူကြိမ်းမောင်းရသည်။ မြရိပ်ညို့ မောင်ဝမ်းကွဲတွေက မောင့်ကို မကြည်ကြ။ ရန်စောင်နေတာ သန္တာ ရိပ်မိနေ၏။ ထို့ကြောင့်ပင် စိတ်ဆတ်သော မောင်နှင့် ပြဿနာတက်မှာစိုး၍ သန္တာ လိုက်ထိန်းနေရသည်။ အစ်မတစ်ယောက်အနေနှင့် အခုမှ သဘောထားတွေ ပြောင်းလာကြတဲ့ မြရိပ်ညို့မာမီနှင့် ဉာဏ်သာ့အမေတို့ကို သန္တာ မကျေနပ်။ ငယ်ငယ်တုန်းကတော့ မောင်နဲ့ထားရတာ အန္တရာယ်ကင်းတယ်ဆိုပြီး အပ်ထားကြ၏။ မေမေ့ကိုလည်း သားရှုးဆိုပြီး ဝေဖန်အပြစ်တင်နေကြသည်။



"ဒီအရွယ်ကစပြီး သားရှုးတာရပ်လိုက်ပါတော့ ခင်၊ သားသမီးတွေရဲ့ အနာဂတ်ရှိသေးတယ်၊ မောင့်ကို ခင်မစမောင် အဖြစ် ပြောင်းလိုက်တော့"

သန္တာလည်း မောင့်အနာဂတ်အတွက် စိတ်ပူပေမယ့် မောင့်အတွက် အချိန်က အတော်လေး လိုအပ်နေသည်ဟု ထင်မိသည်။ မင်္ဂလာပွဲက ပွဲထုတ်နေ၏။ မောင့်အကြည့်တွေက သတို့သား၊ သတို့သမီးစုံတွဲထက် အရံတွေဖြစ်သော မြရိပ်ညို့နှင့် ဉာဏ်သာထံ စူးစိုက်စွာရောက်နေသည်။

"မောင်"

"ဟင်"

"မမသန္တာ လူကြီးတွေအနား သွားထိုင်ရမယ်၊ မမနန္ဒာ ဆော့ရှင်ပါစေ၊ မောင် ငြိမ်ငြိမ်လေးထိုင်နေနော်"

"အင်းပါ"

မင်္ဂလာပွဲအစီအစဉ်တွေက ကြာလိုက်တာဟု မောင် စိတ်အားငယ်နေပြီး စိတ်က တိုချင်နေသည်။ ပရိသတ်တွေက ဉာဏ်သာနဲ့ မြရိပ်ညို့အတွဲကိုပဲ ချီးမွမ်းစကားတွေ ပြောနေကြသဖြင့် ဉာဏ်သာ့ဆိုင် မောင် ဆွဲထိုးပစ်ချင်လာ၏။ ဒေါသတွေကို ထိန်းချုပ်ထားရသည်။ မင်္ဂလာပွဲအစီအစဉ်တွေ ပြီးသွား၍ မမနန္ဒာတို့အတွဲ အောက်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာကာ ဧည့်ပရိသတ်တွေကို နှုတ်ဆက်နေသည်။ မောင် စတိတ်စင်ပေါ်ကို ကြည့်လိုက်တော့ ဉာဏ်သာနှင့် မြရိပ်ညိုတို့စုံတွဲ ဓာတ်ပုံရိုက်နေကြ၏။ မြရိပ်ညိုမာမီ အန်တီညိုက ဦးဆောင်နေသည်။

''မြရိပ်ညို''

''မောင် လာလေ၊ ဓာတ်ပုံရိုက်ရအောင်''

''တော်ပြီ ဆင်းလာခဲ့''

''မောင် ခဏနေဦးလေ၊ ဒီမှာ ဓာတ်ပုံရိုက်နေတယ်၊ ပွဲမှ မပြီးသေးတာ''

အန်တီညိုက ခပ်ဆတ်ဆတ် လှမ်းအော်သည်။ ဉာဏ်သာက ဆင်းလာ၏။ အန်တီညို ပြန်ခေါ်ပေမယ့် ဉာဏ်သာက တော်ပါပြီဟုပြောကာ မောင့်အနား ရောက်လာသည်။

''မောင်လာ အပြင်သွားမယ်၊ ကိုယ် စိတ်အိုက်လို့ ပြန်မယ်''

''နေဦး ဉာဏ်သာ၊ မြရိပ်ညိုကို ခေါ်ဦးမယ်၊ ဉာဏ်သာတို့အရံအတွဲက အရမ်းလိုက်ဖက်တယ်လို့ ပြောနေလို့ ဉာဏ်သာ့မျက်ခွက်ကို မောင် ဆွဲထိုးပစ်ချင်နေတာ ဉာဏ်သာဖြစ်နေလို့ပေါ့''

''ဒေါသတွေကို ထိန်းစမ်းပါ မောင်ရာ၊ လာ ပြန်မယ်၊





မြရိပ်ညိုက ဓာတ်ပုံတွေရိုက်ဦးမှာ၊ မောင့်နောက်ကို လိုက်လာနိုင်မှာမဟုတ်ဘူး''

''ဘာဖြစ်လို့ မလိုက်လာနိုင်ရမှာလဲ၊ မောင် ရအောင်ခေါ်မယ်၊ မလိုက်ရင် အတင်းလက်ဆွဲခေါ်မယ်၊ ကန့်ကွက်ရဲ ကန့်ကွက်ကြည့် အားလုံးသေသွားမယ်မှတ်''

''မောင်''

''ဖယ်စမ်းပါ ဉာဏ်သာရာ၊ လူကြီးတွေကပါ မောင့်အပေါ် စိမ်းစိမ်းကားကား ဆက်ဆံလာတာ လုံးဝလက်မခံနိုင်ဘူး''

မောင့်ဒေါသတွေက ပေါက်ကွဲလွှင့်စင်ထွက်လာရသည်။

''လာပါ မောင်၊ ထားလိုက်စမ်းပါ၊ နောက်ထပ်မတွေ့ကြမယ့်သူတွေမှ မဟုတ်တာကွ၊ သွားမယ်''

မောင့်လက်ကိုဆွဲပြီး ခေါ်လာခဲ့သည်။ ကားပေါ် အတင်းတက်စေပြီး ဉာဏ်သာ မောင်းထွက်လာခဲ့၏။ ပြဿနာတွေက ပေါက်ကွဲတော့မယ်။ ဉာဏ်သာ စိတ်ပူပြီး မောင့်ကို ဘယ်လိုဖျောင်းဖျရမှန်းပင် မသိတော့။ မောင့်မျက်ဝန်းတွေက မာထန်ဝင်းတောက်နေသည်။ မောင့်နေရာမှာ ဉာဏ်သာဆိုရင်လည်း ခံပြင်းဒေါသထွက်ရမှာပဲ။ မောင့်ကို သနားလိုက်တာ။ ဉာဏ်သာနဲ့ မြရိပ်



www.burmeseclassic.com

www.burmeseclassic.com



ညိုတို့ လက်ထပ်ကြရမှာကိုသာ မောင် သိသွားလျှင် ဉာဏ်သာ ကြောက်လာသည်။

"ဉာဏ်သာ ကားကိုပြန်ကွေ့စမ်းပါ၊ မြရိပ်ကို သွားခေါ်မယ်၊ ပြီးတော့ အဝေးကိုထွက်ပြေးမယ်၊ မြရိပ်ညိုကို မောင် လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူးဆိုတာ ဉာဏ်သာ သိတယ်လေ၊ ကားကို ပြန်ကွေ့ကွာ"

"မောင် စိတ်ကိုထိန်းစိမ်းကွာ၊ အခု မမနန္ဒာ မင်္ဂလာယူနေတာကွ၊ မင်းကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ အစ်မလေ"

"မသိဘူးကွာ၊ မောင့်စိတ်တွေ အရမ်းပူနေပြီ၊ မြရိပ်ညိုနဲ့ မောင့်ကို ခွဲပြစ်ကြတော့မယ်ထင်တယ်၊ မောင့်အာရုံထဲမှာ မြင်နေလို့ကွ"

"မင်းဘာဖြစ်နေတာလဲ၊ နောက်နေ့တွေ နောက်နေ့တွေအများကြီးရှိသေးတာပဲကွ အေးရှးပဲ"

"မောင် ရူးတော့မယ်၊ မြရိပ်ညိုကို မောင်နဲ့ လူကြီးတွေခွဲပြစ်လိုက်ရင် မောင် ရူးမှာပဲ ဉာဏ်သာ၊ မောင့်ကို ကူညီပါ၊ မြရိပ်ညိုကို မောင် ခိုးပြေးမယ်"

"ကူညီမယ်ကွာ၊ ကူညီမယ်၊ မောင် ဖြစ်ချင်တာတွေ အားလုံး လုပ်ပေးမယ် ခဏစောင့်"





မောင့်ကိုခေါ်ပြီး ဉာဏ်သာ ဟိုက်ဝေးလမ်းမကြီးပေါ်အထိ ရောက်အောင် မောင်းလာခဲ့သည်။ လမ်းဘေးမှာ ကားရပ်ထိုးရပ်လိုက်ပြီး ဉာဏ်သာ ဝတ်ထားတဲ့ သတို့သားအရံအင်္ကျီအဝတ်အစားတွေကို ချွတ်ပြီး ကားထဲမှာ အသင့်ရှိနေတဲ့ စပို့ရှပ်အနက်နှင့် ဂျင်းဘောင်းဘီကို လဲနေတော့ မောင်က မျက်စိတွေကို ပိတ်ထားသည်။ ရှက်လို့လား။ ခန္ဓာကိုယ်ကို ခပ်လျော့လျှော့မှီပြီး မျက်လုံးတွေက ပိတ်လျက်သား။ မောင် ဘယ်လောက်ပဲ မာကျောနေပါစေ မိန်းကလေးစိတ်အသိနှင့် အရှက်တွေတော့ ရှိနေသည်။ ဉာဏ်သာနှင့်အတူတူ သွားလာနေပေမယ့် အိမ်သာကိုတော့ ဉာဏ်သာနှင့်အတူ မဝင်ခဲ့။ အိမ်သာတက်သည့်အကျင့်လည်း မရှိ။ ဉာဏ်သာကလည်း တမင်အရှက်မရှိ အဝတ်အစားလဲတာ မဟုတ်ပါဘူး မလွဲသာလို့ပါ။ ဉာဏ်သာကိုယ်တိုင် သတို့သားအရံဝတ်စုံကြီးကြောင့် စိတ်ရှုပ်နေသည်။

"စိတ်အိုက်လိုက်တာကွာ၊ ဟူး အခုမှပဲ စိတ်ပေါ့သွားတော့တယ်"

ဉာဏ်သာ အဝတ်အစားလဲပြီးပြီဆိုမှ မောင့်မျက်လုံးတွေ ပွင့်လာ သူ့ဘက် လှည့်လာသည်။ မောင်ရာ မင်းသားလောက် ယောကျ်ားလေးတစ်ယောက်လိုနေပါစေ မင်းမှာသာနှာခေါင်းချောလေးလို ချောမောလှပနေတာ ဖုံးကွယ်ထားလို့မှ မရတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ခင်မမမောင်ပဲ ဖြစ်လိုက်ပါတော့ မောင်။ ဉာဏ်သာလည်း စိတ်မောလှမောနှင့် ခန္ဓာကိုယ်အား ပြေလျော့ချကာ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

"ဉာဏ်သာ"

"ဟင်"

"ပြန်မယ်"

"နေဦးမယ်ကွာ"

"ညနေကျရင် မမနန္ဒာတို့ မင်္ဂလာညစာ စားပွဲရှိတယ် လေ"

"ရှိရှိ"

"တက်မယ်ကွာ"

"မတက်ဘူး မောင်၊ အိမ်ကိုဖုန်းဆက်လိုက်မယ်၊ လာ ကြမှာပါ၊ မောင်ရှိနေဖို့မှ မလိုတာ"

"မြရိပ်ညို အရမ်းလှနေမှာ မောင်တွေ့ချင်တယ်"

"မရဘူး မောင်၊ မင်းက စိတ်ကို မထိန်းချုပ်ဘူ လွှတ်ချင်တယ်၊ ခဏလေးပါကွာ တို့နှစ်ယောက် ဒီမှာ ခဏ နားလိုက်ကြမယ်၊ စိတ်တွေ အရမ်းမွန်းကြပ်လို့"

မောင့်ကြောင့်ပဲ ဉာဏ်သာ သေဖြစ်ချင်လောက်အော



စိတ်ညစ်နေသည်။ မောင့်ကို ဝိုင်းပြီး အပြစ်တင်ကြမှာ။ ရက်ရက် စက် ပြောဆို ဆက်ဆံကြမှာ။ ဉာဏ်သာ မလိုလားမိပါ။ နောက်ဆုံး ဉာဏ်သာ့မေမေကလည်း မောင့်ကို မလိုလားတော့ ဉာဏ်သာကို ခပ်ခွာခွာနေစမ်းတဲ့။ အားလုံး မတရားဘူး။ မောင့် ကို ဘာဖြစ်လို့ အချိန်မပေးနိုင်ရတာလဲ။ မောင့်ခံစားမှုအတွက် ချိန်ဆ ညည်ပေးသင့်သည်ဟု ဉာဏ်သာထင်မိသည်။ မမနန္ဒာ့ ညစာ စားပွဲတွင် မြရိပ်ညိုကြောင့် မောင် ဒေါသတွေ ပေါက်ကွဲမှာ သေ ချာနေ၏။ ဉာဏ်သာလည်း မေမေ အဆူအပူခံပြီး မောင်နဲ့ပဲ နေပြစ် လိုက်သည်။ ညနေခင်းရဲ့ နေရောင်တွေ ညှိုးမှိန်စပြုလာသည်အထိ ကားထဲမှာပဲ ထိုင်နေကြသည်။ မောင်လည်း ထိုင်နေ၏။ ဉာဏ်သာ့ မျက်ကြည့်တွေက မောင့်မျက်နှာဆီ တစိုက်မတ်မတ် ရောက်နေပေ မယ့် မောင်ကတော့ မျက်လုံးတွေကို မှိတ်ထားပြီး ငြိမ်သက်နေ သည်။ မြရိပ်ညိုအကြောင်းတွေ စဉ်းစားနေမှာပါ။ မင်း ခင်မမ မောင်ပဲ ဖြစ်လိုက်ပါတော့ မောင်ရာ။ ဉာဏ်သာ့နှလုံးသားတွေထဲမှာ ချစ်စရာလှပပြီး ငယ်ရွယ်လန်းဆန်းသော မိန်းမချောလေး မြရိပ် ညိုလာ ရှိမနေဘဲ ကြမ်းကြမ်းရမ်းရမ်းနှင့် မိန်းကလေး မဆန်လွန်း သော ခင်မမမောင်ကိုမှ ချစ်မိနေပြီလား မသိပါဘူး။ ညနေခင်း အရောင် ဖျော့ဖျော့ပင် ပျောက်ကွယ်သွားကာ အမှောင်ထုက သမ်း

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"မောင်"

"ဟင်"

"ပြန်မယ်"

"နေဦးမယ်"

"ကားကို ဖြည်းဖြည်းချင်း မောင်းမယ်၊ မင်္ဂလာညစာ
စားပွဲပြီးတဲ့အထိလောက် ရောက်မှာပဲ"

မောင်က မပြန်သေးဘူးလုပ်နေ၍ ဉာဏ်သာ ဖွတ်
ကားကို မောင်းထွက်လာခဲ့သည်။ မောင်က ဘာပဲပြောပြော မ
ကလေးပဲ။ မြို့ပြင်မှာ ညဉ့်နက်သန်းခေါင် မနေသင့်ဟု ဉာဏ်သ
တွေးမိသည်။ မသင့်တော်ဘူး မဟုတ်လား။ မမေကလ
ဉာဏ်သာအား ဒေါသပုန်ထနေပြီ။ စည်းစနစ်ကြီးသော မမေ
ဉာဏ်သာ့အပေါ် အခွင့်အရေးတွေပေးပေမယ့် မမေပြန်သိမ်း
တဲ့ အခွင့်အရေး တချို့ကိုတော့ ဖောက်ဖျက်ကျူးလွန်လာ
ခွင့်မလွှတ်နိုင်အောင် ဒေါသတွေ ပေါက်ကွဲတတ်သည်။ ဉာဏ်
ဘာမှ မစဉ်းစားချင်။ လောလောဆယ် မောင် အန္တရာယ်ကင်း
ပဲ ခေါင်းစားပြီး မောင့်ဘက်ပဲ ရပ်တည်လုပ်ဆောင်နေသည်။

□ □ □



## အခန်း (၂၀)

ဉာဏ်သာ အချိန်မီ ပြန်နိုင်ဖို့ ကားကို ခပ်သွက်သွက်
မောင်းလာခဲ့ပေမယ့် ရန်ကုန်နယ်နိမိတ်ထဲရောက်မှ မောင်က
လာသည်။ သူ့ဘေးမှာ ထိုင်နေတဲ့ မောင် ငြိမ်ချက်သား
လွန်းနေ၍ မောင့်ကိုလှည့်ကြည့်မိတော့ မျက်နှာလေး ရှုံ့မဲ့
ကြိတ်ပြီး ခန္ဓာကိုယ်လေး တွန့်လိမ်နေတာ တွေ့လိုက်ရသည့်
မောင့်မျက်နှာလေးပေါ်မှာ ချွေးသီးချွေးပေါက်တွေပါ သီးနေ
ဉာဏ်သာ စိုးရိမ်တကြီးဖြစ်ကာ လမ်းဘေးတွင် ကားကို
ပ်လိုက်သည်။

"မောင် ဘာဖြစ်တာလဲ၊ ချွေးတွေရွှဲနစ်နေတာပါလား
ဖို့လဲ"

"အောင့်တယ် ဉာဏ်သာ၊ ဗိုက်က အရမ်းအောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အား … ကျွတ် … အရမ်းအောင့်တယ်"

"ဟင်"

မောင်က ယောက်ျားလေးအစစ်ထက် စိတ်မာသူပင်။ အခု လည်း ဗိုက်အောင့်နေတာကို အချိန်အတော်ကြာအောင် အံကြိတ်ခံ နေတာ ဉာဏ်သာ ကြည့်မိလို့ပေါ့။ မောင် မျက်နှာလေးက နာကျင် လွန်း၍ မဲ့မဲ့လေးနှင့် ချွေးတွေတစ်ပေါက်ပေါက် ကျလာ၍ ဉာဏ်သာ စိုးရိမ်ပူပင်သွားရသည်။

"အောင့်တယ် ဉာဏ်သာ၊ ရင်ဝကနေ ထိုးအောင့်နေ တယ်၊ အား … ကျွတ် … ကျွတ် မနေနိုင်တော့ဘူး၊ အရမ်း အောင့်တယ်"

မောင်က ရင်ဝကို ဖိနှိပ်ထားရင်း ဉာဏ်သာလက်ကလေး ကို ဆုပ်ကိုင်ထားသည်။ ဉာဏ်သာလည်း ဘာလုပ်လို့ လုပ်ရမှန်း မသိသဖြင့် မောင့်ခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်ထားလိုက် သည်။

"ဆေးခန်းသွားမလား မောင်၊ အရမ်းအောင့်နေလား မောင်က အစာမစားဘာမစားနဲ့ အစာအိမ်ထင်တယ်"

"အင်း … ဆေးခန်းကိုသွားမယ်။ မောင့်မှာ ဝိုက်နာ ပါတယ် … အား … အရမ်းအောင့်လာပြီ၊ နေလို့ မရတော့ဘူး



ထင်တယ်"

"ဆေးခန်းသွားမယ်၊ ဘာမှ မကြောက်နဲ့၊ ရန်ကုန်မြို့ထဲ ရောက်နေပြီပဲ"

"အင်း"

နီးစပ်ရာ စုံစမ်းပြီး အထူးကုဆေးခန်းကြီးဆီ ရောက်လာ သည်။

ဉာဏ်သာ စိတ်တွေပူပြီး မောင့်ရဲ့ အော်ဟစ်ညည်းညူ သံလေး ကြားလေ ဉာဏ်သာ ဗျာယာခတ်ကာ တုန်တုန်ရီရီတွေ ဖြစ်နေသည်။

"လူနာအမည်"

"ခင်မမမောင်"

"ဩော် … မိန်းကလေးလား၊ ယောက်ျားလေးထင်လို့ အရမ်းတူတာပဲ"

အရေးထဲ တာဝန်ကျ ဆရာဝန်မလေးက ခင်မမမောင်ဟု ပြောလိုက်သဖြင့် တအံ့တဩနှင့် မော့ကြည့်သည်။ တော်သေး သည် မောင် မကြားလို့ မောင်က သီးသန့်အခန်းထဲမှာပါ။ နေရပ် လိပ်စာတွေ ပြောပြီးမောင့်ကို အစာအိမ်နှင့် အူလမ်းကြောင်း ဆရာဝန် ကြီးနှင့် ချိတ်ပေးသည်။ စစ်ဆေးမှုတွေ မမြန်လုပ်ပြီး နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



အဖြေက အူအတက်ရောင်နေတာတဲ့။ ဖြတ်ရမယ်တဲ့။ အရေးပေါ် ခွဲစိတ်မှုဖြစ်၍ ညဏ်သာလည်းထူပူပြီး သူ့ပဲ ဆုံးဖြတ်ကာ ခွဲစိတ်မှုကို သဘောတူကြောင်း လက်မှတ်ထိုးပေးလိုက်သည်။

"မောင်"

"ဟင်"

"ခွဲစိတ်ရမယ်၊ မကြောက်နဲ့နော် ညဏ်သာရှိတယ်"

"မကြောက်ပါဘူးကွာ၊ မောင်က ယောကျ်ားပဲ ခံနိုင်ပါတယ်"

မောင့်စကားကြောင့် အနားမှာရှိနေတဲ့ လက်ထောက်ဆရာ ဝန်မလေးက ပြုံးစိစိဖြစ်သွားသည်။ မောင့်အား ခွဲစိတ်ခန်းထဲဝင်ရန် ပြင်ဆင်ပြီး ခွဲစိတ်ခန်းထဲ ခေါ်ဆောင်သွားတော့၏။ အပြင်မှာ ထိုင်ရင်း မောင် ဘာမှမဖြစ်ပါစေနဲ့ဟုသာ ဆုတောင်းပေးရင်း စိတ်တွေ မငြိမ်သက်ဘဲ တုန်တုန်ယင်ယင်ကြီး ဖြစ်နေသည်။

လူကြီးတွေကတော့ ညဏ်သာနှင့် မောင်ပျောက်သွား၍ အကြီးအကျယ်ဒေါသတွေ ထွက်ကာ ပြဿနာတွေ တက်နေကြသည်။ ညဏ်သာ့မေမေ ဒေါ်ဖြူပြာက အဆိုးဆုံးပဲ။ သားအတွက် ဆတ်ဆတ်ခါနေတော့၏။ ညစာစားပွဲကိုလည်း မလာခဲ့။



အချိန်တွေ ဘယ်လောက် ရှိနေပြီလဲ။ ဒါ သားညဏ်သာနှင့် မောင်တို့ နေသင့် တဲ့အချိန်လား။ အချိန်တွေ လွန်လာသည်နှင့်အမျှ စိတ်ပူပင်မှုတွေ က အထွတ်အထိပ်ရောက်နေသည်။

"ဖုန်းလည်း မကိုင်ဘူး၊ အိမ်ကိုလည်း ဖုန်းမဆက်ကြဘူး ဘာတွေလုပ်နေကြလဲ ဟင်… ဘာတွေဖြစ်နေကြလဲ"

"ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ကြမလဲ ဟင်၊ မောင်က မိန်းကလေး ရဲ့စခန်းကို တိုင်ရင် ကောင်းမလားပဲ၊ မေမေသန္တာတော့ စိတ်တွေ အရမ်းပူနေပြီ"

"ညည်းညီမက ဘာမိန်းကလေးလဲ သန္တာ၊ အခုမှ ဘာမိန်းကလေးလဲ၊ ယောကျ်ားလေးဆို အခုတော့ ကျော်မကောင်းကြားမကောင်း ကျုပ်သားက ရည်မှန်းချက်တွေ အများကြီးနဲ့ အညွန့်တလူလူတက်နေတဲ့ သားအေ။ ဘယ်လိုလုပ်ကြမလဲ။ ယောကျ်ားမဟုတ်၊ မိန်းမလည်း မကျတဲ့ ဟာမလေးနဲ့ နာမည်တွေ ထွက်ရတော့မယ်"

"အန်တီဖြူပြာ စကားကို ဆင်ခြင်ပြောပါနော်၊ မောင့်ကို ဒီလို ချိုးချိုးနှိမ်နှိမ် မပြောပါနဲ့"

ဒေါ်ဖြူပြာကျော်ကတော့ သားညဏ်သာအတွက် ဆောက်တည်ရာ မရအောင် ပူလောင်နေသည်။ မဖြစ်ဘူး ခင်မမောင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တော့ သားကို မငြိုငြင်စေချင်ဘူး။ စိတ်ကြမ်းကိုယ်ကြမ်းနဲ့ အမလေး ဘယ်လိုလုပ် ရမလဲ။ ဒေါ်ခင်ခင့်ကိုပဲ အပြစ်တင်သည်။

"ရှင့်ကြောင့်ပဲ ရှင် သားရူးရူးနေလို့ပဲ၊ အဓိပ္ပါယ်မရှိလိုက်တာ၊ သားလည်း အခုချက်ချင်းရှာမယ်၊ ခွဲပစ်မယ်။ မြူပြာ သားကို လုံးဝ အနှစ်မွှန်းမခံနိုင်ဘူး"

ဒေါ်ခင်ခင်လည်း ခေါင်းငုံ့ခံနေရသည်။ ဉာဏ်သာ့မှာ အပြစ်မရှိဘူးဆိုတာ သိနေ၏။ ဉာဏ်သာ့အမေလည်း ခံစားရမှာပဲ။ သူ့သားကို မြရိပ်ညိုနဲ့ လက်ထပ်ပေးဖို့ စီစဉ်နေကြတာ သတို့သမီး ခင်နန္ဒာမောင်လည်း မနက်က ပျော်ရွှင်ကြည်နူးမှုတွေ အားလုံးပျောက်သွားရသည်။ မောင့်အတွက် စိတ်ပူနေမိ[illegible] ဉာဏ်သာ့ကို အတင်းအကြပ် ခေါ်သွားတာပဲဖြစ်မယ်။ မနက်တည်းက မောင် ပြဿနာရှာနေသည်။ အန်တီညိုကလည်း မောင်[illegible] သူ့သမီး မြရိပ်ညိုကို ခွဲပြစ်ကြဖို့ စတင်ခြေလှမ်း လှမ်းလာကြ[illegible] ညီမလေးက တစ်ဖက်၊ ယောက်ျားကလည်း နန္ဒာ့ကို ဒီကိစ္စ[illegible] ဝင်မပါနဲ့တဲ့။ မောင်တို့ မင်္ဂလာဦးညလေးမှာ ကောင်းတဲ့ နမိတ်[illegible] ယူမယ်တဲ့။ မေမေကတော့ မောင့်ကိစ္စ သမီးရှောင်နေပါတဲ့။ မတ[illegible] နိုင်တော့ဘူး။ ယောက်ျားနဲ့ ဆန့်ကျင်ပြီး အိမ်မှာပဲနေသည်။

"ဉာဏ်သာနဲ့ဆိုရင်တော့ မောင် အန္တရာယ်ကင်း [illegible]



[illegible]ပါ မေမေသိတယ်၊ ဉာဏ်သာက လူကောင်းလေး မောင့်အပေါ် [illegible]သည်း အရမ်းသံယောဇဉ်ကြီးတာပါ။ မေမေ စိတ်ပူတာက လမ်း [illegible]မှာပဲ တစ်ခုခုဖြစ်နေပြီလား၊ အမလေး မေမေ ရင်ပူလိုက်တာ၊ [illegible]ဆေးရုံတွေ၊ ရဲစခန်းတွေမှာ သွားစုံစမ်းရင်ကော"

"မေမေ"

"ဟင်"

"သန္တာတော့လေ မောင့်ကို ခင်မမမောင်အဖြစ်ပဲ ပြောင်း [illegible]ချင်တယ်"

"ဟင်"

"မေမေသိတာပဲ၊ အန်တီညို ကိုယ်တိုင် မြရိပ်ညိုနဲ့ မောင့် [illegible] ဝေတ်သက်စေချင်တော့ဘူး၊ ဉာဏ်သာနဲ့ စေ့စပ်ဖို့တောင် လုပ် [illegible]ဘာ၊ စိတ်ရှုပ်လိုက်တာနော်၊ မမနန္ဒာ့တို့အိမ်ထောင်ရေးမှာပါ [illegible]သွားတော့မယ်ထင်တယ်၊ ညစာခံပွဲမှာ တည်းက မောင် ဒေါကန် [illegible]ဘာ၊ အန်တီညိုတို့တွေကလည်း မောင့်ကို မကြည်မလင်ဖြစ်နေ [illegible] ရန်စောင်နေကြတာ၊ ဉာဏ်သာက ပြဿနာတက်မှာစိုးလို့ [illegible]သွားတာပဲနေမှာပါ"

ဉာဏ်သာ့အမေ အဖြစ်သည်းနေတာပဲ သန္တာအမြင်[illegible] [illegible]သည်။ မြရိပ်ညိုတို့ကတော့ ဝင်မပါပေ။ မေမေ့ကိုတော့ မောင့်

www.burmeseclassic.com

www.burmeseclassic.com



အား မိန်းကလေးအဖြစ် ပြောင်းပစ်သင့်ပြီဟု ပြောသည်။

"မေမေ မှားပါတယ်ကွယ်၊ မောင့်ကို အလွန်အမင်း အလိုလိုက်ထားတာလေ၊ သဘာဝကို ဆန့်ကျင်ပြီး ယောကျ်ားလေး တစ်ယောက်အဖြစ် ပုံသွင်းမိခဲ့တာ၊ မောင့်ရဲ့အနာဂတ်ကို ဖျက်ဆီး ပစ်လိုက်တာပါပဲ၊ အခုမှ မိန်းကလေးတစ်ယောက်အဖြစ် ပြောင်းလဲ ပစ်ဖို့ဆိုတာ လွယ်ပါ့မလား သန္တာရယ်"

ဒေါ်ခင်ခင်မြလည်း မောင့်အတွက် စိတ်ပူနေသည်။ ဉာဏ်သာက မောင့်ကို စောင့်ရှောက်နေမှာပါ။ ဘာတွေဖြစ်နေ ကြပြီလဲ။ မိဘတွေဆီလည်း အကြောင်းမကြားဘူး။ သမီးကြီးနန္ဒာရဲ့ မင်္ဂလာညစာစားပွဲကို မလာတာတော့ ပြဿနာဖြစ်မည်စိုး၍ ဉာဏ်သာက ထိန်းထားတာဖြစ်နိုင်ပြီး တစ်ညလုံး ဘယ်တွေသွား ပြီး ဘာတွေလုပ်နေလဲ မေမေစိတ်ပူနေပြီ။ ဉာဏ်သာ့အမေကတစ် မျိုး၊ သူ့သားအတွက် ပျာယာခတ်ပြီး သက်ဆိုင်ရာကို တိုင်ဖို့လုပ် နေသည်။

"ဖြူပြာရယ် ခင် တောင်းပန်ပါတယ်၊ ခဏလေး စောင့် ကြည့်ပါဦး၊ ဒီသတင်းက အရမ်းပြန့်သွားရင်လည်း နှစ်ဦးနှစ်ဖက် မကောင်းပါဘူး၊ စောင့်ကြည့်ကြရအောင်ပါ"

"ခင်ကတော့ အေးအေးဆေးဆေး စောင့်ကြည့်နေနိုင်တာ



ပေါ့၊ ဖြူပြာ မစောင့်နိုင်ဘူး၊ စိတ်ပူလို့ သေတော့မယ်၊ ဖြူပြာ့သား နစ်နာနေပြီလေ၊ ရှက်လိုက်တာ ခင့်ကြောင့်ပဲ သမီးရှင်ဖြစ်ပြီး ဘာဖြစ် လို့ အေးနေတာလဲ၊ ဖြူပြာ့သားကို အမိဖမ်းချင်ကြတာလားဟင်"

"အန်တီဖြူပြာ တိုင်ချင်ရာကို တိုင်ပါ၊ သန္တာတို့က မိန်းကလေးရှင်ပဲ အချင်းချင်းတွေပဲ ဒီလောက်လေးတောင် ငဲ့ညှာ ပေးနိုင်ဘူးလား"

"သန္တာသမီး အသာနေစမ်းပါကွယ်၊ ဖြူပြာရယ် ခင် တောင်းပန်ပါတယ်နော်၊ ဉာဏ်သာရော မောင်ရောက ကိုယ်ကျင့် တရား စောင့်ထိန်းတတ်ကြပါတယ် အလည်လွန်နေတာ ဖြစ်မှာပါ"

"ခင့်သမီးကြောင့်ပဲ ဖြစ်မယ်၊ ဒင်းက အမြဲတမ်း ပြဿနာ ရှာနေတာ၊ ဖြူပြာ့သား ဉာဏ်သာကတော့ အမေ့စကားကို တသွေ မသိမ်း နားထောင်လာခဲ့တာ၊ အခု မောင်နဲ့ မပတ်သက်ဖို့ တားလို့ မရတော့ဘူး၊ ကောင်းပြီလေ မနက်အထိပဲ စောင့်ကြည့်မယ်၊ တစ်ခု ပြောရှိတယ်နော် … တစ်စုံတစ်ခု မှားယွင်းသွားရင်လည်း ခင့်သမီး ကို ပြန်ထိန်းပါ၊ ဖြူပြာ့သားနဲ့တော့ လုံးဝသဘောမတူဘူး"

"ဒီမှာ"

"တော်စမ်း သန္တာ၊ ဝင်မပါစမ်းနဲ့ … မေမေတို့လူကြီး တွေ ဆုံးဖြတ်မယ်၊ ကောင်းပါပြီ … ဖြူပြာ… ကိုယ့်သမီးကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထိန်းပါ့မယ်၊ ဖြူပြာဖြစ်စေချင်သလို ဖြစ်စေရမယ် ကျေနပ်ပြီလား"

ဖြူပြာပြန်သွားသည်။ သမီးလတ်သန္တာကတော့ မကျေနပ်။ သမီးကြီးအခန်းဆီကလည်း ပြဿနာဖြစ်နေတဲ့ စကားသံတွေ ကြားနေရ၏။ အမလေး မောင်ရယ် အားလုံး ဒုက္ခရောက်ကြတော့မယ် ထင်တယ်။ မေမေရှူးပြီ ဘယ်လိုလုပ်ရတော့မလဲ။ ဉာဏ်သာ့ကိုတော့ မိမိယုံသည်။ သမီး ခင်မမမောင်ကလည်း ယောကျ်ားလေးစိတ်ပါ။ ပြဿနာတွေအားလုံးက မိမိ သားရှူးလို့လား။ ခင်မမမောင်ကို မွေးပြီးတည်းက ဒေါ်ခင်ခင် စိတ်ဓာတ်ကျပြီး အိပ်ရာပေါ်မှာပဲ လဲတော့သည်။

"ခင်ရယ် ဘာတွေ စိတ်ဓာတ်ကျနေတာလဲ၊ အဓိပ္ပာယ်မရှိတာ၊ သမီးမွေးလည်း ချစ်ရမှာပဲလေ"

"ခင်က သားအိမ်ပါ ထုတ်လိုက်ရပြီလေ၊ နောက်ထပ်သား မရနိုင်တော့ဘူး ကိုမောင်ရဲ့ ကံဆိုးလိုက်တာ"

"ဘာဖြစ်လဲကွာ သမီးလေးကို ယောကျ်ားလေးလို ပြင်ဆင် ပေးလိုက် သားပဲပေါ့"

"ဟုတ်တယ် ..ဟုတ်တယ် သားပဲဖြစ်ရမယ်၊ ရတာလေ သားပဲပေါ့"



ခင်ပွန်းဖြစ်သူက ခင်ရဲ့ စိတ်ချမ်းသာမှုအတွက် သမီးလေး ခင်မမမောင်အား ယောကျ်ားလေးတစ်ယောက်အဖြစ် ပုံစံသွင်းဖို့ အကြံပေးခဲ့သည့်အတိုင်း လသားအရွယ်မှာပင် ယောကျ်ားလေး အဝတ်အစားတွေ ဝတ်စေပြီး ယောကျ်ားလေးတစ်ယောက်အဖြစ် ကြီးပြင်းစေသည်။ ငယ်စဉ်ကတော့ အိမ်နီးချင်း မိတ်ဆွေတွေ အားလုံးက မောင့်ကို ယောကျ်ားလေးပုံစံအဖြစ် ဝိုင်းဝန်းမြှောက်စား ချစ်ခင်ခဲ့ကြသည်။ သော်တာညီဆိုလျှင် သူ့သမီး မြရိပ်ညိုကို မောင့်လက်ထဲပဲ အပ်ထားခဲ့၏။ အခုမှပါ ဒေါ်ခင်ခင်လည်း စိတ်ပူပြီး ရင်တွေမီးတောက် မတတ်ပင်။ သမီးလတ်သန္တာလည်း နီးစပ်ရာ ဖုန်းတွေဆက်ပြီး စုံစမ်းနေပေမယ့် သတင်းက မရ။ ဉာဏ်သာ့ကိုတော့ မိမိ ယုံကြည်သည်။ အလွယ်တကူနဲ့တော့ မောင့်ကို စော်ကားမှာမဟုတ်။ အချိန်တွေသာ တဖြည်းဖြည်းကျော်လွန် ကုန်ဆုံးသွားသည်။

"မေမေ အိပ်တော့၊ အနားယူပါ၊ ဘယ်တတ်နိုင်မလဲ၊ ဉာဏ်သာနဲ့မောင် ပြန်လာမှပဲ လုပ်သင့်တာ ဆက်လုပ်ရလိမ့်မယ်၊ မေမေ မကြီးနန္ဒာကိုလည်း အားနာတယ်၊ မင်္ဂလာဦးမှာ ဒီလိုကြီး ဖြစ်သင့်ဘူး မဟုတ်လား၊ မောင်ကလည်း ဆိုးကိုဆိုးပါတယ်"

မေမေ့ကို အတင်းအိပ်စေပြီး မောင်နဲ့ ဉာဏ်သာ့ကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ရှာမရ၍ သန္တာလည်း စိတ်ညစ်လို့ သေချင်နေပြီ
မောင့်ကြောင့်ပဲ ဖြစ်မှာပါ။ ဉာဏ်သာက မနက်တည်းက မောင့်ကို
ထိန်းနေရတာ။ ရှေ့ဆက် မလွှယ်တော့ဘူး ထင်တယ်။ အစ်
တစ်ယောက်အနေနဲ့ မောင့်ကို စိတ်ပူတာပဲလေ။ ဉာဏ်သာအ
အန်တီဖြူပြာကိုလည်း မကျေနပ်။ သူ့သားအတွက်ပဲ စဉ်းစား
တယ်။ အတူတူနေလာတဲ့ အိမ်နီးချင်း မိတ်ဆွေတွေပဲဟာ နည်းနည်း
လေးမှတောင် ငဲ့ညှာထောက်ထားမှု မရှိ။ ပြစ်ပြစ်နှစ်နှစ် နှိမ်ချ
ဆိုနေလိုက်တာ။ မောင်ကရော ညှိုဖျင်းတဲ့လူလား။ ဉာဏ်ကော
ပြီး စာအရမ်းတော်တာ။ ပြီးတော့ မောင်က ယောကျ်ားလေး
ဝတ်စားနေထိုင်ပေမယ့် အရမ်းလည်း ချောမောနေသည်။ မော
ပြန်ရောက်လာရင်တော့ တွေ့မယ်လေ။ မိန်းကလေးအဖြစ် ပြောင်း
ပစ်ပြီး ဉာဏ်သာထက်သာတဲ့ယောကျ်ားတစ်ယောက်နဲ့ လက်ထ
စေရမယ်။ သန္တာခံပြင်းဒေါသတွေနှင့် ကြိမ်းပြစ်သည်။

□ □ □

## အခန်း (၁၁)

မောင့်ကို ခွဲစိတ်ကုသနေတဲ့ တစ်ချိန်လုံး ဉာဏ်သာ ဘာကို
သတိမရနိုင်တော့ဘဲ ခွဲစိတ်ခန်းအပြင်မှာ စောင့်ရင်း သူ့စိတ်တွေ
နှီးလိုက်မောစွာ တစ်ကြိမ်တစ်ခါမှ မရွတ်ဖတ်ခဲ့ဖူးသော သူ
သမျှ ဘုရားဂုဏ်တော်တွေကို ရွတ်ဖတ်ရင်း မောင် ဘာမှ
ပါစေနဲ့။ မောင့်ခွဲစိတ်ကုသမှုတွေ အောင်မြင်ပါစေ။ မောင်
နေရတဲ့ နာကျင်မှုတွေ သက်သာပါစေဟု ဉာဏ်သာ တတွတ်
ဆုတောင်းနေမိသည်။

"ခင်မမမောင်ရဲ့ လူနာရှင် ရှိပါသလား"

ခွဲစိတ်ခန်းတံခါးဖွင့်ဟလာပြီး သူနာပြု ဆရာမအသံ
ရှိပါတယ်ဆိုပြီး သူ အပြေးအလွှား သွားသည်။

"ဒီမှာ ခင်မမမောင်ရဲ့ ရောင်ရမ်းနေတဲ့ အူအတက်ပါ၊

ဒို · ပုံ : ၈၇၀၀

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်တောက်ပြီးပါပြီ အားလုံး ကောင်းပါတယ် စိတ်မပူပါနဲ့"

"ဆရာမ"

"ရှင်"

"သူ ...သူ .. သတိရနေပြီလား"

"အင်း ... သတိရနေပါတယ်၊ ရှင်က ညဏ်သာ ဆိုတာလား၊ ခင်မမမောင်က နာမည်နှစ်ခုကိုတော့ ကယောင်ကတမ်းနဲ့ တတွတ်တွတ် ခေါ်နေတယ် ညဏ်သာနဲ့မြရိပ်ညို့တဲ့"

သူနာပြုဆရာမလေး ပြန်ဝင်သွားသည်။ မောင့်ရဲ့ ခွဲစိတ်မှုက အောင်မြင်သွား၍ ညဏ်သာနည်းနည်းတော့ စိတ်အေးသွားရသည်။ ငွေရှင်းပေးတာတွေ၊ အခန်းယူတာတွေ၊ မောင့်ကို ပြု ဖို့ သူနာပြုဆရာမကောင်းကောင်းလေး ထည့်ပေးဖို့တွေ ညဏ်သာ စီစဉ်သည်။ မောင်က စိတ်ဆတ်တယ်။ စိတ်ရှည်ပြီး သည်းခံတ တဲ့ သူနာပြု ဆရာမမှဖြစ်မှာပါ။ မောင့်အတွက် အသေးအမွှား လေးတွေကအစ ညဏ်သာ ဂရုတစိုက် စီစဉ်နေခဲ့၏။ မောင့်အတွ ကလွဲပြီး ဘာကိုမှ သတိမရ။ ခင်မမမောင်ရဲ့ လူနာရှင်ဟု လိုက်တိုင်း ညဏ်သာပျာယာခတ်အောင် ပြေးလွှားနေရသည်။

"ခင်မမမောင်ရဲ့ လူနာရှင် အခန်းထဲကို လူနာပို့တော့ ဒီမှာလိုက်ခဲ့ပါ"





ခွဲစိတ်ခန်းထဲကနေ မောင်ထွက်လာသည်။ မောင် သတိရ ယ်ဆိုပေမယ့် မောပမ်းနွမ်းနယ်စွာ မျက်ဝန်းလေးတွေကို ပိတ် ားကာ ငြိမ်နေ၏။ မောင့်မျက်နှာလေးကို ညဏ်သာ ကြင်နာစွာ ကြည့်သည်။

"မောင် မင်းမျက်နှာလေးဟာ အရမ်းကိုချောပြီး ဝင်းအိ တ်နေတာပဲကွာ၊ ကြည့်စမ်း ခန္ဓာကိုယ်က စောင်အုပ်ထားတော့ ျက်နှာလေးပဲ ပေါ်နေတာ မိန်းကလေးပဲလေ၊ အရမ်းစွဲမက်စရာ ှင်မြတ်နိုးစရာကောင်းတဲ့ မိန်းမချောလေးပဲ"

မောင့်မျက်နှာလေးကို စူးစိုက်ကြည့်ရင်း သူ့စိတ်ထဲကနေ တ်တမောလေး ရင်ခုန်စွာ ရေရွတ်နေသည်။ မောင် နာကျင် ှာစိုး၍ တွန်းလှည်းကို ဖြည်းဖြည်း ညင်ညင်သာသာတွန်းပေး ်သမ်းတွေကို တောင်းတောင်းပန်ပန်လေး ပြောရသည်။ မောင့် ျက်ပေးတဲ့အခန်းထဲ ရောက်တော့မှ မောင့်ကို ခုတင်ပေါ်ချပေး ၊ထမ်းတွေအားလုံး ပြန်ထွက်သွားတော့မှ မောင့်လက်လေး ညဏ်သာဆုပ်ကိုင် ဖျစ်ညှစ်လိုက်မိ၏။ မောင်က မျက်နှာကို သာ့ဘက် လှည့်လာပြီး မျက်လုံးတွေ ပွင့်လာသည်။

"မောင် သတိရလား၊ အရမ်းနာနေလားဟင်"

"ညဏ်သာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"မြရိပ်ညိုကို အကြောင်းကြားပေးပါ"

မောင်ပြောမှ သူ အိမ်ကလူကြီးတွေကိုတောင် အကြောင်း မကြားရသေးတာ သတိရလာသည်။ အားလုံး စိတ်ပူနေကြတော့ ပဲ။ သူ တကယ် မေ့နေခဲ့၏။ မောင့်အတွက် စိုးရိမ်ပူပင်နေတ သူ့စိတ်တွေ တုန်လှုပ်ချောက်ချားနေပေမယ့် လူကြီးတွေဆီ ဖုန်း ဆက်ဖို့ မေ့လျော့နေခဲ့သည်။

"မောင် အခု အတွေ့ချင်ဆုံးက မြရိပ်ညိုပဲ၊ ဉာဏ်သာ အကြောင်းကြားပေးပါ၊ မောင် အသက်ဖြတ်ရမယ်၊ အရမ်း ကျင်နေလို့ မြရိပ်ညိုလာပါလို့"

ဉာဏ်သာကတော့ မောင့်ကိုကြည့်ပြီး စိတ်ထိခိုက်ကြေ ရသည်။ မောင် မသိလို့ပါ။ မြရိပ်ညိုကိုယ်တိုင်က မောင့် စိမ်းကားရက်စက်ချင်နေတာကိုလေ။ မောင်တမ်းတနေတာ မြရိပ် ပဲ။ သူ အကြောင်းကြားပေးရင်တောင် မြရိပ်ညိုက လာတွေ့ လား။ မြရိပ်ညိုအမေက မောင်နှင့်ခပ်ခွာခွာ နေခိုင်းနေသည်။

"ဉာဏ်သာ ဘာတွေကြောင်နေတာလဲဟ၊ မောင် ဘာ မဖြစ်ပါဘူး၊ နည်းနည်းတော့ နာတာပေါ့၊ ဒီလောက်တော့ မော သတ္တိရှိပါတယ် ယောက်ျားပဲဟာ ဖုန်းရော"



"ဟာ ... ကားထဲမှာ မေ့ကျန်ခဲ့တယ် မောင်၊ စိတ်တွေ ပြီး ဖုန်းကျန်ခဲ့တယ်"

"ဆေးခန်းက ဖုန်းနဲ့ပဲဆက်ဟာ၊ မြရိပ်ညိုကို မောင် အရမ်းတွေ့ချင်နေပြီ"

တော်တော်ဆိုးဝါးတဲ့ မောင်ပဲ။ အိမ်က လူကြီးတွေ စိတ် နေလားဟု လုံးဝ မတွေးပေ။ မြရိပ်ညိုကိုပဲ တွေ့ချင်ကြောင်း ထပ်ထပ် ပြောနေသည်။ ဉာဏ်သာလည်း ထူပူပြီး ဖုန်းမဆက် မိုးတောင်လင်းတော့မယ်။ မောင့်အခန်းထဲ မောင့်ကိုပြုစုမယ့် ပြုဆရာမလေး ရောက်လာ၍ လူကြီးတွေဆီ အကြောင်းကြား ထွက်လာသည်။ မောင့်အိမ်ကို ဖုန်းဆက်အကြောင်းကြားပြီး မေ့ဆီ ဖုန်းဆက်တော့ ဉာဏ်သာ့အသံကြားသည်နှင့် မေမေ သတွေ ပေါက်ကွဲတော့သည်။

"ဉာဏ်သာ မင်း တော်တော်မိုက်ရိုင်းတာပဲ၊ မေမေ့ကို ောင် မင်းက ဂရုမစိုက်ဘဲ အာခံချင်တာပေါ့လေ၊ ခင်မမမောင် အသက်ဖြတ်ရတယ် ဟုတ်လား၊ မင်းနဲ့ ဘာဆိုင်လဲ"

"မေမေ သားတောင်းပန်ပါတယ်ဗျာ၊ တကယ့်ကို မထင် ဘဲ ဖြစ်သွားရတာပါ၊ မမနွှာ မင်္ဂလာပွဲမှာ ပြဿနာတက်မှာ မောင့်ကို ခဏထိန်းထားပေးတာပါ၊ မမျှော်လင့်ဘဲ မောင်

www.burmeseclassic.com

www.burmeseclassic.com



ဓိုက်အောင်လာလို့ အထူးကုဆေးခန်းတစ်ခုမှာ ဝင်ပြီးပြတော့ အူ အတက်ရောင်တာတဲ့၊ ချက်ချင်း ခွဲစိတ်ရမယ်ဆိုလို့ ခွဲစိတ်လိုက်ရ တယ်''

''မေမေ''

''မင်း ပြန်လာခဲ့''

''လာခဲ့မှာပါ မေမေ၊ မောင့်အိမ်ကလူတွေ ရောက်ရင် ပြန်လာမှာပါ''

''မင်းနဲ့ ဘာမှမဆိုင်ဘူး ပြန်လာခဲ့၊ အခုချက်ချင်း ပြန်လာ နော်၊ မင်းကို သတိပြစ်ချင်လောက်အောင် မေမေ စိတ်တိုနေတာ မင်း အခုချက်ချင်း ပြန်လာခဲ့စမ်း''

''ဟုတ်ကဲ့ပါ မေမေ''

ဉာဏ်သာ စိတ်မဖြောင့်ပေမယ့် ပြဿနာတွေ အေးချမ်း သွားအောင် မေမေ့အမိန့်ကို လိုက်နာမှပဲ ဖြစ်တော့မည်။ မောင့် နေတဲ့ အခန်းပြန်လာခဲ့သည်။

''မောင် အိမ်ကိုအကြောင်းကြားပြီးပြီ၊ မကြာခင် ရောက် လာကြလိမ့်မယ်၊ ဉာဏ်သာလည်း ပြန်ဦးမယ်၊ မေမေ အရမ်း စိတ်ပူနေတယ်''

''အင်း ... ပြန်လေ၊ ကျေးဇူးပဲ ဉာဏ်သာ၊ မောင့်ရဲ့ အကောင်းဆုံး မိတ်ဆွေသူငယ်ချင်းအဖြစ် အသိအမှတ်ပြုပါတယ်၊ မြရိပ်ညှိဆီရော ဖုန်းဆက်ပြီးပြီလား၊ မောင့်ဆီ ချက်ချင်းလာမှာ လား''

''လာမှာပါ မောင်၊ ဖုန်းဆက်ထားပြီးပြီ ကိုယ်ကတော့ အိမ်မှဖြစ်မယ်၊ ညနေမှ ပြန်လာခဲ့မယ်''

''ဉာဏ်သာ မလာချင်နေပါ ရပါတယ်၊ ဒီလောက် အကူ အညီပေးနေတာ ဉာဏ်သာ အားမှာရှိနေလို့ ပြဿနာတွေ အေးချမ်း သွားတယ်''

''ကိုယ်သွားပြီ''

''ဉာဏ်သာ''

''ဟင်''

''မြရိပ်ညှိကို တွေ့ချင်တယ်၊ အရမ်းတွေ့ချင်နေလို့ပါ ဉာဏ်သာ၊ မောင့်အနားကို မြရိပ်ညှိ အမြန်ဆုံးလာခဲ့ပါလို့''

ဉာဏ်သာ ထွက်လာခဲ့သည်။ မောင့်ကို စိတ်မချ။ အိမ်က လူတွေ မရောက်လာသေး၍ မောင် စိတ်မြန်လက်မြန် မြရိပ်ညှို ဆီ ထွက်သွားမှာလည်း စိတ်ပူရ၏။ မောင့်အတွက် ဉာဏ်သာစိုးရိမ် ကြောင့်ကြမှုတွေနှင့် လူလောကကြီးထဲကနေ မောင့်လက်ကိုဆွဲပြီး ထွက်ပြေးချင်တယ်။ မေမေ့ဆီရောက်တော့ မေမေ့လက်ဝါးပြင်က



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာ့ပါးပေါ် ဖြန်းခနဲ ကျရောက်လာသည်။

"ဖြန်း"

"မေမေ"

"ဖြန်း"

"အား"

"တော်တော် အသုံးမကျတဲ့ကောင်ပဲ၊ အရက် မရှိလိုက်တာ၊ ခင်မမမောင်လို ဟာမျိုးလေးနဲ့ ဘယ်ကို လျှောက်သွားနေတာလဲ၊ ငါလို အမေတစ်ယောက်ရဲ့ စိတ်ပူပင်သောကတွေကို မင်းက မေ့ထားပစ်လိုက်တာပဲ....ကျေးဇူးကန်းတယ်"

"မဟုတ်ပါဘူးမေမေ ၊ သား မှားပါတယ်၊ တောင်းပန်ပါတယ် မေမေ၊ မင်္ဂလာပွဲပျက်မှာစိုးလို့ပါ၊ မောင့်ကို ခဏခွဲထားရင်းနဲ့ မမျှော်လင့်ဘဲ အူအတက်ရောင်ပြီး ခွဲစိတ်ရလို့ပါ"

"တိတ်စမ်း"

သားဉာဏ်သာ့ကို ခွင့်မလွှတ်နိုင်ဘူး၊ အရမ်းရှက်ဖို့ကောင်းတယ်။ ပတ်ဝန်းကျင်က သိပ်မသိသေးလို့ တော်သေးတာပေါ့။ သက်ဆိုင်ရာကိုတောင် တိုင်ပြီး ညတွင်းချင်းရှာမလို့ ပတ်ဝန်းကျင်မှာ အရှက်ရမှာစိုးလို့ပါ။ သားကို မိမိငယ်စဉ်လေးတည်းက ရိုက်ဖို့မပြောနှင့် လက်နှင့်ပင် မရွယ်ဖူးခဲ့။ ဉာဏ်သာအား ခွင့်မလွှတ်



နိုင်လောက်အောင် ဒေါသဖြစ်မိသည်။

"မင်း ထပ်ပြီး ခင်မမမောင်နဲ့ မပတ်သက်နဲ့၊ ထပ်ပြီး သွားစရာလည်း မလိုဘူး၊ မေမေက မိန်းကလေးပီသတဲ့ မိန်းကလေးဆိုပဲ ချွေးမတော်ချင်တာ"

"မေမေ မောင်နဲ့က သူငယ်ချင်းတွေပါ၊ မေမေထင်သလို ဖြစ်လာနိုင်ပါဘူး၊ မောင်ကလည်း သားအပေါ် ယောကျ်ားလေး သူငယ်ချင်းတစ်ယောက်လိုပဲ သတ်မှတ်တာပါ"

"မရဘူး၊ ယောကျ်ားလေးနဲ့ မိန်းကလေးပဲ အနီးစပ် ခံနိုင်ဘူး၊ မီးဆိုတာ လောင်စက မီးပွားလေးပဲဖြစ်ပါစေ ငြိမ်းသတ်ပစ်ရမှာပဲ"

ဉာဏ်သာ စိတ်ညစ်မိသည်။ သူ့အိပ်ခန်းထဲ ပြန်ဝင်လာခဲ့။ မောင် သက်သာရဲ့လား။ ဉာဏ်သာမရှိလို့ မဖြစ်ဘူး။ မောင်က စိတ်မြန်လက်မြန်နှင့် လုပ်ချင်တာတွေ လုပ်တတ်သည်။ ...တ မစားရသေးဘူး။ ဒရစ်သွင်းထားတာ မောင် စိတ်ရှည်ပါ့မလား။ မြရိပ်ညိုရော မောင့်ဆီသွားမှလား။ ရက်ရက်စက်စက်ကြီး ...တာ့ မစိမ်းပါနဲ့ မြရိပ်ညို။ မောင့်ရဲ့အချစ်တွေ သံယောဇဉ်တွေကို မြရိပ်ညို အသိဆုံးပါ။ မြရိပ်ညိုသာ တစ်ခုခုရက်စက်လိုက်ရင် ...ာင် သေမှာပဲ။ ဉာဏ်သာ နေလို့မရ။ မေမေရိုက်တဲ့ ပါးပြင်က

www.burmeseclassic.com



စပ်ဖျင်းနေသည်။ မေမေ တစ်ကြိမ်တစ်ခါမှပင် သူ့ကို မရိုက်နှက်ခဲ့ပေ။ လွတ်လပ်ခွင့်တွေ အပြည့်ပေးထားခဲ့တာပါ။ ဘဝတစ်လျှောက်လုံးမှာ သူ မေမေ့ကို စိတ်အပျက်ဆုံးက မောင်နဲ့မပတ်သက်ဖို့ တားဆီးပိတ်ပင်လာခြင်းပင်။ ဘဝတစ်လျှောက်လုံး မေမေက ဉာဏ်သာ့ကို ဆူပူရိုက်နှက်တာလည်း ပထမဆုံးပင်။ သူ့ပါးပြင်က ဖြူနုနေရာ မေမေ့လက်ဝါးရာက ထင်နေသည်။

"မောင် ဒုက္ခပါပဲကွာ၊ ဉာဏ်သာ့နှလုံးသားတွေက မောင့်ကိုပဲ အရမ်းတမ်းတနေတယ် ဘာလုပ်ရမလဲ၊ မေမေကလည်း မောင်နဲ့ လုံးဝမပတ်သက်ရဘူးတဲ့"

ဉာဏ်သာ တစ်ညလုံး အိပ်လို့မရဘူး။ ခုထိလည်း မအိပ်ချင်ပေ။ မောင့်အတွက် စိတ်ပူလွန်းလို့ သေတော့မယ်။ မေမေက မောင်နဲ့မပတ်သက်ရဘူးတဲ့။ ဉာဏ်သာ ရူးတော့မယ်ထင်တယ်။ ဉာဏ်သာ အိပ်ပျော်အောင် ကြိုးစားသည်။ ညနေစောင်းတော့ ဉာဏ်သာ လန့်နိုးလာ၏။ သူ သွားရမယ်။ မောင်မျှော်နေမလားပဲ။ သူလာမယ်လို့ ပြောခဲ့တယ်။ မေမေ အိမ်ထဲကပင် ထွက်ခွင့်မရှိတော့။ ဉာဏ်သာမျက်နှာမှာလည်း ဒဏ်ရာနှင့် မေမေရိုက်တာ မောင် သိလို့မဖြစ်ဘူး။ဉာဏ်သာ မျက်နှာထသစ် ရေချိုးတော့ ပါးကနာကျင်နေသည်။ သူ ရေချိုးပြီး



အပြင်ပြန်ထွက်လာတော့ မေမေက မြရိပ်ညိုတို့သားအမိ လာတယ်တဲ့။ သူ ဝမ်းသာသွားရသည်။ အဝတ်အစားလဲပြီး အောက်ထပ်ဆင်းလာတော့ အန်တီညိုနှင့် မြရိပ်ညို ထိုင်နေ၏။ မေမေလည်း ရှိသည်။

"ဉာဏ်သာ လာထိုင်ကွယ်၊ မင်းမေမေက ရိုက်တယ်ဆို၊ ဖြူဖြူ ဘာဖြစ်လို့ရိုက်တာလဲလို့ အန်တီညို ဆူနေတာ"

မြရိပ်ညို ဆေးခန်းကိုရော သွားရဲ့လား။ မောင် မျှော်နေမှာပဲ။ ခွဲစိတ်ခန်းက ထွက်ပြီး အမြင်ချင်ဆုံးက မြရိပ်ညိုပဲလေ။ သူ့ကို အရေးတယူ လာလုပ်နေတာ ဉာဏ်သာ မကြိုက်ပေ။ ဘာတယ်ဆို မောင်က ရောဂါဝေဒနာတွေ ခံစားနေရရှာတာပဲ။ တစ်နေ့လုံး တရင်းတနှီးနှင့် ခင်ခင်မင်မင် နေထိုင်လာခဲ့ကြတာ။ အကောင်းမေး သွားကြည့်သင့်သည်ဟု ထင်သည်။

"သူတို့တွေ အိမ်ကလူကြီးတွေကိုတော့ လှမ်းအကြောင်းကြားသင့်တယ် မဟုတ်လား ညို၊ ဒီလို မိဘကို အရေးတယူမရှိဘဲ ထိမ်မြင်လုပ်တာ ဖြူဖြူ ခွင့်မလွှတ်ဘူး၊ တစ်ယောက်တည်းရှိတာဘူး တစ်ဖွဲ့ပဲရှိရှိ ဒီနေ့ကစပြီး ခင်မမမောင်နဲ့ ပတ်သက်စရာအကြောင်းမရှိတော့ဘူး။ တင်းကြပ်တဲ့ စည်းကမ်း တစ်ခုပဲ"

"မောင့်ကို ခင်မမမောင်အဖြစ် ပြောင်းလဲပြစ်သင့်ပြီလို့

www.burmeseclassic.com



ညိုပြောပစ်လိုက်တယ်၊ ခင်မမမောင့် ကောင်းစားရေးပါ၊ ဒီလိုကြီး သွားနေရင် အဲဒီကောင်မလေး ဒုက္ခရောက်လိမ့်မယ်''

''ခင်ကိုက မှားတာ၊ သားရှူး ရှူးစရာလား၊ ခင်မမမောင် က စိတ်တွေကပါ ကြမ်းတမ်းပြီး ယောကျ်ားလေးအစစ်တစ်ယောက် ထက်ပိုပြီး သောင်းကျန်းလာတယ်''

မောင့်အကြောင်း မကောင်းတာတွေပြောတာ ဉာဏ်သာ နားမထောင်ချင်ပေ။ အစက လက်ခံနေကြပြီး ရုတ်တရက်ကြီး ဘာဖြစ်လို့ ပြောင်းလဲပစ်ချင်ရတာလဲ။ မတရားကြတာဟု ထင်သည်။ မြရိပ်ညို နင်ကရော ဘာဖြစ်လို့ ငြိမ်နေရတာလဲ။ လူကြီးတွေစကားကို ထောက်ခံနေတာလား။ မောင်က မြရိပ်ညို အတွက်ဆို အနစ်နာခံ စောင့်ရှောက်ပေးပြီး သံယောဇဉ်ကြီးလွန်း ၏။ ဉာဏ်သာ ထထွက်သွားချင်သည်။

''မြရိပ်ညို ခြံထဲခဏဆင်းရအောင် ကိုယ် အိပ်ချင် မူးတူး ကြီးဖြစ်ပြီး မလန်းဆန်းလို့''

''အင်း ... ဆင်းလေ''

ဉာဏ်သာ ဒီနေရာက ရှောက်ထွက်သွားဖို့က မြရိပ်ညို ပါမှ ဖြစ်မည်မို့ မြရိပ်ညိုကိုပါ ခေါ်လိုက်ရသည်။

□ □ □

## အခန်း (၁၂)

''မြရိပ်ညို''

''ဟင်''

''မောင့်ဆီ မသွားဘူးလားဟာ၊ မောင်အတွေ့ချင်ဆုံးက မြရိပ်ညိုပဲ၊ အရမ်းဘာမ်းတနေတာဟ သွားလိုက်ပါ''

''မာမီက မသွားရတော့ဘူးတဲ့၊ ရှုပ်ရှုပ်ယှက်ယှက်တဲ့ [illegible]ထင်းကင်းနေလိုက်တဲ့၊ ဒါမှ သံယောဇဉ်ပြတ်မှာတဲ့''

''မြရိပ်ညိုရော နေနိုင်တာပဲလား၊ ငယ်ငယ်လေးတည်း [illegible]တွဲလာတဲ့ သံယောဇဉ်တွေ ရုတ်တရက် ပြတ်တောက်ပြစ်တော့ [illegible]လား''

''ဟင်''

www.burmeseclassic.com



ဉာဏ်သာက မောင့်ဘက်ကနေ ရပ်တည်နေတာပါလား။ မြရိပ်ညိုလည်း မောင့်ကို သံယောဇဉ်တွယ်ခဲ့ရပေမယ့် မောင့်ဘက်က စိတ်တွေပြောင်းလာတော့ ချစ်သူအဆင့်အထိတော့ လက်မခံနိုင်ဘဲ ဖြစ်နေသည်။ တဖြည်းဖြည်း မောင့်ကို ကြောက်လာခဲ့၏။ မောင် ဝမ်းကွဲတွေလည်း မောင့်ကို ထိုးကြိတ် ရိုက်နှက်ချင်နေကြသည်။ ရှက်စရာ သိက္ခာကျစရာဟု ထင်နေကြသဖြင့် မောင်နှင့် မတွဲစေချင်ကြ။ မြရိပ်ညိုကိုယ်တိုင် ဉာဏ်သာကို ချစ်နေမိသည်။

"ဉာဏ်သာတို့နှစ်ယောက် အခုပဲ ဆေးခန်းသွားကြမလား မြရိပ်ညို"

"လူကြီးတွေက..."

"မြရိပ်ညိုတောင်းဆိုပါ ဉာဏ်သာနဲ့သွားမယ်လို့"

"ဉာဏ်သာ့ပါးမှာ ဒဏ်ရာကြီးနဲ့ မောင် မေးရင် ဘယ်လိုဖြေမလဲ"

"ဟုတ်တော့ ဟုတ်တယ်၊ ဉာဏ်သာ မလိုက်တော့ဘူး မြရိပ်ညို သွားပါ၊ မောင့်ကို အားပေးလိုက်ပါ၊ အခု ခွဲစိတ်ထားတယ်လေ၊ မြရိပ်ညို သွားပြီး အားပေးသင့်တယ်၊ တစ်လလောက်ပဲ မောင့်ကို ဂရုစိုက်ပေးပါ၊ ဝေဒနာတွေ သက်သာသွားရင် မြရိပ်ညိုသဘော ဆန္ဒအတိုင်းပဲ ဆုံးဖြတ်ပါ"





ဉာဏ်သာက တရားနည်းလမ်းကျစွာ တောင်းဆိုတော့သည်။ မြရိပ်ညို ငြင်းပယ်ရခက်နေသည်။ ဉာဏ်သာ အလိုဆန္ဒတွေအတိုင်းလည်း မြရိပ်ညို ဖြည့်ဆည်းပေးလိုနေ၏။ ဉာဏ်သာက မြရိပ်ညိုနှင့် လက်ထပ်ရန် ငြင်းပယ်လိုက်မှာ မြရိပ်ညို ကြောက်နေသည်။

"မင်းအတွက် ခက်နေရင်လည်း မင်းမာမီကို ကိုယ်က တောင်းဆိုတာပါလို့ ပြောပါ၊ ကိုယ် လူကြီးတွေ စီစဉ်တာကို ငြင်းပါဘူးလို့၊ မောင် နေကောင်းလာတဲ့အထိပဲ မောင် ကျေနပ်အောင် မြရိပ်ညို ဂရုစိုက်ပေးလိုက်ပါနော်"

"မာမီကို ဉာဏ်သာပြောတဲ့အတိုင်း ပြောရမှာလား"

"အင်း"

"မာမီ့ကို ပြောကြည့်မယ် ဉာဏ်သာ့ဆန္ဒကို မြရိပ်ညို ဖြည့်ဆည်းပေးပါ့မယ်၊ ဉာဏ်သာ့စိတ်တွေ သိပ်မပူပါနဲ့၊ ဒီကပြန်ရင် မောင့်ကို သွားကြည့်ပါ့မယ်"

ဉာဏ်သာ့ဆန္ဒတွေဖြည့်ဆည်းပေးမှာတဲ့လား မြရိပ်ညို။ မောင့်အပေါ် မလွဲရှောင်သာလို့ ဆက်ဆံနေရပေမယ့် ခပ်စိမ်းစိမ်း အသံနှင့် စကားအဓိပ္ပာယ်ကိုပြောတဲ့သူက မောင် သံယောဇဉ်ကြီးစွာ ချစ်ရတဲ့ မြရိပ်ညိုဆီက ဖြစ်နေတာ ဉာဏ်သာ စီစဉ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။မြရိပ်ညို မင်းက ဥဏ်သာ့ကို ချစ်နေတာလား။ မောင် ပိုင်ဆိုင်လိုတဲ့ အချစ်ကြီးချစ်ရတဲ့ မြရိပ်ညိုကို ဥဏ်သာ ဘယ်တော့ မှ အရမယူဘူး။ အဲဒီလောက်အထိ မောင့်အပေါ် ဥဏ်သာ မရက် စက်နိုင်ဘူး။ ဒီသတင်းသာကြားရင် မောင် ဘာဖြစ်သွားမယ်ထင်လဲ ရူးသွားနိုင်တယ်။ သေသွားနိုင်တယ် ကွ။ ဥဏ်သာ့ဆန္ဒက မောင် ပျော်ရွှင်ချမ်းမြေ့ကျေနပ်ဖို့ပဲ ဖြစ်သည်။

"ဥဏ်သာ စိတ်အေးအေးထားပါ၊ မြရိပ်ညို သွားတွေ့ မယ်၊ မောင် နေကောင်းသွားတဲ့အထိပဲနော်၊ မာမီ့ကို ဥဏ်သာ့ဆန္ဒ တွေကို ပြောပြမယ် လက်ခံမှာပါ"

"အိုကေ"

ဥဏ်သာ မျက်နှာပေါ်မှာ သိသိသာသာကြီး ကျေနပ် ပီတိတွေဖြာဝေပြီး ဝင်းလက်တောက်ပသွားသည်။ မြရိပ်ညို အသက်ရှူရတာပင် မွန်းကြပ်သွားရ၏၊ ဥဏ်သာရဲ့ သံယောဇဉ် တွေက ကြောက်စရာကောင်းလောက်အောင် တွယ်ငြိနေတာပါလား မောင်က မိန်းကလေးဆိုတာ ဥဏ်သာ သိပါလျက်နှင့် မောင့် မောင်ဖြစ်နေတာ ဥဏ်သာအဖြစ်သည်းနေတာ ရိုးသားမှုမှ ရှိရဲ့ မလား။ ဥဏ်သာရဲ့ မသိစိတ်မှာပဲ မောင့်ကိုချစ်နေတာလား ဟင် မြရိပ်ညို စိတ်ပူသွားရသည်။ ဥဏ်သာနဲ့ အမြန်ဆုံး ဈေးစပ်ပြီး



မောင် မာမီ့ကို ပြောရမယ်။ မြရိပညိုက ဥဏ်သာ့ဆန္ဒအတိုင်း မောင့်ကို ဂရုစိုက်ပေးခဲ့ရင် ဥဏ်သာ့ဘက်က နေ မြရိပ်ညို့ကို ကတိထပ်ပါ့မယ်ဆိုတဲ့ ကတိ တည်ရတော့မည် ဖြစ်သည်။ မြရိပ် ညို အိမ်ပြန်လာတော့ ဥဏ်သာ့တောင်းဆိုမှုတွေကို မာမီ့ကို ပြော လိုက်၏။ မာမီက အလေးအနက်စဉ်းစားကာ လက်ခံသည်။

"ကောင်းပြီလေ ... ဥဏ်သာက ဒီလို တောင်းဆို တော့ မာမီတို့ကလည်း သဘောထားကြီးကြောင်း ပြရမှာ သမီး လေးလေးကျော်ကလည်း မောင့်အစ်မနဲ့ အကြောင်းပါနေ ရတာ ရုတ်တရက် အဆက်ဖြတ်လို့လည်း မဖြစ်သေးဘူး မဟုတ် လား"

"မြရိပ်ညို မောင့်ကို သွားတွေ့မယ် မာမီ"

"သမီး မြရိပ်ညိုဘက်ကနေ မောင့်အပေါ် ဆက်ဆံရေး သူငယ်ချင်း အဆက်အဆံထက် မပိုဘူးဆိုရင် မာမီ စိတ်ချ ပါတယ်"

"ဟာ ... မာမီကလည်း မောင့် မိန်းကလေးပဲဟာ၊ မြရိပ်ညိုက မောင့်ကို ကြောက်နေတာ မာမီက မောင့်လက်ထဲ ထည့်ပေးလို့သာ၊ တစ်ခါတလေ မောင် အရမ်းပြဿနာရှာလို့ မြရိပ် ညို စိတ်ရှုပ်လွန်းပြီး သေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း သွားတွေ့လိုက်၊ အလိုက်အထိုက်တော့ နေပြရမယ်လေ၊ နန္ဒာက ရှိသေးတယ်၊ နောက်မှ မာမီ မောင့်အစ် နန္ဒာကို နားလည်အောင် ပြောပြပြီး သမီးရဲ့ ဘ၀ရေ့ရေး စီစဉ် မယ်လေ"

ဖြူပြာ့ကိုလည်း အလောတကြီး မတင်းကြပ်ဖို့ ပြောခဲ့ သည်။ ဖြူပြာက သားအတွက် ပိုပြီး စိတ်ပူနေ၏။ ယောကျ် တစ်ပိုင်း မိန်းမတစ်ပိုင်းကို ချွေးမတော်ရမှာ ရှက်နေရှာသည် ဖြစ်သင့်တာပဲ။ ယောက်မဖြစ်သူ ခင်နန္ဒာမောင်လည်းရှိသေးတော စိမ်းစိမ်းကားကားကြီး မလုပ်သင့်။ ဥဏ်သာက တောင်းဆို သဖြင့် ဒေါ်သော်တာညို ခွင့်ပြုလိုက်သည်။

"မောင်နဲ့တွဲရတာ မြရိပ်ညိုလည်း တဖြည်းဖြည်း စိ မလုံဘူး မာမီ ရှက်လာပြီ"

မောင်က ချစ်သူတစ်ယောက်လို သတ်မှတ်ပြီး မြရိပ်ည အား ဘယ်သူမှ စေ့စေ့ကြည့်တာပင် မကြိုက်တော့ ရန်ဖြ ထိုးကြိတ်တဲ့ အဆင့်ဖြစ်လာသည်။ မြရိပ်ညိုရဲ့ မောင်ဝမ်းကွဲတေ တွေကိုပင် ထိုးကြိတ်ရန်လုပ်လာနေ၏။ မြရိပ်ညို သံယော မရှိတာတော့ မဟုတ်ပါဘူး ဥဏ်သာ့ကို ချစ်မိသွားလို့ပါ။ မော ကြောင့် သူစိမ်းယောကျ်ားလေးတွေနဲ့ ပတ်သက်ရင်းနှီးခွင့်မရှိခဲ့



မြရိပ်ညို နှလုံးသားတွေပဲ နူးညံ့ပျော့ပျောင်းနေတာလား။ ယောကျ်ား လေးအတွေ့အကြုံ မရှိလို့လားပဲ မောင်က ဥဏ်သာ့ကို ခေါ်လာပြီး မြရိပ်ညိုနှင့် ခင်မင်အောင် မိတ်ဆက်ပေးသောနေ့မှာပင် မြရိပ်ညို ဥဏ်သာ့အား သူမနှလုံးသားအိမ်ထဲသို့ တိုးဝင်ရူးနစ်စွာ ချစ်မိ သွားရသည်။

"ဒီနေ့တော့ မာမီလည်း လိုက်ကြည့်မှဖြစ်မယ် သမီး၊ နောက်နေ့မှ သမီးတစ်ယောက်တည်း သွား၊ မောင်လေးကြောင့် မာမီလည်း လူကြီးပီပီသသ လိုက်ကြည့်ရမယ်"

စောစောကတော့ မာမီက မောင့်ကို ခပ်စိမ်းစိမ်းပဲ ဖြတ် သလိုက်တဲ့။ မြရိပ်ညိုကတော့ မောင်နှင့်တွေ့ရမှာ ကြောက်နေခဲ့ သည်။ မတွေ့ချင်ဘူး။ ခင်မမမောင်နဲ့ မြရိပ်ညိုတို့ ရိုးရိုးသားသား ချမ်းခင်မင်တဲ့ သူငယ်ချင်းမဆိုရင် ဘယ်လောက်ကောင်းမလဲ။ မောင်က မြရိပ်ညိုကို ချစ်သူလို သဘောထားပြီး လက်ထပ်ချင်တဲ့ ဆ ဆန္ဒရှိနေတာ မြရိပ်ညို သိလာ၍လည်း မုန်းတီးမိသလိုကြီး ဖြစ်လာရ၏။ မာမီနှင့် အတူ မောင် တက်ရောက်ခွဲစိတ်ကုသနေ ဆေးခန်းကို ရောက်လာကြသည်။

□ □ □





www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

"မြရိပ်ညို မင်း ဘာဖြစ်လို့ ခုမှ လာတာလဲကွာ၊ ဉာဏ်သာ မပြောဘူးလား အမြန်ဆုံးလွှတ်လိုက်ပါလို့"

"အင်း …ပြောပါတယ် မောင်၊ မြရိပ်ညိုက ခရီးလွန်နေလို့ပါ၊ ဘယ်လိုဖြစ်တာလည်း မောင်ရယ်၊ အနားမှာ ဉာဏ်သာ ရှိနေလို့ပေါ့"

"ဉာဏ်သာလည်း ညနေကျမှလာမယ်ဆိုပြီး ဘာဖြစ်လို့ လာတာလဲ၊ ဒီကောင် အိပ်ရေးတွေပျက်လို့ အိပ်ပြီထင်တယ်"

"ဟုတ်တယ် မောင် ၊ ဉာဏ်သာ အိပ်နေတယ်"

"ဉာဏ်သာ့ကြောင့် မောင် အချိန်မီ ဆေးခန်းရောက်တာ မြရိပ်ညို အခုမှလာတာ လည်းကောင်းပါတယ်၊ မနက်တုန်း

www.burmeseclassic.com

www.burmeseclassic.com



က ဆေးအရှိန်နဲ့ မှုးပြီးမှိန်းနေတာ၊ ဘယ်သူ့မှတောင် စကားမပြောနိုင်ဘူး''

မြရိပ်ညို လက်လေးကို အင်အားတွေမဲ့နေသည့်ကြား မောင် ဆုပ်ကိုင်ထားသည်။ အစာက မစားရသေးပေ။ ပိုက်မှ အားဆေးတွေ သွင်းပေးနေ၏။ မြရိပ်ညို မျက်နှာလေးကို မြင်ရတော့ မောင် ကျေနပ်ပျော်ရွှင်သွားသည်။

''မြရိပ်ညို ဒီညတော့ လူနာစောင့်ပေးရမယ်နော်၊ ဒါမှ မောင် အားရှိမှာ''

''အင်း''

ဉာဏ်သာ့ကို မြရိပ်ညို ကတိပေးထားပြီးပြီ မဟုတ်လား မောင် ကျန်းမာလာတဲ့အထိ ဂရုစိုက်ပေးဖို့လေ။ ဒါဆို ဉာဏ်သာ လူကြီးတွေ စီစဉ်တာ လက်ခံမယ်တဲ့။ ဉာဏ်သာက မောင့်ကြောင့် ဒီလိုကတိကို ပေးခဲ့ပေမယ့် မြရိပ်ညို ကျေနပ်မိသည်။ ဉာဏ်သာ လက်ထပ်ခွင့်ကို ဘယ်လိုနည်းနဲ့မဆို ရချင်နေ၏။ မာမီကလည်း မမနန္ဒာတို့ရှေ့မှာ သဘောကောင်းချင်ယောင်ဆောင် လိုက်ပြီး သမီး နေပေးလိုက်ပါတဲ့။ မောင် ဆေးရုံက မဆင်းမချင်း စောင့် ပေးလိုက်လေတဲ့။ လေးလေးကျော်ရော မမနန္ဒာကရော ကျေးဇူး တင်နေကြသည်။



''ကျေးဇူးတင်ပါတယ် အန်တီရယ်၊ မောင်က မြရိပ်ညို ကိုပဲ တမ်းတနေတာလေ''

''ငယ်သူငယ်ချင်းတွေပဲကွယ် နေထိုင်မကောင်းတဲ့အချိန် မှာ လုပ်ပေးရမယ်လေ''

သန္တာကတော့ ဒီမိန်းမကြီး သဘောကောင်းချင် ယောင် ဆောင်နေတာဟုပဲ ထင်နေမိသည်။ ဘာပဲဖြစ်ဖြစ် မောင် ဝေဒနာခံ စားနေရတဲ့ အချိန်မှာ မြရိပ်ညို ဘယ်လိုပုံစံနဲ့ရှိရှိ ဖြစ်တာပါပဲ။ မောင် နေကောင်းလာမှ ခင်မမမောင်ဘဝကို ပြောင်းပြစ်မယ်။ မောင်က မြရိပ်ညိုထက်တောင် ချောသေးတယ်။ ဉာဏ်သာထက် သာတဲ့ ယောက်ျားတစ်ယောက်နဲ့ကို ပေးစားမယ်။ ညီမအတွက် တွေးပြီး အစ်မလတ် သန္တာ စိတ်ထဲက ကြိမ်းဝါးနေမိသည်။

''အန်တီတို့ ပြန်တော့မယ်နော် မောင်၊ မြရိပ်ညိုကို ထားခဲ့ မယ်၊ နေကောင်းအောင်နေနော်''

''ဟုတ်ကဲ့ .. အရမ်းကျေးဇူးတင်တယ်ဗျာ''

''အေး ..အေး''

အန်တီညိုပြန်သွားတော့ မောင်က အားလုံးပြန်ကြတော့တဲ့။ လူနာစောင့်ပေးမယ်ဆိုတာတောင် မရ။ မြရိပ်ညိုနဲ့ပဲ နေချင်တာ ... ဉာဏ်သာနဲ့ လက်ထပ်ပေးတော့မှာသာ မောင်သိသွားရင်။

www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း မောင့်ဆန္ဒအတိုင်း နေပါစေတဲ့။ သားရူး ရူးခဲ့တဲ့ မေမေ တစ်ညလုံး ငိုယိုထား၍ မျက်နှာက သိသိသာသာ အစ်ထ နေသည်။

"မေမေတို့ ပြန်မယ်နော်၊ မောင် ငြိမ်ငြိမ်သက်သက်လေးနဲ့ ဆရာဝန်၊ ဆရာမတွေပြောတဲ့အတိုင်း နေနော်၊ သား တစ်ညလုံး ပျောက်နေလို့ မေမေဖြင့် စိတ်ပူပြီး ရူးမတတ်ပဲ၊ သမီး မြရိပ်ညိုကို လည်း ကျေးဇူးတင်ပါတယ်ကွယ်၊ အရေးကြီးရင် ဖုန်းဆက်နော် ဆရာမရှိနေတာပဲ သမီး အရမ်းအပင်ပန်းမခံနဲ့ သိလား"

"ဟုတ်ကဲ့ မောင့်ကို စိတ်ချပါ၊ အန်တီခင် မြရိပ်ညိုသာ အနားမှာရှိရင် မောင်က အိုကေနေပါပြီနော် မောင်"

"ဟုတ်တယ် မေမေ၊ သွားကြပါတော့ဗျာ... အရေးကြီး တာက မြရိပ်ညို မောင့်အနားမှာ ရှိဖို့ပဲ"

မောင် အရမ်းပျော်နေသည်။ ခွဲစိတ်ထားတဲ့ ဝေဒနာကိုပင် မေ့ချင်နေ၏။ မြရိပ်ညိုကို အရမ်းပဲတွေ့ချင်နေတာ။ အရမ်းလွမ်းနေ သလိုပင် မြရိပ်ညိုရဲ့မျက်နှာလေးကို မမြင်မတွေ့ရတာ နည်းနည်း လေးကြာသွားလျှင်ပင် မောင် မနေတတ် မထိုင်တတ်သလို ဖြစ်နေ သည်။ သူနာပြုဆရာမကိုလည်း ထွက်ပေးဖို့ ညစာစားပြီး အေးအေး ဆေးဆေးမှလာရန် မောင်ပြောလိုက်သဖြင့် သူနာပြုဆရာမလေး



ပြုံးစစနှင့် ပြန်ထွက်သွား၏။ မောင်က မြရိပ်ညိုအား ရူးရူး စိုက်စိုက်လေး ကြည့်နေမိသည်။

"မြရိပ်ညို"

"ဟင် ..."

"အခုတလော မောင့်စိတ်ထဲမှာ မြရိပ်ညိုက စိမ်းသွား သလိုပဲကွာ၊ လူကြီးတွေကလည်း ခပ်စိမ်းစိမ်း အမူအရာတွေ ပြောင်း သွားလားလို့ မောင် အရမ်းစိတ်ပူတယ် သိလား"

"မပြောင်းလဲပါဘူး မောင်၊ မြရိပ်ညိုတို့က အချစ်ဆုံး သူငယ်ချင်းတွေပဲဟာ၊ လေးလေးကျော် မင်္ဂလာပွဲကြောင့်ရော၊ မောင်နဲ့ ဉာဏ်သာ ပျောက်သွားလို့ စိတ်မောကြရတာရော ပင်ပန်း သွားလို့ပါ"

"ဉာဏ်သာ ဒီကောင်လေ မောင့်ကို မြို့ပြင်အထိ ခေါ် သွားတာ ညစာစားပွဲမှာ ပြဿနာရှာမှာစိုးလို့တဲ့၊ အခုတလော မြရိပ်ညိုကို စိတ်မချဖြစ်ပြီး အစားမမှန်တော့ အူအတက်ရောင်တာ ဆင်တယ်"

"အင်း"

"မြရိပ်ညို"

"ဟင်"

www.burmeseclassic.com



"မောင့်ကို ချစ်လားကွာ"

"အင်း"

"သူငယ်ချင်းလိုလား"

"အင်းလေ"

"ဟာကွာ မရဘူး၊ မောင်က မင်းရဲ့ ချစ်သူပဲ၊ မောင်က မြရိပ်ညိုကို နိုးပြေးပြီး လက်ထပ်ချင်တယ်"

မောင့်စကားကြောင့် မြရိပ်ညို အထိတ်တလန့်ဖြစ်သွားရသည်။ ထိုင်နေရာကထပြီး ထွက်ပြေးလိုက်ချင်တဲ့ ဆန္ဒကို သူက ဝေဒနာနဲ့ပဲ မြရိပ်ညိုကို တကယ်တမ်း လက်ဆွဲပြီး ထသွားနိုင်တာမှ မဟုတ်တာပဲဟု ပြန်တွေးပြီး ထိုင်နေရ၏။ မောင့်အကြံအစည်တွေက ကြောက်စရာကောင်းလိုက်တာ။ အမေလေး မြရိပ်ညိုကို အတင်းအကြပ် ကားတင်ပြေးရင် ဘယ်လောက်ရှက်စရာ ကောင်းလိုက်မလဲ။ မောင်ကတော့ သူ့ကိုယ်သူ မိန်းကလေးတစ်ယောက် ပါလားဟု နည်းနည်းလေးမှ တွေးမိပုံမပေါ်ပေ။ ယောကျ်ားလေးတစ်ယောက်ထက်ပင် ကြမ်းတမ်းမာကျောနေတာပဲ။ မြရိပ်ညို စိတ်ပျက်မိသည်။

"မောင် နေကောင်းသွားရင် မြရိပ်ညိုတို့ လုံးဝ မခွဲတော့ဘူး။ သတို့သမီး အခုလုပ်တုန်းက ဉာဏ်သာနဲ့တွဲတာတောင် အော





အရှမ်းခံစားရတာ။ တခြားကောင်နဲ့သာဆို စားခုတ်ပွဲပဲ"

"အိပ်လိုက်ပါတော့ မောင်ရာ၊ အနားယူသင့်ပြီ ဒါမှ အားပြည့်မှာလေ"

"မအိပ်ပါဘူး၊ ဘာဖြစ်လို့ အိပ်ရမှာလဲကွာ၊ မောင့်အနားမှာ မြရိပ်ညို တစ်ညလုံးရှိနေတဲ့ အရသာလေး ခံစားရမယ်"

မောင် တစ်ညလုံး စကားပြောနေသဖြင့် သူနာပြုဆရာမလေးက အိပ်ဆေးထိုးပေးရသည်။ မောင် အိပ်ပျော်သွားမှ မြရိပ်ညိုလည်း စိတ်သက်သာရာ ရသွားတော့၏။ အိပ်တော့မည် ပြင်ကာမှ တံခါးက ကျွီခနဲ ပွင့်သွားပြီး အခန်းထဲ ဝင်လာသူက ဉာဏ်သာဖြစ်နေ၍ မြရိပ်ညို အံ့သြသွားရသည်။

"ဉာဏ်သာ"

"မောင့်ကို စိတ်ပူလို့ ကိုယ်လာကြည့်တာပါ"

"ဒီအချိန်ကြီးကျ မောင့်ကို အိပ်ဆေးထိုးပေးထားတယ်၊ အခုပဲ အိပ်ပျော်သွားတာ ဉာဏ်သာ"

ဉာဏ်သာ မောင့်ကို စိတ်မချ၍ မေမေမသိအောင် ခိုးထွက်လာခဲ့တာပါ။ မြရိပ်ညိုစောင့်ပေးနေ၍ မောင့်အတွက် ဉာဏ်သာ စိတ်အေးသွားရသည်။ မောင်က နှစ်ခြိုက်စွာ အိပ်နေ၏။ မျက်နှာလေးကို ထိကပ်ထားသဖြင့် မျက်တောင်ကော့ကော့လေးတွေ ညွတ်



www.burmeseclassic.com

www.burmeseclassic.com



အိစင်နေ၍ မောင့်မျက်နှာလေးသည် မိန်းကလေးတစ်ယောက်အဖြစ် အပြစ်ကင်းစွာ အိပ်စက်နေသည်။ မင်းကို ဉာဏ်သာ အကူအညီတွေ ပျော်ရွှင်မှုတွေ ပေးချင်တယ်။ လူကြီးတွေက တားဆီးနေကြတယ်။ ဉာဏ်သာ ဘယ်လိုမှ နေလို့မရဘူး မောင်ရာ။ ဉာဏ်သာ့ပါးပြင်မှာ မေမေ့လက်ဝါးရာက ခပ်ရေးရေးရှိနေသေး၏။ မေမေကလည်း မလျှော့။ ခင်မမမောင်နဲ့ ပတ်သက်ရင် မင်းကို သားအဖြစ်ကနေ စွန့်လွှတ်မယ်တဲ့ ပြင်းထန်လွန်းသည်။

"ဉာဏ်သာ"

"ဟင်"

"နိုးထွက်လာတာလား"

"အင်း"

"အန်တီဖြူပြာသိသွားရင် ဘယ်လိုလုပ်မလဲဟင်"

"အခုချိန်မှာ မောင်က အရေးကြီးတယ်လေ၊ သူငယ်ချင်းဆေးရုံတက်နေတာ ကိုယ်သွားကြည့်သင့်တာပဲ၊ ကိုယ် ဖြေရှင်းမယ် ဖြစ်သမျှ ကိုယ်ခံယူမယ် မြရိပ်ညို"

ဉာဏ်သာရဲ့ သံယောဇဉ်တွေက ခိုင်မာလွန်းတဲ့ကြိုးတစ်ချောင်း ချည်နှောင်ထားတာထက်ပင် ခိုင်မြဲနေကြောင်း မြရိပ်ညို စိတ်ပူပင်စွာ သိလိုက်သည်။ မောင့်ကို ဉာဏ်သာ ချစ်နေပြီလား။ တင်းကြပ်နေတဲ့ မိခင်ကိုပင် စည်းကမ်းအလွယ်တကူ ချိုးဖောက်



နိုင်တဲ့ ဉာဏ်သာ။ မောင့်ကို စူးစိုက်ကြည့်နေတဲ့ ဉာဏ်သာ့မျက်ဝန်းတွေထဲမှာ အကြင်နာရိပ်တွေ ပြည့်လျှံနေသည်။

"မောင့်ကို ဂရုစိုက်ပေးပါ မြရိပ်ညို၊ ဝေဒနာတွေ ခံစားနေရတယ်၊ မြရိပ်ညိုကို အရမ်းချစ်တဲ့သူလေ"

"ဉာဏ်သာ"

"ဟင်"

"မြရိပ်ညိုက မောင့်ကိုလာပြီး ဂရုစိုက်ပေးတာက ဉာဏ်သာ့ ကြောင့်ပါ၊ မြရိပ်ညိုဘက်က ဉာဏ်သာစဉ်းစားပေးပါလားဟင်၊ နည်းနည်းလေးပဲ စဉ်းစားပေးလေ၊ မောင်က မြရိပ်ညိုကို နိုးပြေးပြီး လက်ထပ်ပေါင်းသင်းချင်တာ သဘာဝကျလို့လား၊ မြရိပ်ညို အဲဒီလိုမျိုး မဖြစ်ချင်ဘူး"

ဉာဏ်သာက မောင့်ဘက်ကပဲ စဉ်းစားပေးနေ၍ မြရိပ်ညို နာကျင်ကြေကွဲစွာ ငိုပစ်ချင်လာသည်။ ဉာဏ်သာ ဘာဖြစ်နေတာလဲ။ မောင့်ကို ချစ်နေတာလား။ ဉာဏ်သာနှင့် မောင် မြရိပ်ညို သော်ပင် တွဲဖြစ်နေကြ၏။ သံယောဇဉ်က ပိုမိုခိုင်မြဲနေမှာပါ။ ဉာဏ်သာက မောင့်ကို ဂရုစိုက်ပေးရင် မြရိပ်ညိုနဲ့လူကြီးတွေ စီစဉ်ထားတဲ့ကိစ္စ လက်ခံမယ်ဟု ပြောတဲ့စကားအတွက် မျှော်လင့်ချက်က သေးသေးလေးပဲ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်ညို"

"ဟင်"

"တစ်လလောက်ပါပဲ၊ မောင်က ခွဲစိတ်ထားတယ်လေ၊ မောင် ဒေါသတကြီး ပြုမူရင် ချုပ်ရိုးက ပြဿနာရှိနိုင်တယ်၊ ဂရုစိုက်ပေးပါ မြရိပ်ညိုရာ တောင်းပန်ပါတယ်၊ မောင်က မြရိပ်ညိုကို နိုးမပြေးစေရပါလူး၊ ဉာဏ်သာ တာဝန်ယူပါတယ်"

"ဉာဏ်သာ့ကြောင့်ပဲနော်၊ မိန်းကလေးအချင်းချင်း ချစ်သူအဖြစ်ဆက်ဆံရမှာ မြရိပ်ညို အရမ်းရှက်တာပဲ"

အစောကြီးထဲက မောင်နှင့်မြရိပ်ညို မတွဲချင်ဘူးဆိုတာ ဉာဏ်သာလည်း သိနေသည်။ လူကြီးတွေကြောင့်ပါ မြရိပ်ညို လုံခြုံမှုအတွက် မြရိပ်ညိုမာမီက မောင့်ဆီမှာ အပ်ခဲ့သည်။

"ဉာဏ်သာ"

"ပြော"

"ဉာဏ်သာ့ ကတိအတိုင်း တည်ပေးပါ"

"ဟင်..."

"မြရိပ်ညိုက ဉာဏ်သာ့ကြောင့်ပါ၊ ဉာဏ်သာ့ကတိကို မြရိပ်ညို တန်ဖိုးထားလို့"

လောလောဆယ်တော့ မောင် စိတ်ချမ်းသာဖို့ပဲ အဓိက





ထားသည်။ ခွဲစိတ်ထားတဲ့ ဒဏ်ရာက မောင့်စိတ်တွေ ငြိမ်သက်နေမှဖြစ်မှာပါ။ ဒေါသထွက်လာလျှင် ကြမ်းတမ်းခက်ထန်စွာ ကုံ့ပြန်တတ်တဲ့ မောင့်ရဲ့ သဘာဝလွန်စိတ်က ပြဿနာရှိနိုင်သည်။ ဒါကိုပဲ ဉာဏ်သာ စိတ်အပူကြီး ပူနေရ၏။ စိတ်မချနိုင် မေမေ့စည်းတမ်းဘောင်ကိုပင် ကျော်လွန်ပြီး သူ နိုးထွက်လာခဲ့သည်။

"ကိုယ်ပြန်တော့မယ် မြရိပ်ညို"

"အင်း"

"မောင့်ကို ဂရုစိုက်ပေးပါ။ အခုချိန်မှာ မောင်က မြရိပ်ညိုကို အင်အားသုံးပြီး အနိုင်မကျင့်နိုင်ပါဘူးကွာ"

မြရိပ်ညို့ရဲ့ ပင်ပန်းမှုတွေကိုရော ဉာဏ်သာထည့်ပြီး မစဉ်းစားပေးတော့ဘူးလားဟင်။ မောင့်ကို ကြောက်သည်။ ငယ်ငယ်လေးတည်းက ကြောက်ရွံ့စွာ မောင်ထားရာနေ စေရာသွားခဲ့ရ၏။ အဓိကတို့ကြောင့်ပဲ။ ဉာဏ်သာက မောင့်မျက်နှာလေးအား ကြင်နာမှုဆူ ပြည့်လျှံနေတဲ့ မျက်ဝန်းတွေနှင့် စိုက်ကြည့်ကာ ဂရုစိုက်ဖို့ တွတ်တွတ်မှာပြီး ပြန်ထွက်သွားသည်။

"ဉာဏ်သာ"

"ဟင်"

"ကတိနော်"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုပဲ ဂရုစိုက်ပေးထားပါ မြရိပ်ညို"

အခန်းတံခါးကိုဖွင့်ပြီး ထွက်သွားသည်။ မြရိပ်ညို အရမ်း ငိုချင်လာရ၏။ ဉာဏ်သာက မောင့်အတွက်ပဲလား။ မောင်က ယောကျ်ားလေးတစ်ယောက် မဟုတ်ဘဲ မိန်းကလေးတစ်ယောက် ဖြစ်နေ၍ မြရိပ်ညို မနာလို ဝန်တိုဖြစ်နေရသည်။ မောင်က အိပ် ပျော်နေသည်။ မောင်က ဘယ်လောက်ပဲ ယောကျ်ားလေးတစ် ယောက်လို မာကျောခက်ထန်စွာ ဘယ်လိုပဲ လုပ်ယူနေပါစေ မောင့် မျက်နှာပေါ်က မျက်တောင်ကော့ကော့တွေက ဖုံးကွယ် ဖျောက်ဖျက် ထားလို့မှ မရတာ။ ဉာဏ်သာရဲ့ သံယောဇဉ်အချစ်တွေကို မြရိပ်ညို ဆီက လုယူမသွားပါနဲ့လား မောင်။ မြရိပ်ညို နှလုံးသားတွေထဲမှာ အချစ်ဦးက ဉာဏ်သာဖြစ်နေလို့ပါနော်။ မောင့်ကို ခင်မမမောင်အဖြစ် ပြောင်းလဲသွားမှာလည်း မြရိပ်ညို ကြောက်လန့်နေသည်။ ဉာဏ်သာ ရင်ထဲကို နက်ရှိုင်းစွာ တိုးဝင်နေရာယူထားနိုင်တာဟာ ခင်မမမောင်ပဲ ဖြစ်မှာပါ။ မိခင်ကို အရမ်းချစ်ကြောက်ရိုသေတဲ့ ဉာဏ်သာ မောင့်အတွက် ဘာမဆို ရင်ဆိုင်ကျော်ဖြတ်ရဲနေတာပဲ လား။ မြရိပ်ညိုကတော့ ဉာဏ်သာနဲ့ လက်ထပ်ခွင့်ကို လက်လွှတ် မခံဘဲ အမိအရ ဆုပ်ကိုင်ထားဖို့ပဲ ဆုံးဖြတ်ထားသည်။

□ □ □



## အခန်း (၂၄)

ဉာဏ်သာ အိမ်ထဲပြန်ဝင်လာတာ မေမေ မသိပေ။ သိရင် တော့ ဉာဏ်သာ့ကို ဘယ်လိုမှ မေမေ ခွင့်လွှတ်နိုင်မှာ မဟုတ်။ ချ မောင့်ကို စိတ်ပူနေသည်။ မြရိပ်ညိုကို ဖိအားပေးနိုင်ရန် ဉာဏ်သာ မေမေ့စည်းကမ်းကို ဖောက်ဖျက်ပြီး ထွက်လာခဲ့သည်။ အခန်းထဲ ပြန်ရောက်မှ ဉာဏ်သာ စိတ်အေးသွားကာ အိပ်ရာပေါ် ထိုင်လှဲချလိုက်၏။ ကိုယ် စိတ်မောလိုက်တာ မောင်ရာ။ တကယ်ပဲ မင်းကြောင့်ပဲ။ မင်းအတွက် ကိုယ်ဘယ်လောက်အထိ ပူလောင် နေကြပ်နေလဲဆိုတာ မောင် သိရဲ့လားကွာ။ မြရိပ်ညိုလို မိန်းမချော တစ်ယောက်ပင် ဉာဏ်သာ့နှလုံးသားထဲ တိုးဝင်လာနိုင်ခြင်း မရှိ ဘော့။ ဉာဏ်သာ စိတ်ပူနေတာက မောင့်အတွက်ပဲ။ မောင် အဆင် ပြေ့ပါ့မလား။ စိတ်သောကတွေ ခံစားနေရမလား။ မောင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အနှုရာယ်တွေနဲ့ ရင်ဆိုင်ရမလဲ အများကြီးပဲ။ မောင်ပဲ မောင်
ဉာဏ်သာ့ကို အနှိပ်စက်ဆုံးဖြစ်နေသည်။ ညအိပ်ဖို့ ပြင်လိုက်
မြရိပ်ညိုဆီက ဖုန်းဝင်လာ၏။ မောင်များလားဆိုပြီး ရင်ခုန်သွား
မယ့် မောင်က အိပ်ဆေးထိုးထားပေး၍ အိပ်ပျော်နေသည်။

"ဉာဏ်သာ"

"ပြော ဘာဖြစ်လို့လဲ မြရိပ်ညို၊ နိုးလာပြီလား၊ မော
နေကောင်းရဲ့လား ဟင်၊ ဉာဏ်သာလာကြည့်သွားတယ်လို့ သေ
ချာချာ ပြောပြလိုက်ရဲ့လား"

"တော်ပါတော့ ဉာဏ်သာ"

"ဘာဖြစ်လို့လဲ မြရိပ်ညို"

ဉာဏ်သာအဖြစ်သည်းလွန်းနေ၍ မြရိပ်ညို အော်
လိုက်သည်။ မောင် အိပ်နေလို့ အပြင်ထွက်ပြီး ဉာဏ်သာ့လက်
ဖုန်းကို ဆက်တာပါ။ မြရိပ်ညို စိတ်တွေက မောင့်အပေါ် ရူ
ဝင်ပြီး ဉာဏ်သာ့ဆီက တိကျတဲ့ ကတိတစ်ခုကို အနိုင်အမာ
ချင်သည်။ ဉာဏ်သာစိတ်ကို သိချင်တာ မောင့်ကို ခင်မမ
အဖြစ် ဉာဏ်သာ သဘောထားနေတာလား။ ဉာဏ်သာ ပြန်
မြရိပ်ညိုစိတ်တွေ မနာလို ဝန်တိုမှုတွေနှင့် နှမြောစိုးရိမ်ခြင်း
ဖိစီးလာရသည်။



"မြရိပ်ညို"

"ဟင်.."

"ပြောလေ"

"ဉာဏ်သာ့ကို ပြောစရာရှိလို့၊ မြရိပ်ညို အရမ်းစိုးရိမ်
လာတယ် သိလား၊ မောင့်အပေါ် ဉာဏ်သာ ဘယ်လိုသဘောထား
နေလဲ၊ မြရိပ်ညိုနဲ့ လူကြီးတွေစီစဉ်တာ လက်ခံမယ်ဆိုတဲ့ ကတိ
အတွက်လေ သေချာချင်တယ်"

"ဟာကွာ ကိုယ် အိပ်တော့မလို့ ဘယ်အချိန်ရှိနေပြီလဲ၊
နောက်နေ့မှ ပြောမယ်"

"မရဘူး"

"အရေးမှမကြီးတာပဲ အိပ်တော့မယ်၊ မောင် အိပ်နေတုန်း
မြရိပ်ညိုလည်း အိပ်လေ၊ နောက်လည်း ဆွေးနွေးလို့ရတဲ့ကိစ္စတွေ
ပဲ"

"မြရိပ်ညို အိပ်လို့မရဘူး"

"ဝါး ..."

"ဉာဏ်သာ စောစောကတော့ ရောက်လာတာ၊ မျက်လုံး
တွေက တောက်ပလို့ အခုမှ ဘာဖြစ်လို့ သမ်းနေရတာလဲ"

"တကယ် အိပ်ချင်လာတာပါ၊ ဝါး .. အိပ်တော့မယ်

www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ အဖြေက မြရိပ်ညို အပြုအမူပေါ်မှာ မူတည်တယ်၊ မောင့်ကို ဂရုစိုက်ပါ၊ အိုက နော်…''

''ဉာဏ်သာ''

မြရိပ်ညို ခေါ်သံမဆုံးခင် ဉာဏ်သာက ဖုန်းပိတ်သွားသည်။ အား … ဒေါသဖြစ်လိုက်တာ။ ဘယ်လောက်ခံပြင်း ကောင်းလဲ။ ဉာဏ်သာက လူလည်လုပ်ပြီး အဖြေကို အတိအ မပေးဘဲ ရယ်မောပေါ့ဖျက်လိုက်ခြင်းပင်။ မြရိပ်ညို ခံပြင်းနေသည် မရဘူး ဉာဏ်သာကို မြရိပ်ညို လက်လွှတ်အဆုံးရှုံး မခံနိုင် မောင့်အပေါ် ဉာဏ်သာ့ခံစားမှုက နက်ရှိုင်းနေတယ်။ မြရိပ်ညို သိတာပေါ့။ ဉာဏ်သာက မြရိပ်ညို နှလုံးသားတွေထဲက ရွှေ သားလေး၊ ယောကျ်ားလေးတွေနှင့် နေနေပင် ကြည့်ရှုခွင့် မ သော ပတ်သက်ဆက်ဆံခွင့် မရှိခဲ့သော မြရိပ်ညိုလို မိန်းက အတွက် ပထမဆုံး တစ်ဦးတည်း ခင်မင်ပတ်သက်လိုက် ဉာဏ်သာ့ကို အရူးအမူး စွဲလန်းချစ်မြတ်နိုးသွားရသည်။ ကြာ တော့ အရွယ်ရောက်လာတာနှင့်အမျှ မောင်နှင့်တွဲရတာ ပတ် ကျင်မှာ စနောက်ခံရလာ၍ ရှက်မိလာသည်။

''ဉာဏ်သာ ကံကြမ္မာတွေကို မြရိပ်ညို ကြောက် ရှင့်ကို ကျွန်မ ချစ်မိနေပြီ၊ ရယူပိုင်ဆိုင်ခွင့် ကျွန်မ အရယူ ောင့်ဘက်ကပဲ တစ်ဖက်သတ် ရပ်တည်မနေပါနဲ့''

မြရိပ်ညို တစ်ယောက်တည်း ဆေးခန်းကြီးရဲ့ အပြင်ဘက် ထွက်ပြီး မကျေမနပ်ပြောပစ်နေသည်။ ညဉ့်နက်နေပြီ လူက မရှိ တော့။ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ပတ်ဝန်းကျင် အမှောင်ထုအောက် မှာ မြရိပ်ညို တစ်ယောက်ပဲ စိတ်မငြိမ်သက်စွာ ရှိနေ၏။ အေး ဉာဏ်သာ့အပြုအမူအတွေကြောင့် မြရိပ်ညို သည်းမခံနိုင် တော့ဘဲ မာမီဆီ ဖုန်းဆက်သည်။

''ဟဲလို မာမီလား''

''မြရိပ်ညို သမီးလေး ဘာဖြစ်လို့လဲ၊ မောင် ဘာဖြစ်လို့ သမီးရော ညဉ့်နက်နေပြီလေ''

''မြရိပ်ညို အိပ်လို့မရဘူး မာမီ၊ ဆေးခန်းကို ဉာဏ်သာ သွားတယ်၊ အန်တီဖြူပြာ မသိအောင် ခိုးထွက်လာတာလေ ကို သတ္တိတွေရှိနေတယ်၊ မာမီ မြရိပ်ညိုနဲ့ ဉာဏ်သာ့ကို အမြန်ဆုံးစေ့စပ်ပေးဖို့လုပ်ပါ၊ အန်တီဖြူပြာကို မာမီတောင်းဆိုပါ၊ အမြန်ဆုံး စီစဉ်ပေးပါ''

မြရိပ်ညိုပြောပြီး ဖုန်းကို ပိတ်ပစ်လိုက်ကာ ဆေးခန်းကြီး ပြန်တက်လာခဲ့သည်။ ဂုဏ်သိက္ခာကြီးပြီး ရိုးအေးစွာနေလာ မြရိပ်ညိုရဲ့ စိတ်တွေ ဉာဏ်သာကြောင့် ပူလောင် လှုပ်ရှားလာ

www.burmeseclassic.com

www.burmeseclassic.com



နေ၏။ မောင်ရှိနေတဲ့ လူနာခန်းထဲပြန်ရောက်တော့ မောင်က အိပ်နေဆဲပင်။ သူနာပြုဆရာမလေးပဲ စာအုပ်ဖတ်နေသည်။ မြရိပ်ညို ပြန်ဝင်လာတော့ ဆရာမလေးက စာအုပ်ပိတ်ပြီး ရယ်ပြရင်း အလိုက်ကန်းဆိုးမသိစွာ မောင်က ယောကျ်ားလေးလို ဝတ်စားထားပေမယ့် မျက်နှာလေးက မိန်းမချောလေး။ ချစ်စရာကောင်းသည်ဟု ပြောနေသဖြင့် မြရိပ်ညိုတော်ပါတော့ဟု အော်ပစ်ချင်၏။ ဆေးခန်းထဲမှာ ခင်းထားတဲ့ အိပ်ရာမှာ ဝင်အိပ်ပစ်လိုက်သည်။

"စောစောကလာတဲ့ ကောင်လေးက ချောလိုက်တာ အရမ်းယောကျ်ား ပီသတာပဲ၊ ခင်မမမောင်ကိုလည်း တော်တော်လေး ဂရုစိုက်တယ်နော်"

"ကျွန်မ အိပ်တော့မယ်"

မောင် မြန်မြန်သာ နေကောင်းပါတော့။ မောင့်အနားက မြရိပ်ညို ထွက်ပြေးချင်လာရသည်။ အရင်က မောင့်ကို ကြောက်တ ပြဿနာရှာတတ်လွန်းလို့ ပြဿနာမဖြစ်အောင် နေထိုင်ရတာ စိတ် ပင်ပန်းမိခဲ့၏။ အခု ကျောဝင်နေတာ မနာလိုတိုရှည်ဖြစ်ရတာ မြရိ ညို ခေါ်သတွေကို ထိန်းချုပ်ရင်း အိပ်ပျော်သွားသည်။ မြရိပ်ည နိုးလာတော့ နေကမြင့်နေပြီ။ မောင်လည်း နိုးပြီး မနေ့ကထ လန်းဆန်းနေသလို စိတ်ဓာတ်မာကျောလာသည်ထင်သည်။



မောင်က လူကောင်းပကတိဖြစ်နေသည်။

"မြရိပ်ညို"

"ဟင်"

"နိုးပြီလား၊ ညက ... ဉာဏ်သာလာတယ်ဆို"

"အင်း"

ဉာဏ်သာ လာတာကို သူမ လျှို့ဝှက်ထားမလို့ဟာ ညဂျူ ီ သူနာပြုဆရာမလေးက ပြောသွားပုံပင်။ မောင်က မေးတော့ ည်း အင်းဟု ဖြေလိုက်ရသည်။

"မြရိပ်ညို မျက်နှာသစ်လေ မိုက်ဆာနေပြီလား၊ ဘာစား ပဲ၊ ကော်ဖီနဲ့ မုန့်လား"

"မြရိပ်ညို စားပါ့မယ် မောင်ရာ၊ လူနာက လူနာလို မ်းပါ မောင့်အတွက်ပဲ ဂရုစိုက်စမ်းပါ"

"မောင်က နေကောင်းနေပါပြီ မြရိပ်ညို၊ ယောကျ်ားပဲ င်ရည်ရှိပါတယ်"

မောင်က တကယ်ပဲ ယောကျ်ားတစ်ယောက်ထက်တောင် ဓာတ်မာကျောကာ ခံနိုင်ရည်ရှိနေသည်။ ဉာဏ်သာ့အပေါ်တော့ င် ဘယ်လိုမှ ခံစားပုံမရ၍ မြရိပ်ညို စိတ်သက်သာရ သည်။

ဝိုးဝိုး၁၁၉၀

www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဟင်"

"မမေသန္တာရောက်လာရင် မြရိပ်ညို ပြန်မယ်နော်၊ ဒီမှာ မအိပ်တတ်ဘူး၊ အိပ်ရေးပျက်တော့ ခေါင်းမူးလာတယ်၊ ညမှ ပြန်လာမယ်"

"ဟာကွာ"

"မဟုတ်ပါဘူး၊ မြရိပ်ညို မူးလဲရင် ဆက်ပြီး မစောင့်နိုင်မှာစိုးလို့ပါ၊ ညဘက်တွေပဲ လာစောင့်မယ်နော်"

မောင့်အနားမှာ မြရိပ်ညို မနေချင်တော့ပေ။ အိမ်ပြန်ချင်တယ်။ အန်တီဖြူပြာနဲ့ တွေ့ရမယ်။ ဉာဏ်သာနဲ့လည်း ကတိစကားတွေ အတည်ဖြစ်ဖို့ တောင်းဆိုရမယ်။ မြရိပ်ညို မျက်နှာသစ်အဝတ်အစားလဲပြီးတော့ ကော်ဖီသောက်နေစဉ် မောင့်အစ်မနဲ့ မေမေရောက်လာကြသည်။

"ကျေးဇူးပဲ သမီးမြရိပ်ညို၊ ညက အိပ်ရရဲ့လားကွယ်"

"နည်းနည်းတော့ အိပ်ရေးပျက်တယ် အန်တီခင်၊ မြရိပ်ညိုကမှ မအိပ်တတ်တာ၊ ကျောလည်းနာတယ်၊ ခဏပြန်မလို့ ညနေကျမှ ပြန်လာမယ်လေ"

"အင်း … ကောင်းသားပဲ၊ ပြန်လေ အနားယူရမှာပေါ့"



"မပြန်လို့ မရဘူးလားကွာ၊ မြရိပ်ညို မောင်က မြရိပ်ညိုရှိနေမှ တက်ကြွတာ"

"ပြန်တော့ ပြန်ရမယ် မောင်၊ အဲဒီလို အရမ်းကျိုမကျနေနဲ့လေ၊ မြရိပ်ညိုက အပင်ပန်းခံနိုင်တာမှ မဟုတ်တာ ပြန်မယ်နော်"

မြရိပ်ညို ဇွတ်အတင်းပဲ ပြန်လာခဲ့သည်။ မောင့်အနားမှာနေရတာ မြရိပ်ညို စိတ်ညစ်လို့ သေတော့မယ်။ မောင် အဖြစ်သည်းပြနေတာလည်း မြရိပ်ညိုစိတ်တွေက လက်မခံနိုင်ဖြစ်လာသည်။ အိမ်ပြန်ရောက်တော့ မာမီကို ပြေး၍ဖက်ထားလိုက်၏။ မေမေပင် အထိတ်တလန့်နှင့် မြရိပ်ညိုအား စိုးရိမ်တကြီး တုံ့ပြန်ဖက်ထားသည်။

"ဘာဖြစ်လာတာလဲ သမီးလေး၊ မောင်က ဘာပြောလို့လဲ၊ သမီး အရမ်းဝမ်းနည်းလာတာ ဘာတွေဖြစ်လာလို့လဲဟင်"

"မာမီ"

"ပြောလေ"

"ဉာဏ်သာ့ကို သမီး ဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူးထင်တယ်"

"ဘာဖြစ်လို့ သမီးက လက်လွှတ်ဆုံးရှုံးခံရမှာလဲ၊ မောင့်ကြောင့်လား"

www.burmeseclassic.com

www.burmeseclassic.com



''အင်း..... သမီး၊ ဘာဆက်လုပ်ရမလဲ၊ မောင့်အနားမှာ မနေချင်ဘူး၊ စိတ်မသန့်လို့ ဆရာဝန်တွေ၊ သူနာပြုတွေက ပြုံးစိစိနဲ့ကြည့်ကြတာ သမီးအရမ်းရှက်တယ်၊ ပြီးတော့လေ ဉာဏ်သာက မောင့်ကို သံယောဇဉ်တွယ်နေတယ်''

''ဟင်''

''အန်တီဖြူပြာ မသိအောင် နိုးထွက်ပြီး လာကြည့်တယ်လေ၊ မောင့်အတွက် ဘာကိုမှ ဂရုမစိုက်နိုင်တော့တာ''

''ဖြူပြာ့ကို တိုင်လိုက်ရမလား သမီး၊ တားဆီးဖို့လေ''

''ဟင့်အင်း မပြောပါနဲ့၊ ဉာဏ်သာက သူပေးထားတဲ့ ကတိကို အကြောင်းပြုပြီး ဖျက်တော့မှာပါ၊ အန်တီဖြူပြာနဲ့သာ သမီးတို့ လက်ထပ်ပွဲကို ခပ်မြန်မြန်လေး လုပ်ပေးနော်''

''အေးပါကွယ်''

မြရိပ်ညိုကို မောင် နှောင့်ယှက်နေတာ အမြင်ကတ်နေတဲ့ နယ်ကလာတဲ့ မောင်လေးတွေက ဒီကောင့်ကို ရိုက်ပြစ်ရမလားတဲ့။ မာမီက တားသည်။

''မာမီတို့မှာ နည်းလမ်းရှိပါတယ်၊ နှလုံးမျက်နှာက ရှိသေးတယ်၊ ဆေးရုံက ဆင်းတာနဲ့ မိန်းကလေး စိတ်ဝင်အောင် သွင်းပေးရမယ်၊ သားရှူး ခင့်ကိုလည်း မာမီနဲ့ ဖြူပြာ ပြောပြီးပြီ''





''မိန်းကလေးလို ပြင်ဆင်လိုက်ရင် ဉာဏ်သာက ပိုပြီး ချစ်သွားမှာပေါ့ မာမီရာ၊ တွေ့တဲ့လူတွေက မောင့်ကို မိန်းမချော လေးလို့ ပြောနေကြတာ''

''ဖြူပြာက လုံးဝ လက်ခံမှာ မဟုတ်ဘူးလေ၊ မာမီနဲ့ စီစဉ်မယ်၊ သမီးလေး ဘာမှစိတ်မပူပါနဲ့ကွယ်၊ မာမီကလည်း သမီး ရှေ့ရေးကိုပဲ ကြည့်မှာပါ''

''မမမြရိပ်ညိုရာ မောင်လေးတို့ကတော့ လုံးဝပဲ၊ အပြတ် ရှင်းပစ်နိုင်တယ်နော်၊ မကြောက်ဘူး၊ မိန်းကလေးဖြစ်ပြီး အရမ်း သောင်းကျန်းလွန်းတယ် လက်ယားလာပြီ''

''မင်းတို့တွေ ဝင်မပါနဲ့နော် အသာနေပါ၊ မင်းတို့ အလုပ်လေးကျော် ရှိသေးတယ်၊ မာမီ စီစဉ်ပါ့မယ်လေ''

ဉာဏ်သာ့ဆီ ဖုန်းဆက်တော့ အိပ်နေသေး၍ ဖုန်းပိတ် ထားသည်။ ဉာဏ်သာ တမင်ပဲ မြရိပ်ညိုနှင့် စကားမပြောချင်၍ ဖုန်းပိတ်ထားတာလား။ အန်တီဖြူပြာ့ဆီ ဖုန်းဆက်ကြည့်တော့ ဉာဏ်သာ အိပ်ရာက မထသေးဘူးတဲ့ သမီးလေး လာခဲ့ပါတဲ့။ အန်တီဖြူပြာကတော့ မြရိပ်ညိုအား တယုတယနှင့် နွေးထွေးစွာ ကြိုဆိုနေသည်။ ဉာဏ်သာပဲ အန်တီဖြူပြာ့ကို တိုင်ပြစ်ချင်ပေမယ့် ဉာဏ်သာက ထိုအချက်နှင့် မြရိပ်ညိုအား ငြင်းဗဲယ်မှာ သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို နောက်မှ လာခဲ့မယ် ပြောပြီး ဖုန်းပိတ်လိုက်သည်။

"မမမြရိပ်ညို ဘာမှမကြောက်နဲ့၊ မမကိုယ်တိုင်က အဲဒါမျိုးမကြိုက်ဘူး မဟုတ်လား မောင်လေးတို့ရှိတယ်"

နယ်ကနေ လာကြတဲ့ မောင်လေးတွေက မောင့်ကို ကြည့်မရပေ။ ထိုးကြိတ်မယ် တကဲကဲဖြစ်နေသည်။ မြရိပ်ညိုလည်း မောင်နှင့် မပတ်သက်။ ဆက်ဆံရမှာ ကြောက်ရွံ့နေ၏။ ဉာဏ်သာ့ကို လုယူမည့် ပြိုင်ဘက်အဖြစ် မြရိပ်ညို အကြီးအကျယ် ရျောင်ကာ မောင့်ကို မုန်းတီးစပြုလာသည်။

"သမီးလေး မြရိပ်ညို၊ မာမီ့သမီးလေး ဘယ်တော့မှ အရှုံးတွေနဲ့ ရင်မဆိုင်စေရဘူး၊ ခင်မမမောင်က ဘာမို့လို့လဲ"

မြရိပ်ညို ညနေကျရင် ဆေးခန်းကို သွားရမှာပင် ကြောက်နေသည်။ မောင့်အနားကို မသွားချင်ပါဘူး။ အခုချိန်ကစပြီး ခင်မမမောင်နဲ့ မြရိပ်ညိုက သူငယ်ချင်းတွေ မဟုတ်တော့ဘူးလေ ပြိုင်ဘက်ပဲ။ ဉာဏ်သာကြောင့် ဉာဏ်သာ့တောင်းဆိုမှုတွေကြောင့် သူမ သွားရမည်ဖြစ်သည်။

□ □ □



## အခန်း (၂၄)

မောင် ဆေးရုံက ဆင်းတဲ့နေ့တွင် မြရိပ်ညို စိတ်တွေ သက်သာရာ ရသွားသလိုပင် မောင် အိမ်ပြန်ရောက်သွားသည်။ တစ်လလောက် အနားယူရမည်တဲ့ ဉာဏ်သာ ဆေးခန်းကို ခိုးထွက်လာတာ သုံးညကြီးတောင်ပဲ လွန်တယ်။ ဆေးရုံတက်ရတာ ငါးရက်တည်း၊ သုံးညဖြစ်နေသည်။

"မောင် အားမငယ်နဲ့နော် စိတ်ကိုလည်း ထိန်းဦး၊ ဒဏ်ရာတ ခွဲစိတ်ထားတော့ ချုပ်ရိုးရှိတယ်၊ မောင်က ဒေါသအလျောက် ဖ်တ်မြန်လက်မြန် လုပ်တတ်လို့လေ"

ဉာဏ်သာ အဖြစ်သည်းစွာ မောင့်ကို ဂရုတစိုက် အကြောင်းအရာစကားတွေနှင့် သတိပေးနေသဖြင့် အမြင်ကတ်လာသည်။ မြရိပ်ညိုရှေ့မှာ ဉာဏ်သာလုပ်ပြနေတာ ဘာသဘောလဲ။ ရှင် မြရိပ်ညို



www.burmeseclassic.com

www.burmeseclassic.com



ကို လက်မထပ်လို့ မရဘူးနော်။ မောင် အိမ်ပြန်ရောက်သွားသည်နှင့် မြရိပ်ညို မသွားတော့။ အနှိတီဖြူပြာအနားမှာ ချွေးမလောင်းအဖြစ် နေရာယူဖို့ပဲ ကြိုးစားနေသည်။

"ဉာဏ်သာ့ ကတိအတိုင်းပဲနော်၊ လူကြီးတွေ စီစဉ်တာကို လက်ခံပါ၊ ဉာဏ်သာ ငြင်းရင် အနှိတီဖြူပြာ စည်းကမ်းတွေ ချိုးဖောက်တယ်လို့"

မြရိပ်ညိုက မေမေ့အနားကပ်ပြီး ဉာဏ်သာ့ကို စိတ်ဒုက္ခရောက်အောင် လုပ်နေတာပဲဟု ဉာဏ်သာ ထင်မိသည်။ မေမေက မောင်နှင့် မပတ်သက်ရဘူးဆိုတာကို သူ လုံးဝလက်မခံနိုင်ခဲ့၊ မောင့်ကို ဉာဏ်သာ သံယောဇဉ်ကြီးမားစွာ တွယ်ငြိနေသည်။

"မြရိပ်ညိုနဲ့ လက်ထပ်ဖို့ မေမေနဲ့ ညီတို့လူကြီးတွေ စီစဉ်နေတာ မင်းကို အသိပေးတာပဲ သား"

မြရိပ်ညိုရှေ့မှာပင် မေမေကပြောသည် ဉာဏ်သာက မြရိပ်ညိုကို လူကြီးတွေ စီစဉ်တာလက်ခံပါမည်ဟု ကတိပေးထား၍ စောဒက မတက်ရဲတော့။ ဉာဏ်သာက မေမေရဲ့ စည်းကမ်းကို ချိုးဖောက်ထားမိ၍ လူကြီးတွေ စီမံတာ နာခံဖို့ပဲဖြစ်သည်။

"သားဘက်က လက်ခံပြီးသားပဲဟာ မကြာခင် စေ့စပ်ရမယ်၊ ပြီးတော့ လက်ထပ်ပွဲကို ကြီးကြီးကျယ်ကျယ် ကျင်းပမယ်"





ဉာဏ်သာ ဘာမှ မပြောတော့ပေ။ မင်းကို ကိုယ် လက်မထပ်ချင်ဘူး မြရိပ်ညို။ မောင် အရမ်းခံစားရမှာ စိုးလို့ပါ။ မောင်စိတ်သောကတွေ ခံစားနေရပြီး ဒေါသတွေနဲ့ ပေါက်ကွဲနေမှာ ကိုယ်မလိုလားလို့ပဲ။ မောင့်ရဲ့ စိတ်က တမင်မာကျော ခက်ထန်အောင်လုပ်ဆောင်ထားရ၍ အန္တရာယ်များလွန်းနေသည်။ ဉာဏ်သာကတော့ အချိန်လိုအပ်သည်ဟု ထင်မိ၏။ မြရိပ်ညိုကိုယ်တိုင်က မောင့်ကို မုန်းတီးရွံရှာနေတာလည်း ဉာဏ်သာ မကျေနပ်မိ။ မြရိပ်ညိုကို ယင်ဖိုတောင်မသန်းရအောင် စောင့်ရှောက်လာခဲ့တာ မောင်ပဲ။ ဒါတောင် မြရိပ်ညိုက စိမ်းစိမ်းကားကား နေချင်သည်။

"မေမေ"

"ဘာလဲသား"

"မြရိပ်ညိုနဲ့ လက်ထပ်ဖို့ သား သဘောတူလက်ခံပါတယ်"

"ဒီလိုပဲဖြစ်ရမှာပေါ့ သားရယ်၊ မေမေ မွေးရကျိုးနပ်တဲ့ သားလေးပဲဟာ၊ မြရိပ်ညိုလေးနဲ့သားက မေမေ့မျက်စိထဲမှာ အရမ်းလိုက်ဖက် တင့်တယ်တာပဲကွယ်၊ မြရိပ်ညိုလေးကို မေမေ ချွေးမလေးအဖြစ် ရွေးချယ်ထားတာကြာပြီပဲ"

မောင် ဉာဏ်သာ ဘာဆက်လုပ်ရမှာလဲကွာ။ မြရိပ်ညို

www.burmeseclassic.com

www.burmeseclassic.com



ကို လုံးဝမချစ်ဘူး။ အခိုက မောင့်နှလုံးသားတွေကို ရင်ခွဲပြီး ထုတ်မယူရက်တာပါ။ ဒီသတင်းကြားရင် မောင် ရင်ကွဲမတတ် ခံစားရမှာ သိတယ်။ သူက လက်ခံလိုက်၍ မေမေက ကျေနပ် နေသည်။

"မြရိပ်ညိုနဲ့ မစေ့စပ်ခင်မှာ သားနဲ့ ခင်မမမောင် ပတ်သက်ခွင့်ပေးပါ"

"ဘာ"

"အချိန်လေးတစ်ခုပါ၊ မောင်က မြရိပ်ညိုကို အရမ်း လန်းချစ်ခင်ပြီး သံယောဇဉ်ကြီးတယ်၊ သားနဲ့ မောင်က သူငယ်ချင်း တွေလေ၊ မောင်အရမ်းပေါက်ကွဲပြီး မလိုလားအပ်တဲ့ ပြဿနာတွေ ကြီးထွားသွားမှာ စိတ်ပူလို့ပါ"

"ဘာဆိုင်လဲ၊ မြရိပ်ညိုကို သူက အပိုင်သိမ်းထား ရမလား သားရဲ့၊ မြရိပ်လေး အနာဂတ်က ရှိသေးတယ်လေ၊ မပတ် သက်ရဘူး မေမေလုံးဝ လက်ခံနိုင်ဘူး၊ မြရိပ်ညိုကိုလည်း ငဲ့ည ထောက်ထားရမယ်"

"သား တောင်းဆိုတာပါ၊ သူငယ်ချင်းတစ်ယောက်အပေါ် မှာ မရက်စက်ချင်လို့ပါ"

"ဘာသူငယ်ချင်းလဲ၊ အစောကြီးထဲက မေမေက ...





ချင်နေတာ လက်မခံဘူး၊ မင်း လုံးဝ မပတ်သက်နဲ့"

"မေမေ"

"ဆက်မပြောနဲ့တော့ ဉာဏ်သာ မေမေ လက်ထပ်ဖို့ကိစ္စ ချက်ချင်းကြီး စီစဉ်ပြစ်လိုက်မှာ"

"မောင့်အတွက် ဘာဖြစ်လို့ မစဉ်းစားပေးကြတာလဲ၊ မောင့်မှာ ဘာအပြစ်ရှိလို့လဲ မေမေ၊ ငယ်ငယ်လေးထဲက ဝိုင်းချစ်နေ ကြတာလေ၊ မြရိပ်ညိုကို စောင့်ရှောက်ပေးဖို့ ဘယ်သူတွေ အပ်ထား ကြတာလဲ"

ဉာဏ်သာပြင်းပြင်းထန်ထန် ပြောဆိုပြီး ထထွက်လာခဲ့ သည်။ မြရိပ်ညို မင်းက မောင့်အပေါ် အရက်စက်ဆုံးပဲ။ မင်း လက်ထပ်မယ့် ယောကျ်ားက ငါဖြစ်နေရတာလဲ။ မင်း ဘာဖြစ်လို့ ငါ့ကို ရွေးချယ်ရတာလဲ။ သူ ဒေါသတကြီး အော်ဟစ်ပစ်လိုက်ချင် သည်။ သူနောက်သို့ မြရိပ်ညို လိုက်လာ၏။ မြရိပ်ညိုကို ဉာဏ်သာ ရင်မဆိုင်ချင်။ ရှက်ရွံ့ဖြူစင်တဲ့ ကောင်မလေးဟု မောင် ပြောနေတတ်တာ အခုကြည့်စမ်း ယောကျ်ားတစ်ယောက်ကို မိန်း မလေးဖြစ်ပြီး အတင်းအကြပ် လက်ထပ်ယူဖို့ ကြိုးစားနေသည်မှာ ဉာဏ်သာ မုန်း၏။ မြရိပ်ညိုကို ဉာဏ်သာ မကြည့်။ သူမကသာ သူ့အနားသို့ ကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညဏ်သာ"

"မြရိပ်ညို တောင်းပန်ပါတယ်၊ ကျေးဇူးပြုပြီး ထွက်သွားပေးပါ"

"ညဏ်သာ ရှင့်ကတိကြောင့် မြရိပ်ညို ဆေးခန်းမှာ တစ်ပတ်လောက် သွားစောင့်ပေးခဲ့တယ်လေ။ အရှင်းဆုံးပြောရင်တော့ ညဏ်သာပြောသလိုတော့ မောင့်ကို အခွင့်အရေး မပေးနိုင်ဘူး။ မြရိပ်ညို ရှက်တယ်။ မိန်းကလေးချင်း ချစ်သူဖြစ်ရတာ အရမ်းရှက်တယ် ညဏ်သာ၊ အဲဒါကြောင့်ပဲ မောင့်အလိုကို မလိုက်နိုင်တာ၊ မြရိပ်ညိုဘက်က ညဏ်သာနည်းနည်းလေးပဲ စဉ်းစားပေးပါ"

"ဟုတ်တယ် မြရိပ်ညို၊ ကိုယ် စဉ်းစားပေးပါတယ် အချိန်လေးပဲပေးပါ၊ မောင့်ကို ဖျောင်းဖျပေးဖို့အချိန်၊ မောင့်စိတ်တွေ တည်ငြိမ်ပြောင်းလဲလာအောင် အချိန်လေးပဲပေးပါ"

"မြရိပ်ညို ကြောက်တယ်"

"ဘာကိုလဲ"

"မောင်လို့ခေါ်တဲ့ ခင်မမမောင်အပေါ် ညဏ်သာ သံယောဇဉ်တွယ်ငြိသွားမယ့် အချိန်ကို ပေးလိုက်မိမှာကိုလေ"

မြရိပ်ညို စကားတွေကြောင့် ညဏ်သာရင်တွေ တဆတ်တုန်ခါသွားရကာ အထိတ်တလန့်နှင့် မော့ကြည့်မိသည်။ ညဏ်သာမသိစိတ်တွေထဲမှာ မောင့်အပေါ် သံယောဇဉ်တွေ ငြိတွယ်သွားပြီလား။ မောင့်ကို တိတ်တိတ်လေး ကြိတ်ပြီး ချစ်နေမိပြီလား။ စဉ်းစားချင်။ မြရိပ်ညိုကို မချစ်တာတော့ သေချာသည်။

"ညဏ်သာ ယောကျ်ားကတိပဲ၊ မြရိပ်ညိုဘဝအတွက် သေသေချာချာ စဉ်းစားဆုံးဖြတ်လိုက်တာပါ"

"ကိုယ့်ကို မလား မင်းလက်ထပ်ချင်တဲ့ ယောကျ်ားက ကိုယ်ပဲ ဖြစ်ချင်ရလား"

"မြရိပ်ညို ကြောက်တယ်၊ သူစိမ်းယောကျ်ားလေးတွေနဲ့ အတူ မနေရဲဘူး၊ မောင့်ကြောင့်လေ မြရိပ်ညိုကို ယောကျ်ားလေးတွေ စေ့စေ့တောင် မကြည့်ရဘူး၊ ယက္ခကုမ္ဘာဏ်တစ်ထောင် ကာရံထားတာထက် မောင်က လုံခြုံအောင် စောင့်ကြပ်ထားလို့လေ"

မြရိပ်ညိုရဲ့ စိတ်ခံစားမှုတွေကို ညဏ်သာနားမလည်တာ ဆုတ်ပေမယ့် သူနှင့် လက်ထပ်ဖို့က အတင်းအကြပ်ကြီး မြန်မြန်ဆန် မတောင်းဆိုသင့်ဟု ထင်သည်။ မောင်နဲ့ သံယောဇဉ်တွယ်ငြိသထက် တွယ်ငြိအောင် အချိန်မပေးနိုင်ဘူးတဲ့။ ညဏ်သာ့စိတ်တွေ ပူနေ၏။ မောင့်အတွက် သူ ဘယ်လောက်အထိ လုပ်ပေးနိုင်လဲ။ လုပ်ပေးရမလဲ။ သူ စက္ကန့်မလပ် တွေးတောနေမိတာက

www.burmeseclassic.com



ကြေကွဲထိခိုက်နေသည်။

"ကိုယ်က အချိန်ပဲပေးနိုင်းတာပါ၊ ကိုယ်နဲ့ ဒီလောက်ထိ အမြန်အဆန် လက်ထပ်ဖို့မှ မလိုတာပဲ"

ညဏ်သာ့ မျက်ဝန်းတွေကို မြရိပ်ညို ဆတ်ခနဲ မော့ကြည့်မိတော့ မြရိပ်ညို တွေ့ဆုံခဲ့ဖူးတဲ့ ညဏ်သာ့ရဲ့ အကြေကွဲဆုံး မျက်ဝန်းတွေဖြစ်နေသည်။ ညဏ်သာ ဘာဖြစ်နေရတာလဲ။ အဖြစ်သည်းလွန်းနေပြီ ယောကျ်ားချင်း သံယောဇဉ်ဆိုရင် ဒီလောက်နာကျင်ထိခိုက်နေစရာမှ မလိုတာပဲ။ အချိန်တွေပေးလိုက်တာနှင့်အမျှ ခင်မမမောင်နဲ့ သံယောဇဉ်ကြိုးတွေ အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့တော့မယ် ညဏ်သာ။ မောင့်အတွက် မောင့်အတွက်နဲ့ မောင့်အတွက်ပဲ စဉ်းစားပေးနေတာ ဘာသဘောလဲ။ မြရိပ်ညိုက ညဏ်သာကို သေချာအောင် ထပ်ပြောသည်။

"မြရိပ်ညိုနဲ့ ညဏ်သာ လက်ထပ်မယ်၊ အချိန်ပေးနိုင်တာ မဖြစ်နိုင်ဘူး၊ ထပ်ပြောလိုက်ဦးမယ်၊ ညဏ်သာ အန်တီဖြူပြာလေ နှလုံးရောဂါရှိတယ်တဲ့၊ မနှေ့ညက အမော ဖောက်လာလို့ ဆေးခန်းသွားပြရတယ် သိလား၊ ညဏ်သာ့ကို ဒီရောဂါနဲ့ မခြိမ်းခြောက်ချင်လို့တဲ့ ရှင် ရွေးချယ်လေ"

"ဟင်.."



"မောင့်အတွက်ပဲ ညဏ်သာ စဉ်းစားနေတော့မှာလား၊ အန်တီဖြူပြာက ရှင့်အတွက် အရေးမကြီးတော့ဘူးလား၊ ညဏ်သာ့ကို မွေးထားတဲ့ အမေလေ"

မေမေ နှလုံးရောဂါဖြစ်နေတာ ညဏ်သာ မသိပေ။ မေမေနဲ့ မဆုံမိအောင်ပင် သူ တမင်ရှောင်နေသည်။ မောင့်အတွက်ကြောင့် သားအမိနှစ်ယောက်ကြားမှာ ခပ်စိမ်းစိမ်းလေးဖြစ်နေကြ၏။ ညဏ်သာ စိတ်မောသွားရသည်။

"မောင့်ကို မေ့ပြစ်လိုက်တော့ ညဏ်သာ ဒါပဲနော်"

မြရိပ်ညို ဘယ်အချန်ကစပြီး ဒီလို အတ္တကြီးကြီးနဲ့ တစ်ကိုယ်ကောင်းဆန်သွားရသွားလဲ။ မင်းမျက်ဝန်းတွေက စိမ်းလိုက်တာ။ မင်း မောင့်အပေါ်တော့ ဒီလောက်အထိ ဂျေမဝင်သင့်ပါဘူး။ နာလိုတဲ့ မိန်းမတစ်ယောက်အဖြစ် မြရိပ်ညိုကို သူ အံ့သြစွာ ကြည့်လိုက်ရသည်။ မြရိပ်ညိုနှင့် လက်ထပ်ဖို့အတွက် သေချာသလောက် ဖြစ်သွား၏။ ညဏ်သာ့ဘက်ကနေ ငြင်းပယ်ခွင့်မရှိတော့။ တောင်းဆိုရင်လည်း မောင်နှင့် ပတ်သက်လျှင် ငြင်းပစ်မှာ မြင်သည်။

"မောင် တစ်လလောက်ဆို ဒေါင်ဒေါင်မြည်သွားပြီ ညဏ်သာ၊ ဒီတစ်ခါတော့ မောင် မြရိပ်ညိုကို နိုးပြေးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာကူညီပါကွာ''

မောင့်စိတ်ဓာတ်တွေက ပြင်းထန်နေသည်။ အိပ်ရာပေါ်မှာ လှဲနေရတာတောင် မောင် ပျင်းရိငြီးငွေ့နေ၏။ မောင်ရာ သတိရ လိုက်တာ။ မင်းအချစ်တွေကို လုယူသွားတဲ့ကောင်က ဉာဏ်သာ ပဲကွ။ မင်း ဘာလုပ်မလဲ။ မင်းက သတ်ပြစ်မှာလား မောင်၊ ဉာဏ်သာ့ကို သတ်ပစ်မှာလား။ သတ်ပြစ်လိုက်တာပဲ ကောင်းတယ် မောင်။ သစ္စာဖောက် လူယုတ်မာတစ်ယောက်အဖြစ် မောင် နာကြည်းမုန်းတီးနေမှာကို ဉာဏ်သာ အသက်ရှင်လျက် ရင်မဆိုင် ချင်ဘူးကွာ။ မောင့်ကို မေ့ပစ်လို့မရ။ နှာတံချွန်ချွန်လေးရယ် ကျော့ စင်းညွတ်အိနေတဲ့ မျက်တောင်လေးတွေ ပြီးတော့ နှုတ်ခမ်းဖူးဖူး လေး မင်းရဲ့အလှတွေကို ဉာဏ်သာရင်ထဲအထိ စွဲငြိခံစားနေတာ လေ။ မောင့်ကို တွေ့ချင်နေသည်။

''သား''

''ဟင်''

မောင့်အကြောင်းတွေပဲ စဉ်းစားနေတဲ့ ဉာဏ်သာ့အခန်း မှာ မေမေလာရပ်တာပင် မသိ။ သူ့အခန်းထဲ ဝင်လာသည်။

''ညနေ မေမေဆေးခန်းသွားမယ် သားဉာဏ်သာ မြရိပ်ညိုနဲ့အတူ သားလည်း လိုက်ရမယ်''



''မေမေ ဘာဖြစ်လို့လဲ နေမကောင်းလို့လား''

''ဆရာဝန်ရှေ့ရောက်ရင် မေမေ ဘာရောဂါဖြစ်နေတယ် ဆိုတာ မင်းသိရမှာပဲလေ၊ မေမေ ပြနေတဲ့ ဆရာဝန်က မင်းကို ...အပေါ် ဘယ်လိုနားလည်မှုတွေ ပေးရမလဲဆိုတာ ပြောမှာပဲ၊ ...က မေမေရဲ့ တစ်ဦးတည်းသော သားမို့ မင်းကိုပဲ ပြောမှာပါ''

သား ဉာဏ်သာက ဒေါ်မြဴပြာရဲ့ အချစ်မြတ်နိုးဆုံး တန်ဖိုး ...ထားရဆုံး သံယောဇဉ်ကြီးမားစွာ တွယ်တာရဆုံးသော တစ်ဦး ...တည်းသောသားကို ဒေါ်မြဴပြာ ခပ်စိမ်းစိမ်းပဲ ပြောနေခဲ့သည်။ ...လျှော့ပေးလို့ မဖြစ်ဘူး။ မင်းဘဝတစ်သက်တာလုံးအတွက်မို့ ...မေ ဒီကိစ္စခပ်ပြတ်ပြတ်ပဲ ကိုင်တွယ်ရလိမ့်မယ် ဉာဏ်သာ။ ...မမမောင်အပေါ် သားရဲ့ သံယောဇဉ်တွေက ကြောက်လန့်စရာ ...ကောင်းလောက်အောင်ပဲ ငြိတွန်းနေတာ မိမိသတိထားမိလာကတည်း ...တားဆီးပိတ်ပင်ဖို့ ဆုံးဖြတ်ထားခဲ့သည်။ အားနာလို့ပါ။ အခု ...ယောကျ်ားမကျ မိန်းမစိတ်မရှိတဲ့ မိန်းကလေးနှင့် အနေနီး ...မှာ စိုးရိမ်ရ၍ အနှာတာတွေ ငဲ့ညှာထောက်ထားတာတွေကို ...ညှာပဲ ဖယ်ရှားပစ်လိုက်သည်။

''မင်းကို မေမေ ဘယ်လိုအနေအထားတွေနဲ့ ကျွေးမွေး ...ရှောက်လာခဲ့ရတယ်ဆိုတာ သား အသိဆုံးပဲလေ၊ မေမေ

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကောင်းစဉ်မှာ မင်းဖေဖေ ဆုံးပါးသွားခဲ့ပေမယ့် သားအတွက် စဉ်းစားပြီး သားမျက်နှာကိုလေးကိုပဲ ထောက်ထားငဲ့ညှာပြီး မေမေ နောက်ထပ် အိမ်ထောင်သစ်တောင် မထူထောင်ခဲ့ဘူး၊ သား မှတ်မိလား မေမေ့ငယ်ချစ် လေးလေးမောင်ဆိုတာလေ၊ မေမေနဲ့လက်ထပ်ရဖို့ ဘယ်လောက်ကြိုးပမ်းလဲ၊ မေမေ လက်မခံခဲ့ဘူး၊ မေမေ သားတစ်ယောက်တည်းကိုပဲ ချစ်နေမိလို့ သား ပြောလိုက်လို့လေ"

ခင်မမမောင်ကို ဘယ်လိုနည်းနဲ့မှ မငဲ့ညှာနိုင်ဘူး။ မြမြ သားရဲ့ အနာဂတ်ကို စဉ်းစားတွက်ချက်ရမယ်။ အရမ်းပဲ စိတ်ကြမ်း ကိုယ်ကြမ်းကြီးနဲ့ ရန်ဖြစ်သတ်ပုတ်တဲ့အထိ ဒေါသကြီးတဲ့ ခင်မမ မောင်နဲ့တော့ နီးစပ်သွားမှာ အကြောက်ဆုံးပဲ။ ခင်မမမောင်က မိန်းမချောလေးပဲ။ သားကို ခပ်ပြတ်ပြတ် ခပ်မာမာပြောပြီး ပြန်ထွက်လာခဲ့သည်။

□ □ □

## အခန်း (၂၆)

"မောင် ထလို့မရသေးဘူး အိပ်ရာထဲမှာပဲ နေစမ်းပါ၊ မင်း ခွဲစိတ်ထားတယ်လေ"

"မောင် အိပ်ရာထဲမှာ လှဲမနေချင်ဘူး မမသန္တာ ပျင်းတယ်ဗျာ၊ မြရိပ်ညိုနဲ့တွေ့ချင်တယ်"

"ဘယ်သူ့ကိုပဲ တွေ့ချင်တွေ့ချင် မင်း ထူထူထောင်ထောင်ဖြစ်မှ ထရမယ်"

မြရိပ်ညို ဘာဖြစ်လို့များ မလာတော့တာလဲ၊ ဉာဏ်သာရော မောင် ဆေးရုံတက်တုန်းကတော့ ဉာဏ်သာ မကြာခဏ လာကြည့်သည်။ မောင် ဆေးရုံကဆင်းမှ ဘယ်သူမှ လာမကြည့်ကြ။ မြရိပ်ညိုကို လွမ်းနေ၏။ တွေ့ချင်သည်။ လူကြီးတွေအားလုံး ခပ်စိမ်းစိမ်းဖြစ်သွားကြတာတော့ မောင် သတိထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲ မမသန္တာကတော့ မောင် ဆင်ခြင်တော့တဲ့။ မမနန္ဒရဲ့ မင်္ဂလာပွဲမှာ မောင်သရုပ်ပျက်လို့ လူကြီးတွေ စိတ်ဆိုးနေကြတယ်တဲ့။ ဟုတ်တယ် မောင်လွန်သွားတယ်။ မမနန္ဒာနှင့် လေးလေးကျော်ပင် စိတ်ဆိုးပြီး မေမေတို့နှင့် မနေဘဲ အိမ်ငှားနေကြသည်။

"မမသန္တာ"

"ဘာလဲ မောင်"

"မြရိပ်ညိုကို တွေ့ချင်တယ် ဖုန်းဆက်ပေးပါ"

"မောင်"

"ဗျာ..."

"မြရိပ်ညိုကို မေ့ပစ်လိုက်တော့"

"ဘာဖြစ်လို့ မေ့ပစ်ရမှာလဲ မမသန္တာ အဓိပ္ပာယ်မရှိတာပဲ၊ မြရိပ်ညိုနဲ့ မောင့်ကြားမှာ ဘာပြဿနာမှ မရှိဘူး"

မောင့်ကြောင့် သန္တာစိတ်ညစ်နေရသည်။ မြရိပ်ညိုတို့ဘက်က ခပ်ကင်းကင်းနေကြ၏။ ပြီးတော့လည်း မြရိပ်ညိုနှင့် ဉာဏ်သာတို့က လက်ထပ်ကြတော့မှာ။ မောင် သိသွားရင် မလွယ်ဘူး။ ခွဲစိတ်ထားတဲ့ ဒဏ်ရာက ရှိနေ၍ ပြောမပြရဲပေ။ မောင့်အတွက် မေမေလည်း တော်တော်လေး စိတ်သောကဘွေရောက်



နေရတာ သန္တာအသိဆုံးပင်။ တစ်ခါတလေ မောင့်ကိုဒေါသဖြစ်လာရသည်။ မိန်းကလေးပဲ ပြန့်ဖြစ်လိုက်ပါတော့ဟာ။ ခင်မမမောင်ဆိုတဲ့ မိန်းကလေးသာဆိုရင် မောင် အရမ်းချောမောလှပအိစက်နေမှာပဲ။ မြရိပ်ညိုတို့ အထင်ကြီးတဲ့ ဉာဏ်သာထက်သာတဲ့ ယောကျ်ားတစ်ယောက်ကို ရနိုင်တာပါ။ မောင်က စာကြိုးစားပြီး ဉာဏ်ကောင်းတဲ့သူပဲ။ မောင်အရမ်းဆိုးချင်လို့၊ အဲဒါကလည်း မြရိပ်ညိုကြောင့်ပဲ။ မြရိပ်ညိုကိုယ်တိုင်က မောင့်အပေါ်စိမ်းကားပြီး ကင်းကင်းရှင်းရှင်းနေချင်နေသည်။

"မောင် အိပ်ရာထဲမှာ လှဲမနေချင်တော့ဘူး၊ တကယ်နေကောင်းတာပါ၊ ဘာမှ မဖြစ်တော့ဘူး၊ မောင် သိပါတယ်၊ ကိုယ့်ဒဏ်ရာအကြောင်း၊ ဒါပေမယ့် တကယ်ပဲ မောင်ဘာမှမဖြစ်တာပါ သန္တာ"

"နောက်ထပ် တစ်လလောက်တော့ အနားယူရဦးမယ်၊ လူကြီးတွေကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့မောင်ရာ၊ မေမေအရမ်းစိတ်သောက ရောက်ရတယ်၊ ဟိုညကဆို မေမေမူးတတ်ပဲ၊ ဉာဏ်သာ့အမေလည်း ဒေါသတွေဖြစ်လွန်းလို့ မေမေ့ကို အပြစ်တင်ခံရတယ်၊ မမနန္ဒလည်း အိမ်ထောင်ရေးမှာ အမှုအထစ်ဖြစ်ရတယ်လေ၊ မောင် ဆင်ခြင်သင့်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



မောင် မှားသွားတာတော့ သိသည်။ ဉာဏ်သာကလည်း ပြဿနာတွေတက်မှာစိုးလို့ မောင့်ကို တားဆီးတာပါ။ မထင်မှတ်ဘဲ ပြဿနာက ကြီးထွားသွားရ၏။ လူကြီးတွေက လုပ်လာကြ၍လည်း မောင့်စိတ်တွေပိုရှုပ်ပင် အလိုမကျဖြစ်ရကာ ပေါက်ကွဲချင်နေသည်။ ဉာဏ်သာရော မြရိပ်ညိုရော ဘာဖြစ်လို့ မလာကြတာလဲ။ လူမှုရေးအရတောင် လာမကြည့်တော့ဘူးလား။ မြရိပ်ညိုမျက်ဝန်းတွေက သူ့အပေါ် အကြင်နာတွေ ကင်းမဲ့ကာ မာမာတင်းတင်းလေး ဖြစ်နေသည်။ မြရိပ်ညို မင်းမောင့်ကို အဲဒီလိုလုပ်လို့ရမယ် မထင်နဲ့ လက်မခံဘူး။ မြရိပ်ညို စိမ်းကားသွားမှာကို မောင့်အရမ်းကြောက်တယ်။ စိတ်တွေပူလာ၏။ မောင် ဘယ်လိုမှ မခံစားနိုင်။ မြရိပ်ညိုကို တွေ့မှဖြစ်မယ်။ ဉာဏ်သာရော ဒီတစ်ကြိမ်တော့ မြရိပ်ညိုကို အရယူဖို့ မောင် ဆုံးဖြတ်ထားသည်။

"အနားယူတော့ မောင်၊ အိပ်ရေးဝအောင် အိပ်တာပဲဖြစ်ဖြစ် မောင့်ကို မမသန္တာ ပိုပြီး ဂရုတစိုက် စောင့်ရှောက်ရတော့မယ်။ အရင်လို မောင် နေချင်သလို နေခွင့်မပြုနိုင်တော့ဘူး"

"မောင့်ကို လာမချုပ်ချယ်နဲ့နော် မမသန္တာ မကြိုက်ဘူး"

"ချုပ်ချယ်တာ မဟုတ်ဘူး မောင့်ဘဝရှေ့ရေးအတွက်



အစ်မတစ်ယောက်ရဲ့ တာဝန်ကျေဖို့လေ"

"ဟား ….ဟား…ဟား…"

"ဘာရယ်နေတာလဲ"

"ကိုယ့်ဘဝရှေ့ရေးပဲ ကိုယ်လုပ်စမ်းပါ၊ အပျိုကြီးဘဝ က ကျွတ်အောင်လေ၊ မောင်က ယောကျ်ားလေး မပူနဲ့"

မောင့်စကားကိုပဲကြည့်လေ သူ့ကိုယ်သူ ယောကျ်ားလေးတစ်ယောက်ဟုပဲ ခံယူနေသည်။ မောင့်စိတ်ဓာတ်က ပြင်းထန်လွန်းနေ၍ သန္တာစိတ်ပိုပူနေရ၏။ မောင့်ကြောင့် ခက်ပါတယ်။ ဒီစိတ်ကြီးကို အခုချိန်ကျမှ ဘယ်လိုပြုပြင်ပြောင်းလဲပစ်ရမလဲ။ မောင့်ကို အတင်းအကြပ် နားစေပြီး မေမေ့ဆီ သန္တာရောက်လာသည်။

"မေမေ"

"ဟင်"

"နေမကောင်းဘူးလားဟင်"

မမနန္ဒာအတွက်ရော မောင့်အတွက်ရော မေမေတော်တော်လေး ခံစားနေရသည်။ အခုတလော စိတ်ဖိစီးမှုတွေများပြီး မေမေ့မျက်နှာ ကျသွား၏။ ချောမောပြီး ကျက်သရေရှိတဲ့ မေမေ့မျက်နှာ ညှိုးရော်နွမ်းဖတ်နေကာ အိပ်ရာပေါ်မှာပဲ လှဲနေသည်

www.burmeseclassic.com



အထိ စိက်ခတ်တွေ ကျနေသည်။

"မေမေ မှားတယ် သန္တာရယ် မောင့်ကို သားတစ်ယောက် အဖြစ် သဘာဝကို ဆန့်ကျင်ပြီး မေမေ မွေးမြူစောင့်ရှောက်လာခဲ့ တာ အခုမှ နောင်တရနေတယ်"

"ခင်မမမောင်အဖြစ် မောင့်ကို ပြောင်းလဲလာအောင် နည်း လမ်းအမျိုးမျိုးနဲ့ သန္တာကြိုးစားမယ် မေမေ"

"လွယ်ပါ့မလား မောင်က ဝိုပြီး စိတ်ခတ်ပြင်းပြတယ် လုပ်ချင်တာကို တဇွတ်ထိုးလုပ်တတ်တယ်လေ၊ မြရိပ်ညိုက ဉာဏ်သာနဲ့လက်ထပ်တော့မှာ မောင်သိသွားရင် မလွယ်ဘူး သမီး ရယ်၊ ဘယ်လို အခြေအနေတွေဖြစ်သွားမလဲ ဆိုတာ မေမေ စဉ်းတောင်မစဉ်းစားရဲဘူး"

"စိတ်မပူပါနဲ့ မေမေ၊ သူ့ဟာသူ ဖြစ်သွားမှာပါ၊ သဘာဝ တရားကိုက မောင့်ကို ပြုပြင်ပြောင်းလဲသွားမယ်လို့ သန္တာထင် နေတယ်၊ မြရိပ်ညိုနဲ့ သံယောဇဉ်ပြတ်သွားအောင်တော့ ကြိုးစားရ မယ်"

"မောင့်ကို သားဖြစ်ချင်လိုက်တာ၊ အားလုံး မေမေ့ ကြောင့်ပါ၊ သားတစ်ယောက်မွေးချင်လို့ မေမေ သားရူးပြီး မောင့်ကို သားအဖြစ် အတင်းအကြပ် ပုံစံရိုက်သွင်းခဲ့တာလေ၊ မောင့်ကို



အရင်က တရင်းတနှီးနေလာခဲ့တဲ့လူတွေက စိမ်းကားလေ မေမေ ရင်နာရလေပဲ သမီးလတ်ရယ်"

ဒေါ်ခင်ခင်မြ ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိတော့လောက် အောင် ဝမ်းနည်းကြေကွဲစွာ ငိုပစ်မိသည်။ မျက်ရည်ပေါက်တွေက ဘလိမ့်လိမ့် ကျဆင်းလာရ၏။ မိမိအမှားတွေအတွက် နောင်တ တွေ ရင်မှာပိုက်ပြီး မောင့်ကို ခင်မမမောင်အဖြစ် ဘယ်လိုပြောင်းလဲ စေရမလဲဆိုတာ မိမိစဉ်းစားလို့ပင် မရခဲ့။ မောင့်စိတ်က ကြောက် ရောကောင်းလောက်အောင် ပြင်းပြနေသည်။ အန္တရာယ်တွေကို ဖိတ်ခေါ်နေပြီဆိုတာ တဖြည်းဖြည်း တွေးတောမိလာပြီး မိမိအား ယူဝင်သောကတွေသာ ဖိစီးသထက် ဖိစီးနေရသည်။

"မေမေ"

"ဟင်"

"မောင့်ကို ခင်မမမောင်အဖြစ် ပြောင်းပစ်ရမယ်၊ မဖြစ် နေ ပြောင်းလဲရမှာပဲ မေမေ၊ မောင်သာ ခင်မမမောင်အဖြစ် ပြောင်းလဲသွားရင် မြရိပ်ညိုထက် အဆပေါင်းများစွာ တန်ဖိုးကြီး တဲ့ မိန်းကလေးဖြစ်မှာလေ"

မောင့်အတွက် သန္တာလည်း အရမ်းခံပြင်းနေသည်။ မြရိပ်ညိုကို ယောကျာ်းပေးစားတာ လက်ခံနိုင်ပေမယ့် မောင့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် မညှာမတာ စိမ်းကားပြလာကြတာတော့ လွန်သည်။ အချိန်တော့ ပေးသင့်တာပေါ့။ မောင့်လက်ထဲကို မြရိပ်ညိုကို စောင့်ရှောက်ပေးဖို့ အပ်ခဲ့တာက မြရိပ်ညိုမာမီ ဒေါ်သော်တာညိုပဲ။ အခုမှ သူ့သမီး မြရိပ်ညိုရဲ့ အနာဂတ်အတွက် လုပ်သင့်တာတွေကိုတော့ ပြတ်ပြတ်သားသား လုပ်ပစ်ရမယ်တဲ့။ မမနှင်းက ဒေါ်သော်တာညိုရဲ့ မောင်အငယ်ဆုံးနဲ့ လက်ထပ်ပြီးချွေးမျိုးဖြစ်သွားလို့ ငိုနေမိတာပါပဲ။ သဘာဝတရားကြီးရယ် မောင့်ကို ခင်မမောင်အဖြစ် ပြောင်းလဲပေးပါတော့နော်၊ မေမေ့အခန်းထဲက ပြန်ထွက်လာပြီး သန္တာ့အခန်းထဲရောက်မှ တစ်ယောက်တည်း ငိုနေမိသည်။

□ □ □

## အခန်း (၂၅)

မောင် ကျန်းမာရေး ကောင်းပြီး ပထမဦးစွာ အပြင်သို့ထွက်ခွင့်ရသောအချိန်တွင် အတွေ့ချင်ဆုံးက မြရိပ်ညိုကိုပင်။ မောင့်ကို ဘာဖြစ်လို့ လာမတွေ့ရတာလဲ။ ဉာဏ်သာရော မြရိပ်ညိုဘက်က စိမ်းစိမ်းကားကားဆက်ဆံတာကို မောင် လုံးဝလက်မခံခဲ့ပေ။ ပထမဆုံး ဉာဏ်သာ့အိမ်သွားသည်။ ဘာပဲဖြစ်ဖြစ်ဉာဏ်သာအနားမှာရှိနေလျှင် မောင် အားတက်၏။ ပြီးတော့ မြရိပ်ညိုကို ခိုးပြေးဖို့ ဉာဏ်သာက ကူညီမှာပါ။ ဉာဏ်သာ့အိမ်ရောက်တော့ ဉာဏ်သာ့မေမေက ဉာဏ်သာ မရှိဘူးတဲ့။ ဒီကောင်အချိန်မှာ အပြင်မသွားတတ်။ မောင်နဲ့တွေ့နေကျပဲ။ အနံ့တီဖြူပြာ သမ်းတွေက အလိုမကျသလိုနှင့် တင်းနေသည်။

“ဉာဏ်သာမရှိဘူး၊ နောက်ဆို ဉာဏ်သာ အလုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရှပ်နေတာ အပြင်ထွက်လို့ မရတော့ဘူးမောင်''

''ဗျာ''

''မင်းလည်း ကိုယ့်ဘဝကိုယ် ဆင်ခြင်သုံးသပ်သင့်… ပြီ၊ လမ်းပေါ်မှာ လတ်လျားလတ်လျား မနေသင့်တော့ဘူး''

အန်တီဖြူပြာ အထဲပြန်ဝင်သွားတော့ မောင် အောင့်သ… သက်နှင့် လှည့်ထွက်လာခဲ့ရသည်။ ဘာတွေလဲကွာ။ … ဘယ်လိုဆက်ဆံတာလဲ။ ဉာဏ်သာရော မောင့်အပေါ် ပြောင်း… သွားပြီလား။ အရင်ကဆို မောင်နဲ့ဉာဏ်သာ့ တတွဲတွဲ၊ ဉာဏ်… ကိုယ်တိုင်က လာခေါ်နေတာပါ။ လူတွေ ပြောင်းလဲသွားကြပြီ… မြရိပ်ညိုတို့အိမ် ထွက်လာခဲ့သည်။ အန်တီညိုနှင့်ရော မြရိပ်ညို… မောင်ဝမ်းကွဲတွေရှိနေ၍ မောင် အပြင်ကပဲ ဖုန်းဆက်ခေါ်လိုက်… မြရိပ်ညိုက လာမယ်တဲ့။ အပြင်ကပဲ စောင့်နေတဲ့။ မြရိပ်ညို… အသံလေးကိုကြားရ၍ ပျော်သွားရသည်။

''မြရိပ်ညို မောင် အရမ်းတွေ့ချင်တယ်၊ အရမ်းလွမ်း… ပြီကွာ၊ ထွက်လာခဲ့နော်''

''အင်းပါ မောင်၊ အဲဒီကပဲစောင့်ပါ၊ မြရိပ်ညို … မယ်''

ဒီတစ်ခါတော့ မင်းနဲ့အတူ အဝေးကြီးကို သွားတော့…



…ညို။ မောင် ခိုးပြေးမယ်။ မင်းနဲ့ တဖြည်းဖြည်း ဝေးရတော့မယ် …ာ မောင်သိနေတယ်။ အဲဒီအခြေအနေကို မောင်အကြောက်ဆုံး … လူကြီးတွေက မောင်နဲ့ခွဲပြီး မြရိပ်ညိုကို တခြားယောကျ်ား …ယောက်နဲ့သာ လက်ထပ်ပေးစားလိုက်ရင် မောင် ရူးသွပ်သွား …ဘဲ။ အဲဒီကောင်ကိုလည်း မောင် သတ်ပစ်မိမှာပါ။ မောင် …ောင့်နေတဲ့နေရာက ရပ်ကွက်ရဲ့ ချောင်ကျတဲ့နေရာလေးပဲ။ …ည်း ရှင်းသည်။ မြရိပ်ညိုကို ခိုးပြေးဖို့ ပိုက်ဆံလည်းထည့် …တယ်။ မင်းနဲ့ ဘယ်လိုမှ ဝေးကွာပြီး မနေနိုင်တော့လို့ပါ။ …ညိုကို ခိုးပြေးဖို့ ကြံစည်နေသည်။ ဉာဏ်သာ့ကို သတိရတယ်။ …ောင် ကူညီမယ်ဆိုပြီး အစအနတောင် ပျောက်နေ၏။ ဒီနေ့က … မြရိပ်ညိုကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ခိုးပြေးဖို့ပဲ မောင် ဆုံးဖြတ် …သည်။

''မောင်''

''မြရိပ်ညို''

မြရိပ်ညိုကိုတွေ့တော့ မောင်က ဝမ်းသာအားရနှင့် ပွေ့ဖက် …င့် မြရိပ်ညိုက ဆတ်ခနဲ တွန်းဖယ်ပစ်သည်။ မောင် တအံ့ …ဖြင့် ဆတ်ခနဲ မော့ကြည့်လိုက်တော့ မြရိပ်ညိုရဲ့ မျက်ဝန်းတွေ … ဒေါသရိပ်တွေနှင့် မာထန်လွန်းသော မျက်ဝန်းတွေနှင့် ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

"မြရိပ်ညို ဘာဖြစ်ရတာလဲ၊ မောင် အမြဲတမ်းဖက်ထ
နေကြပဲလေ၊ မင်းဘာဖြစ်နေတာလဲ မြရိပ်ညို"

"မောင်"

"ဟင်"

"နောက်တစ်ခါ အဲဒီလို အပြုအမူမျိုးတွေ မလုပ်
မကြိုက်ဘူး"

မောင် အံ့သြတုန်လှုပ်သွားရသည်။ မြရိပ်ညိုဆီက ခါး
ပြတ်တောက်သော မာမာထန်ထန် စကားလုံးတွေကို မောင် ယ
ဆုံး ကြားလိုက်ရ၏။ မြရိပ်ညို ပြောင်းလဲသွားတာလား၊ မောင်
ကြောက်ပြီး မောင် ထားရာနေ စေရာသွားတတ်တဲ့ ရိုးရိုးစင်း
ငြိမ်ငြိမ်ကုပ်ကုပ် ကောင်မလေး မြရိပ်ညိုက လူကြီးဆန်စွာ အပြ
ရူးစူးတွေနှင့် နောက်သို့ ခွာရပ်ပစ်သည်။

"မြရိပ်ညို...မင်း...မင်း ဘာတွေပြောနေတာလဲ၊ မော
မြရိပ်ညိုက အရမ်းသံယောဇဉ်ကြီးပြီး တတွဲတွဲ မခွဲဘဲနေကြ
ချစ်သူတွေလေ"

"မောင် နင်အရူးပဲ"

"ဘာ"

[redacted]



"နင့်ဘက်ကနေ အဲဒီလို ချစ်သူအဖြစ် မရိုးမသားဆက်ဆံ
တာ ငါ အမုန်းဆုံးပဲ"

"မြရိပ်ညို ဘယ်လိုပြောနေတာလဲကွာ၊ မောင်တို့ မိုးပြေး
မယ်၊ မင်းနဲ့မောင် လူကြီးတွေနဲ့ အဝေးဆုံးမှာ သွားနေကြရအောင်
လာ သွားမယ်"

"ဖယ်စမ်း...နင် အရူးထတိုင်း ငါ လက်မခံနိုင်ဘူး၊
နိုးပြေးမှာလဲ၊ ရှုံလိုက်တာ"

"ဖြန်း"

"ဟင်"

"နင်က ဘာလဲ မောင်၊ အရှက်မရှိလိုက်တာ၊ နင်က
ာလေးပဲ၊ နင့်နာမည် ခင်မမမောင်၊ အရူးမထစမ်းပါနဲ့ ခင်မမ
င်၊ ကိုယ့်ဘဝကိုယ် နားလည်စမ်းပါ"

"မင်း...မင်း မြရိပ်ညို မင်းတော်တော်စော်ကားတာပဲ၊
မင်း ဘာတွေလာပြောနေတာလဲကွ၊ မောင်နဲ့ လိုက်ခဲ့စမ်းပါ၊
င်တို့ ထွက်ပြေးကြမယ် လာပါ၊ မောင့်ကို မစိမ်းပါနဲ့၊ မင်းကို
င် အရမ်းချစ်တယ်၊ မခွဲနိုင်ဘူး၊ မင်း မောင့်ကို ဒီလိုရက်စက်
ဘူးနော်၊ လိုက်ခဲ့မလား၊ မလိုက်ဘူးလား ပြော"

"မလိုက်ဘူး၊ နင်နဲ့တွဲရတာတောင် ငါ အရမ်းရှက်နေတာ၊

[redacted]

www.burmeseclassic.com



နင်က မိန်းကလေးပဲလေ ရွံ့တယ်၊ နင့်ကိုမုန်းတယ်၊ ရွံ့ရှာစက်ဆုပ်တယ်"

"ဘာ"

"နင့်ကိုယ်နင် ယောကျ်ားလေးထင်မနေနဲ့၊ နင်က ခင်မမအောင်ပဲ၊ မိန်းမ"

မြရိပ်ညိုပြောပြီး မောင့်ကို မိန်းကလေးဆိုတာ အသိဝင်လာအောင် ခပ်ပြတ်ပြတ် ပြောပစ်ကာ ချာခနဲ လှည့်ထွက်ခဲ့သည်။

"မြရိပ်ညို မင်း အဲဒီလိုမလုပ်ပါနဲ့၊ မောင့်ကို ရက်ရက်စက်စက် ရှောင်ဖယ်မသွားပါနဲ့၊ မင်းကို ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် အရယူမယ်"

မောင် နာကျင်ကြေကွဲမှုတွေနှင့် အော်ဟစ်ရင်း မြရိပ်ညိုနောက်ကို ပြေးလိုက်တော့ မြရိပ်ညို လှည့်ပင်မကြည့်။ မြရိပ်ညိုမောင်လေးနှစ်ယောက်က မောင့်ရှေ့မှာ ဝင်ရပ်လိုက်သည်။

"ဟေ့ကောင်တွေ မင်းတို့ဝင်ပြီးမရှုပ်နဲ့နော်၊ မြရိပ်ညိုနဲ့ ရှင်းရမယ့်ကိစ္စ ဖယ်"

"ပြန်ပါ၊ အေးအေးဆေးဆေး မမမြရိပ်ညိုကို စွန့်လွှတ်လိုက်ပါ၊ မနှောင့်ယှက်ပါနဲ့တော့၊ မမက သူ့ချစ်သူနဲ့ လက်ထပ်တော့မယ်"



"ဘာ"

မောင့်ဒေါသတွေ အထွတ်အထိပ်ရောက်သွားပြီး မျက်လုံးတွေ ပြာဝေလာကာ ရှေ့မှာ တားဆီးနေတဲ့ကောင်တွေ မျက်နှာဆီ မောင့်လက်သီးတွေက တိုးဝင်သွားသည်။

"ခွပ်"

"ဟာ…တော်တော်ရမ်းကားတာပဲ၊ မထူးဘူး ချစ်အောင် ဖြန့်ထိုးကွ၊ ဒီနေ့တော့ မှတ်လောက်သားလောက်အောင် ပညာပေးရမယ်"

"အေး…မင်းတို့ကိုလည်း ပညာပေးရမယ်၊ ငါ ဘာကောင်လဲဆိုတာ သိသွားအောင်လေ"

"ခွပ်"

"ဒုတ်"

"ဒုတ်"

"ခွပ်…ခွပ်"

မြရိပ်ညိုမောင် နှစ်ယောက်က တစ်ယောက်က ဖမ်းချုပ်ကာ တစ်ယောက်က ထိုးဖို့ပြင်နေသည်။ မောင်က ကရာတေးခါးပတ်နက်ရထားသူဖြစ်၍ ဒီကောင်တွေကို အသေအလဲ တိုက်ခိုက်နေသည်။ မောင့်ကိုဖမ်းချုပ်ဖို့ ကြိုးစားနေတဲ့ကောင်ရဲ့လက်ကို ဆတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



လိမ်ချိုးပစ်လိုက်၏။ နောက်ကနေ ဝင်လာတဲ့ကောင်ကို ခြေဖျားနှင့် ခတ်တာ မထိ။ မောင် ဒေါသတွေ ပေါက်ကွဲသွားရသည်။

"မင်းတို့ကို အရှုံးမပေးဘူး၊ မြရိပ်ညိုကို အရယူမယ် ယောကျ်ားတစ်ယောက်နဲ့ ပေးစားရဲပေးစားကြည့် အားလုံး မသာ တွေဖြစ်ကုန်မယ်"

မောင် အော်ဟစ်ကြိမ်းဝါးရင်း မြရိပ်ညိုရဲ့ မောင်ဝမ်းကွဲ တွေနှင့် အပြင်းအထန် တိုက်ခိုက်နေသည်။

"ခွပ်...ခွပ်"

"ဒုတ်"

"ဒုတ်"

"အား"

"ဒုတ်"

"ဟေ့ကောင် ချစ်အောင် မိန်းမတစ်ယောက်ကို မနိုင်ရင် ရာဇဝင်ရိုင်းမယ်၊ ချကွာ အသေချပြစ်"

မိန်းမတစ်ယောက်ကိုပင် မနိုင်တော့သဖြင့် စမ်းမောင်က လမ်းဘေးမှာရှိနေတဲ့ သစ်သားတုတ်ကို ကောက်ကိုင်လိုက်ပြီး မောင့်ကို ရိုက်ချပစ်လိုက်သည်။

"ဟေ့ကောင်တွေ ရပ်လိုက်စမ်း၊ မင်းတို့ ဘာကောင်တွေ





သဲ ရပ်စမ်း"

"ဟာ...ကိုဉာဏ်သာပဲ လစ်ကြစို့၊ မလစ်ခင် ဒီမိန်းမ ကိုတော့ ပညာပေးသွားမယ်"

ချစ်အောင် ဒေါသတကြီးနှင့် မောင့်ရဲ့အင်္ကျီကို ဗိုခနဲနေ အောင် ဆွဲဖြဲပစ်လိုက်ပြီး ထွက်ပြေးကြသည်။

"ဟင်"

မောင့်အင်္ကျီက ဗိုခနဲ ပြဲသွားပြီး အတွင်းခံအင်္ကျီပဲ ရှိနေ တော့သည်။ ဉာဏ်သာက မောင့်အနား ရောက်လာ၏။ ဘယ်က နေဘယ်လို ရောက်လာကြတဲ့ အရှက်တွေမှန်းမသိ မောင် အရမ်း ရှက်ကြောက်ထူပူသွားပြီး လက်နှစ်ဘက်ကို ရင်ဘတ်မှာယှက်သိုင်း ကာ ထိုင်ချပစ်လိုက်သည်။

"မောင်...တော်သေးတာပေါ့ကွာ၊ ဉာဏ်သာ အရောက် မြန်လို့ပဲ၊ ရော့ ဉာဏ်သာ အင်္ကျီဝတ်လိုက်"

ဉာဏ်သာက မောင့်အခြေအနေကိုကြည့်ပြီး သူဝတ်ထား တဲ့ အင်္ကျီအား ကပျာကယာချွတ်ကာ ဝတ်ပေးလိုက်သည်။ မောင်က မော့မကြည့်။ ယောကျ်ားလေးတစ်ယောက်ရဲ့ တင်းမာမှု တွေ၊ ဒေါသတကြီး တုံ့ပြန်မှုတွေ ပျောက်ဆုံးကာ မောင့်မျက်ဝန်း အားတွေက ရှက်ရွံ့ထိတ်လန့်စွာ ခေါင်းငုံ့ထားတော့၏။ ဉာဏ်သာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မောင့်ခေါင်းမှာ သွေးတွေမြင်လိုက်ရ၍ အထိတ်တလန့် နှင့် မောင့်ကို ဆွဲယူပွေ့ဖက်ထားမိသည်။

"အို"

"မောင့်ခေါင်းမှာ သွေးတွေနဲ့၊ လာ ဆေးခန်းသွားဖြရ အောင်၊ စိတ်တွေကိုလျှော့လိုက်ပါတော့ မောင်ရာ၊ ပြဿနာတွေက တစ်နေ့ထက်တစ်နေ့ ကြီးထွားတော့မယ်"

ဉာဏ်သာ ရင်ခွင်ထဲကနေ မောင် ရုန်းထွက်ပစ်လိုက် သည်။ ဘဝတစ်လျှောက် အိပ်မက်တွေနှင့် ယောင်ဝါးဝါး လျှောက် လှမ်းနေခဲ့ရာမှ လန့်နိုးသွားသလို မောင် အရက်တွေနှင့် အကြောက် တွေက ဘယ်ကနေ ရောက်ရှိလာမှန်းမသိဘဲ ဉာဏ်သာ့ကိုပင် မကြည့်ရဲတော့။ မျက်နှာတွေလွှဲပြီး ဉာဏ်သာအနားကနေ ရှောင်ထွက်သွားဖို့ ခြေလှမ်းတွေပြင်လိုက်သည်။

"မောင် အိမ်ပြန်မလား၊ ဉာဏ်သာလိုက်ပို့ပေးမယ်၊ မောင့်ကို စိတ်မချလို့ ဉာဏ်သာ လိုက်လာတာပါ၊ နောက်ကျသွားတယ်ကွာ ဒီကောင်တွေ တော်တော်ရိုင်းစိုင်းတာပဲ ရဲစခန်းကို တိုင်မလား"

"နေပါစေ၊ ဉာဏ်သာ ပြန်တော့၊ ငါ့အတွက် ဘာမှ စိတ်မပူပါနဲ့ ရတယ်"



"မပြန်ဘူးကွာ၊ ကိုယ်ဘယ်လောက်အထိ မင်းအတွက် စိတ်ပူရသလဲ မောင်ရာ၊ မင်းကို ကိုယ် လုံးဝ စိတ်မချဘူး၊ ဆေးခန်း သွားကြမယ်၊ မသွားရင်လည်း အိမ်ပြန်ပို့ပေးမယ်"

ဉာဏ်သာက မောင့်လက်ကို ဆွဲလိုက်တော့ အရင်က လည်း ပန်းတော့င်ဖက်ထားတတ်ပေမယ့် ပထမဆုံးအကြိမ် ရှက်ကြောက်တုန်လှုပ်ကာ လက်တွေကို ပုတ်ခတ်ဖယ်ရှားပစ်မိ သည်။

"ဟ ဘာလဲကွ၊ ယောက်ျားအချင်းချင်း ဘာဖြစ်ရတာလဲ၊ ဒေါသတွေကို လျှော့လိုက်ပါတော့ မောင်ရာ၊ နောက်ထပ်အခွင့် အရေးတွေ ရှိပါသေးတယ်၊ ဉာဏ်သာ ကူညီမယ် လုံးဝကတိပဲ၊ မောင် ဖြစ်ချင်တာကို တုံးတိုက်တိုက် ကျားကိုက်ကိုက် ကူညီ မယ်ကွာ"

"ရတယ် ဉာဏ်သာ နေခဲ့တော့၊ မြရိပ်ညိုလည်း မရှိတော့ဘူး၊ စိတ်ချပါ"

"မောင်...."

"ဉာဏ်သာ နေခဲ့တော့"

"သွေး...သွေးတွေ"

"ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာရှေ့ကနေ အမြန်ဆုံး ရှောင်ထွက်ပြေးလာခဲ့သည်။ ရှက်လိုက်တာ။ မောင့်ရဲ့ ဖုံးကွယ်ထားတဲ့ ရင်အတွင်းပိုင်းကို ဉာဏ်သာ တွေ့မြင်သွားပြီပဲ ဘယ်လိုလုပ်ရမလဲ။ အိမ်ရောက်တော့ မေမေရော၊ မမသန္တာပါ အထိတ်တလန့်နှင့် သူ့အနားရောက်လာကြသည်။ မေမေဆို မူးမိုက်လဲပြိုမတတ်ပင်။ မမသန္တာက တွဲပြီး ထိန်းပေးထားရ၏။ မောင် ဧည့်ခန်းမှာ ဝင်ထိုင်လိုက်သည်။

"မောင် ဘာဖြစ်လာတာလဲ၊ ခေါင်းမှာလည်း သွေးတွေနဲ့ ဒီအင်္ကျီက ဘယ်သူ့ဟာလည်း၊ ဉာဏ်သာ့အင်္ကျီထင်တယ်"

"အင်း"

"မောင့်အင်္ကျီရော"

"ပြဲသွားလို့"

"ဘုရားရေ"

"မောင် ဘာမှ မဖြစ်ဘူး၊ ခေါင်းက ရှပ်ထိသွားတာပါ၊ ဆေးပဲ ထည့်ပေး"

"ဖြစ်မှဖြစ်ရလေ မောင်ရယ်၊ မေမေ ရင်တုန်လိုက်တာ၊ ဘယ်သူတွေနဲ့ ရန်ဖြစ်ရတာလဲ၊ မောင့်ကို ဘယ်သူ ရိုက်လိုက်တာလဲဟင်"

"မေးမနေပါနဲ့ မေမေရာ၊ နည်းနည်းလေးပဲ ထိမိတာပါ၊



ပြဿနာလည်း မရှိဘူး"

"ဘယ်သူတွေနဲ့ ရန်ဖြစ်လာတာလဲ မောင်၊ ပြောလေ"

"မြရိပ်ညို့ မောင်တွေနဲ့"

"ဘာ"

"မိန်းကလေးတစ်ယောက်ကို ဒီကောင်တွေက ယောက်ျားတွေဖြစ်ပြီး ဒီလောက်အထိ စော်ကားရလား၊ မမသန္တာ မခံနိုင်ဘူး ရဲကိုတိုင်မယ်"

မမသန္တာက မိန်းကလေးတစ်ယောက်ဟူသော အသုံးအနှုန်းကြောင့် မောင် စိတ်တွေ ကမ္ဘာကြီး ဖောက်ထိုးမိုးမျှော်ဖြစ်သွားသလို နောင်တတွေပါ တိုးဝင်လာသည်။ မေမေနှင့် မမကိုပင် မကြည့်ရဲတော့ဘဲ ခေါင်းလေးငုံ့ထားလိုက်၏။ မမသန္တာက ဆေးထည့်ပေးသည်။

"သိပ်မများလို့ တော်ပါသေးရဲ့ကွယ်၊ မေမေတော့ သေပစ်ချင်တော့တာပဲ၊ မေမေ့အမှားတွေပါ၊ စတည်းက မေမေ မှားတာသန္တာ၊ ဘာပြဿနာမှ မရှာနဲ့တော့ ထားလိုက်၊ မေမေတို့ဘက် အရှုံးပဲလေ"

မေမေက ဘာဖြစ်လို့ အစတည်းက မှားတယ်လို့ပြောရတာလဲ၊ မောင့်ကို သားရှုးရှုးပြီး သားအဖြစ် ပုံစံသွင်းပေးခဲ့လို့လား၊

www.burmeseclassic.com

www.burmeseclassic.com



မောင်က မိန်းကလေးပဲ၊ ဉာဏ်သာ့ရှေ့မှာ မောင့်ရဲ့ မမြင်အပ်တဲ့ အတွင်းသားတွေအား မောင် မစဉ်းစားချင်တော့ဘူး။ မောင် မျက်နှာက ထူပူပြီး လူတွေအားလုံးနှင့် ရင်မဆိုင်ရဲတော့။ အခန်းလေးထဲမှာပဲ ငြိမ်သက်တိတ်ဆိတ်စွာ နေသည်။

□ □ □

## အခန်း (၁၈)

"နင်က မိန်းကလေးပဲ၊ ခင်မမမောင်ပဲလေ၊ နင့်လို မိန်းကလေးတစ်ယောက်နဲ့ ချစ်သူအဖြစ်တွဲရမှာလား၊ ငါ အရမ်းရှက်တယ်၊ ရွံတယ်၊ နင့်ကိုလည်း မုန်းတယ်၊ အရမ်းရွံတယ်၊ နင်က မိန်းကလေး၊ ကိုယ့်ဘ၀ကိုယ် မမေ့နဲ့"

မောင် အိပ်ရာကနေ ဆတ်ခနဲထပြီး ထိုင်မိသည်။ အိပ်မက်ထဲမှာ မြရိပ်ညို့ရဲ့ အမုန်းတွေက ကြောက်စရာကောင်းလောက်အောင် စိမ်းကားပြတ်တောက်နေသည်။ နင်က ခင်မမမောင်တဲ့။ မိန်းကလေးချင်း ချစ်သူစိတ်နဲ့ ဆက်ဆံတာကို ငါ အရမ်းရွံတယ်တဲ့။ မုန်းတယ်တဲ့။ မောင့်ခေါင်းကျောတွေ တင်းသွားလို့လားမသိ။ အိပ်ရာက နာကျင်လာ၏။ ရင်တွေပူလာလို့ ထပြီး ရေခဲရေတစ်ခွက် သောက်ရသည်။ ဉာဏ်သာ့ကို သတိရလာ၏။ မောင့်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



အကြင်နာတွေ၊ သံယောဇဉ်တွေနဲ့ ထိနိုက်နစ်နာမှုမရှိအောင် စောင့်ရှောက်ခဲ့၏။ ဟိုနေ့ကလည်း ဉာဏ်သာရောက်လာလို့ပဲ၊ ကျော်မကောင်း ကြားမကောင်းနှင့် အရှက်ကွဲရမလို့ပဲ။ မြရိပ်ညို စကားတွေက မောင့်နှလုံးသားတွေထဲ အရှက်တရားတွေနှင့် နာကျင်စူးရှစွာ တိုးဝင်နေသည်။ မောင့်စိတ်တွေ ချောက်ချားနေရ၏။ အိပ်စက်တိုင်း မြရိပ်ညိုရဲ့ စွပ်စွဲပုတ်ခတ်မှုတွေက တစ္ဆေ၊ သရဲ တစ်ကောင်လို ခြောက်လှန့်နေသည်။

"ဟုတ်တယ်၊ မောင်က ခင်မမောင်ပဲ ဖြစ်သင့်တယ်။ မမနဲ့ မိသားစုဝင်တွေ ဘယ်လောက်များ စိတ်သောကတွေ ရောက်ရလဲ"

မောင့်စိတ်တွေ ပြောင်းလဲသွားသည်။ မြရိပ်ညိုကို မုန်းတီးသွားလို့လား။ ဉာဏ်သာ့ကြောင့်ပဲလား။ ဉာဏ်သာ့ရင်ခွင်ထဲမှာ မောင် တိုးဝင်ဖက်တွယ်ထားမိတဲ့အဖြစ်တွေ မမြင်အပ်တဲ့ မောင့်ရဲ့အတွင်းသားလေးကို ဉာဏ်သာ မြင်တွေ့သွားတာကို မောင် ရှက်လို့မဆုံးတော့။ အခန်းထဲမှာပဲ နေသည်။

"မောင် အရမ်းပဲအားငယ်နေတယ် ဉာဏ်သာ၊ ရှက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးလည်း ထူပူနေတယ်၊ ဉာဏ်သာရှိနေရင် အားရှိသလိုပဲ"



ဉာဏ်သာ့အကြောင်းတွေပဲ မောင် တွေးနေမိသည်။ မေ့ပစ်၍မရ။ ဉာဏ်သာ့နှင့် မောင် နှစ်ယောက်တည်း အတူတူ နေထိုင်စဉ် ဉာဏ်သာရဲ့ အကြင်နာတွေကို အရင်ကတော့ မောင် ခံစားခဲ့ပေ။ ဉာဏ်သာက မောင့်အတွက်ဆို ဂရုတစိုက်နှင့် နှစ်သိမ့်အားပေးနေတတ်၏။ မောင် ဒူးအတက်ပေါက်ပြီး ခွဲစိတ်တုန်းကလည်း ဉာဏ်သာပဲ အိမ်မပြန်ဘဲ မောင့်ကိုပဲ ပြုစုခဲ့သည်။ မောင် ဘာတွေ တွေးနေတာလဲ။ ဉာဏ်သာ့အကြောင်းတွေ တွေးမိတိုင်း မောင့်နှလုံးသားတွေထဲသို့ အလွန်အေးစက်သော ရေခဲမြစ်လေး ဖြတ်သန်းစီးဆင်းသွားသလို အေးစိမ့်ထုံကျင်လာရ၏။ စိတ်တွေလည်း အရမ်းလှုပ်ရှားနေသည်။

"မောင်ရေ"

"ဟင်...မမ"

"ထမင်းစားရအောင်လေ"

မမသန္တာက ဟင်းထမင်းတွေကိုယူပြီး အခန်းထဲဝင်လာသည်။ မောင့်ကြောင့် မိသားစုဝင်တွေလည်း မျက်နှာငယ်ရတာ စိတ်မကောင်း ဖြစ်ရ၏။ မမသန္တာက မောင့်ကို ခင်မမောင်အဖြစ် ပြောင်းလဲချင်နေသည်။

"မောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"မောင်ကနေ မ လို့ပဲ ပြောင်းလိုက်ကြမလားဟင်"

"မမ"

"ဟုတ်တယ်၊ မောင့်ကို ခင်မမမောင်အဖြစ် ပြောင်း ပစ်ရမယ်လေ"

"ရုတ်တရက်ကြီး ဟိုလေ-မနေတတ် မထိုင်တတ် ဖြစ်မယ်ထင်တယ်၊ ရပါ့မလား"

"ဘာဖြစ်လို့ မရမှာလဲ၊ ဒီနေ့ကစပြီး မ လို့ပဲ ခေါ်မယ်"

"ဟာ..."

"ဘာရှက်စရာရှိလဲ၊ မက မိန်းကလေးပဲဟာ၊ စိတ် လည်း ပြင်လိုက်စမ်းပါ မရာ၊ လူတွေကို မမသန္တာ အရမ်း တယ်၊ မက မိန်းကလေးလို ဝတ်စားလိုက်ရင် အရမ်း ချောမွတ်နေမှာပဲ၊ ကြည့်စမ်း မျက်တောင်လေးတွေ၊ နှာတံချွန် လေးတွေ၊ နှုတ်ခမ်းအိအိ ထူထူအမ်းအမ်းလေး၊ မက မလိမ်း ဘဲကို လှတာ"

"မမသန္တာကလည်း မောင့်အတွက် ကျင့်သား အချိန်တွေလိုအပ်တယ်၊ ပြီးတော့လေ မောင် ရှက်တယ်"

"ဘာဖြစ်လို့ ရှက်ရမှာလဲ၊ စိတ်ကို တစ်ခါ



ဆုံးဖြတ်ပြီး ပြင်လိုက်တော့၊ အချိန်ဆိုတာ တန်ဖိုးရှိတယ်လေ၊ ဒီနေ့ကစပြီး မိန်းကလေးအဝတ်အစားတွေ ဝတ်ရမယ်၊ မက တကယ်လည်း မိန်းကလေးပဲဟာ"

"အင်း"

"ဝမ်းသာလိုက် မရာ၊ ဘာမှ ရှက်နေစရာ မလိုဘူး၊ မကို ညဏ်သာထက်သာတဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ် ရမယ်"

"ဟင်"

ညဏ်သာထက်သာတဲ့ ယောကျ်ားတစ်ယောက်ကို သူမက ဘာဖြစ်လို့ လက်ထပ်ရမှာလဲ။ ညဏ်သာကရော တကယ်တမ်း တွေးကြည့်လိုက်တော့ သူမ သံယောဇဉ်အတွယ်တာ ရဆုံးက ညဏ်သာပဲလေ။ ညဏ်သာထက်သာတာ ဘာဖြစ်လို့လဲ။ မမသန္တာက သူမကို ကြည့်သည်။

"မ"

"ဗျာ"

"ရှင်လို့ထူးလေ"

"ထူးစမ်းပါ ရှင်လို့"

"ဟာ...မမသန္တာကလည်း"

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါ၊ ဒီလိုပဲ အရာအားလုံး ပြောင်းလဲပစ်ရမှာလေ၊ ရှင်လို့ ပြောစမ်းပါ"

"ရှင်"

"အိုကေ ဟုတ်ပြီ၊ မသာ မိန်းကလေးတစ်ယောက်လို နေထိုင်ပြောဆိုတတ်သွားရင် အရမ်းကောင်းမှာပါ၊ မိန်းကလေး တစ်ယောက်အသွင်ကို လုံးဝ ပြောင်းပစ်စမ်းပါ မရယ်"

သူမ သိချင်နေတာက ဉာဏ်သာ့အကြောင်းတွေပဲ။ ဉာဏ်သာက သူမနှင့် ဆက်ဆံပတ်သက်ခွင့် မရှိတော့ဘူးလား။ ထမင်းစားပြီးတော့ မမက မိန်းကလေးအဝတ်အစားတွေ ဝတ်ပေးသည်။ သူမ အချိုးမကျ ရှက်ရဲရဲကြီး ဖြစ်နေရ၏။ သူမ အသိတရားဝင်လာတဲ့အချိန်တွင် ယောက်ျားဘာဝနှင့် နေထိုင်ခဲ့တာတွေကို အရှက်ကြီး ရှက်လာရသည်။ အချိန်ပြည့်ပဲ မမသန္တာနှင့် မေမေက လှေကျင့်နေ၏။ သူမကိုယ်တိုင် မိန်းကလေးဘဝကို နှစ်သက်လာသည်။

"ကြည့်စမ်း မမသန္တာညီမလေးက ဘယ်လောက်ချောလဲ၊ ချစ်စရာကောင်းလိုက်တာ၊ မြရိပ်ညိုနဲ့ ဘာဆိုင်တော့လို့လဲ"

မြရိပ်ညိုရဲ့နာမည်က သူမ နှလုံးသားအား လာရောက်ထိခတ်ခြင်း မရှိတော့။ အမုန်းကြီး မမုန်းပေမယ့်လည်း အရင်လို



အရွးအမွး စွဲလမ်းနှစ်သက်နေတာတွေ မရှိ။ ပတ်သက်ဆက်ဆံဖို့ ဆန္ဒတွေ ကင်းမဲ့နေသည်။ မမသန္တာကလည်း သူမ သင်တန်းတွေအတွက် မြရိပ်ညိုနှင့် ကင်းရှင်းတဲ့နေရာတွေမှာပဲ တက်စေ၏။ မြရိပ်ညိုက သူမဘာဝနှင့် ခြားနားစွာ ခံစားမှုတွေ မရှိတော့တာပဲ အောင်မြင်မှုပဲဖြစ်သည်။

"မ"

"ဟင်"

"မနက်ဖြန်မှာ ဉာဏ်သာနဲ့ မြရိပ်ညို စေ့စပ်ကြတော့မယ်"

"ဟင်"

သူမ ဘယ်လောက်အထိများ တုန်လှုပ်ချောက်ချားသွားရသလဲဆိုရင် နေရာကနေ ဝုန်းခနဲ ထရပ်မိသွားသည်။

"ဘာဖြစ်တာလဲ၊ ခုထိ သံယောဇဉ်မကုန်သေးတာလားမ"

မမသန္တာက အလိုမကျသလိုနှင့် ခပ်ဆတ်ဆတ်လေး မေးသည်။ သူမ တုန်လှုပ်ချောက်ချားသွားရတာ မြရိပ်ညိုကြောင့် မဟုတ်ကြောင်း သိနေ၏။ ဉာဏ်သာ့ကြောင့်ပါ။ သူမအပေါ် ဉာဏ်သာကိုယ်တိုင်က ဒီလောက်အထိ စိမ်းကားရက်စက်နိုင်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီလားဟင်။ ဘယ်တုန်းက စီစဉ်ထားခဲ့ကြတာလဲ။ ဉာဏ်သာက သူမအပေါ် သူငယ်ချင်းတစ်ယောက်ထက်မပိုသော သံယောဇဉ် တွေပဲ ရှိနေတာပါလား။ ဉာဏ်သာ ချစ်နေတာက မြရိပ်ညိုပဲ။ မြရိပ်ညိုကို လက်ထပ်ချင်လို့ သူမအား မိန်းကလေးတစ်ယောက် ပြောင်းလဲစေချင်တာလား။ ပြီးတော့ မြရိပ်ညိုအပေါ် သံယောဇဉ် ပြတ်တောက်စေရန် ဉာဏ်သာ ကြိုးပမ်းနေခဲ့တာပဲ။ ထိုသတင်းသည် သူမအတွက် နာကြည်းခါးသီးလွန်းဆုံးသော သတင်းတစ်ခု ဖြစ်နေခဲ့၏။ ဉာဏ်သာ ကြောင့်ပါ။ သူမ မိန်းကလေးတစ်ယောက် အဖြစ် ပြောင်းလဲပစ်ဖို့ ဆုံးဖြတ်မိတာပင် ဉာဏ်သာက သူမအား ချစ်နေလိမ့်မည်ဟု ထင်မှတ်ထား၍ ဖြစ်သည်။

"အဲဒါကြောင့် မမသန္တာက ပြောတာပေါ့၊ ဉာဏ်သာ ထက်သာတဲ့ ယောကျ်ားတစ်ယောက်နဲ့ မမညီမလေး ခင်မမောင် ကို လက်ထပ်ပေးရမယ်လို့လေ၊ မက အရမ်းချောတာပဲ၊ ပြီးတော့ မကို မမနန္ဒာက သူ့ကုမ္ပဏီမှာ သွင်းပေးမယ်တဲ့၊ မက အင်္ဂလိပ် စကားပြောနဲ့ ကိုးရီးယားစကားလည်း ကျွမ်းတယ်လေ"

မြရိပ်ညို စိမ်းကားရက်စက်တာထက် ဉာဏ်သာက ပို စိမ်းကားရက်စက်လွန်းသည်ဟု သူမ ထင်မိသည်။ သူမ မိန်းကလေးစိတ်တွေ ဝင်လာအောင် ဖန်တီးလုပ်ဆောင်ခဲ့တာ





ဉာဏ်သာပဲလေ။ သူမ အင်္ကျီရင်ဘတ် စုတ်ပြဲခံရပြီး အဝတ်ဗလာ ဖြစ်နေချိန်တွင် ဉာဏ်သာက သူ့အင်္ကျီနှင့် ဖုံးအုပ်ပေးခဲ့သည်။ ရှက်နေတဲ့ သူမအား စိုးရိမ်တကြီး သူ့လက်တွေနှင့် ပွေ့ဖက်ထား သည်။ ဉာဏ်သာ့ကို လက်လွှတ်အဆုံးရှုံးခံရတော့မှာလားဟင်။ သူမ ငယ်စဉ်ကလေးတည်းက ယောကျ်ားလေးတစ်ယောက်လို စိတ်ကို အတင်းအကြပ်လုပ်ပြီး မာကျောအောင် နေထိုင်တတ်ပြီး ဘာအကြောင်းနဲ့မှ မျက်ရည်မကျအောင် အံတင်းပြီး နေထိုင်ခဲ့သဖြင့် ခိုတတ်။ မျက်ရည်လည်း မကျခဲ့ပေ။ အခုတော့ ဘယ်ကနေ ဝမ်းနည်းကြေကွဲမှုတွေ ရောက်လာပြီး မျက်ရည်တွေ ပြည့်လာရ တာလဲ။ မမသန္တာကတော့ ဉာဏ်သာ့ကြောင့်ဆိုတာ မသိဘဲ သူမကို ချောင်းဖျနေသည်။

"မြရိပ်ညိုက ဉာဏ်သာနဲ့စေ့စပ်ဖို့ လူကြီးတွေစကား ကမ်းလှမ်းထဲက မကို မုန်းနေတာ၊ ရွံနေတာ၊ သူ့ဘဝကို ဖျက်ဆီး ခဲ့မယ့်သူတစ်ယောက်လို့ သတ်မှတ်လိုက်တာပဲ၊ အဲဒီကောင်မလေး ကိုက အကျင့်မကောင်းတာ၊ မုန်းပစ်လိုက်၊ ဘာသံယောဇဉ်မှ ထားနဲ့၊ သူ့မောင်ဝမ်းကွဲတွေကို တမင်အရိုက်ခိုင်းတာနေမှာ"

မမသန္တာက မြရိပ်ညို မကောင်းကြောင်းတွေ ပြောနေ သော်လည်း သူမ စဉ်းစားနေတာက ဉာဏ်သာ့အကြောင်းတွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာ ကိုယ်တိုင်က မြရိပ်ညိုကို ချစ်နေတာလား။ မမသန္တာက ပြောတာတော့ သူမ အူအတက်မခွဲစိပ်ခင်ထဲက စီစဉ်နေကြတာတဲ့။ ဉာဏ်သာက ထိုအချိန်က မြရိပ်ညိုထက် သူမကိစ္စတွေကိုသာ စိတ်ဝင်စားနေသည်။ သူမ အနားမှာပဲနေပြီး ချော့မော့နှစ်သိမ့်ကာ အကာအကွယ်တွေ ပေးနေခဲ့၏။ ဉာဏ်သာဆီ ပြေးသွားပြီး ပြတ်ပြတ်သားသား မေးပစ်ချင်နေသည်။

"သူတို့ရဲ့စေ့စပ်ပွဲကို မမမေနဲ့ ခင်မမမောင်ကို လာစေ ချင်တယ်တဲ့၊ မ သွားမလား"

"ဟင့်အင်း မသွားချင်ပါဘူး၊ မက ဘာဖြစ်လို့ အရှက်ခွဲ သွားရမှာလဲ"

"မက သတ္တိကြောင်နေတာလား၊ မမနန္တာက ရှိသေး တယ်လေ၊ သူတို့ဘက်က တောင်းပန်တယ်၊ အမုန်းတွေ အာဃာတ တွေဖယ်ပြီး ငြိမ်းချမ်းရေးယူချင်တဲ့ သဘောပဲလေ၊ မမနန္တာကလည်း အခြေအနေ အရှမ်းကြီးမပျက်သွားအောင် လာခဲ့တဲ့၊ ခင်မမမောင် အဖြစ် သတ္တိရှိရှိရင်ဆိုင်တဲ့၊ မမနန္တာ ခေါ်တာပဲ မ"

ဉာဏ်သာ့ကို သူမ ရင်မဆိုင်ရဲတာပါ။ မြရိပ်ညိုနဲ့ ပတ်သက်တာတွေ မြရိပ်ညိုမောင်ဝမ်းကွဲတွေနဲ့ ပတ်သက်ဖြစ်ခဲ့ တာတွေအားလုံး သူမ မေ့ပစ်ထားနိုင်ခဲ့သည်။ သူမ ဘယ်လို



မေ့ပျောက်ပစ်လို့မရတာက ဉာဏ်သာပဲ။ အခုချိန်ကျမှ ဉာဏ်သာနှင့် တရင်းတနှီး နေထိုင်စားသောက်ခဲ့တာတွေ၊ ဉာဏ်သာ့ဆီက ကြင်နာ ယုယမှုတွေနှင့် ဖေးမမှုတွေကို သူမ လွမ်းမောဖွယ် တမ်းတလေပဲ သတိရနေသည်။

"မက မိန်းကလေးသဘာဝတွေနဲ့ အတော်လေး ကျင့်သားရနေပါပြီ၊ ဘဝသစ်ကို ပြန်စရမယ်လေ၊ ဘာမှမဖြစ်သလိုပဲ သွားကြရအောင်နော်၊ မြရိပ်ညိုထက်တောင် မက အရှမ်းချောနေ မှာပါ"

မမသန္တာကတော့ မြရိပ်ညိုကြောင့်ပဲ ထင်မှတ်နေသည်။ ဉာဏ်သာ့ကြောင့်ပါ။ မိန်းကလေးတစ်ယောက်ရဲ့စိတ်တွေ ဝင်လာ သည့်အချိန်ကစပြီး ဉာဏ်သာ့အကြောင်းတွေပဲ သူမ တွေးတော နေမိတာ သူမနှလုံးသားတွေထဲမှာ နူးညံ့သိမ်မွေ့တဲ့ အချစ်တွေပဲ တိုးဝင်နေရ၏။ ဉာဏ်သာနဲ့ ပတ်သက်နေတာပါပဲ။ မနက်ဖြန် စေ့စပ်ပွဲအတွက် မမနန္တာက သူမအတွက် အဝတ်အစားတွေ၊ အသုံး အဆောင်တွေအားလုံး စီစဉ်ထားပြီးသားတဲ့။ သူမ ငြင်းဆန်လို့ မရတော့။ ဉာဏ်သာနဲ့ မလွဲသာမရှောင်သာ ရင်ဆိုင်ရမည်ဖြစ်သည်။

"ဒီနေ့တော့ မမတို့ညီမလေး ခင်မမမောင်ကို ပွဲထုတ် ရမယ်၊ မြရိပ်ညိုတို့ မိသားစုကို မမတို့ဘက်က ဘာမှမဖြစ်သလို

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးယူဖို့ မမနန္ဒာက ဆန္ဒရှိနေတယ်၊ ဒါမှလည်း ညီမလေး လူတွေထဲကို တိုးလို့ရမှာလေ''

သူမကတော့ ဉာဏ်သာ့ကို မြရိပ်ညို့နှင့်တွဲပြီး ချစ်သူတွေ အဖြစ် မြင်ဖို့ဆိုတာ စိတ်လှုပ်ရှားစရာကောင်းပြီး မုန်းတီးစက်ဆုပ် ဖွယ်အကောင်းဆုံး ဖြစ်နေသည်။ ဉာဏ်သာ ဘာဖြစ်လို့များ မြရိပ်ညို ကိုမှ ရွေးချယ်ခဲ့ရတာလဲ။ တမင်ပဲ အငြိုးအတေးတွေနဲ့ ရက်စက် တော့မှာလားဟင်။ သူမ ဘယ်လောက်အထိ ရင်ကွဲပက်လက် ဖြစ်ရမလဲဆိုတာ ဉာဏ်သာ အသိဆုံးပင်။ ဒါပေမဲ့လည်း သူမ ကတော့ မမနန္ဒာနှင့်ပတ်သက်နေ၍ ဉာဏ်သာ့ကို ရင်ဆိုင်ရတော့ မှာပဲဖြစ်သည်။

''မ''

''ဟင်''

''မနက်ဖြန်ကျရင် ဉာဏ်သာနဲ့ မြရိပ်ညိုတို့ စေ့စပ်ပွဲကို တက်ဖို့ မမနန္ဒာရဲ့ ကုမ္ပဏီပိုင်ရှင် ကိုလရောင်လည်း လာမယ်လေ''

''အဲဒါ မနဲ့ ဘာဆိုင်လို့လဲ''

''ကိုလရောင်က မမတို့ ကုမ္ပဏီပိုင်ရှင်ဆိုပေမယ့် ငယ်ငယ်ပဲ ရှိသေးတယ်၊ လူပျိုလေ''

သူမ ဉာဏ်သာကလွဲပြီး ဘယ်လိုလူမျိုးကိုမှ စိတ်ဝင်စား



လို့ မရတာကိုတော့ ဝန်ခံရမည်ဖြစ်သည်။ ဉာဏ်သာက သူမဘဝ မှာ မေ့ပျောက်လို့မရနိုင်တဲ့ အမှတ်တရများစွာနှင့် ပတ်သက် တွယ်ငြိ ခဲ့တဲ့သူပါ။ သူမအား ယောကျ်ားတစ်ယောက်လို နေထိုင်စဥ်ကပင် မမနန္ဒာရဲ့ ကုမ္ပဏီပိုင်ရှင် ကိုလရောင်ချိုက စိတ်ဝင်စားနေတာတဲ့။ ချက်တောင်ကော့ကော့၊ နှာတံချွန်ချွန်လေးတဲ့။ ခင်မမမောင်ကို မေ့ပစ်လို့မရဘူးတဲ့။ အခု မိန်းကလေးအဖြစ် ပြောင်းလဲသွားပြီ ဆိုတော့ အရမ်းတွေ့ချင်တယ်တဲ့။ ကိုလရောင်က စေ့စပ်လက်စွပ် ကို ဝတ်ပေးမှာတဲ့။ မမသန္တာပြောပြနေတဲ့ ကုမ္ပဏီပိုင်ရှင် ကိုလရောင်ချိုရဲ့အကြောင်းတွေကို မကြားတစ်ချက် ကြားတစ်ချက် နှင့် ဉာဏ်သာ့အကြောင်း စဥ်းစားပြီး သူမရင်တွေ ပူလောင်နိုးထိတ် နေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

မြရိပ်ညိုနှင့်ဧစေစပ်ပွဲကို ဉာဏ်သာ ဘယ်လိုမှ ရှောင်လွဲလို့ ရောဘဲ လက်ခံလိုက်ရတာပဲဖြစ်သည်။ မေမေ့ကျန်းမာရေးကြောင့်ရော၊ သူ့ကတိကြောင့်ရော ဉာဏ်သာ လက်ခံရ၏။ ဉာဏ်သာ သတိရတမ်းတ လွမ်းဆွတ်နေရတာက မောင်ပင်။ သူမက ခင်မမမောင်အဖြစ် ပြောင်းလဲသွားပြီဖြစ်ကြောင်း သတင်းတွေ ကြားနေရ၍လည်း ဉာဏ်သာ တွေ့မြင်ချင်ပြီး ရင်ခုန်နေသည်။ နေ့က်ပေါင်းများစွာထဲမှ ဒီနေ့မနက်သည် ဉာဏ်သာ့အတွက် စိတ်မသက်မသာဖြစ်ရဆုံးနှင့် စိတ်အပျက်ဆုံး မနက်ဖြစ်နေ၏။ ဒီနေ့မနက်မှာပဲ မြရိပ်ညိုနှင့် လူကြီးစုံရာရှေ့မှာ တရားဝင်စေ့စပ်ကြောင်းလမ်းရမည်ဖြစ်သည်။

"ဉာဏ်သာ ထတော့လေ၊ ဟိုတယ်ကို မနက်ဆိုးနာရီ

နို · မို · ၀၂၈၀

www.burmeseclassic.com



အရောက် သွားရမယ်''

''ဟုတ်ကဲ့ပါ မေမေ''

''သား ဉာဏ်သာ''

''ဗျာ''

''မင်း မျက်နှာကြီး တည်မထားပါနဲ့၊ မြရိပ်ညိုလေး ဂုဏ်ငယ်ပါ့မယ်၊ ယောကျ်ားလေးက မချစ်ဘဲ အောင့်သက်သက် လက်ထပ်လိုက်ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အရှက်သိက္ခာ ထိပါးရမှာကို မေမေ ကိုယ်ချင်းစာတယ်''

သားဉာဏ်သာက မလွဲမရှောင်သာလို့ မိမိစိတ်ဆန္ဒ လိုက်လျောပေးသည့်အနေနှင့် မြရိပ်ညိုကို လက်ထပ်ဖို့ သဘော လက်ခံတာဖြစ်ကြောင်း မိမိသိသည်။ သားစိတ်ကို မိမိ မသိဘဲနေ မလား။ သားဉာဏ်သာ သံယောဇဉ်တွယ်နေတာက ခင်မမမောင်သာ ယောကျ်ားလေးစိတ်နှင့် ကြီးပြင်းလာတဲ့ မိန်းကလေးတစ်ယောက် နှင့်တော့ သားရဲ့ထာဝရလက်တွဲဖော်အဖြစ် မိမိ လက်မခံနိုင်သေး မောင်ကနေ ခင်မမမောင်အဖြစ် ပြောင်းလဲသွားပြီ ဖြစ်ကြောင်းကော သတင်းကြားနေရသည်။ သားကို တစ်သက်လုံး အနိုင်ကျင့်မယ့် မိန်းကလေးပဲ။ မြရိပ်ညိုလေးနဲ့ပဲ စီစဉ်ရမယ် မိမိ ဆန္ဒ သားဉာဏ်သာက လေးသွဲ့ပျင်းရိစွာ အိပ်ရာကထနေ၏။ ဉာဏ်သာ



ဒီတစ်ခါတော့ မေမေ အလိုမလိုက်ဘူး။ မင်းဘဝ တစ်သက်သာအတွက် ဖြစ်နေလို့ပဲ။ ဒေါ်မြူပြာ ခပ်ပြတ်ပြတ်ပဲ မိမိဆန္ဒအတိုင်းပဲ သားအိမ်ထောင်ရေးကို ရွေးချယ်စီစဉ်ပစ်လိုက် သည်။

''မင်း ရေချိုး၊ မျက်နှာသစ်၊ နောက်ကျလို့မဖြစ်ဘူး၊ မျက်နှာကို အပြုံးတွေ သမ်းနေပါစေ၊ မြရိပ်ညိုလို မိန်းကလေး တစ်ယောက်နဲ့ လက်ထပ်ခွင့်ရတာ မင်းက ဘာမှမကျေနပ်စရာ မရှိဘူးနော် သား''

သူ ထလိုက်သည်။ ဘဝတစ်လျှောက်လုံးရဲ့ လက်တွဲဖော် က သူချစ်တဲ့မိန်းကလေးပဲ ဖြစ်သင့်သည်ဟု ဉာဏ်သာ ထင်သည်။ မြရိပ်ညိုကို ဉာဏ်သာ ခံစားလို့မရ။ သံယောဇဉ်လည်း တွယ်ငြိခြင်း မရှိ။ အချစ်ဆိုတာ ဝေလာဝေးပဲ။ မောင် မင်းလာမှာလား။ မမနဲ့ဘာ က သူမယောကျ်ားဘက်က အမျိုးတွေနှင့် သူမ မိသားစု ပြန်လည် သင့်မြတ်စေရန် ခင်မမမောင်ကိုပါ ယောကျ်ားရဲ့တူမ ဧရာပွဲမှာ လာစေမည်တဲ့။ မင်း ခင်မမမောင် ဖြစ်သွားပြီလား မောင်။ ဉာဏ်သာ တွေ့ချင်တယ်ကွာ။ မင်းကို မောင်ဆိုတဲ့ ယောကျ်ားလေး တစ်ယောက်ဘဝထဲက ဉာဏ်သာ သံယောဇဉ်တွယ်ငြိပြီး ချစ်ခဲ့ ခဲ့ရတာပါကွာ။ ဉာဏ်သာ့စိတ်က တကယ်ပဲ မသက်မသာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခါးသည်းနာကျင်နေသည်။

"မင်း ဒုက္ခရောက်နေရင် ကူညီချင်တာတွေ၊ မင်းကို နာကျင်ထိခိုက်မှုတွေ မရှိစေချင်တာတွေ၊ မင်းဘဝလေး တကယ် အေးချမ်း ပျော်ရွှင်နေစေချင်တာတွေက ဉာဏ်သာ့ရဲ့ အပြင်းပြဆုံး ဆန္ဒတွေပါမောင်၊ ဉာဏ်သာ ဘာဆက်လုပ်ရတော့မလဲ၊ မြရိပ်ညိုနဲ့ လက်ထပ်ဖို့ ဉာဏ်သာ ဘယ်လိုမှ မလွဲမရှောင်သာတော့လို့ပါကွာ"

ဉာဏ်သာ အိပ်ရာမှထပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ စေ့စပ်ပွဲကိုသွားဖို့ ဉာဏ်သာ ဘယ်လိုမှ ဆန္ဒမရှိ။ ခင်မမမောင်နဲ့ ဝေးရမှာကို ဉာဏ်သာ မတွေးရဲ။ ဖြစ်နိုင်လျှင် ခင်မမမောင်ရဲ့ လက်ကိုဆွဲပြီး မိသားစုဝင်တွေနှင့် အဝေးဆုံးကို ထွက်ပြေးချင်သည်။

"ဉာဏ်သာ မောင်လေ မြရိပ်ညိုနဲ့ မခွဲနိုင်တော့ဘူး မြရိပ်ညိုကို ခိုးပြေးမယ်၊ ဉာဏ်သာ ကူညီနော်၊ မောင်ကတော့ မြရိပ်ညိုကို လက်ထပ်မယ့် ဘယ်လိုကောင်မျိုးကိုမဆို သတ်ပစ် မယ်"

မောင် ကြိမ်းဝါးတဲ့အသံတွေကို ဉာဏ်သာ သတိရမိတိုင်း မြရိပ်ညိုနဲ့ လက်ထပ်မယ့်သူက ဉာဏ်သာဖြစ်နေလို့ ဉာဏ်သာ့ကို မောင် သတ်ပစ်ချင်နေပြီလား။ မောင်က မိန်းကလေးတစ်ယောက်ရဲ့ စိတ်တွေ အပြည့်အဝဝင်ပြီတဲ့။ ခင်မမမောင် အရမ်းချစ်စရာကောင်း



နေမှာပဲ။ ဉာဏ်သာ ရေပန်းအောက်ဝင်ပြီး ပူလောင်နေတဲ့ သူ့အသည်းနှလုံးတွေကို စိမ်ပစ်သည်။ ခင်မမမောင်ရယ် ကိုယ့် အသည်းတွေ တစ်စစီတစ်စစီ ဖွဲ့ခြွေခံနေရသလိုပဲ။ ခင်မမမောင် ကို ဉာဏ်သာ ချစ်နေတာ ကြာပြီလေ။ စတွေ့တည်းကပဲ ဆင်တယ်။ မေမေက နောက်မကျစေနဲ့ ပြောထား၍ ရေချိုးပြီး အဝတ်အစားတွေလဲသည်။ စေ့စပ်ပွဲအချိန် နီးကပ်လာသည်နှင့်အမျှ ဉာဏ်သာ့စိတ်တွေက လေးလံထိုင်းမှိုင်းလာ၏။ အကောင်းဆုံး ဟိုတယ်ကြီးမှာ ဂုဏ်သရေရှိ လူကြီးမင်းတွေ အသိသက်သေအဖြစ် အက်မှတ်ရေးထိုးကြမယ့် စေ့စပ်မင်္ဂလာပွဲက ဉာဏ်သာ့အတွက် တော့ လောင်မြိုက်နေတဲ့ မီးတောက်တွေနှင့် တူညီနေသည်။

"သား ဉာဏ်သာ၊ သွားမယ်"

"ဟုတ်ကဲ့ မေမေ"

နှလုံးရောဂါဝေဒနာတွေ ခံစားနေရတဲ့ မေမေ့မျက်နှာပြင်က ညှိုးနည်းတော့ ဖြူရော်နေသည်။ စိန်တွေကို ဖျတ်ဖျတ်ခါလက်နေ အောင် ပြွတ်သိပ်ဝတ်ဆင်ထားသော မေမေက ကျက်သရေရှိပြီး ချမ်းသာကြွယ်ဝတဲ့ ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ယောက် ဖြစ်နေ၏။ မိဘအမွေတွေကို တစ်ဦးတည်း အမွေဆက်ခံရမယ့် ဉာဏ်သာကတော့ ပညာသင်နေဆဲမို့ စီးပွားရေးအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မသိသေးတဲ့ကောင် ဖြစ်နေသည်။

"မေမေ့သားက ခန့်လိုက်တာ၊ အရမ်းချောတယ် မြရိပ်ညိုလေးနဲ့ အရမ်းလိုက်ဖက် တင့်တယ်လိုက်တာ"

မေမေ့ကို ဉာဏ်သာ တုံ့ပြန်ပြောဆိုမနေဘဲ ကားပေါ်တက် ပြီး လိုက်လာခဲ့သည်။ စေ့စပ်ပွဲ ကျင်းပမည့် ဟိုတယ်ရောက်တော့ မြရိပ်ညိုတို့ မိသားစုဝင်တွေ ရောက်နေကြ၏။ မြရိပ်ညို သူ့လက်မောင်းကို လာချိတ်ပြီး ဆီးကြိုသည်။

"ဉာဏ်သာ"

"ဟင်"

"ခင်မမမောင် လာတယ်"

"ဟင်"

"ဟိုမှာ ထိုင်နေတာလေ"

ဉာဏ်သာ ဆတ်ခနဲမော့ကြည့်လိုက်တော့ ဆံပင် ယောကျ်ားလေးဆံပင်ပုံစံ တိုတိုနန့်နန့်လေး ဖြစ်နေသော မျက်တောင်ကော့ကော့လေးတွေ၊ နှာတံချွန်ချွန်လေးတွေ ဉာဏ် အရမ်းနမ်းပစ်ချင်နေခဲ့တဲ့ နှုတ်ခမ်းထူထူအမ်းအမ်းလေး မေ့ပစ်လို့မရအောင် နှလုံးသားအထိ စွဲနစ်တိုးဝင် အမှတ်တရ တွေအဖြစ် သိမ်းဆည်းထားခဲ့သော ကောင်မလေးတစ်ယောက်



အလှတွေဖြစ်သည်။ ပန်းခရမ်းရောင် မှန်နိုင်လွန်အင်္ကျီလေးက ခင်မမမောင်ရဲ့ အတွင်းသား ဝင်းဝင်းအိအိလေးကို ထင်းနေစေ၏။ သူမ ခရမ်းရောင်ချိတ်ထဘီလေးကို ဝတ်ဆင်ထားသည်။ မင်း မောင်လား။ ခင်မမမောင်တဲ့ အဲဒီနာမည်က မောင့်နာမည်ပဲ။ သူ့အကြည့်တွေက ခင်မမမောင်ဘေးမှာ ထိုင်နေတဲ့ လူတစ်ယောက် ကိုတွေ့လိုက်တော့ ဉာဏ်သာ့မျက်ဝန်းတွေက တင်းမာခက်ထန် သွားသည်။

"ဟိုလူက ဘယ်သူလဲ"

"ဘယ်သူလဲ ခင်မမမောင်ဘေးမှာ ထိုင်နေတဲ့လူလား၊ အဲဒါ မမနန္ဒာရဲ့ ကုမ္ပဏီပိုင်ရှင်သူဌေး ကိုလရောင်ချိုလေ၊ မြရိပ်ညို တို့ကို စေ့စပ်လက်စွပ် ဝတ်ပေးမှာ၊ မြရိပ်ညိုဘက်က အသိသက်သေလေ ဉာဏ်သာ"

ခင်ဗျား ဘယ်လိုလူလဲ။ ခင်မမမောင်ဘေးမှာမှ ဘာဖြစ်လို့ ချွဲတွဲပူးကပ် ထိုင်နေရတာလဲ။ ဉာဏ်သာ မနာလိုဝန်တို ဖြစ်သွား သည်။ ခင်ဗျားက ဘာဖြစ်လို့ စေ့စပ်လက်စွပ် ဝတ်ပေးရမှာလဲ။ ခင်ဗျားဘယ်လောက်များ ဂုဏ်သရေတွေ ရှိနေလို့လဲ။ ဖြူနုပြီး ချောမောခန့်ညားနေတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးက ခင်မမမောင်နှင့် နီးနီးနေသလိုပင်။ ဘာတွေလဲ။ ကိုလရောင်ချိုကို အမိဖမ်းတော့

www.burmeseclassic.com

www.burmeseclassic.com



မလား။ ခင်မမအောင်ကတော့ ငြိမ်သက်စွာ ထိုင်နေသည်။ အရမ်းကို ကျက်သရေရှိပြီး လှပတင့်တယ် စွဲမက်စရာကောင်းလွန်းနေသော မိန်းကလေးဖြစ်နေသည်။

"ဉာဏ်သာ ဘာဖြစ်တာလဲ၊ ဂရုစိုက်လည်း ဆောင်ပါဦးနော်၊ အမူအရာ အရမ်းပျက်နေပြီ"

"ဟင်"

"ခင်မမအောင်က အရမ်းကို ပြောင်းလဲသွားတာပဲနော် မိန်းမချောလေးပဲ၊ မြရိပ်ညိုကို အရင်ကလို သည်းသည်းလှုပ် မချစ်တော့ဘူး သိလား"

မြရိပ်ညိုနှင့် လက်ထပ်တဲ့ကောင်ကို အသေသတ်ပစ်မယ် လို့ ကြိမ်းဝါးနေတတ်တဲ့ မောင်က ခင်မမအောင်အဖြစ် ဂရုမ စိုက်ဘဲ သိက္ခာ ကြီးမားစွာ နေထိုင်တာတော့ ဉာဏ်သာ အံ့ဩတုန်လှုပ် နေရသည်။ ခင်မမအောင် မင်း ဉာဏ်သာဆိုတဲ့ကောင်အပေါ် နည်းနည်းလေးတောင် ခံစားချက်တွေ မရှိတော့ဘူးလား။ သိပ်ပြီး စဉ်အမျှင်တန်းလေးတောင် တွယ်ငြိမနေတော့ဘူးလားကွာ။ ခင်မမ အောင်က သူ့ကိုမကြည့်ပေ။ မြရိပ်ညို မောင်ဝမ်းကွဲတွေနဲ့ ရယ်မော တုန်းက အကျီကို ဆွဲဖြဲခံလိုက်ရသဖြင့် သူ့ရှေ့မှာ ရှက်လွန်းလို့ လက်လေးယှက်ကာ ထိုင်ချလိုက်တဲ့ သူမစိတ်က မိန်းကလေးပီပီ



ဖြစ်နေသည်။ ဉာဏ်သာပင် ရင်တွေ တလှိုက်လှိုက် ခုန်တက်သွား ပြီး မျက်နှာတွေထူပူသွား၏။ မောင် ရှက်မနေစေရန် ရယ်ရယ် မောမော ရင်းရင်းနှီးနှီး ပြောလိုက်ရပေမယ့် သူ့ ယခုထိ စိတ် လှုပ်ရှား တုန်ရီနေဆဲဖြစ်သည်။

"ခင်မမအောင် မင်း ဒီလို ဝတ်စားပြင်ဆင်ထားတော့ လည်း အရမ်းကို လှပချောမောတာပဲ၊ ဖြစ်ပျက်ခဲ့သမျှတွေအတွက် အန်တီဖြူပြာ တောင်းပန်ပါတယ်ကွယ်၊ အခုတော့လည်း အားလုံး အဆင်ပြေပြီး အေးချမ်းသွားကြပြီလေ၊ ကောင်းပါတယ်လေ၊ သား ဉာဏ်သာနဲ့ သမီး မြရိပ်ညိုတို့ လက်ထပ်ပွဲကျရင်လည်း မင်း လာပန်းကြဲပေးပါဦးနော်"

လူကြီးတွေအားလုံးကတော့ သူမအား အရေးတယူနှင့် နှုတ်ဆွေးစွာ ဆီးကြိုနှုတ်ဆက်နေကြ၍ သူမ စိတ်သက်သာရာ ရခဲ့သည်။ အချစ်ဆုံး အခင်မင်ဆုံး၊ အကောင်းဆုံး မိတ်ဆွေစစ်စစ် ဆွေနော်တဲ့။ ဘာသဘောလဲ မြရိပ်ညို။ ဉာဏ်သာ့ကို လုမှာ ကြောက်လို့ ချက်ချင်းကြီး မိတ်ဆွေကောင်း ထလုပ်တာလား။ ဉာဏ်သာကတော့ အရမ်းပျော်နေပုံမရ။ အပြုံးတွေက လျော့ရဲနေ ပြီး သူမဆီ ခဏခဏ မော့ကြည့်လိုက်တဲ့ မျက်ဝန်းတွေထဲမှာ ရိုးမိပူပင်မှုတွေ အချစ်တွေနှင့် နာကျင်မှုတွေ ရောထွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်မမမောင်"

"ဟင်"

"ဆာနေပြီလား"

"ဟင့်အင်း"

"မင်း ဘာမှစားမလာဘူးလို့ သန္တာက ပြောနေပါလား ဟင်"

မမနန္တာရဲ့ ကုမ္ပဏီသူဌေး ကိုလရောင်က သူမအား တယုတယကြင်နာနေတာ သူမ စိတ်ရှုပ်ထွေးလာရသည်။ မဆီ မဆိုင် ညဏ်သာ အထင်လွဲမှာလည်း စိုးနေ၏။ ဘာဆိုင်လဲ ညဏ်သာက လက်ထပ်တော့မှာပါ။ အရင်က မြရိပ်ညိုနှင့် လက်ထပ်တဲ့ကောင် အသေပဲလို့ ညဏ်သာ့ကို ပြောခဲ့သည်။ ယ တော့ မြရိပ်ညိုနှင့်ပတ်သက်ပြီး ခံစားချက်တွေက ကင်းမဲ့နေတယ်။ သူမစိတ်တွေ မိန်းကလေးတစ်ယောက်စိတ်တွေပဲ ဖြစ်နေသည်။ ဒါပေမဲ့ ညဏ်သာရယ်၊ ခင်မမမောင်လေ ငိုပစ်ချင်နေတယ်။ ကြေကွဲဝမ်းနည်းမှုတွေက ရင်ထဲမှာ ပြည့်ကြပ်နေပြီ။ ညဏ်သာ နဲ့အတူတူ နေထိုင်လာခဲ့ရတဲ့ အချိန်လေးတွေကို ပြန်ပြီးတမ်းတ တယ်။ အဲဒီတုန်းက ညဏ်သာက ခင်မမမောင်အပေါ် အ ကြင်နာခဲ့တယ်။ ဖေးမကူညီခဲ့တယ်။ ညဏ်သာ အနားမှာ



လို့သာပေါ့။ ကိုလရောင်အနားမှာ သူမ ထိုင်နေရတာ စိတ်ကျဉ်း ကျပ်လာရသည်။ ညဏ်သာ့အကြည့်တွေက တစ်ချက်တစ်ချက် သူမမျက်ဝန်းတွေနှင့် အကြည့်ချင်းဆုံနေ၏။ အကြည့်တွေက ဆန္ဒ တွေနဲ့ ထပ်တူဖြစ်နေလို့ထင်တယ်။ ညဏ်သာ့အကြည့်တွေက အလိုမကျသလိုပဲ။ ခင်မမမောင်ဘက်ကလည်း မကြည့်မိအောင် ကြိုးစားထိန်းချုပ်နေပေမယ့် မရ။ မကြာခဏ ညဏ်သာဆီကို ကြည့်မိနေသလို ညဏ်သာကလည်း တုံ့ပြန်ကြည့်တာနှင့် ဆုံနေ တတ်သည်။

"အားလုံးပဲ ကျေးဇူးတင်ပါတယ်၊ မနက်စာကို အားပါး တရ စားသုံးနိုင်ကြပါပြီ"

အခမ်းအနားမှူးအသံကြားမှ အခမ်းအနား ပြီးဆုံးသွားပြီ ဖြစ်ကြောင်း သတိရလိုက်ကာ ညဏ်သာ့ကို စိတ်တွေ ထိန်းချုပ် ထားသည့်ကြားမှ နောက်ဆုံးအကြိမ်အဖြစ် မော့ကြည့်မိတော့ ညဏ်သာ့လက်မှာ စိန်တွေနှင့်မွမ်းမံထားသော လက်ထပ်လက်စွပ် ဝတ်ထားပြီးနေသည်။ သူမ နှုတ်ခမ်းလေးတွေ ဝမ်းနည်း ကြေကွဲမှုတွေကြောင့် ထင်သည်၊ တဆတ်ဆတ်တုန်ရီကာ ပျောခွေ ကျချင်သွားရ၏။ ဘာဖြစ်နေရတာလဲ ခင်မမမောင်။ ညဏ်သာ မြရိပ်ညိုရဲ့ ခင်ပွန်းလောင်း ဖြစ်သွားပြီလေ။ မြရိပ်ညိုဘက်

www.burmeseclassic.com

www.burmeseclassic.com



က ဒီပွဲကို တမင်တကာ မလာလာအောင် ဖိအားတွေနှင့် ဖိတ်တာက သူမရှေ့မှာ သက်သေစိုက်ထူဖို့ပဲ ဖြစ်နေသည်။

"ခင်မမမောင် စားလေ၊ မင်း ဆာနေပြီမဟုတ်လား"

"ဟုတ်ကဲ့"

"ခင်မမမောင် အဆင်ပြေရဲ့လားကွာ၊ ဘာလိုသေးလဲ၊ မင်းစိတ်တွေ အရမ်းအိုက်နေလား၊ ဧာစပ်ပွဲက ပြီးနေပြီပဲလေ၊ ကိုယ်နဲ့ အပြင်ထွက်မလား"

"ဟင့်အင်း"

မြရိပ်ညိုကြောင့် သူမ စိတ်ကျဉ်းကျပ်နေသည်ဟု ကိုလရောင်က ထင်နေသည်။ သူမ တကယ်ပဲ စိတ်ကျဉ်းကျပ်ပြီး ဆက်ပြီးနေဖို့ပင် အင်အားတွေကင်းမဲ့ကာ ထွက်ပြေးချင်နေတာက ဉာဏ်သာ့ကြောင့်ပဲ။ အားလုံးက မြရိပ်ညိုကြောင့်ပဲဟု ထင်နေသည်။

"မောင် အဆင်ပြေပါတယ်၊ အဲ…မ အဆင်ပြေပါတယ် ရပါတယ်နော်၊ အဟဲ့ နည်းနည်းလေးပဲ နေမထိ ထိုင်မသာ ဖြစ်နေရတာပါ၊ နေသားကျနေပါပြီ"

သူမက ဉာဏ်သာ့ကြောင့် မွန်းကျပ်တုန်ရီနေတာ ဖြစ်သော်လည်း မယ့် အများကတော့ မြရိပ်ညိုကြောင့် ထင်နေ၍လည်း သူမ



စိတ်တွေ နည်းနည်းလေး သက်သာရာရနေသည်။ တစ်ချက် တစ်ချက် မြရိပ်ညို့ရဲ့ မျက်ဝန်းစူးစူးတွေက သူမဆီ ဆတ်ခနဲ ရောက်လာတတ်ပြီး ဉာဏ်သာ့လက်မောင်းကိုလည်း ပိုင်ပိုင်နိုင်နိုင် တွဲချိတ်ထား၏။ သူမ ထမင်းကိုပဲ ခေါင်းငုံ့စားနေမိသလို ကိုလရောင်ဆီပဲ စိတ်တွေပို့ထားကာ ခန်းမထဲမှ စောစီးစွာ ထွက်လာခဲ့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဉာဏ်သာ…ရှင် ဘာဖြစ်ရတာလဲ၊ ခင်မမမောင်ကို ဘာဖြစ်လို့ ကြည့်ကြည့်နေရတာလဲ၊ ရှင် မြရိပ်ညိုကို မလွဲသာ ရှောင်သာလို့ လက်ထပ်ဖို့ ဆုံးဖြတ်တာမဟုတ်လား"

"ကိုယ်တို့ နေ့စပ်ထားပြီးပြီပဲ မြရိပ်ညို၊ ကျေးဇူးပြုပြီး ခင်မမမောင်အကြောင်း မပြောပါနဲ့တော့"

"ဉာဏ်သာ"

"ကိုယ်ပြန်တော့မယ်"

"မပြန်ရဘူး"

နေ့စပ်ပွဲမှာ ဉာဏ်သာ့ကို နည်းနည်းလေးမှ မကျေနပ်မိ။ ခင်မမမောင်ကိုကြည့်ပြီး ရှင် ဂျေတွေဝင်နေတာမဟုတ်လား။ မနာလို နဲ့တိုနေတာလေ။ ဉာဏ်သာ့မျက်နှာပေါ်မှာ သွေးဆုတ်ဖြူရော်

www.burmeseclassic.com

www.burmeseclassic.com



ပြီး နာကျင်ကြေကွဲနေတာ မြရိပ်ညို သိနေသည်။ ခင်မမမောင် ယောကျ်ားအဖြစ် ရှိနေတာကမှ ကောင်းဦးမယ်။ ခင်မမမောင် အရမ်းလှနေတာကို တွေ့ရတော့ မြရိပ်ညို စိတ်တွေတင်းကျပ်ပြီး ညဏ်သာရော၊ ကုမ္ပဏီပိုင်ရှင် ကိုလရောင်ကရော အမြင်ကတ် စရာကောင်းလောက်အောင် အရေးတယူ ရှိနေကြတာ။ မြရိပ်ညို ရင်ထဲမှာမီးတောက်တွေ လောင်မြိုက်နေသလို ခံစားရသည်။

"မြရိပ်ညိုကို နမ်းပါ"

"ဘာ"

"အမှတ်တရအနမ်းလေ၊ ညဏ်သာနဲ့ လက်ထပ်ရတော့ မယ့် မြရိပ်ညိုကို ချစ်သက်လက်ဆောင် အနမ်းလေး"

ညဏ်သာရဲ့ ခပ်စိမ်းစိမ်းမျက်ဝန်းတွေကို မြရိပ်ညို ရင်ဆိုင်လိုက်ရသည်။ ညဏ်သာ မလုပ်နိုင်ဘူး မဟုတ်လား။ ညဏ်သာ့အချစ်တွေကို မြရိပ်ညို မရနိုင်ဘူးဆိုတာ အရင်ကတည်း က သိနေပေမယ့် စေ့စပ်ထားပြီးလို့ မြရိပ်ညိုကို အမှတ်တရ အနမ်းလေးတောင် မပေးနိုင်အောင် စိမ်းကားချင်သည်။

"နမ်းပါ၊ ကိုယ့်ဆီက အဲဒီအနမ်းလေး ရယူချင်တယ် တောင်းဆိုတာပါ၊ စေ့စပ်ပွဲအတွက် အမှတ်တရအနမ်း"

"မင်္ဂလာဦးညကျမှ မင်းကိုနမ်းမယ်"



"ဘာ"

"ကိုယ့်ဇနီးအဖြစ် သေချာတဲ့နေ့လေ"

"ညဏ်သာ ဘာစကားပြောတာလဲ၊ အခု စေ့စပ်ထား ပြီးတာ မြရိပ်ညိုက ညဏ်သာ့ဇနီးအဖြစ် ခုထိ မသေချာသေးဘူး လားဟင်"

မြရိပ်ညို ဒေါသတကြီးနှင့် ညဏ်သာ့မျက်ဝန်းတွေထဲ ထိုးဖောက်စူးနစ်တော့မတတ် မာထန်နေတဲ့ မျက်ဝန်းတွေနှင့်ကြည့် ပြီး မေးသည်။ ဒါက ဘာစကားလဲ ညဏ်သာ။ ရှင့်ဇနီးအဖြစ် သေချာတဲ့နေ့ ဟုတ်လား။ မြရိပ်ညိုကို မင်္ဂလာဦးညမှ နမ်းမယ် တဲ့လား။ ညဏ်သာက အင်းမလှုပ် အဲမလှုပ်နှင့် မြရိပ်ညိုရဲ့ ခြံဝင်း ထဲကနေ ထွက်သွားဖို့ပဲ ခြေလှမ်းပြင်နေ၏။ အနံ့တီဖြူပြာက အစောကြီး ပြန်သွားသည်။ ညဏ်သာ နေခဲ့ပေမယ့် ပြန်ဖို့ပဲ လုံးပမ်းနေတာကိုက မြရိပ်ညိုအနားမှာ မနေချင်ကြောင်း သိသာ နေ၏။ မြရိပ်ညို အော်ဟစ်ရန်တွေ့ပစ်ချင်နေသည်။

"ညဏ်သာ"

"အရာရာ လောဘမကြီးစမ်းပါနဲ့ မြရိပ်ညို၊ မင်း ဖြစ်ချင်တာ ကိုယ့်ကတိအတိုင်း လက်ခံသဘောတူပေးခဲ့တာပဲ၊ ကိုယ့်ဇနီးအဖြစ် သေချာဖို့ဆိုတာ ကံကြမ္မာက ရှိသေးတယ်လေ၊

www.burmeseclassic.com

လူ့လောကကြီးက စက္ကန့်မလပ် ပြောင်းလဲနေတာပဲဟာ၊ လောလော ဆယ်တော့ ကိုယ့်ဇနီးလောင်းအဖြစ် လက်ခံပါတယ်၊ ကိုယ့်ဇနီး အဖြစ် သေချာဖို့တော့…"

"တော်တော့ ဉာဏ်သာ၊ ဘာစကားမှ ဆက်မပြောနဲ့ တော့၊ မကြားချင်ဘူး၊ ရှင် ခင်မမမောင်နဲ့ နီးစပ်ဖို့ လုံးဝ မကြိုးစား နဲ့နော်၊ အရှက်တကွဲနဲ့ လူ့လောကကြီးထဲမှာ ရပ်တည်လို့မရတဲ့အထိ ခင်မမမောင် ရင်ဆိုင်သွားရလိမ့်မယ်"

"မင်းက တော်တော်လေး မနာလိုဝန်တိုစိတ်များတဲ့ မိန်းမ တစ်ယောက်ပဲ မြရိပ်ညို"

"ဉာဏ်သာ အရှူး၊ အလကားကောင်"

မြရိပ်ညို အော်ဟစ်ရန်တွေ့ရင်း ကျန်နေခဲ့သည်။ ဉာဏ်သာ မကြိုက်ဆုံးက မိန်းကလေးဖြစ်ပြီး ကိုယ့်မိတ်ဆွေ သူငယ်ချင်းအပေါ် ညာတာထောက်ထားမှု မရှိတာပဲ။ အတွေ့ကြုံ မိန်းမကို ဉာဏ်သာ မနှစ်သက်။ ဘဝတစ်လျှောက်လုံး လက်တွဲ သွားရမလား။ မြရိပ်ညိုက ဂျီကျတတ်လွန်းသည်။ လုံး မကြိုက်ဘူး။ ခင်မမမောင်ကို တဖက်ယှဉ်ပြိုင်နေတာကို ဉာဏ်သာ ကြည့်မရ။ ခင်မမမောင်နှင့် ဟိုကမ္ဘာဦးပိုင်ရှင်သူဌေး ကိုလရောင်၏ တပူးတွဲတွဲနှင့် ရင်းနှီးနေတာ ဉာဏ်သာ ရင်တွေကွဲအက် နာကျင်



ရွှန်းရ၍ အဝေးကို ရှောင်ထွက်ပြေးချင်နေသည်။ ခင်မမမောင်က မထင်မှတ်နိုင်လောက်အောင် မိန်းကလေးအဖြစ် ချောမောလှပလွန်း နေသည်။ ဉာဏ်သာ့ရင်ထဲမှာ ခင်မမမောင် ယောက်ျားအဖြစ် နေထိုင်စဉ်ထဲက ချောမောနုဖတ် ဖူးစင်နေတဲ့ သူ့မျက်နှာလေးကို မြတ်နိုးခဲ့ရတာပါ။ သူပြန်လာပြီး မောင်နှင့် ထိုင်ခဲ့ဖူးသော လက်ဖက်ရည်ဆိုင်လေးမှာ ဝင်ထိုင်သည်။

"ဟင်"

သူ့အကြည့်တွေက ဆိုင်ရှေ့မှာရပ်ထားတဲ့ ကိုလရောင် စီးတဲ့ကားကြီးကို တွေ့လိုက်ရ၍ အထဲကို လှမ်းကြည့်လိုက်တော့ ကိုလရောင်နှင့် ခင်မမမောင်တို့ ထိုင်နေကြသည်။ ဉာဏ်သာ ဒေါသတွေ ထောင်းခနဲ ထသွားရသည်။ မောင် မင်း ဘာဖြစ်လို့ ဒီဆိုင်မှာ ထိုင်ရတာလဲ။ ကိုယ်နဲ့ အမှတ်တရတွေကို မင်း အလေး အနက်မထားတဲ့ သဘောလား။ ကိုလရောင်ကလည်း ခင်မမမောင် အား တယုတယ အဖြစ်သည်းလွန်းနေတာ အမြင်ကတ်လာသဖြင့် ခင်မမမောင်တို့အနား ရောက်သွားသည်။

"မောင်"

"ဟင်"

"အတော်ပဲ မောင့်ကိုတွေ့ချင်နေတာ၊ ကိုယ်တို့

www.burmeseclassic.com



သင်တန်းက ဆရာမလေး နေမကောင်းလို့တဲ့၊ ခင်မမောင်ကို ခေါ်ခဲ့ပါတဲ့၊ မောင် မိန်းကလေးအဖြစ် ပြောင်းလဲသွားတာ တွေ့ချင်လို့တဲ့၊ သွားကြရအောင်၊ ကိုလရောင် ပြန်တော့မယ်မဟုတ်လား၊ ခင်မမောင်ကို လိုက်ပို့ပေးလိုက်ပါ့မယ်''

''ဉာဏ်သာ''

''ကိုလရောင် သောရီးနော်၊ မောင့်ကို ဆရာမက တွေ့ချင်နေတာ အတော်ပဲ၊ ဒီလို ဝတ်စုံမျိုးလေးနဲ့ ပြချင်တာ''

ဉာဏ်သာ ပြောပြောဆိုဆိုနှင့် ခင်မမောင်လက်လေးကို ဆွဲယူပြီး ထွက်လာခဲ့သည်။ သူ့ကားလေးပေါ် အတင်းတိုင်စေကာ မောင်းထွက်လာခဲ့၏။ ဉာဏ်သာ ကားကို အရှိန်မြှင့်မောင်းလိုက်တော့ ခင်မမောင်က ဉာဏ်သာ ဘာတွေလုပ်နေတာလဲဟု အော်သည်။

''ဉာဏ်သာ ကားကိုရပ်ပါ၊ အခု ဉာဏ်သာ ဘာတွေလုပ်နေတာလဲ၊ ကိုယ့်ကိုယ်ကိုရော သိရဲ့လား ရပ်ပါ''

''မရပ်ဘူး''

''ဉာဏ်သာ ဘာလုပ်မလို့လဲ ရပ်ပါ၊ မောင် တောင်းပန်ပါတယ်ဟာ၊ ရပ်ပါ''

ဉာဏ်သာ လုပ်ရပ်အတွက် သူမ အထိတ်တလန့်နှင့်



မျက်ဝန်းလေးတွေပင် ပြူးကျယ်ဝိုင်းစက်သွားသည်။ အခုပဲ မြရိပ်ညိုနှင့် နေစပ်ခဲ့တဲ့ သတို့သားလောင်း ပွပွနွေးနွေးက သူမအား မဆင်မခြင် ကိုလရောင်ရှေ့မှာပင် ရှုးသွပ်စွာ လက်ဆွဲခေါ်ဆောင်သွားခဲ့သည်။ မမနန္ဒာ သိသွားရင် မလွယ်ဘူး။ သူမကတော့ တည်ငြိမ်အေးချမ်းစပြုနေတဲ့ အခြေအနေတစ်ခုကို မုန်တိုင်းထန်သွားအောင် ပြောင်းလဲမပစ်လိုပေ။ ဉာဏ်သာ ဘာဖြစ်နေတာလဲ။ အရူးလား၊ ကားကိုပဲ ဦးတည်ရာမဲ့ တရကြမ်းမောင်းနှင်နေသည်။

''ဉာဏ်သာရယ် အဲဒီလို မလုပ်ပါနဲ့၊ မောင့်ဘဝကို တည်ငြိမ်အေးချမ်းစေချင်တယ်ဆိုရင် မောင် အခု တည်ငြိမ်နေပါပြီ၊ ခင်မမောင်အဖြစ် အပြစ်တွေကင်းအောင် လိမ်လိမ်မာမာ နေပြချင်တယ်၊ အဲဒါ ဉာဏ်သာလည်း ဖြစ်ချင်နေတာ မဟုတ်လား''

သူနှင့်မောင်တို့ မမနန္ဒာတို့ မင်္ဂလာဦးညက နေခဲ့ကြတဲ့ သမ်းမကြီးပေါ် ရောက်လာသည်။ ဉာဏ်သာ ကားကိုရပ်ပစ်လိုက်၏။ ခင်မမောင်ရဲ့ မျက်နှာလေးကို စေ့စေ့ကြည့်ပစ်သည်။

''မင်း...မင်း ဒီလူနဲ့ ဘာဖြစ်လို့ အရောတဝင် လုပ်နေတာလဲ၊ ကိုယ်နဲ့ အမြဲထိုင်ခဲ့တဲ့ အမှတ်တရဆိုင်လေးမှာ ဘာဖြစ်လို့ ထိုင်ရတာလဲ''

''ဒုက္ခပါပဲ ဉာဏ်သာရာ၊ ဘာဖြစ်လို့လဲ၊ ဉာဏ်သာက

www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညိုနဲ့ လက်ထပ်ရမှာလေ၊ ကိုလရောင်က မောင်နဲ့စကားပြော ချင်တယ်ဆိုလို့ပါ၊ မမသန္တာကလည်း အတင်းသွားခိုင်းနေလို့လေ''

သူမက ဒေါသတကြီးနှင့် ရှုံ့မဲ့မဲ့ဖြစ်နေတဲ့ ဉာဏ်သာ ကို ရှင်းပြနေမိသည်။ ဉာဏ်သာနဲ့တွေ့တော့ အရင်က ရင်းနှီး ကျွမ်းဝင်ခဲ့တဲ့ မောင်ဆိုတဲ့ အသုံးအနှုန်းကိုပဲ သုံးနေမိ၏။ ဉာဏ်သာ ရယ် မောင့်ကို အဲဒီလိုမျိုး ကြေကွဲနာကျင်နေတဲ့ အကြည့်တွေနဲ့ မကြည့်ပါနဲ့။ အချစ်တွေ၊ အကြင်နာတွေ ပြည့်လျှံနေတဲ့ မျက်ဝန်း တွေကိုလည်း မောင် ရင်မဆိုင်ရဲလို့ပါ။ တကယ်ဆို မောင်နဲ့ ဉာဏ်သာ ထိုင်ခဲ့ဖူးတဲ့နေရာလေးမှာ မောင် မထိုင်ချင်ပေ ဉာဏ်သာ့ကို သတိရတမ်းတတဲ့စိတ်တွေက သူမအား ဘယ် လောက်အထိ မွန်းကြပ်နာကျင်နေရလည်းဆိုတာ သူမ အသိဆုံးပင် မမသန္တာကတော့ ကိုလရောင်နှင့် ရင်းနှီးကျွမ်းဝင်စေချင်နေသည်။ မောင့်ဆန္ဒ မရှိဘူး။ ဉာဏ်သာ မောင် လိမ္မာပြရမယ်။ အရင်က မိုက်ခဲ့သမျှ မေမေ စိတ်ချမ်းသာအောင် မမနန္ဒာရော၊ မမသန္တာရော မျက်နှာမငယ်ရအောင် မောင် နေထိုင်ပြချင်တယ်။ ဉာဏ်သာ့ မျက်ဝန်းတွေက သွေးဆုတ်ဖြူရော်နေသည်။

''ပြန်ကြရအောင် ဉာဏ်သာ၊ အရင်က ဒီအခြေအနေတွေ ကို မေ့ပစ်လိုက်စမ်းပါနော်၊ မြရိပ်ညိုနဲ့ လက်ထပ်ပါ၊ စိတ်အနှောင့်





အယုက်မရှိ လူကြီးမိဘတွေအားလုံး စိတ်ချမ်းသာအောင်ပါ၊ မောင်က တည်ငြိမ်နေပြီလေ၊ မောင့်ကြောင့် လူကြီးတွေ ထပ်ပြီး စိတ်ဒုက္ခမရောက်စေချင်တော့ဘူး၊ မောင် လိမ်လိမ်မာမာနေပါရစေ''

မောင့်ရဲ့ဖျောင်းဖျပြောဆိုနေတဲ့ ဟန်ပန်အမူအရာလေးက ဣန္ဒြေသိက္ခာ ထိန်းသိမ်းနိုင်စွာ မိန်းကလေးဆန်နေသည်။ မောင် အရမ်းပြောင်းလဲသွားပြီပဲ။ အရင်ထဲက ယောကျ်ားလေးတစ်ယောက် လို နေထိုင်တဲ့ မောင့်မျက်နှာလေးကိုပင် ဉာဏ်သာ စွဲလမ်းနှစ်သက် မြတ်နိုးနေခဲ့ရာ ခင်မမမောင်အဖြစ် မိန်းကလေးပီသနေသော မောင့်ကို ဉာဏ်သာ ဘယ်လိုနည်းနှင့်မှ မစွန့်လွှတ်နိုင်ဘဲ ဖြစ်နေသည်။

''မောင်''

''ဟင်''

''မောင် အရင်ကလေ မြရိပ်ညိုကို လက်ထပ်ယူတဲ့ ယောကျ်ား အသေပဲလို့ပြောခဲ့တယ်လေ၊ အခု ဉာဏ်သာ့ကို သတ်ပစ်ချင်သေးလား''

''ဟင့်အင်း မြရိပ်ညိုနဲ့ပတ်သက်ပြီး မောင် အရူးထခဲ့တာ ပါ၊ တွေးမိရင် အရမ်းပဲ ရှက်စရာကောင်းတယ် ဉာဏ်သာ၊ မြရိပ်ညိုနဲ့ ပတ်သက်ပြီး ခံစားချက်မရှိတော့ဘူး၊ မြရိပ်ညိုက ယောကျ်ားလေးအစစ်တစ်ယောက်ကိုပဲ လက်ထပ်ချင်မှာပါ၊ မောင်

www.burmeseclassic.com



အရူးထတာပါ၊ ရယ်ရတယ်နော်၊ အခု မောင်က ခင်မမမောင်ဘဝကို ပိုပြီး နှစ်သက်နေပြီ"

"ဘာလဲ ကိုလရောင်ကြောင့်လား"

"မသိဘူး..."

"မောင်"

"အို...."

ဉာဏ်သာ စိတ်မထိန်းနိုင်စွာဖြင့် ခင်မမမောင်ရဲ့ ချော ကိုယ်လေးအား သူ့လက်တွေနှင့် ခပ်ကြမ်းကြမ်းပဲ ဆွဲယူပွေ့ဖက်ထားမိသည်။ နှစ်ယောက်လုံး အရူးအမူးနှင့် လောကကြီးတစ်ခုလုံးကို မေ့မြောသွားသလို အချိန်အတော်အကြာ ပွေ့ဖက်ထားမိနေကြသည်။ ပထမဆုံး အသိဝင်လာသူက မောင်ပင်။ သူမ မျက်နှာလေးအနှံ့ ရှူးသွပ်နေသူပမာ အငမ်းမရ နမ်းရှိုက်နေသော ဉာဏ်သာ့ရင်ခွင်ထဲမှ ရုန်းထွက်ပစ်လိုက်၏။ ယောကျ်ားတစ်ယောက်ရဲ့ တပ်မက်မွတ်သိပ်သော အနမ်းကို မထင်မှတ်စွာ ခံယူလိုက်ရသော သူမ ကြောက်စရာကောင်းလွန်းတဲ့ နက်ရှိုင်းသော ချောက်ကမ်းပါးကြီးအောက် ထိုးကျသွားခြင်းခံရသလို ရင်တစ်ခုလုံးလစ်ဟာပြီး လဲပြိုညွတ်ခွေကျသွားချင်လာသည်။

"ဉာဏ်သာ ဘာလုပ်တာလဲ၊ လွှတ်ပါ အရူး၊ တော်တော် ဆော်ကားတဲ့ကောင်ပဲ"

"မြန်း"

"ဟင်"

"သေလိုက် မောင့်ကို အထင်သေးတာလား ဉာဏ်သာ၊ နင် လုပ်ချင်သလို လုပ်လို့ရတဲ့ အပေါစားမိန်းကလေးလို့ထင်ပြီး ဒီလို အပြုအမူမျိုးကို စော်စော်ကားကား လုပ်တာလား၊ နင် ဆက်ထပ်ရမှာက မြရိပ်ညိုပဲ"



သူမ နာနာကျည်းကျည်း ထိထိခိုက်ခိုက် ပြောပစ်လိုက်ပြီး ဉာဏ်သာ့ကားပေါ်တက်လိုက်ကာ သူမကိုယ်တိုင် မောင်းထွက်သွားခဲ့သည်။ ဉာဏ်သာ အရူးပဲ။ လမ်းမကြီးဘေးမှာ ဉာဏ်သာ ခြေပစ်လက်ပစ် ထိုင်လိုက်တာ နောက်ကြည့်မှန်ကနေ သူမ မြင်တွေ့လိုက်ရသည်။ ပြန်ခေါ်လိုက်ရင် ကောင်းမလားဟု တွေးမိသေး၏။ ဒါပေမဲ့ နင် ရွေးခဲ့တဲ့လမ်းပဲ မဟုတ်လား ဉာဏ်သာရယ်။ ငါ့မမေက ခင်မမမောင်လို ယောကျ်ားစိတ်နဲ့ မိန်းကလေးကို ဘယ်လိုလုပ် နင့်ဘဝရဲ့လက်တွဲဖော်တစ်ယောက် ဖြစ်စေချင်မှာတဲ့လဲ။ မြရိပ်ညိုလို ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးပီသစွာ လှပနူးညံ့တဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ရွေးချယ်မှာပါ။ သူမ ဉာဏ်သာ့ကားကို လမ်းတစ်ဝက်မှာ ရပ်လိုက်သည်။ လမ်းဘေး

www.burmeseclassic.com

ဖုန်းကနေ ကိုလရောင်ကို သူမအား လာခေါ်ပေးဖို့ ဖုန်းဆက် အကူအညီတောင်းလိုက်၏။ ပြီးတော့ ဉာဏ်သာ့ဆီ ဖုန်းဆက်ပြီ သူ့ကားရပ်ထားတဲ့ နေရာကို ပြောလိုက်သည်။

"မောင်က ကိုလရောင်နဲ့ပြန်မယ် ဉာဏ်သာ၊ ဖြစ်ပျက် တာတွေကို မောင် ဖွမယ့်ဘူး၊ စိတ်လည်း မဆိုးဘူး၊ တစ်ခုတည်း ပြောချင်တာက ဉာဏ်သာ ရွေးချယ်တဲ့လမ်းပေါ်ကိုပဲ ဖြောင့်ဖြော တန်းတန်းလျှောက်ပါ၊ လူကြီးတွေ စိတ်ချမ်းသာအောင် နေပြကြ အောင်လား ဉာဏ်သာနော်"

ဉာဏ်သာ့ဆီက စောဒကတက်လာမယ့် စကားတွေ မကြားချင်တော့၍ ဖုန်းကို ချပစ်လိုက်သည်။ သူမ ရင်ထဲ မွန်းကြပ်နာကျင်သွားရ၏။ ခဏလောက်ကြာတော့ ကိုလရော ရောက်လာပြီး သူမအား အိမ်ပြန်ပို့ပေးသည်။

"ကိုလရောင်က ညီမလေးအပေါ် အရမ်းသံယော ကြီးနေပြီ ထင်တယ်၊ ဘယ်လိုလဲ တစ်စုံတစ်ခု တောင်းဆိုလာ ပေါ့"

"ဟင်"

မမသန္တာ့စကားကြောင့် ဘာမှန်းမသိဘဲ သူမစိတ် မွန်းကြပ်လာရကာ ဟင့်အင်းဟု ငြင်းပယ်ပစ်ချင်လာရ



ဉာဏ်သာ့အနမ်းတွေက ပွင့်နွေးလိုက်ဖို့နေဆဲပင်။ ကိုလရောင်က သူမအပေါ် သဲသဲလှုပ် အရေးတယူနှင့် ဘယ်အရာမဆို မလစ်ဟင်း စေရန် စီစဉ်ဆောင်ရွက်ပေးနေတတ်ပေမယ့် သူမ သံယောဇဉ် တွယ်ငြိနေမိတာက ဉာဏ်သာ့ကိုပါပဲ။ မဖြစ်နိုင်ဘူးဆိုတာ သိနေ ပေမယ့် ဉာဏ်သာနှင့် ဝေးကွာသွားမှာကို ကြောက်နေခဲ့၏။ ဉာဏ်သာလည်း ခံစားနေရတာပါပဲ။ သူ မြရိပ်ညိုကို မချစ်ပေ။ မနေ့ကပဲ သူမ သိလိုက်တာက ဉာဏ်သာချစ်နေတာ သူမဟုပင် ရင်တွေ အရမ်းခုန်ပြီး ဉာဏ်သာ့ရင်ခွင်က နွေးထွေးနေသည်။

"မ"

"ဟင်"

"ဒီမှာ"

"ဖုန်းလေ၊ ကိုလရောင်က မကို မွေးနေ့လက်ဆောင် ပေးတာတဲ့"

"မွေးနေ့ကို…"

"အဲဒါပြောတာပေါ့၊ မိသားစုဝင်တွေက ညီမလေးမွေးနေ့ ကြောခင်ရောက်တော့မယ်ဆိုတာ မေ့နေကြတာ၊ ကိုလရောင်က နှစ်ကတည်းက ညီမလေးမွေးနေ့ကို မှတ်မိနေတာတဲ့"

"မလိုချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့လက်ဆောင်ပေးတာပဲ၊ ငြင်းလို့မကောင်းဘူးလေ၊ ကိုလရောင်က ညီမလေးကို သံယောဇဉ်တွယ်နေတာ"

"မောင်က အဲဒီလိုမျိုးတွေ လက်မခံချင်ပါဘူး။ ယောကျ်ားတစ်ယောက်ကို ချစ်ဖို့လည်း အခွင့်သင့် မဖြစ်သေးဘူး ထင်တယ်"

"မလို့ ပြောလေ၊ ဒီ မောင်ဆိုတဲ့ အသုံးအနှုန်းကြီး မသုံးနဲ့တော့၊ ညီမလေးရဲ့အတိတ်က ခါးသီးလွန်းလို့လေ"

ဉာဏ်သာကတော့ သူမအား မောင်ဟုပဲ သုံးနေဆဲဖြစ်သည်။ သူမနှင့် အနီးကပ်ဆို ရင်းရင်းနှီးနှီး နေထိုင်စားသောက်ခဲ့ဖူးတာ ဉာဏ်သာပဲရှိ၏။ ကိုလရောင်ရဲ့ မျက်ဝန်းအရိပ်တွေက သူမအပေါ် ချစ်မြတ်နိုးစွာ အကြင်နာအယုအယတွေ လွှမ်းခြုံပေးမယ့် သူမဘက်က သူစိမ်းယောကျ်ားတစ်ယောက်ကို ချစ်ဖို့ လုံးဝ အခွင့်သင့်မဖြစ်သေးပါဘူး။ ဉာဏ်သာပဲ သူမရင်ထဲမှာ တိုးဝင်ငြိတွယ်နေသည်။

"တကယ်လို့ ကိုလရောင်ဘက်က ညီမလေးကို လက်ထပ်ပါရစေလို့ ကမ်းလှမ်းလာရင် မမသန္တာကတော့ ဂုဏ်ယူစွာ ဝမ်းပန်းတသာ လက်ခံရမယ်လေ"

"မမသန္တာ"



"ဘာလဲ"

"အဲဒီလို မလုပ်ပါနဲ့၊ မောင် အဲ…မစိတ်တွေ အခုမှ အနည်ထိုင်စပြုလာတာပါ၊ အချိန်တွေ အများကြီးလိုအပ်ပါတယ်၊ ညီမလေး ဆေးတက္ကသိုလ် တက်ဦးမှာ၊ ဆရာဝန်မလေး ဖြစ်ချင်တာလေ"

"ဘာဖြစ်လဲ ကိုလရောင်နဲ့ လက်ထပ်ပြီးရင်လည်း ညီမလေး ဆေးကျောင်းတက်နိုင်တာပဲဟာ"

သူမ ဆယ်တန်းစာမေးပွဲမှာ ဘာသာစုံဂုဏ်ထူး မှန်းထားသည်ဖြစ်၍ ဆေးကျောင်းတက်ခွင့်ရအောင် ကြိုးစားခဲ့တာပါ။ မကြာခင် အောင်စာရင်းတွေ ထွက်တော့မယ်။ အရင်ကတော့ မြရိပ်ညိုကိုရဖို့ မြရိပ်ညိုအထင်ကြီးဖို့ သူမ အရမ်းကြိုးစားခဲ့သည်။

"မမတို့ကတော့ မြရိပ်ညို လက်ထပ်မယ့် ဉာဏ်သာထက် သာလွန်တဲ့ ယောကျ်ားတစ်ယောက်ကို ညီမလေးနဲ့ လက်ထပ်စေချင်တာပါ၊ သူတို့က ညီမလေးကို နှိမ်ချင်ကြတာလေ"

မေမေနှင့် မမသန္တာတို့ဘက်က ထိခိုက်နာကျင်ခဲ့ရတာတွေ သူမနှင့် ထပ်တူထပ်မျှ ဖြစ်သည်။ ဉာဏ်သာ ဘယ်လိုဆက်လုပ်ရမလဲဟင်။ မောင်လေ ကိုလရောင်ကို လုံးဝ ချစ်လို့ရမှာမဟုတ်ဘူး။ သူ့ဘက်က မကြာခင် တောင်းဆိုလိမ့်မယ်ဆိုတာ သိလား။

www.burmeseclassic.com

www.burmeseclassic.com



ခင်မမမောင်ကို လက်ထပ်ဖို့လေ။ မမသန္တာက စကားဦးသမ်းနေပြီ။ ဉာဏ်သာကလည်း မြရိပ်ညိုနဲ့ လက်ထပ်ရတော့မှာ မဟုတ်လား။ အရင်ကသာ မောင်လေ ခင်မမမောင်ပဲဖြစ်နေခဲ့ရင် သူမ ဟန်မဆောင်တတ်၊ ဉာဏ်သာနဲ့ ဝေးသွားမှာကို ကြောက်ရွံ့ကာ နာကျင်နေသည်။

"ညီမလေး ဘာဖြစ်နေတာလဲ၊ မျက်ဝန်းလေးက ပြုံတော့မယ့်မိုးလို မဲမှောင်နေပါလား၊ ဘာလဲ ကိုလရောင်နဲ့ လက်ထပ်ရမှာ အရမ်းပဲ ကြောက်နေလို့လား၊ အဆင်သင့် မဖြစ်သေးတာမှန်ပေမယ့် လက်ခံပေးဖို့ပဲ စဉ်းစားပါကွယ်"

ဉာဏ်သာ့ကြောင့်ပါ။ မမသန္တာတို့ကတော့ ကိုလရောင်ကြောင့် သူမ ရှက်ကြောက်နေသည်ဟုပဲ ထင်နေသည်။ ဉာဏ်သာ့ရဲ့ ရူးသွပ်နေတဲ့ အနမ်းတွေကို သူမ မေ့ပျောက်ပစ်လို့ မရနိုင်။ နေ့စဉ်ပွဲပြီးပြီးချင်း သူမနှင့် ထိုင်ခဲ့ဖူးတဲ့ လက်ဖက်ရည်ဆိုင်လေးကို ဉာဏ်သာ တစ်ယောက်တည်း ရောက်လာတာ သူမအပေါ်ထားရှိတဲ့ ဉာဏ်သာ့ရဲ့ သံယောဇဉ်အတိုင်းအတာကို သိနိုင်နေသည်။

"ရှော့…ဒီလက်ကိုင်ဖုန်းလေး ယူထား၊ ကိုလရောင်ဖုန်းဆက်မယ် ထင်တယ်၊ ကိုလရောင်က ညီမလေးကိုလည်း တန်ဖိုး



ထားတယ်၊ အရမ်းကို ချမ်းသာတာ၊ ထူးချွန်ထက်မြက်ပြီး အောင်မြင်တဲ့ လုပ်ငန်းရှင်လေ"

မမသန္တာရဲ့ ချီးသာပျော့ပျောင်းပြီး ကိုလရောင်ကို လက်ခံဖို့ တောင်းဆိုမှုတွေနှင့်အတူ လုံးဝပဲ လက်ခံရမည်ဟု အမိန့်ချမှတ်သွားတာ သူမ သိသည်။ မမသန္တာရော၊ မမနန္ဒာရော အားလုံး ဉာဏ်သာ့ထက်သာတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လက်ထပ်ဖို့ ခွင့်တောင်းလာတာဟာ သူမအတွက် ကြီးမားတဲ့ ဆုလာဘ်ကြီးတစ်ခုဟု ထင်နေကြသည်။

"ဉာဏ်သာ့ကိုပဲ ချစ်တယ်၊ ဉာဏ်သာနဲ့ ဝေးသွားမှာကို မောင် အရမ်းစိုးရိမ်ကြောက်ရွံ့နေရတယ် ဉာဏ်သာရယ်၊ မြရိပ်ညိုနဲ့ လက်မထပ်ပါနဲ့"

သူမရင်တွေ ဗလောင်ဆူကာ တောင်းပန်ချင်ပေမယ့် မြရိပ်ညိုနဲ့ ဉာဏ်သာဗျာ လက်ထပ်ကြရတော့မည်။ ဆယ်တန်းစာမေးပွဲအောင်စာရင်း ထွက်ပြီးရင်တဲ့။ ဉာဏ်သာ့မေမေ နေမကောင်းလို့ လက်ထပ်ပွဲကို အမြန်ဆုံး စီစဉ်မှာတဲ့။ မြရိပ်ညိုက မမနန္ဒာကြောင့် မောင့်အား အပြုံးတွေနှင့် ဆီးကြိုခဲ့ပေမယ့် မျက်ဝန်းတွေကတော့ ယှဉ်ပြိုင်ဘက်အဖြစ် မာထန်နေသည်။ နေ့စဉ်ပွဲမှာ ဉာဏ်သာနှင့် သူမအား မျက်ခြေမပြတ် အရိပ်တကြည့်ကြည့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်နေခဲ့သည်။ စိတ်ညစ်လိုက်တာ ဉာဏ်သာရယ်။ ပြေးပုန်းစရာမြေကြီး မရှိတော့သလိုပဲနော်။ တမွတ်မွတ်သိပ်သိပ် အမှတ်တရ ရှိနေသည်။ ဖုန်းလေးရဲ့နံပါတ်ကိုကြည့်ပြီး ဉာဏ်သာ သိရင် သိပ်ကောင်းမှာပဲဟု အခိုပ္ပာယ်မဲ့စွာ တွေးနေမိ၏။ ထိုအချိန် တွင် လက်ကိုင်ဖုန်းလေးမှ အချစ်ရေ နေလို့မကောင်းရဲလား၊ အိပ်လို့ ပျော်ပါစေဟု အဓိပ္ပာယ်ထွက်နေတဲ့ တီးလုံးသံလေး ထွက်ပေါ် လာ၏။ ကိုလရောင်ပဲ၊ သူမ စိတ်မသက်မသာနှင့် ဖုန်းလေးအား ဖွင့်ပြီး နားထောင်လိုက်ရသည်။

"မ"

"ဟင်"

"ကိုလရောင်ပါ"

"သြော်…အင်း"

"ဖုန်းထဲက ကိုယ်သွင်းပေးထားတဲ့ တီးလုံးလေးကို ကြိုက်ရဲ့လား၊ သဘောကျရဲ့လားကွာ"

"ဗျာ"

"ရှင်ပါ"

"ဟို…ဟို မောင် အကျင့်ပျောက်လို့ မရသေးလို့ အဲ… မ"



သူ ရယ်နေသည်။ ထိုအရယ်တွင် သူမအား ချစ်မြတ်နိုးသော၊ နွေးထွေးစွာ ယုယကြင်နာနေသော၊ ခွင့်လွှတ်နားလည်မှုတွေ များစွာ ရောယှက်ပျော်ဝင်နေတယ်ဆိုတာ သူမ သိသည်။ ဒါပေမဲ့ လည်း သူမဘက်က အေးစက်ပြီး မပျော်မိ။ ရင်ခုန်သံခံစားချက် ကင်းမဲ့နေ၏။ သူမ မာန်ထောင်တတ်တဲ့ အတတ်ပညာမှာ မကျွမ်း ကျင်ပေ။ စကားကို မစဘဲ ရေငုံနှုတ်ပိတ်နေသည်။

"မ…"

"ဟင်…"

"ကိုယ် အရမ်းသတိရနေလို့ ဘာဖြစ်မှန်း မသိဘူးကွာ၊ ကိုယ် အရေးကြီးတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အစည်းအဝေး လုပ်နေရင်းနဲ့ မကို သတိရ[illegible]ပြီး ဘယ်လိုမှ ဟန်ဆောင်ထိန်းချုပ် လို့မရတော့ဘဲ အခု အစည်းအဝေးခန်းမထဲကနေ ထွက်ပြီး ဖုန်းဆက်တာ"

ပိုလွန်းနေ[illegible]သည်။ သူမ မျက်နှာလေးရှုံ့မဲ့ပြီး စိတ်ပျက် လက်ပျက်လေးဖြစ်သွားရတာ ကိုလရောင်က မသိပေ။ မမနွှာက ပြောတာတော့ ကိုလရောင်က မောင် ယောကျ်ားလေးတစ်ယောက် လို နေထဲက ချစ်နေတာတဲ့။ သူမ ဘာဖြစ်လို့များ ခံစားချက်မဲ့ ကင်းမဲ့နေရတာလဲ။ သူနေရာမှာ ဉာဏ်သာဆိုရင် ကိုလရောင်

www.burmeseclassic.com

www.burmeseclassic.com



ဆီကပဲ တစ်ဖက်သတ်လွမ်းဆွတ်ကြောင်း၊ စီးပွားရေးလုပ်ငန်းတွေကိုတောင် စိတ်မဝင်စားတော့ဘဲ ခင်မမမောင်ရဲ့ မျက်နှာလေးကိုပဲ မြင်ယောင်နေကြောင်း ပြောနေသည်။

''မ''

''ဟင်...''

''ညနေ တွေ့မယ်နော်၊ ကိုယ်တို့ ညစာအတူစားရအောင်၊ OK''

''ဟုတ်...ဟုတ်ကဲ့''

''ဟာကွာ၊ အသက်မပါလိုက်တာ၊ ခင်မမမောင်ကကော်ပတ်ရုတ်လေးလားကွ''

သူ ရယ်မောနေသည်။ သူမ ဆက်ပြီးပြောနေရမှာ စိတ်မပါသဖြင့် ဖုန်းလေးကို ပိတ်ပစ်လိုက်သည်။ သူက ညစာစားဖို့ ဖိတ်ခေါ်တာလည်း သူမ ဟင့်အင်းဟု မငြင်းရဲ။ မမနန္ဒာက သူ့ကုမ္ပဏီမှာ အလုပ်လုပ်နေ၏။ ညစာထမင်းကို နှစ်ယောက် အတူတူစားဖို့ကျတော့လည်း စိတ်ကမလုံပေ။ ဉာဏ်သာ တွေ့သွားရင် ဘာတွေစဉ်းစားနေတာလဲ ခင်မမမောင်။ ဉာဏ်သာက လက်ထပ်တော့မှာလေ။ ခင်မမမောင်ဘဝမှာတော့ အလိမ္မာဆုံး နေပြစမ်းပါ။ သူမတို့မိသားစု စားဝတ်နေရေးက မမနန္ဒာအပေါ်



မှီခိုနေရသည်။ လေးလေးကျော်ကလည်း သူမတို့အပေါ် တည်တည်နှင့် ကင်းကင်းလေး ဆက်ဆံနေ၏။ မေမေ့အတွက် ခင်မမမောင် လိမ္မာတဲ့သမီးလေးအဖြစ် နေပြရမည်။ ဉာဏ်သာ့ကို သူမ နှလုံးသားတွေထဲကနေ မောင်းထုတ်ပစ်ရမယ်။ ဒါပေမဲ့လည်း ညနေရောက်လာမှာကို သူမ ကြောက်နေသည်။

''ဉာဏ်သာ နှင်းရွှေချယ်ထားတဲ့လမ်းကိုပဲ ဖြောင့်ဖြောင့်ဖြူးဖြူး ဆက်လျှောက်စမ်းပါတော့နော်၊ ခင်မမမောင် သမီးအလိမ္မာလေးအဖြစ် နေပြရမယ်''

မမသန္တာကတော့ ကိုလရောင်က အရေးတယူရှိနေ၍ ကျေနပ်ပျော်ရွှင်နေသည်။ ညစာစားဖို့ လာခေါ်မည်ဆို၍ တက်တက်ကြွကြွနှင့် သူမအား တရင်းတနှီးနှင့် အလိုက်အထိုက် ဆက်ဆံဖို့ သွန်သင်နေ၏။ ကိုလရောင်ရဲ့ တန်ဖိုးကြီးမားကြောင်း သိသာထွန်းနေတဲ့ကားကြီးနှင့် လာခေါ်မှာကို စိတ်တက်ကြွနေသည်။

''ညီမလေး ကိုလရောင်ကို စိမ်းစိမ်းကြီး မဆက်ဆံလိုက်နဲ့နော်၊ ညီမလေးက ယောကျ်ားတစ်ယောက်နဲ့ ရင်းနှီးဖို့အဆင်သင့်မဖြစ်သေးဘူးဆိုတာ မှန်ပေမယ့် ညီမလေးဘဝအတွက်အကောင်းဆုံးယောကျ်ားပါ ကိုလရောင်က စိတ်သဘောထားနူးညံ့ပြီး ကြင်နာတတ်တယ်၊ ညီမလေး ကံကောင်းမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



ကိုလရောင်ရဲ့ မိဘတွေက နိုင်ငံခြားမှာ နေထိုင်ပြီး တစ်ဦးတည်းသောသားဖြစ်သည်။ သူမ ဒါတွေကို ဘာဖြစ်လို့များ စိတ်ဝင်စားခြင်းမရှိတာလဲ၊ ကိုယ်ပိုင်အောင်မြင်မှုတွေကိုပဲမက်မောပြီး အချောင် သူတစ်ပါးအား မှီခိုတွယ်တာ စည်းစိမ်ချမ်းသာတွေ မခံစားချင်တာ သူမရဲ့ မွေးရာပါအတွင်းစိတ်ပင်။ ဒါပေမဲ့လည်း သူမ လိမ္မာတဲ့သမီးတစ်ယောက်အဖြစ် နေထိုင်သွားဖို့တော့ ဆုံးဖြတ်ထားသည်။ ညနေစောင်းတော့ ကိုလရောင်ရောက်လာ၏။ သူမက အရမ်းအလှတွေမပြင်ဘဲ ပေါ့ပေါ့ပါးပါး လွတ်လပ်တဲ့ အဝတ်အစားတွေပဲ ဝတ်ထားခဲ့သည်။

"ရှိုးတွေ အရမ်းမထုတ်ချင်ပါဘူး မမသန္တာ၊ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ မွန်းကျပ်တယ်၊ ကိုလရောင်ကို မစွဲဆောင်ချင်ပါဘူး"

မမသန္တာက အလှအပတွေ ပြင်စေခဲ့ပေမယ့် သူမက လက်မခံ။ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ အတူတူတွဲပြီး ညစာ သွားစားရမှာပင် ရှက်ပြီး ထူထူပူပူကြီး ဖြစ်နေရသည်။

"မ..."

"ဗျာ..အဲ"

"ရပါတယ်ကွာ၊ မ နေတတ်သလိုပဲ စိတ်သက်သာ ပေါ့ပေါ့လေးနေပါ၊ ကို နားလည်ပါတယ်၊ ငယ်ငယ်လေးတည်း



အကျင့်လေး ရှတ်တရက်ကြီးတော့ ဘယ်ပျောက်လို့ရပါ့မလဲ"

"အင်းနော်"

မမသန္တာ လေ့ကျင့်ထားလွန်း၍ သူမ တော်တော်လေးတော့ မိန်းမဆန်နေပြီဖြစ်သည်။ အတိတ်က အရိပ်လိုလိုက်နေပေမယ့်လည်း သူမ ကြိုးစားပြီး ပျောက်နေခဲ့၏။ သူမကို ကားပေါ်တက်တဲ့အထိ တယုတယ ဂရုတစိုက်ရှိနေတာဖြစ်နေ၍ စိတ်တွေ မွန်းကျပ်ကာ သူ တကယ်ပဲ သူမအား ချစ်ခင်နှစ်သက် မြတ်နိုးနေတာလား။ ဒါမှမဟုတ် မရခင်တော့ ဖျာလိုလိပ် ထိပ်ပေါ်တင်နေတာလား။ သူ့ကို သူစိမ်းယောကျ်ားတစ်ယောက်ဟုပဲ မြင်ပြီး သူ့အပြုအမူတွေအတွက် ခံစား၍မရဘဲ စိတ်တင်းကြပ်မှုတွေပဲ ဖြစ်နေသည်။

"ညစာကို ဘယ်မှာစားမလဲ၊ မပဲ ရွေးလေ၊ ကိုယ်က အမြဲတမ်း Lady First ပဲ"

"ကိုလရောင်ပဲ ရွေးပါ၊ မောင်က လောလောဆယ် သူ့လောကကြီးနဲ့ အကျွမ်းမဝင်သေးဘူးလေ အဲ...မကပေါ့"

သူက ဟက်ဟက်ပက်ပက် ရယ်မောနေပြန်သည်။ ကားတံခါးကိုဖွင့်ပေးပြီး သူမ ဆင်းလိုက်တော့ ကားလော့ခ်ချပြီး သူမ လက်လေးအား ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လိုက်ကာ သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှန်းဖယ်တွန်ဆိုင်းမှုကို အရေးမစိုက်ဘဲ စားသောက်ဆိုင်ကြီးထဲ ဝင်လာသည်။

"မြန်မာပြည်မှာ အကောင်းဆုံး စားသောက်ဆိုင်ကြီးပဲ။ မအတွက် မွေးနေ့အကြို ဂုဏ်ပြုတာလေ"

ခင်မမအောင်က လက်လေးကို ရှန်းဖယ်နေသည်။ သူက မလွှတ်။ မင်း လက်ကို ရှန်းဖယ်ပစ်ဖို့ မကြိုးစားစမ်းနဲ့ ခင်မမအောင်။ မင်းကို ကို ချစ်မိနေပြီ။ မင်းလို ရိုးသားဖြူစင်လှန်းတဲ့ ကောင်မလေးက ကိုယ့်အနားမှာ အမြဲတမ်း ရှိနေသင့်တဲ့ ကိုယ့်ချစ်နိုးပဲ။ လရောင်က သူမလက်အိအိလေးကို ပိုမိုတင်းကြပ်စွာ ဆုပ်ကိုင်ရင်း သီးသန့်အခန်းလေးတစ်ခန်းထဲ ဝင်လာခဲ့သည်။

□ □ □

## အခန်း (၂၃)

"ဟင်"

ဉာဏ်သာ့အကြည့်တွေက မထင်မှတ်ဘဲ စားသောက်ဆိုင်ကြီးရဲ့ အဝင်အဝတံခါးပေါက်ဆီ ရောက်သွားရကာ ကိုလရောင်နှင့် ခင်မမအောင်တို့စုံတွဲကို လက်ချင်းတွဲပြီး တွေ့လိုက်သဖြင့် ဉာဏ်သာ စိတ်တွေ ဘယ်လောက်အထိများ တုန်လှုပ်သွားရသလဲဆိုရင် အယောင်ကတတမ်းနှင့် ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်မိသည်။

"ဉာဏ်သာ ဘာဖြစ်လို့လဲ၊ ဘယ်သူ့ကို တွေ့လို့လဲဟင်"

မြရိပ်ညိုပင် ဉာဏ်သာ ကြည့်တဲ့ဘက်ကို ကြည့်မိတော့ ကိုလရောင်နှင့် ခင်မမအောင်တို့ စုံတွဲကိုတွေ့လိုက်ရာ ဉာဏ်သာ့လို ထိန်မသောင်နိုင်လောက်အောင် တုန်လှုပ်မသွားပေမယ့် တိုင်းသိ ပြည်သိစီးပွားရေးလုပ်ငန်းရှင်ကြီးက ခင်မမအောင်အား တယုတယ

www.burmeseclassic.com



အရေးတယူရှိနေတာကို တွေ့လိုက်ရသဖြင့် မနာလိုဝန်တိုစိတ်တွေ
မြရိပ်ညိုနှုတ်ခမ်းလေး တွန့်မဲ့ရွဲ့တွသွားရသည်။

"ကိုလရောင်နဲ့ ဒီလိုအဆင့်တောင် ဖြစ်နေပြီထင်တယ် ဉာဏ်သာ၊ ခင်မမမောင်က မိန်းကလေးလို ဝတ်လိုက်တော့လည်း အရမ်းချော်တယ်၊ ငေးတောင် ကြည့်ရမယ်နော်၊ မြရိပ်ညို နောက်ကောက်ကျသွားပြီ ထင်တယ်"

"ဒီလူက ခင်မမမောင်ကို နေအင်အားနဲ့ ဖိပြား အကြွပ် ခြေတော်တင်ဖို့ ကြိုးစားနေတာပဲဖြစ်မယ်၊ ဒီလူကို မယုံ ခင်မမမောင်က လူ့လောကကြီးအကြောင်း ဘယ်လောက်သိ ကိုတော့ ကိုလရောင်ကို မယုံဘူး၊ ခင်မမမောင်ကို အတည်လက် ယူတဲ့အဆင့်အထိ သတ်မှတ်မှာ မဟုတ်ဘူး"

ဉာဏ်သာ့စိတ်တွေ ဆောက်တည်ရာမရစွာ လိုက်သွားမယ် ဟန်ပြင်လိုက်စဉ် မြရိပ်ညိုက သူ့လက်ကို ထားသည်။

"ရှင်နဲ့ ဘာဆိုင်လို့လဲ ဉာဏ်သာ၊ အနေသာကြီး မသိမဆိုင် သွားပြီး မနှောင့်ယှက်ပါနဲ့"

"ခင်မမမောင်က ကိုယ်တို့သူငယ်ချင်းလေ၊ လေးဆိုလို့ ကို တစ်ယောက်ပဲ အနီးကပ်နေဖူးတာ၊ ကို



သတိပေးရမယ်"

"ဉာဏ်သာ"

သူမအသံလေးက စိတ်မရှည်စွာ ဒေါသတကြီးနှင့် ဆောင့်ဆောင့်အောင့်အောင့် အော်ပစ်မိသည်။ ဉာဏ်သာ ပြန်ထိုင်၏။ ရှင် ဘာအရူးထတာလဲ။ ခင်မမမောင်ကို အတွဲနှင့်တွေ့လို့ အသည်းတို ကွဲခတ်သလို ခံစားလိုက်ရတာမဟုတ်လား။ မြရိပ်ညို ဒေါကန်သွားရ၏။ ဉာဏ်သာ ဒီလောက်တောင် ဂရုမြေမရဖြစ်နေရလား။ ဉာဏ်သာ့အကြည့်တွေက ခင်မမမောင်တို့အတွဲ ဝင်သွားသော သီးသန့်အခန်းလေးဆီပဲ ရောက်နေသည်။

"ဒီလူ ဘာဖြစ်လို့ ခင်မမမောင်ကို သီးသန့်အခန်းထဲ ခေါ်သွားရတာလဲ၊ အဓိပ္ပာယ်မရှိတာပဲ မြရိပ်ညို၊ ကိုယ်တို့ စောင့်ရှောက်ပေးသင့်တယ်"

"ရှင် အရူးလား၊ ကိုလရောင်က ခင်မမမောင်ရဲ့ ခင်ပွန်းလောင်းလေ၊ အန်တီခင်ရဲ့ ရွေးသမက်၊ ငွေသမက်"

"ဘာ..."

"ဉာဏ်သာ ဘာဖြစ်နေတာလဲ၊ အမြင်ကတ်လာပြီနော်၊ ဆော်ပြီ ဆက်မစားတော့ဘူး ပြန်မယ်"

"နေပါဦး မြရိပ်ညို၊ ဒီလူက ခင်မမမောင်ကို တကယ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးလို့ လက်ထပ်ယူမှာလား၊ ဒီလူ ခင်မမမောင်ထက်သာတဲ့ မိန်းကလေးတွေ ပိုင်းပိုင်းလည်နိုင်တာပဲ၊ ကို မယုံဘူး''

''ရှင်နဲ့ ဘာမှမဆိုင်ဘူးလို့ ပြောသားပြီးပြီနော်၊ ခင်မမမောင်နဲ့ပတ်သက်ပြီး ရှင် ဒီလိုဖြစ်နေတာ အန်တီဖြူပြောသာ သိရင် နှလုံးရောဂါထပြီး နေရာမှာတင် လဲသေသွားမှာသိလား ဉာဏ်သာ''

''ဟင်...''

ဉာဏ်သာ အသိဝင်လာသည်။ ဟိုလူက မောင့်လက်ကို ပိုင်စိုးပိုင်နင်း ဆွဲသွားတာမြင်လိုက်ရစဉ် တစ်ခဏအတွင်းမှာပင် ရင်ဝမှာ ဒေါသမီးတောက် ဟုန်းခနဲထတောက်ကာ မူးမေ့ရူးသွပ် တော့မတတ် ဖြစ်သွားရသည်၊ အသိမဲ့သွားရ၏။ မင်း ဘယ်လို လုပ်လိုက်တာလဲ မောင်။ ဉာဏ်သာဆိုတဲ့ကောင်ကို လာပြီး မင်းမှာ ချစ်သူရှိနေတာကို ကြွားလုံးလာထုတ်တာလား။ မင်းတောင် ဟန်ဆောင်မာယာများတတ်နေပြီပဲ။ မင်းက လူ့လောကကြီး အကြောင်း ဘယ်လောက်သိလို့လဲကွ။ ဒီလူက ဘာလဲ၊ ခင်မမမောင်ကို အပျော်ကြံတာလား၊ အတည်ကြံတာလား သိချင် သည်။

''ပြန်မယ်''

[redacted]



''မြရိပ်ညို''

''ပြန်ကြတာ အကောင်းဆုံးပဲ ဉာဏ်သာ၊ လူကြီး လုကောင်းပီသစမ်းပါ''

မြရိပ်ညို ထသည်။ ဉာဏ်သာ့မျက်ဝန်းတွေက ကြောင်စီစီ နှင့် ခင်မမမောင်နှင့်ပတ်သက်ပြီး ဒီလောက်အထိ ပုံပျက်ပန်းပျက် ဖြစ်သွားရလား။ ခင်မမမောင်နှင့်ပတ်သက်လာလျှင် ဉာဏ်သာ အဖြစ်သည်းပြီး စိုးရိမ်ပူပန်တတ်တာ မြရိပ်ညို သိသည်။ ယခင်က ခင်မမမောင်နှင့် မြရိပ်ညိုတို့က တစ်တွဲတွဲနှင့် အချစ်ဆုံးသူငယ်ချင်း တွေဖြစ်ပေမယ့် အခုတော့ အခါးသီးဆုံး ပြိုင်ဘက်တွေ။ ခင်မမမောင်ပဲ သာနေ၏။ ဉာဏ်သာကရော၊ ကိုလရောင်ကရော ခင်မမမောင်အား ရူးသွပ်စွာ စွဲလမ်းချစ်မြတ်နိုးနေကြသည် မှန်းလိုက် တာ။ ဉာဏ်သာ အဖြစ်အသည်းဆုံးပဲ။ မြရိပ်ညိုအပေါ်မှာတော့ ဉာဏ်သာ့အပြုအမူတွေက ဥပေက္ခာတွေနှင့် အေးစက်နေတတ်သည်။ အပြင်ထွက်ဖို့ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် မြရိပ်ညိုက စရ၏။ ကျသင့်ငွေ ရှင်းပြီး စားစရာတွေထားခဲ့ပြီး ဆိုင်အပြင်ဘက် ထွက်လာခဲ့သည်။

''ကို မင်းကို ပြန်ပို့မယ် မြရိပ်ညို''

''ဉာဏ်သာ ဘာဖြစ်နေရတာလဲ၊ ထမင်းလည်း ကောင်းကောင်းမစားရသေးဘူး၊ တခြားဆိုင် ပြောင်းမလို့''

www.burmeseclassic.com

[redacted]

www.burmeseclassic.com



''No...No ကို ဆက်ပြီး မနေချင်တော့ဘူး၊ ဒီနေ့တော့ ဆောရီးပဲ မြရိပ်ညို''

''ခင်မမမောင်ကြောင့်လား''

''မင်းသိစရာ မလိုပါဘူး မြရိပ်ညို၊ မင်းရဲ့ အတင်းအကြပ်စည်းကမ်းဘောင်တွေနဲ့ ကန့်သတ်ချုပ်ချယ်နေတာတွေ ကို စိတ်ပျက်တယ်၊ နောက်ဆို ကိုယ့်ဆန္ဒမပါဘဲ မလုပ်နိုင်တော့ဘူး''

ခင်မမမောင်က ကိုလရောင်နှင့် လက်ထပ်မယ်ဆိုတော့ မင်းက အလွယ်တကူပဲ လက်ခံလိုက်ရလား မောင်။ ကိုယ့်ကို နည်းနည်းလေးမှ မင်း မညှာတော့ဘူးလားကွာ။ ဘယ်လောက်မှ မကြာသေးတဲ့အချိန်လေးအတွင်းမှာပဲ ခင်မမမောင်ဆိုတဲ့ ဉာဏ်သာ အထင်တကြီး ချစ်မြတ်နိုးရတဲ့ မိန်းမတစ်ယောက်၊ ချမ်းသာကြွယ်ဝ တဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်တွဲပြီး သီးသန့်ခန်းထဲအထိ ဝင်ရဲရလား။ မင်းရွံ့တာလား။ ဉာဏ်သာထက် သာလွန်တဲ့ကောင်ကို ရွေးယူပြတာ။ ကိုယ့်ရဲ့ နှလုံးသားတွေကို တိုက်ခိုက်တာပဲ။ သူ အတင်းအကြပ်ပင် မြရိပ်ညိုကို ပြန်ပို့သည်။ ဉာဏ်သာ တစ်ယောက် တည်း ဘီယာစတော့ရှင်တစ်ခုမှာ ဝင်ထိုင်ပြီး ပထမတော့ ဘီယာ သောက်မလို့ပဲ။ နောက်တော့ ခင်မမမောင်အကြောင်းတွေကို မေ့ချင် လို့မရလွန်း၍ အရက်ပြင်းပြင်းတွေ သောက်မိသွားသည်။



''မောင် ဟောကောင် မင်း အရင်လိုပဲ ယောကျ်ားလေး တစ်ယောက်လို နေစမ်းပါကွာ၊ အခုတော့ ကိုယ့်အသည်းနှလုံးတွေ ဟက်တက်ကွဲရတော့မယ်ကွ၊ ခင်မမမောင် မင်းကို ကို ချစ်တယ်၊ ကိုယ့်အသည်းနှလုံးတွေရဲ့ အနက်ရှိုင်းဆုံးနေရာက ချစ်နေတာလေ''

သူ အရမ်းမူးပြီး အသီတွေကင်းမဲ့ချင်သည်။ တစ်ခွက်ပြီး တစ်ခွက် သောက်မိနေ၏။ ညဉ့်အတော်နက်မှ ကားကို အနိုင်နိုင် မောင်းရင်း အိမ်ပြန်လာခဲ့သည်။

''မေမေ...မေမေရေ သား ပြန်လာပြီ၊ မေမေချစ်တဲ့ သားပါ၊ ဉာဏ်သာ ပြန်လာပြီ''

''ဝေါ့...''

''အော့...''

''မေမေ''

အပြင်မှ သားဉာဏ်သာအသံကြောင့် အိပ်ပျော်နေရာမှ ဒေါ်ဖြူပြာလန့်နိုးသွားရသည်။ အိပ်မက်လိုလိုကနေ သေသေချာချာ နားထောင်လိုက်တော့ သားဉာဏ်သာ့အသံပဲ။ ဘယ်လိုအသံကြီးလဲ။ ညနေက မြရိပ်ညိုလာခေါ်၍ သား လိုက်သွားခဲ့သည်။ ဒေါ်ဖြူပြာ အိပ်မောကျနေရာမှ လန့်နိုးသွား၍ ရင်တွေ တလှပ်လှပ်တုန်ရီလာ နှလုံးငြိမ်ဆေးကို သောက်လိုက်ရ၏။ သားက မူးယစ်သံကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



တအေ့အေ့ တဝေ့ဝေ့ဖြစ်နေကာ မိမိကို ခေါ်နေသည်။

"ဉာဏ်သာ"

"အား...မေမေ သားကို ခွင့်လွှတ်ပါဗျာ၊ အရမ်းစိတ်ညစ်လို့ပါ၊ ဒီနေ့ သေပစ်ချင်လောက်အောင် စိတ်ညစ်စရာတွေ တွေ့လာရလို့ အရက်သောက်လာမိတာပါ တောင်းပန်ပါတယ်နော်"

သားဉာဏ်သာ ဘာတွေဖြစ်လာတာလဲ။ တစ်ကြိမ်တစ်ခါမှ အရက်ကို သတိလက်လွှတ်မူးတဲ့အထိ မသောက်ဖူးခဲ့။ ဉာဏ်သာက ယိုင်ထိုးယိမ်းခါလျက် မိမိရှေ့ရောက်လာသည်။

"မေမေ"

"ပြောလေ သားဉာဏ်သာ၊ မင်း ဘာဖြစ်လာတာလဲ၊ မြရိပ်ညိုရော မင်းတို့ ဘာတွေဖြစ်လာတာလဲ"

"ခင်မမမောင်လေ ဟိုလူ ကိုလရောင်ဆိုလားပဲ၊ သားရဲ့ ဓာတ်ပွဲမှာ ရာရာစစ လူကြီးလူကောင်းလုပ်ပြီး အသိသက်သေ လက်မှတ်ထိုးတဲ့လူ၊ အဲဒါ ခင်မမမောင်နဲ့ လက်ချင်းတွဲပြီး စားသောက်ဆိုင်ထဲကို ဝင်လာတယ်"

"ဟင်..."

သားဉာဏ်သာရဲ့ နှလုံးသားတွေထဲမှာ ခင်မမမောင်က နက်ရှိုင်းစွာ သံယောဇဉ်တွေ ငြိတွယ်နေသည်ဆိုတာ ဒေါ်မြှုပြာ



သိထားသည်။ ဒါကြောင့်လည်း ယောကျ်ားလေးစိတ်နဲ့ မိန်းကလေးအား ချွေးမတော်ရမှာကြောက်၍ မြရိပ်ညိုနှင့် မိမိဆန္ဒအတိုင်း ခွတ်အတင်းပဲ ဓာတ်စေခဲ့သည်။ ခင်မမမောင် ဖြစ်သွားတော့လည်း အလွန်အမင်း လှပချောမော ဖူးညွန့်နေတဲ့ ကောင်မလေးပဲ။ ဓာတ်ပွဲနေ့မှာ မောင်လရောင်က ခင်မမမောင်အား ကြင်ကြင်နာနာရှိနေတာ မိမိ သတိထားမိနေသည်။

"မေမေ"

"ဟင်"

"ဒီလူလေ ဒီလူ ခင်မမမောင်ကို အချစ်စစ်နဲ့ ချစ်ပါ့မလား၊ ခင်မမမောင်က ယောကျ်ားတွေအကြောင်း ဘာသိလို့လဲ၊ ဒီလူ အပျော်ကြံတာလား၊ အတည်ကြံတာလား သား သိချင်တယ်"

ဒေါ်မြှုပြာ စိတ်မကောင်းဖြစ်သွားရသည်။ သားဉာဏ်သာ ချစ်နေတာက ခင်မမမောင်ပဲ။ ဒယိမ်းဒယိုင်နှင့် သားအရမ်းမူးနေသဖြင့် ဒေါ်မြှုပြာ လှည့်ထွက်လာခဲ့သည်။

"အဲဒါ သား မေးကြည့်ချင်တာ၊ ဟိုဟာမ မြရိပ်ညိုက ကျွေတွေ့ဝင်ပြီး ဟို...မနာလိုဖြစ်ပြီးလေ ဉာဏ်သာနဲ့ မဆိုင်ဘူးတဲ့"

"သားဉာဏ်သာ မင်း အခန်းထဲဝင်တော့၊ မေမေ သိပ်နေမကောင်းဘူး၊ အသိရှိစမ်းပါကွယ်၊ မြရိပ်ညိုပြောသလိုပဲ၊ မင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခင်မမမောင်နဲ့က ဘာမှမဆိုင်တော့ဘူး"

"သား သိပါတယ် မေမေ၊ အခု သားသိချင်နေတာက ခင်မမမောင်ကို ဟိုလူ ကုမ္ပဏီပိုင်ရှင်သူဌေးက အတည်ကြိုပါ မလားလို့၊ သားသူငယ်ချင်းအတွက် သား စိတ်ပူလို့ပါ"

"မင်း အခန်းထဲဝင်ပြီး အေးအေးဆေးဆေး ငြိမ်ငြိမ် သက်သက် အနားယူလိုက်တော့ မေမေ နေမကောင်းလို့ပါ"

"ဆောရီး မေမေ နေမကောင်းဘူးလား၊ ဟုတ်တယ် သားက မေမေ့စိတ်ချမ်းသာမှုအတွက် သားအရမ်းချစ်တဲ့ ကောင်မလေးကိုစွန့်လွှတ်ပြီး မြရိပ်ညိုကို လက်ထပ်ဖို့ လက်ခံတာပါ။ သား လိမ္မာရဲ့လား၊ သား အရမ်းလိမ္မာပါတယ်နော် ဝေါ့..အေ"

မေမေ နေမကောင်းဘူးဆိုတော့ သူ အသံတိတ်ပြီး အခန်းထဲ ဝင်လာခဲ့သည်။

"အား...ခင်မမမောင် မင်း ခံရတော့မယ်၊ ဉာဏ်သာ့ ထက်သာတာကို ယူတာလား၊ ဉာဏ်သာ့ကို အရွဲ့တိုက်တာလား မြရိပ်ညိုကိုပဲ အနိုင်ယူဖို့ ကြိုးစားတာလား၊ မင်းကို ဒီလူက အပျော်ကြံတာကွ၊ ဉာဏ်သာ ကာကွယ်ပေးမှဖြစ်မယ်၊ မင်းအနားမှာ ဉာဏ်သာမရှိလို့ မဖြစ်ဘူးလေ"

ခင်မမမောင်ဆီ ပြေးသွားပြီး ယောကျ်ားတွေကို မယုံကြည်



ဖို့ ပြောချင်သည်။ ဟိုလူ့ကိုလည်း ခင်မမမောင်အား အတည်ကြံတာ လားလို့ မေးချင်၏။ ဉာဏ်သာ့ရင်တွေ တတိတိကွဲအက်ကြေမွနေ သည်။ မင်းသိရဲ့လား ခင်မမမောင်။ ကိုယ်နဲ့ ခင်မမမောင်ကို ဝေးကွာသွားအောင် ဘယ်သူလုပ်ပစ်တာလဲ။ ထွက်လာခဲ့စမ်း အသေပဲကွာ။ သူ့ကိုယ်သူပင် မထိန်းနိုင်တော့ဘဲ စားပွဲခုံပေါ် လဲပြိုကျသွားသည်။

"ဝုန်း"

"ချလွမ်း..လွမ်း"

"အား..."

သားအခန်းထဲမှ လဲပြိုအော်ဟစ်သံတွေကြောင့် ဒေါ်ဖြူပြာ အထိတ်တလန့်နှင့် အိပ်ရာပေါ် လူးလဲထကာ သားဉာဏ်သာ အိပ်ခန်းထဲ ရောက်လာသည်။

"ဟင်..."

"အမလေး သားရယ်"

သားဉာဏ်သာရဲ့ ဖရိုဖရဲနိုင်လှန်းသော ပုံစံကို ဒေါ်ဖြူပြာ ပထမဆုံးအကြိမ် တွေ့မြင်လိုက်ရ၍ ရင်ဝမှာ ဆို့တက်သွားရသည်။ ထုတ်မြက်ပြီး တက်ကြွနေတတ်သော သားဉာဏ်သာကို ဇနီး လောင်းအဖြစ် မိမိရွေးချယ်ပေးမိတာက သားမချစ်သော မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ မိခင်တစ်ယောက်အနေနှင့် သား အနာဂတ်အတွက် ထာဝရလက်တွဲဖော်အဖြစ် သား ချစ်မြတ်နိုးသည့် မိန်းကလေး ဖြစ်စေချင်တာတော့ အမှန်ပင်။ ခင်မမမောင် သားဉာဏ်သာ ခွဲမက်မယ်ဆိုရင်လည်း ခွဲမက်စရာပင်။ မထင်နိုင်လောက်အောင်ကို ဖူးဖူးစင်စင်လေးနှင့် ချောမောနေသည်။ ဒေါ်ဖြူပြာ ကောင်းကောင်း နေမကောင်းပေမယ့် သားကိုတော့ အနိုင်နိုင်သယ်မပြီး သားခုတင် ပေါ်သို့ တင်ပေးရသည်။ အိမ်ဖော်ကောင်မလေးကိုခေါ်ပြီး သားအိပ်ခန်းအား ချက်ချင်း သန့်ရှင်းရေးလုပ်ခိုင်းလိုက်၏။ သန့်ရှင်း သေသပ်စွာ စည်းစနစ်ကြီးကြီး နေထိုင်ခဲ့သော သားဉာဏ်သာ ပုံစံက သေသေချာချာ ကြည့်လိုက်မှ ညှဉ်းသိုးသိုးဖရိုဖရဲနှင့် မှတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးဗလပွနှင့် ဖြစ်နေလေသည်။

□ □ □

# အခန်း (၂၂)

မြရိပ်ညို နှုတ်ခမ်းသားလေးတွေက တင်းတင်းလေးစေ့ပြီး မျက်ဝန်းတွေက မနာလိုဝန်တိုမှုလေးတွေနှင့် သွေးဆုတ်ဖြူ ရော်နေသည်။ ခင်မမမောင်ကို ဉာဏ်သာက ချစ်နေတာပဲ။ ဉာဏ်သာ ဟန်တောင်မဆောင်နိုင်လောက်အောင် မျက်နှာပျက် နေလိုက်တာ။ ဉာဏ်သာနဲ့ ဘာဆိုင်လို့လဲ။ ကိုလရောင်လို ယောကျ်ားတစ်ယောက်နဲ့ ခင်မမမောင် လက်ထပ်ခွင့်ရတာ မြရိပ်ညို ထက် သာနေပြီလား။ ဉာဏ်သာ့ကို မြရိပ်ညို အရူးအမူးချစ်နေရတာ ဂတန်လိုက်တာ။ တကယ်ဆို မြရိပ်ညို ရွေးချယ်ချင်တာက ကိုလရောင်လို လူမျိုးပဲ။ ဉာဏ်သာ အလကားပဲ။ ခင်မမမောင် အတွက် ပျာယာခတ်နေလိုက်တာ။ အခုလည်း မြရိပ်ညိုကို အတင်း အကျပ် ပြန်ပို့ထားခဲ့သည်။ ရှင် ခင်မမမောင်အတွက် ကြေကွဲ

ဝို - မို ၊ ၁၁၄၅

www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတာ မဟုတ်လား ဉာဏ်သာ။ မြရိပ်ညို ဒေါသတွေ ဖြစ်နေသည်။ မြရိပ်ညို ဘယ်လိုမှ နေလို့ထိုင်လို့မရသဖြင့် ဉာဏ်သာ့ဆီ ဖုန်းဆက်လိုက်၏။ အရမ်းမုန်းစရာကောင်းတဲ့ ဉာဏ်သာ။ အလကားကောင်။ ဉာဏ်သာ့လက်ကိုင်ဖုန်းက မြည်နေပေမယ့် မကိုင်ပေ။ သူမ အကြိမ်ကြိမ်အခါခါ ဆက်နေသည်။

"ဟဲလို"

"ဉာဏ်သာ…ရှင် အရက်တွေ သောက်ထားတာလား။ အရမ်းမူးနေတာမဟုတ်လား"

"မောင်လား…အရမ်းကြီး ရှုံမတွေ့စမ်းပါနဲ့ကွာ၊ ကိုယ် အရမ်းချစ်တာက မင်းကိုပဲ၊ မောင်ရေ…မောင်၊ မင်း မောင်ဘဝနဲ့မှ ကောင်းဦးမယ်ကွာ၊ မောင် ကိုယ် အသည်းကွဲနေပြီ၊ မင်း ရက်စက်တယ်"

"ဉာဏ်သာ"

"ဟင်"

"ဘာတွေဖြစ်နေတာလဲ အရူးရဲ့၊ အခုပြောနေတာ ဘယ်သူလဲသိလား၊ မြရိပ်ညိုလေ…မြရိပ်ညို၊ ရှင့်ရဲ့ဇနီးလောင်း မြရိပ်ညို"

"ဟာ"

ဉာဏ်သာ အမူးပြေသလို ဖြစ်သွားကာ အိပ်ရာပေါ်



လူးလဲထလိုက်သည်။ မြရိပ်ညိုတဲ့၊ ဘာဖြစ်လို့ဖုန်းဆက်ရှာတာလဲ။ ဉာဏ်သာ့ခေါင်းတွေ ချာချာလည်အောင် မူးယစ်နေဆဲပင်။ မြရိပ်ညို ဖြစ်နေ၍ ပို၍ပင် မူးနောက်သွားရသည်။

"ဉာဏ်သာ"

"ဟင်…"

"ရှင် ဘာဖြစ်နေတာလဲ၊ ခင်မမမောင်ကို ချစ်တယ် ဟုတ်လား"

"အင်း"

"ဘာ"

"ဟုတ်တယ်လေ၊ ကိုယ်က မောင့်ကို ယောကျ်ားလေး တစ်ယောက်လို နေထိုင်ခဲ့တုန်းကတည်းက အရမ်းသံယောဇဉ်ကြီးပြီး အရမ်းချစ်ခဲ့တာ"

"မြရိပ်ညိုကရော ဘာလဲ၊ ရှင်နဲ့လက်ထပ်မယ့် သတို့သမီးလောင်းလေ၊ လူသိရှင်ကြား တရားဝင် စေ့စပ်ထားကြတာ အရော"

"ကိုယ့်ကတိလေ၊ မင်းပဲ အဲဒီကတိကို တောင်းဆိုခဲ့တာ မဟုတ်လား မြရိပ်ညို၊ ကိုယ်က ချစ်မချစ် မင်း ဘယ်တုန်းက မေးခဲ့လို့လဲ"

"ရှင်…ရှင်"

www.burmeseclassic.com



"အိပ်တော့မယ် ဘာ့တာပဲ မြရိပ်ညို၊ ကိုယ် ခင်မမမောင်ကိုချစ်တာ မင်း သိတယ်မဟုတ်လား၊ ကိုယ့်နှလုံးသားထဲမှာ မောင်ရှိနေတာလေ"

"အရှး"

မြရိပ်ညို ဒေါသတွေပေါက်ကွဲထွက်သွားပြီး အရူး အော်ဟစ်လိုက်သည်။ သေလိုက် ဘာကတီလဲ ဉာဏ်သာ။ အင် မဲ့ရွှာ ပြောချင်တာတွေ ပြောနေပေမယ့် ဉာဏ်သာ့ရင်ထဲက အချ တရားတွေဆိုတာ သိသည်။ သူမ ဒေါသတကြီးနှင့် သူမလေ ထဲက ဟမ်းဖုန်းကို အိပ်ရာပေါ် ပစ်ပေါက်လိုက်သည်။

"မောင် နှင့်ကြောင့်ပဲ ငါဘဝ တစ်လျှောက် ယောကျ်ားတွေအကြောင်း ဘာမှမသိခဲ့ရဘဲ ဉာဏ်သာနဲ့ပဲ တွေ့ ဉာဏ်သာ့ကိုပဲ စွဲစွဲလန်းလန်း ချစ်ခဲ့တာ နှင် တရားခံပဲ၊ အ နှင်က ဉာဏ်သာ့အချစ်တွေကို ရယူနေပြန်ပြီ၊ နှင် ငါ့ကို လွှ ထားခဲ့တဲ့ အကျိုးသက်ရောက်မှုက ဘာတွေလဲ၊ ကျရှုံးခြင်းလ

ဉာဏ်သာက သူမအပေါ် ချစ်သူအဖြစ် မချစ်ခဲ့တာ အမှန်ပဲ။ ဉာဏ်သာချစ်နေတာက မောင်လေ။ ဉာဏ်သ မြရိပ်ညို က မောင့်ဆီကနေ လုယူလိုက်တာလား။ မောင် ငါ မုန်းတယ်။ နှင့်ရဲ့ လောင်းရိပ်အောက်မှာ ငါ အမြ မိန်းကလေးအဖြစ် နေထိုင်ခဲ့ရတာ နှင် တစ်ခုခုတော့ အကြ



ပေးဆပ်ရလိမ့်မယ် ခင်မမမောင်။ ဒေါသတွေနှင့် ပေါက်ကွဲနေတဲ့ မြရိပ်ညိုအခန်းထဲသို့ မာမီဝင်လာသည်။

"သမီးလေး ဘာတွေဖြစ်နေတာလဲ၊ ခင်မမမောင်ကြောင့်လား၊ မောင်လရောင်လို ယောကျ်ားကောင်းတစ်ယောက်ကို ရသွားလို့လား၊ ဘာဖြစ်လဲကွယ် မောင်ဉာဏ်သာကလည်း ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းကပဲ လူတော်လေးလေ"

"မာမီ မသိပါဘူး၊ ဉာဏ်သာက ခင်မမမောင်ကို ချစ်နေတာသိလား၊ ကိုလရောင်နဲ့ ခင်မမမောင် တွဲပြီးတွေ့တော့ ရူးမတတ်ပဲ၊ အမြင်ကတ်စရာကောင်းလောက်အောင် ပျာယာခတ်ပြီး မောင်...မောင် ဖြစ်နေတယ်။ မြရိပ်ညိုကို မချစ်ဘူးတဲ့။ မစေ့စပ်ခင်တည်းက ဉာဏ်က မြရိပ်ညိုကို ချစ်ရဲ့လားလို့ မမေးခဲ့ဖူးဘူးတဲ့"

"ဟင်"

မြရိပ်ညို ဘာဆက်လုပ်ရမလဲ မာမီ။ အဲဒါတွေအားလုံး ဟာ မောင့်ကြောင့်ပဲ။ မာမီကတော့ ဘာပဲဖြစ်ဖြစ် ဉာဏ်သာနဲ့ သမီး လက်ထပ်ပွဲကို အမြန်ဆုံးကျင်းပမယ်တဲ့။ ယောကျ်ားလေး နဲ့ မိန်းကလေး တစ်ယောက်ကိုတစ်ယောက် လက်ထပ်လိုက်ကြ ပြီဆိုရင် ချစ်သွားကြတာပဲတဲ့။ ဒက်ဒီနဲ့မာမီလည်း လူကြီးတွေ လက်ထပ်ပေးလို့ ယူကြတာ။ ချစ်ဦးသူတွေ ကိုယ်စီနဲ့တဲ့။ ဒါပေမဲ့ လက်ထပ်လိုက်ပြီးတော့လည်း ချစ်တာပဲတဲ့။ ခင်မမမောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာ ချစ်တာက အရှုံးအမှုံးပဲ၊ ပြောင်ကျလွန်းတယ်။ ရှု ဘယ်တုန်းက အရက်သောက်ဖူးလို့လဲ ဉာဏ်သာ။ အသည်း အရမ်းကွဲနေတာလား။ ကောင်းပြီလေ ဒီထက်မက ဟက်တ ကွဲသွားစေရမယ်။ မြရိပ်ညို အပြင်ကို ထွက်လာခဲ့သည်။

"သမီး ဘယ်လဲ"

"ခင်မမောင်ဆီ"

"နေဦး"

"မြရိပ်ညို တစ်ညလုံး အိပ်လို့ရမှာမဟုတ်ဘူး ပြဿနာကတော့ ရှင်းရမှာပဲ၊ သမီး ဒီလိုခံစားနေရတာ တ က ခင်မမောင်ပဲလေ"

"မြရိပ်ညို"

အိပ်ချိန်ကြီးလည်း ဘာဖြစ်လဲ။ အရင်က နင် မရွေး ငါတို့အိမ်ကို ဝင်ထွက်ပြီး နင်ဖြစ်ချင်တာတွေကို အကျပ် ဖြစ်စေခဲ့တာလေ။ မြရိပ်ညိုကို ဘယ်ယောက်ျား ကြည့်လို့၊ စကားပြောလို့၊ မြရိပ်ညိုက မောင် မသိဘဲ အပြင် လို့၊ မောင်ဝမ်းကွဲနဲ့ တွဲသွားတာတောင် နင် ပြဿနာအကြီးအ ရှာခဲ့တာလေ။ အခု ငါက နင့်ကို ပြဿနာရှာပစ်မယ်။ ဉာဏ်သာ့ထက်သာတဲ့ ယောက်ျားတစ်ယောက်ရဲ့ အချစ် လည်း ရတယ်။ ဉာဏ်သာ့ အချစ်တွေကိုလည်း ရတယ်။



ယောက်ျားမဟုတ် မိန်းမစိတ် သိပ်မရှိတဲ့ မိန်းကလေးကို ငါ ဘာဖြစ်လို့ မယှဉ်နိုင်ရတာလဲ။ ခင်မမောင်တို့ခြံနားရောက်တော့ ကိုလရောင်ရဲ့ကားက ရပ်ထားသည်။ မြရိပ်ညို ဆက်မသွားတော့ ဘဲ ရပ်စောင့်နေစဉ် ကိုလရောင် ပြန်သွား၏။ ခင်မမောင်က ဆိုက်ပိုရှင်း ခြံအပြင်ဘက် လမ်းမပေါ်မှာ ရပ်နေသည်။

"မောင်"

"ဟင်"

"မြရိပ်ညိုပဲ"

"မြရိပ်ညို"

မြရိပ်ညိုဆီက မောင်ဆိုတဲ့ အသံလေးက မောင်နဲ့ပတ် သက်ခဲ့တဲ့တစ်လျှောက်လုံး တစ်ကြိမ်တစ်ခါမျှပင် မကြားဖူးသေး သော ချိုအီမွတ်သိပ်မှုတွေ ရောယှက်ပျော်ဝင်နေသည်။ မောင်နှင့် တွဲခဲ့သော အချိန်က မြရိပ်ညိုမျက်နှာလေးက အမြဲတမ်း မသာ ယာနှင့် တစ်ခါတစ်ရံ အလိုမကျသလို မာမာထန်ထန်လေး ပြန်တတ်သည်။ အခု ဉာဏ်သာနှင့်စေ့စပ်ထားသော မြရိပ်ညို က ခင်မမောင်ဟု ပြောဆိုသုံးနှုန်းရမယ့်အစား ဘာဖြစ်လို့ မြရိပ်ညို ချစ်မှန်းတီးခဲ့တဲ့မောင် ဖြစ်နေရတာလဲ။ မြရိပ်ညိုက သူ့မအနားသို့ လျှောက်လာသည်။

"မောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မြရိပ်ညိုလေ မောင့်ကို ယောကျ်ားတစ်ယောက်နဲ့ တွဲပြီး တွေ့လိုက်ရတော့ အရမ်းစိတ်တွေလှုပ်ရှားပြီး မောင့်ကို မစွန့်လွှတ်နိုင်တော့ဘူး၊ အဲဒါ မြရိပ်ညိုနဲ့ မောင် အားလုံးကို စွန့်လွှတ်ပြီး ထွက်ပြေးကြရအောင်"

"ဘာ"

"ဘာလဲ…မောင်က မြရိပ်ညိုကို မချစ်တော့ဘူးလား အရင်ကတော့ အတူတူနေချင်တယ်ဆို"

"မြရိပ်ညို မင်း အဓိပ္ပာယ်မရှိတာတွေ လာပြောမနေပါနဲ့၊ မင်းက ခင်မမမောင်ရဲ့ဘဝကို ဖျက်ဆီးပစ်ချင်တာမဟုတ်လား မိန်းကလေးချင်း ချစ်သူတွေလို တွဲနေရတာ ရှက်တယ်၊ ရှက်တယ်ဆို၊ ဒါပေမဲ့ နင့်ရဲ့အကြံအစည်တွေ လုံးဝဖြစ်လာနိုင်စရာ မရှိတော့ဘူး မြရိပ်ညို၊ ငါက ခင်မမမောင် ဖြစ်နေပြီ၊ ယောကျ်ားလေးစိတ် လုံးဝမရှိတော့ဘူး၊ အရှက်အကြောက်တွေနဲ့ လိမ်လိမ်မာမာနေချင်တဲ့ ခင်မမမောင် ဖြစ်နေပြီ"

မြရိပ်ညိုမျက်ဝန်းတွေက သူမအသံတွေနှင့် ဆန့်ကျင်စွာ ဝင်းဝင်းတောက် ဒေါသတွေ ကြီးမားနေသည်။ မြရိပ်ညိုက ခင်မမမောင်ရဲ့ဘဝကို ဖျက်ဆီးပစ်ချင်တာပါ။

ဘာကြောင့်လဲ၊ မြရိပ်ညိုထက်သာတဲ့ ယောကျ်ား



တစ်ယောက်ကို သူမ ပိုင်ဆိုင်နေလို့လား။ စောစောကပဲ ကိုလရောင်ရဲ့တောင်းဆိုမှုတွေကို လှပစွာ ငြင်းပယ်လိုက်သည်။

"ခင်မမမောင်မှာ သူစိမ်းယောကျ်ားလေးတစ်ယောက်ကို ချစ်မိဖို့ အဆင်သင့်မဖြစ်သေးလို့ပါနော်၊ အချိန်တွေအများကြီး လိုအပ်နေပါတယ်၊ လူကြီးတွေဆီမှာလည်း အတင်းအကျပ်တောင်းဆိုဖို့ တောင်းဆိုပါတယ်"

ကိုလရောင်က လူကြီးလူကောင်းပီသစွာ လက်ခံခဲ့သည်။ ခင်မမမောင်ရဲ့ နှလုံးသားတွေထဲက ငယ်ချစ်ဦး ဉာဏ်သာ့ကို ဖယ်ထုတ်ပစ်ရန် အလွန်ခက်ခဲနေ၍ဖြစ်၏။ ဒါပေမဲ့လည်း မြရိပ်ညိုဆီကနေ ဉာဏ်သာ့ကို လုမယူဖို့လည်း ဆုံးဖြတ်ထားသည်။

"နင်ဖြန့်ပါ မြရိပ်ညို၊ မဖြစ်နိုင်တော့ဘူး၊ ငါက ခင်မမမောင်ပါ၊ အရင်က ယောကျ်ားလေးစိတ်နဲ့ ငါ ထင်တိုင်းကြဲခဲ့မိတဲ့အဖြစ်တွေအတွက် တောင်းပန်ပါတယ်၊ နင်လည်း ဉာဏ်သာနဲ့ သက်ထပ်တော့မယ် မဟုတ်လား၊ လူကြီးတွေ စိတ်သောကရောက်အောင် မလုပ်ပါနဲ့"

"ဟား…ဟား…ဟား"

"မြရိပ်ညို"

"နင်က အခုမှ လိမ္မာပြီး ဣန္ဒြေသိက္ခာတွေ ကြီးမားနေလိုက်တာ၊ နင်က အရမ်းပဲ မိန်းကလေးပီသနေလို့ ငါ့ယောက္ခမ

www.burmeseclassic.com

www.burmeseclassic.com



လောင်းကြီး ဒေါ်မြဖြူပြာကတောင် နင့်ကို ချီးမွမ်းခန်းတွေ ဖွင့်နေပြီလေ''

''ပြန်ပါ မြရိပ်ညို၊ ငါ တောင်းပန်ပါတယ်၊ နင်နဲ့ ဉာဏ်သာက လက်ထပ်ကြတော့မှာလေ၊ ဉာဏ်သာက အရမ်း တည်ကြည်ပြီး အကြင်နာတရားတွေ ပြည့်ဝနေတဲ့ ယောက်ျား တစ်ယောက်ပါ၊ ကိုလရောင်က ငွေကြေးအရတော့ ချမ်းသာကြွယ်ဝ တာ မှန်ပေမယ့် အရမ်းကြီးကျယ်ခမ်းနားပြီး သူ့ဇနီးဖြစ်ဖို့ အဲဒီ မိန်းမကို လေ့ကျင့်သင်ကြားပေးဦးမှာ၊ ဝါ ငြင်းလိုက်တယ်၊ သူ့ကို ချစ်ဖို့ အဆင်သင့်မဖြစ်သေးဘူးလို့''

''အဲဒါ ဉာဏ်သာ့ကြောင့် မဟုတ်လား၊ နင် ဉာဏ်သာ့ ကို ငါ့လက်ထဲကနေ လုယူဖို့ အကြံအစည်တွေ ကြံစည်နေတာပဲ၊ နင် ကိုလရောင်ကိုလူမျိုးကိုတောင် ငြင်းနေရင် ဉာဏ်သာ့ကို ချစ် နေလို့ပဲ၊ အခုမှ နင်တို့ အရမ်းအချစ်တွေ သက်သေပြနေလား''

သူမက ကိုလရောင်အား ဉာဏ်သာ့ထက်သာနေလို့ မြရိပ်ညို မနာလိုဝန်တိုဖြစ်နေမှာစိုး၍ ကိုလရောင်နဲ့ မယူပါဘူး ပြောတော့လည်း မြရိပ်ညိုက လက်မခံပေ။ မြရိပ်ညို့ရဲ့မျက်ဝန်း တွေထဲမှာ မုန်းတီးနာကြည်းမှုတွေက သိသာထင်ရှားလွန်းထား သူမအား ခါးခါးသီးသီးကြည့်နေသည်။

''ငါ ဉာဏ်သာ့ကို နင့်ဆီကနေ ဘယ်တော့မှ လုမယူ



ပါဘူး၊ ဉာဏ်သာ့ဘက်ကနေ ဘယ်လိုပဲ ခံစားနေပါစေ၊ ငါလည်း ဘယ်လောက်ပဲ ဉာဏ်သာ့အပေါ် သံယောဇဉ်တွယ်နေပါစေ၊ မြရိပ်ညိုဆီကတော့ လုမယူပါဘူး၊ ကတိပေးပါတယ် သူငယ်ချင်း ရယ်၊ မြရိပ်ညိုလည်း ငါ့ကြောင့် စိတ်ခံစားမှုတွေ အများကြီး တွေ့ကြုံခံစားခဲ့ရတာပါပဲ၊ ဉာဏ်သာနဲ့ မြရိပ်ညိုတို့ရဲ့ လက်ထပ် မင်္ဂလာပွဲ ဖြစ်မြောက်အောင် အစွမ်းကုန်ကူညီမှာပါ၊ ယုံပါ မြရိပ်ညို''

ခင်မမမောင်ဆီက သူငယ်ချင်းရယ်ဆိုတဲ့ စကားလုံးလေး က မြရိပ်ညို့ရဲ့ ဝုန်းဒိုင်းကြဲအောင် ပေါက်ကွဲနေတဲ့ ဒေါသတွေကို နည်းနည်းတော့ ပြေလျော့သွားစေသည်။ မောင်က ဘယ်တော့မှ ကတိဖျက်ပြီး မြရိပ်ညို့ရဲ့ အရှက်သိက္ခာတွေ ကျိုးပဲ့အောင် ဉာဏ်သာ့ကို အရှက်ကင်းမဲ့စွာ လုယူမည့်သူတစ်ယောက် မဟုတ် တာတော့ မြရိပ်ညို ယုံကြည်သည်။ မြရိပ်ညို စောစောက နာကြည်းခံပြင်းမှုတွေနှင့် သောင်းကျန်းပစ်ချင်တဲ့ သူမရဲ့ဝန်တိုစိတ် တွေက အနည်ထိုင်စ ပြုလာရ၏။ ခင်မမမောင်အား စူးစိုက်စွာ စေ့စေ့ကြည့်ပစ်လိုက်သည်။

''ကောင်းပြီလေ ခင်မမမောင်၊ နင့်ကတိပဲနော်၊ နင်က ကတိတည်တဲ့သူ၊ သူတစ်ပါးအပေါ် အကောက်မကြံတတ်ဘူးဆို တာတော့ ငါလက်ခံပါတယ်၊ ဉာဏ်သာနဲ့ အကင်းရှင်းဆုံးနေပေး

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ညဏ်သာက နင့်ကိုချစ်ပြီး အရူးအမူး တမ်းတမ်းစွဲဖြစ်နေရင်လည်း နင့်ဘက်က အပြတ်သားဆုံး ငြင်းပယ်ပါ၊ ငါနဲ့ ညဏ်သာက စေ့စပ်ထားပြီးသားလေ၊ မဖြစ်မနေ လက်ထပ်ရလိမ့်မယ်၊ ငါက နင့်ကို လာတောင်းပန်တာမဟုတ်ဘူးနော် ခင်မမမောင်''

''အိုကေ''

ညဏ်သာ ရှင့်ကို မြရိပ်ညို လက်ထပ်ဖြစ်အောင် လက်ထပ်မယ်။ မြရိပ်ညိုကို မချစ်ဘဲ လက်ထပ်ပြီး ဘယ်လောက်အထိ အသည်းတွေ ဟက်တက်ကွဲနေမလဲ ခံစားစမ်း။ ရှင့်ဘဝကိုလည်း ဖျက်ဆီးပစ်မယ်။ မြရိပ်ညိုဟာ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ ရှင် ကောင်းကောင်းသိစေရမယ် ညဏ်သာ။ ရှင်ပဲ အရှက်ကွဲပြီး ဘဝပျက်မလား၊ ဒီလောက်တောင် မြရိပ်ညိုကို မချစ်တဲ့သူ၊ ရှင် အရူးတစ်ပိုင်းဖြစ်နေတာ မြရိပ်ညို အရသာခံပြီး ကြည့်ချင်သေးတယ်။ ရှင်ချစ်မြတ်နိုးတဲ့ ခင်မမမောင်ကို ဘယ်တော့မှ လက်ထပ်ခွင့်မရစေရဘူး ညဏ်သာ။ ခင်မမမောင်ကို ကျောခိုင်းကာ မြရိပ်ညို ချာခနဲ လှည့်ပြန်လာခဲ့သည်။

□ □ □

## အခန်း (၂၃)

ခင်မမမောင်တို့ အိမ်ရောင်းပြီး ပြောင်းရွှေ့သွားတာပင် ညဏ်သာ မသိလိုက်ပေ။ ကိုလရောင်က ခင်မမမောင်အား လက်ထပ်ခွင့်တောင်းပေမယ့် ခင်မမမောင်ဘက်ကနေ ငြင်းပယ်ကြောင်းသာ သိလိုက်ရသည်။ မမနန္ဒာနှင့်လည်း လေးလေးကျော်က တစ်ဖက်သတ် အကြောင်းမဲ့စွာ ကွာရှင်းပြတ်စဲခြင်းခံရ၍ အဝေးကို ပြောင်းရွှေ့သွားတာလည်း ဖြစ်နိုင်၏။ ခင်မမမောင်က ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးနှင့် အောင်မြင်ပြီး ဆေးကျောင်းတက်ခွင့်ရကာ မြရိပ်ညိုက ကျသည်။ ညဏ်သာလည်း ဂုဏ်ထူးတွေနှင့်အောင်မြင်ပေမယ့် မြရိပ်ညိုက ဆေးကျောင်းတက်ခွင့်မပြုဘဲ သူမနှင့်လက်ထပ်ဖို့ပဲ စီစဉ်သည်။

''ညဏ်သာ…ရှင့်ကို ခင်မမမောင်က အရမ်းချစ်တာ

www.burmeseclassic.com

www.burmeseclassic.com



သိလား၊ ကိုလရောင်ကို ငြင်းလိုက်တာပဲ ကြည့်လေ၊ မြရိပ်ညို့ရဲ့ တောင်းဆိုမှုကြောင့် ခင်မမမောင်က ရှင့်နဲ့ဝေးရာကို ထွက်ပြေးတာ"

"မင်း…မင်း…မြရိပ်ညို့"

"အချစ်ဆိုတာ အလျား အနံ မရှိပေမယ့် အသွားအပြန် ရှိတယ်လို့ ရှေးရိုးစကားတွေရှိတယ်မဟုတ်လား၊ ညဏ်သာ ရှင်က မြရိပ်ညို့ကိုမချစ်ဘဲ မုန်းတီးနေတော့ မြရိပ်ညို့ကလည်း ရှင့်ကို အရမ်းမုန်းတီးနေတယ်"

"အဲဒါဆို တို့နှစ်ယောက် လက်မထပ်ကြတာ အကောင်းဆုံးပဲ မဟုတ်လား မြရိပ်ညို့"

သူမက ခန္ဓာကိုယ်လေးအား ယိမ်းခါနေအောင် ဟက်ဟက်ပက်ပက် ရယ်ပစ်သည်။

"ဒီလိုဘယ်ရမလဲ ညဏ်သာရယ်၊ တစ်ယောက်ကို တစ်ယောက် မုန်းတီးရွံရှာနေတဲ့ ယောကျ်ားတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် လက်ထပ်ကြတာ အရမ်းစိတ်ဝင်စားစရာကောင်းပါတယ်"

"မြရိပ်ညို့"

"မြရိပ်ညို့တို့ မင်္ဂလာဆောင်ကို အကြီးအကျယ် အခမ်းနားဆုံး ကျင်းပကြမယ်နော်"

မြရိပ်ညို့ရဲ့ ခါးသီးလွန်းတဲ့ အမုန်းတွေကို ညဏ်သာ မြင်တွေ့နေရသည်။ ညဏ်သာ့ကို မြရိပ်ညို့က စိန်ခေါ်လိုက်တာပဲ။ ခင်မမမောင်တို့က အဝေးကိုပြောင်းသွားပြီး ဆေးကျောင်းကို တက်နေသည်ဟု သတင်းပဲကြားနေရ၏။ မေမေကတော့ ခင်မမမောင်ကို မေမေ အထင်သေးမိတာ မှားသည်ဟု ကြေကြေကွဲကွဲပြောပြီး သားရဲ့ ညှိုးရော်နွမ်းဖတ်နေတဲ့ အရက်သမားပုံစံ သားညဏ်သာကို မကြည့်ရက်တော့ဘဲ မြရိပ်ညို့နှင့်လက်ထပ်ဖို့ မြရိပ်ညို့ သဘောတူ လက်ခံရင် ဖျက်သိမ်းနိုင်ပါတယ်တဲ့။ မြရိပ်ညို့က မင်္ဂလာပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ကျင်းပရန် စီစဉ်နေသည်။

"အန်တီဖြူပြာက သဘောကျပါ့မလား၊ မြရိပ်ညို့က စာမေးပွဲကျသွားတာလေ၊ ညံ့ဖျင်းလွန်းတယ်ဆိုပြီးတော့"

"မင်းသဘောဆန္ဒအတိုင်းပဲ စီစဉ်ပါ မြရိပ်ညို့၊ တို့နှစ်ယောက်ရဲ့ အမုန်းတွေ ဘယ်သူနိုင်မလဲ ပြိုင်ကြတာပေါ့"

"အရှုံးအနိမ်းကောင်"

"မင်းပေးတဲ့နာမည်ကို ကိုယ်အရမ်းနှစ်သက်တယ် မြရိပ်ညို့၊ ကိုယ်က အရှုံးအနိမ်းကောင်ပဲ"

မြရိပ်ညို့ စောစောကလို သက်သက်ဟန်ဆောင်၍ပင်



www.burmeseclassic.com

www.burmeseclassic.com



မရယ်မောနိုင်တော့ဘဲ နှုတ်ခမ်းတွေ တွန့်ကွေးသွားအောင် ရှုံ့မဲ့ပစ်လိုက်သည်။ ခင်မမမောင်အတွက် နင်က ဒီနာမည်ကို နှစ်သက်တာ မဟုတ်လား ဉာဏ်သာ။ မြရိပ်ညိုစိတ်တွေ အလိုမကျမှုများစွာဖြင့် ဒေါသတွေနှင့် ပေါက်ကွဲပစ်ချင်လာရ၏။ မင်္ဂလာပွဲကို အရွဲ့တိုက်ပြီး စီစဉ်သည်။ လူသိရှင်ကြား ဖိတ်စာတွေပို့၏။ စံချိန်တင်လောက်တဲ့ လက်ထပ်မင်္ဂလာပွဲအဖြစ် စီစဉ်သည်။

"သမီး မြရိပ်ညို"

"မာမီ"

"သမီး အရွဲ့တိုက်နေတာမဟုတ်လား၊ အချစ်မပါတဲ့ အိမ်ထောင်ရေးကို မတည်ဆောက်ပါနဲ့ကွယ်၊ ဉာဏ်သာကလည်း အစောကြီးကတည်းက သမီးကို ချစ်ခဲ့တာမှမဟုတ်တာ၊ မာမီရဲ့ အတင်းအကျပ်တောင်းဆိုမှုနဲ့ ယောကျ်ားစိတ်ဖြစ်နေတဲ့ ကြမ်းကြမ်းရမ်းရမ်း မိန်းကလေးတစ်ယောက်နဲ့ သူ့သား နီးစပ်မှာကြောက်ပြီး မာမီ သွေးထိုးပေးမှုနဲ့ သမီးနဲ့ ဉာဏ်သာ့ကို လက်ထပ်ပေးဖို့ စီစဉ်ကြတာပါ"

"မြရိပ်ညို အရာရာကို ဘာဖြစ်လို့ အရှုံးတွေနဲ့ပဲ ရင်ဆိုင်နေရတာလဲ မာမီ၊ ခင်မမမောင်ကြောင့်လား၊ မောင်က မြရိပ်ညိုကို လွှမ်းမိုးခဲ့လို့လား"



"အရာအားလုံး လူကြီးတွေရဲ့ အတွေးအခေါ်၊ အယူအဆများယွင်းမှုကြောင့်ပဲ၊ လူငယ်တွေ ဘဝလမ်းကြောင်း တိမ်းစောင်းသွားရတာပါ၊ ခင်မမမောင်က သမီးအတွက် အရှုံးပေးခဲ့တာပဲ၊ အဝေးကို ထွက်သွားတယ်လေ၊ လေးလေးကျော်ကလည်း နန္ဒာကို ကွာပစ်လိုက်တယ်၊ သူတို့လည်း အရှုံးတွေရှိတာပါပဲ"

"သမီးကတော့ ဉာဏ်သာနဲ့လက်ထပ်ပွဲကို နောက်မဆုတ်ဘူး မာမီ၊ အရှုံးပြိုင်ပွဲဖြစ်ဖြစ်၊ အမုန်းပြိုင်ပွဲပဲဖြစ်ဖြစ် ခေါင်းစဉ်အမျိုးမျိုးအောက်မှာ ဉာဏ်သာ နာလန်မထူအောင် မြရိပ်ညို ပြိုင်နေမှာပဲ"

"နောက်ဆုတ်လိုက်ပါ သမီးရယ်၊ ပြိုင်ပွဲတွေကို ရပ်တန့်ပါ၊ အတ္တတွေ မနာလို ဝန်တိုမှုတွေများတဲ့ လူတစ်ယောက်ရဲ့ နိဂုံးက မကောင်းနိုင်ဘူးလေ"

ဟုတ်တယ်။ မြရိပ်ညို အတ္တကြီးတယ်။ မနာလို ဝန်တိုစိတ်ရှိတယ်။ မြရိပ်ညိုကို အနိုင်ယူနေတာတွေ လွှမ်းမိုးအမိန့်ပေးနေတာတွေကို အရမ်းမုန်းတာပဲ။ မောင်လေ အရင်က လူကြီးတွေရှေ့မှာ ဖြူစင်သယောင်နေခဲ့ပေမယ့် မြရိပ်ညို မုန်းတီးနေတာက မောင်ပဲ။ အရမ်းမုန်းခဲ့တယ်။ မောင့်ကို ဘယ်တုန်းကမှ သံယောဇဉ် မရှိခဲ့ဘူး။ တွဲသာနေရတာ တဖြည်းဖြည်း အရှုယ်ရောက်လာသော

www.burmeseclassic.com

www.burmeseclassic.com



ရှက်မိနေလေသဲ။ မြရိပ်ညို့ စိတ်တွေ ဖြည်းဖြည်းချင်း ဟန်ဆောင်မှုတွေ မရှိနိုင်တော့ဘဲ မောင့်ကို သံယောဇဉ်ကြီးနေတဲ့ ဉာဏ်သာ့ကို တမင်လက်ထပ်ယူဖို့ စီစဉ်တာ၊ လုပ်စတာ မောင့်ကို သံယောဇဉ်ရှိတဲ့သူ ချစ်မြတ်နိုးတဲ့သူ တစ်ယောက်တလေတောင် မရှိစေချင်ဘူး။ ဒါပေမဲ့လည်း ဉာဏ်သာရော ကိုလရောင်ရော အားလုံးက ချစ်နေကြသည်။

"ဉာဏ်သာနဲ့ လက်ထပ်မယ်၊ မာမီ ကူညီစမ်းပါ၊ ခမ်းခမ်းနားနားကြီးကို လက်ထပ်မယ်"

မြရိပ်ညို့ရဲ့ဆန္ဒအတိုင်း လက်ထပ်မင်္ဂလာပွဲကြီးကို ကျင်းပဖို့ ပြင်ဆင်ခဲ့သည်။ ဉာဏ်သာက အရက်ပဲ သောက်နေ၏။ နင်အရက်သမားဖြစ်ပြီး သေချင်သေ၊ ဘဝပျက်ချင်ပျက်၊ ငါက အရသာရှိရှိ စောင့်ကြည့်နေချင်တယ်။ တစိမ့်စိမ့် အရသာခံမယ်။ ခင်မမမောင်ကိုချစ်နေတဲ့ နင့်ကို ပညာပေးမယ်လေ။ မြရိပ်ညို့ စိတ်တွေ ဆောက်တည်ရာမရအောင် ပေါက်ကွဲနေသည်။ မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေချိန်တွင် သတို့သမီး မြရိပ်ညို့က နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

"သတို့သမီးမရှိတဲ့ မင်္ဂလာပွဲ ကျင်းပစမ်း ဉာဏ်သာ မြရိပ်ညို့က အရှုံးမှမပေးတတ်တာဘဲ၊ ငါ့ကိုမချစ်တဲ့ ငါနဲ့ တာဝန်အ



လက်ထပ်ပြီး ခင်မမမောင်ကို တမ်းတနေမယ့် နင့်လိုယောကျ်ားမျိုးကို ဘဝလက်တွဲဖော်အဖြစ် ငါ့ဘဝတစ်လျှောက်လုံး မရွေးချယ်ဘူး၊ မြရိပ်ညို့ အဲဒီလောက်အထိ မိုက်မဲဘူး ဉာဏ်သာ၊ နင့်ကိုလည်း ခင်မမမောင်က ပြန်လက်ခံမယ်မထင်ထားနဲ့၊ ငါက ခင်မမမောင်ဆီမှာ ကတိတောင်းထားပြီးသား"

မာမီတောင်မသိဘဲ သူမ ဆုံးဖြတ်ချက်နှင့်ပဲ နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားဖို့ပဲ ဆုံးဖြတ်ခဲ့သည်။ ပြီးတော့ ဉာဏ်သာနှင့် ခင်မမမောင်အပေါ် သံယောဇဉ်အမျှင်တန်းလေး သေးသေးမျှင်မျှင် တွယ်ငြိနေသေး၍လည်း အမုန်းပြိုင်ပွဲကြီးကို ရပ်တန့်ပစ်လိုက်ခြင်းဖြစ်၏။ သူမရဲ့အတ္တဆန်သော မနာလိုဝန်တိုမှုတွေနှင့် အငြှိုးတိုက်ပစ်လိုသောစိတ်တွေကို သန့်စင်ဖို့ ဉာဏ်သာနှင့် ခင်မမမောင်တို့နှင့် ဝေးရာကို ထွက်သွားလိုက်ခြင်းလည်းဖြစ်သည်။

"သတို့သမီး ဘယ်ရောက်နေလဲ၊ ဧည့်သည်တွေ စောက်နေပြီ၊ မြရိပ်ညို့ ဘယ်မှာလဲ"

မင်္ဂလာပွဲအချိန် ရောက်လာသည်နှင့်အမျှ သတို့သမီး မြရိပ်ညို့ ပျောက်နေ၍ နှစ်ဖက်လူကြီးတွေ ယောက်ယက်ခတ်ရှာဖွေနေချိန်တွင် ဉာဏ်သာကတော့ သတို့သားဝတ်စုံနှင့် ငြိမ်သက်စွာ ထိုင်နေခဲ့သည်။ ဉာဏ်သာ သိပြီးသားပါ။ ဉာဏ်သာ ရှက်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ သိက္ခာတွေ တစ်စစီကျိုးပဲ့အောင် မင်းက ရိုက်ချိုးပစ်လိုက်တာ မဟုတ်လား။ မင်းက အမုန်းပြိုင်ပွဲမှာ အနိုင်နဲ့ပိုင်းသွားတယ်လို့ ထင်မှတ်သွားတာလား မြရိပ်ညို။ ဒါမှမဟုတ်လည်း ပြိုင်ပွဲကနေ နုတ်ထွက်သွားတာလား။ မင်္ဂလာပွဲကြီးကို မင်း ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ပြီး၊ လူပုံအလယ်မှာ သတို့သမီး ရောက်မလာတဲ့ မင်္ဂလာပွဲအဖြစ် ဉာဏ်သာဆိုတဲ့ကောင် အရှက်ကွဲကျန်ရစ်အောင်ဆိုပြီး ထွက်သွားတာလား။ သူက ထိုင်နေသည်။

"သား ဘယ်လိုဖြစ်ရတာလဲ၊ ရှက်စရာကောင်းလိုက်တာကွယ်၊ သတို့သမီး မြရိပ်ညိုက တမင်လုပ်တာလား၊ ဒီလောက်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးကို စီစဉ်ပြီးမှ ရှက်လိုက်တာ၊ မျက်နှာအပူလိုက်တာ၊ အားနာလိုက်တာ"

မေမေက တတွတ်တွတ်ပြောရင် ရင်ဝကိုလက်နှင့်ဖိလဲကျသွားသည်။ မင်္ဂလာပွဲလာ ပရိသတ်တွေလည်း ရုတ်ရုတ်သဲသဲနှင့် ဆူညံပွက်လောရိုက်ကာ ပြန်သွားကြရ၏။ မေမေကတော့ အထူးကုဆေးခန်းကြီးကို မရောက်ခင်မှာပင် အသက်ဝိညာဉ်ကင်းသွားပြီဖြစ်သည်။ မေမေ့အလောင်း မြေကျပြီး သူ့စိတ်တွေလည်း တော်တော်နှင့် အနယ်မထိုင်ခဲ့ပေ။ မေမေ့နာရေးကို သတင်းစာမှာ ထည့်ပေမယ့် ခင်မမမောင်မိသားစုရော မြရိပ်ညိုတို့မိသားစုရော မလာခဲ့ပေ။ ပွဲက ပြီးဆုံးသွားပြီဖြစ်သည်။

"မောင်ရာ အပြောင်းအလဲတွေက အရမ်းကြောက်စရာကောင်းအောင်ကိုပဲ ကြမ်းတမ်းရိုင်းစိုင်းတဲ့ မုန်တိုင်းတစ်ခုအဖြစ် မွှေနှောက်သွားတာပဲ၊ ပြန်တွေးကြည့်ရင်တော့ အပြစ်တွေက အားလုံးမှာ ကိုယ်စီရှိနေကြတာပဲလို့ ကိုယ် ထင်တယ်"

ဉာဏ်သာ နှစ်တွေအတော်ကြာတဲ့အထိ စိတ်တွေ တည်ငြိမ်မှုမရခဲ့ဘဲ အရက်တွေသောက်ပြီး ပေတေနေခဲ့သည်။ ခင်မမမောင်ကို တွေ့မြင်ချင်စိတ်တွေ တမ်းတမ်းတတနှင့် ပြင်းပြနေခဲ့သော်လည်း သွားရောက်မတွေ့ဆုံခဲ့။ သူ အရာရာမေ့ပစ်ဖို့ပဲ ကြိုးစားနေခဲ့သည်။

"မောင်ဉာဏ်သာ"

"ဗျာ"

"မင်း အရက်တွေသောက်လွန်းတယ်၊ ကျန်းမာရေးပါ ထိခိုက်လာပြီထင်တယ်၊ ဆေးရုံကိုတော့ သွားပြပါကွာ"

မေမေဆုံးသွားတော့ သူ့ကိုစောင့်ရှောက်ရန် မေမေ့အစ်ကိုဦးကွဲတစ်ယောက်က လာနေပေးသည်။ နှစ်တွေအတော်ကြာသည်အထိ ဘာစီးပွားရေးမှလည်း မလုပ်ခဲ့တဲ့ သူ့မှာ စည်းစိမ်ဥစ္စာတွေကုန်သွားပြီး အထူးကုဆေးခန်းနားပင် မကပ်နိုင်တော့။ ဘကြီးက

www.burmeseclassic.com



ဆေးရုံသွားပြဖို့ ပြောနေသည်။ သူ ပေတောနေ၏။ ဘယ်မှ သွားမပြခဲ့။ အရက်ကို ရုတ်တရက်ကြီး ဖြတ်လိုက်၍လည်း အင်အားတွေကုန်ဆုံးကာ အိပ်ရာထဲမှာ လဲနေသည်။

"မဖြစ်ဘူး၊ ဘဘကြီးစကားကို နားထောင်ပါ မောင်ဉာဏ်သာရယ်၊ ဘဘကြီးတူက အသက်ငယ်ပါသေးတယ်၊ ပညာတွေလည်း တတ်တာပဲ၊ ဘဝကို ပြန်ထူထောင်ဖို့ပဲ ကြိုးစားစမ်းပါ"

သူ နောင်တတွေတော့ နည်းနည်းလေးရသွားသည်။ အသိတွေ တိုးဝင်လာ၏။ ဘဘကြီးစကားက အမှန်တွေပဲ။ သူ့အသက်ငယ်သေးသည်။ ဘဝကို အဓိပ္ပာယ်မဲ့စွာ အရှုံးမပေးသင့်ဟု ထင်မှတ်လာ၏။ သူ ဆေးရုံကြီးကိုသွားပြဖို့ လက်ခံလိုက်သည့်နေ့တွင် အားတွေမရှိတော့ဘဲ သူ့ကို အငှားကားနှင့် ဆေးရုံပို့ဖို့စီစဉ်နေတုန်း အငှားကားပေါ်မှာပင် သတိလစ်သွားလေသည်။

"ဉာဏ်သာ…သတိရပြီလားဟင်၊ ဉာဏ်သာ"

"ဉာဏ်သာ"

"ဉာဏ်သာ"

သူ့နာမည်ကို အဝေးတစ်နေရာကနေ လှမ်းပြီး သူ့အသိတွေဆီ လာရောက်ရိုက်ခတ်နေသည်။ ဉာဏ်သာတဲ့၊ ထိုအသံကို



သူ ရင်းနှီးကျွမ်းဝင်လွန်းနေသည်ဟု အသိဝင်လာကာ မျက်လုံးတွေကို အားယူဖွင့်ကြည့်လိုက်၏။ ထိုအသံက ဉာဏ်သာ မြတ်မြတ်နိုးနိုးနှင့် တမ်းတမ်းတတ စွဲလမ်းခဲ့ရသောအသံ ဖြစ်နေ၍လည်း သူ တွေ့မြင်ချင်တဲ့ဆန္ဒတွေ ပြင်းပြကာ မျက်ဝန်းတွေက ဖျတ်ခနဲပွင့်ဟသွားရသည်။

"ဉာဏ်သာ…ဉာဏ်သာ…သတိရပြီလား၊ သတိကောင်း ကောင်း ရပြီလားဟင်"

မောင်ပဲ…ဟုတ်တယ်။ သူမက ခင်မမမောင် သေချာသည်။ ဒီအသံလေးပဲ။ သူ့မျက်ဝန်းတွေ တဖြည်းဖြည်း အမြင်အာရုံကြည်လင်လာပြီး ခင်မမမောင်ရဲ့ မျက်နှာချောချောလေး ဖြစ်နေ၏။ သူ ရုတ်တရက် ဝမ်းသာအားရနှင့် ထဖို့ပြင်လိုက်တော့ သူမက လက်လေးတွေနှင့် အသာအယာဖိထားသည်။

"မထနဲ့လေ ဉာဏ်သာ၊ ဆေးတွေသွင်းထားတယ်၊ အားဆေးတွေလေ"

"မောင်"

"ခင်မမမောင်ပါ"

"မင်း…မင်း"

"ကျွန်မက ဆေးရုံကြီးမှာ ဟောက်ဆာဂျင် ဆင်းနေတဲ့ ဒေါက်တာခင်မမမောင်ပါ၊ မှတ်မိတယ်မဟုတ်လားဟင်"

"အား...မောင်ရယ် ကိုယ် အရမ်းဝမ်းသာတာပဲ၊ မင်းနဲ့ တွေ့ရတာလေ၊ အရမ်းလွမ်းနေတာကွ၊ မင်းက ဟောက်ဆာဂျင် တောင် ဆင်းနေပြီပဲကွာ"

ဂျူတီကုတ်ဖြူဖြူလေးနှင့် နားကြပ်လေးချိတ်ကာ သူ့ကို စူးစိုက်ကြည့်နေသော ဆရာဝန်မလေး ခင်မမမောင်အဖြစ် သူ့ရှေ့မှ ရပ်နေသော ခင်မမမောင်အား ဉာဏ်သာ ပျောက်ကွယ်သွားမှာ စိုးရိမ်သည့်အလား မလွှတ်တမ်းဘဲ စူးစိုက်ကြည့်နေမသည်။ ဟုတ်မှ ဟုတ်ပါ့မလား။ အိပ်မက်လားထင်ပြီး ကယောင်ကတမ်းနှင့် သေချာ သထက် သေချာအောင် အထပ်ထပ် ကြည့်နေရ၏။ ခင်မမမောင် က ရယ်နေသည်။

"ခင်မမမောင် အစစ်ပါ ဉာဏ်သာ၊ ဘာတွေဖြစ်နေရ တာလဲဟင်၊ တကယ့်ကို အရက်နာကျနေတာပဲ၊ စိတ်ပျက်လိုက် တာ"

ဉာဏ်သာနှင့် မြရိပ်ညိုတို့ လက်ထပ်မင်္ဂလာပွဲ ပျက်သွား သည်ဟု သူမ ကြားရသည်။ ဉာဏ်သာ့မေမေ ဆုံးတာလည်း သိ၏။ သို့သော်လည်း ခင်မမမောင် နောက်ပြန်လှည့်မကြည့်ဖြစ် တော့။ သူမ ရှေ့ဆက်လျှောက်ရမည့်ခရီးကိုပဲ ဖြောင့်တန်းအောင် လျှောက်လှမ်းခဲ့သည်။ မထင်မှတ်ဘဲ အရက်နာကျနေသော ယောင်ယောင်ရွယ်ရွယ် လူငယ်လေးရောက်လာ၍ သူမ တာဝန်ကျ



ဆရာဝန်နှင့်အတူ သွားကူရော့ လူနာက ဉာဏ်သာ ဖြစ်နေသည်။ ငယ်ချစ်ဦးကို ထိုပုံစံမျိုးနှင့် တွေ့လိုက်ရတော့လည်း သူမ စိုးရိမ် ပူပန်စိတ်တွေနှင့် ဗျာယာခတ်အောင် ပြုစုကုသပေးရ၏။ အရမ်း တက်ကြွပြီး တည်ကြည်ခန့်ညားလွန်းတဲ့ ယောက်ျားတစ်ယောက် က ရုပ်ပျက်ဆင်းပျက် မမှတ်မိလောက်အောင် အရက်နာကျကာ သတိလစ်မေ့မျောနေရတာကိုကြည့်ပြီး ခင်မမမောင်ကြောင့် သူ ဖြစ် ချင်တိုင်း ဖြစ်နေတာဟုပဲ စိတ်ထိခိုက်နာကျင်စွာ တွေးမိနေသည်။

"မောင်"

"မ ပါ"

"မရယ် ဉာဏ်သာ့အမြင်က အရမ်းရှုက်စရာကောင်းပြီး အရမ်းသိမ်ငယ်ရတယ်ကွာ၊ ကိုယ့်ဘဝ နာလန်ထူနိုင်ပါတော့မလား၊ မင်းကို ဒီလိုပုံစံမျိုးလေးတွေ့ရတော့ ဉာဏ်သာ အရမ်းဝမ်းသာ တယ်ကွာ"

"ဉာဏ်သာ့ဘဝကို ပြန်ပြီးထူထောင်ပါ၊ အတိတ်က ဖြစ်ရပ်တွေအားလုံး မေ့ပစ်သင့်နေပါပြီ၊ မြရိပ်ညိုလည်း နိုင်ငံခြား မှာ အိမ်ထောင်ကျသွားပြီတဲ့၊ မဆီကို လှမ်းပြီး အကြောင်းကြား တယ်လေ၊ ဉာဏ်သာ့မှာ အပြစ်မရှိပါဘူးတဲ့၊ မြရိပ်ညို [illegible] ပြီး မနာလိုဝန်တိုစိတ်တွေကြောင့်ပါတဲ့လေ"

"ဒါနဲ့များ မရယ်၊ ဉာဏ်သာ့ဆီကို ဘာဖြစ်လို့ လာမတွေ့

www.burmeseclassic.com



ဘဲ ရက်ရက်စက်စက် စိမ်းကားရှောင်ပုန်းနေရတာလဲကွာ''

''ရှက်လို့လေ''

''ဟာ့ကွာ''

ဉာဏ်သာ ဝမ်းသာအားရနှင့် အပျော်တွေလွှန်ကာ ဆေးသွင်းထားတာကိုမေ့ပြီး ထမည်ပြင်တော့ ခင်မမအောင်က သူမကိုယ်လေးနှင့် မထရန် သတိပေးရင်း ဖိကပ်ထားသည်။ ဉာဏ်သာ သတိရသွားပြီး ဆေးမသွင်းထားသော လွတ်နေသည့်လက်နှင့် ခင်မမအောင်ရဲ့ ကိုယ်လုံးလေးအား ပွေ့ဖက်ကာ သူ့ရင်ခွင်နှင့် အပ်ထားလိုက်၏။ ဆေးရုံကြီးရဲ့ သီးသန့်ခန်းထဲမှာ သူနှင့် ခင်မမအောင်ပဲ ရှိနေလေရော ငယ်ချစ်ဦးအား မြတ်နိုးစွာ နမ်းရှိုက်လိုက်မိလေသည်။

ရွှင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com